www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆွဲလှိုင်ဦး ၏ မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဝတ္ထုကို စာမူခွင့်ပြုချက် အမှတ်
၃၄ (၈) အရ ဒေါ်တင်ရွှေ (၀၁၄၄၀) အောင်ချမ်းသာ ပုံနှိပ်တိုက်၊ ၅၄၊ ၉၃ လမ်း
က်ကလေး၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့မှ ပုံနှိပ်ပြီး မျက်နှာဖုံး ခွင့်ပြုချက် အမှတ်
၉၄ (၈)အရ ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊ ၁၇၁၊ ၃၃ လမ်း
က်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဦးလှရွှေ (၀၁၁၈၃) လှရွှေစာပေ အမှတ်
၂၆ လမ်း၊ တာမွေ၊ ရန်ကုန်မြို့မှ ၁၉၉၄ ခု အောက်တိုဘာလတွင် အုပ်ရေ ၅၀၀ ကို
၇၅ ကျပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရိုးသားကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
စေ့ခဲ့နကျသောတာဝန်ဖြစ်သည်

သည်....မြေမှာနေ
သည်....ရေကိုသောက်
သည်....မြေမှာကြီး
သည်....တိုင်းပြည်က ဆန်ကိုစားပြီး အသက်
ရှင်နေသရွေ့
သည်...အမိနိုင်ငံ၏ ကျေးဇူးသစ္စာကို စောင့်
သိ ရိုသေ မသွေဖည်ကြလေနှင့်။

www.burmeseclassic.com

www.burmeseclassic.com

**"သွေးစွန်းသော မြရာတော"**

ဟုတ်သည်။

**'ပဲခူးရိုးမ'**၏ စိမ်းလန်းစိုပြည်သော **'မြရာတော'** သည် သွေးစွန်းခဲ့ရသည်။ ပဲခူးရိုးမ၏ တိုင်းရင်းသား ပြည်သူအများ သွေးစွန်းခဲ့ရသည်။

အေးချမ်းစွာ နေထိုင်သော **'ပြည်သူလူထု'** သည် ပဲခူးရိုးမ ကြောတွင် လှုပ်ရှား သောင်းကျန်းနေသော ဝဲယာ အဖျက် သမားကြောင့် မျက်ရည် ပင်လယ်ဝေခဲ့ရသည်။ သွေးချောင်း စီးခဲ့ရသည်။

ဤသည်မှာ(၁၉၆၉-ခုနှစ်နှင့် **ဟိုမှာဘက်ပိုင်းက ဖြစ်သည်**) ပြည်သူ့တပ်မတော်သည် ပြည်သူလူထု၏ အသက်စည်းစိမ် ဥစ္စာနှင့်ငြိမ်းချမ်းစွာ နေထိုင်ရေးကို ကာကွယ် စောင့် ရှောက်ရန် အသက်ကိုပင် စွန့်လှူထားသော တပ်မတော် ဝီသစွာ ပဲခူးရိုးမကြောရှိ သောင်းကျန်းသူ အဖျက်သမား

များကို (အောင်စိုးမိုးစစ်ဆင်ရေး အဆင့် ၁-နှင့် အောင်စိုး မိုး စစ်ဆင်ရေး အဆင့် ၂) ဖြင့် အပြတ်အသတ် ချေမှုန်း ရှင်းလင်းခဲ့ပြီးဖြစ်၏။

ဤဝတ္ထု၏ နောက်ခံ ဇာတ်ကြောအား 'ပဲခူးရိုးမ'ကို အခြေခံထားပါသည်။ 'အောင်စိုးမိုး' စစ်ဆင်ရေးမတိုင်မီ ကာလကို ရေးထားပါသည်။ ထိုစဉ်က အခြေအနေ၊ထိုစဉ်က အဖြစ်အပျက်များသာ ဖြစ်ပါသည်။

ဒါလည်း အကြောင်းမဲ့ သက်သက် မဟုတ်ပါ၊ ကျွန်တော် ၏ ဇာတ်ကောင် 'ဘခက်' သည် **'အောင်စိုးမိုး'** စစ်ဆင်ရေး အတွက် သောင်းကျန်းသူများအကြားသို့ ထိုးဖောက် ဝင် ရောက်၍ သတင်းစုဆောင်းရန် အထက်မှ ပေးအပ်သော အမိန့်နှင့်တာဝန်အရ ပဲခူးရိုးမသို့ သွားခဲ့သူတစ်ယောက် ဖြစ်ပါသည်။ **'ပြည်သူ့ ဘက်သား'**တစ်ဦးဖြစ်ပါသည်။

သို့သော်လည်း....

ဝတ္ထု၏ ဇာတ်သိမ်းပိုင်းကို အကြောင်းအမျိုးမျိုးကြောင့် **'ဘခက်'**အား ထောက်လှမ်းရေးမှူးတစ်ယောက်အဖြစ် မှုဖော် ပြနိုင်ခဲ့ပါ။

ထို့အတူ **'မအေးပွင့်'**သည် အခြေအနေနှင့် အခွင့်အရေး ကို ပြည်သူ့ဘက်တော်သမီးပီသစွာ အသုံးပြု ထမ်းဆောင် ခဲ့သော သတ္တိခဲမလေး ဖြစ်ပါသည်။ **'မှာယာလက်နက်'**၏ အစွမ်းထက်မှုကို ပြသခဲ့သူလေး ဖြစ်ပါသည်။

www.burmeseclassic.com

သည်ဖနေရာတွင် **အမျိုးသမီးတို့၏ စွမ်းရည်၊** အမျိုးသမီးတို့၏ဇွဲ၊ **အမျိုးသမီးတို့၏သတ္တိကို** ကျွန်တော် ပြချင်ပါသည်။

ရှေးအခါက ယောက်ျားတွေနှင့်ယှဉ်၍ ဓားကိုင် မြင်းစီးပြီး တိုက်ပွဲဝင်ခဲ့သော **'မယ်ဘာယက်' 'မယ်ဒဲက်'** အစရှိသည့် အမျိုးသမီး သူရဲကောင်းများ ပေါ်ခဲ့သည်။

ယခုခေတ်တွင်လည်း....

**အမျိုးသမီးရဲအုပ်**

**အမျိုးသမီးစစ်ဗိုလ်**

**အမျိုးသမီး လေယာဉ်မှူး**

**အမျိုးသမီး အာကာသယာဉ်မှူး**

**အမျိုးသမီး ငန်ကြီးချုပ်**

**အမျိုးသမီး စာရေးဆရာ**

အစရှိသည့် အမျိုးသမီး များ၏ အခန်းကဏ္ဍသည် ယောက်ျားသားတွေနှင့် ယှဉ်နိုင်လာသည်ကို အများအသိပင် ဖြစ်ပါသည်။

ထမင်းချက်သောလက်....

**ပုခက်လွှဲသောလက်**....

မှသည်....ယောက်ျားတွေသာ ထမ်းဆောင်ခဲ့သောတာဝန်များကို ထမ်းဆောင်နိုင်လာကြပြီ။ တစ်ခါတစ်ရံ အိမ်မှုတာဝန်၊ ရင်သွေးတာဝန်၊ လင်သားတာဝန်တွေနှင့် ပူးတွဲ၍ ယောက်ျားတွေ ထမ်းဆောင်သော **'တာဝန်'**တွေကိုပင် ထမ်းဆောင်နေရသည်။

အပြေးအလွှား ဈေးသွား....

ထမင်းချက်၊ ကလေးနို့တိုက်....

အိမ်မှ ကြင်သူမောင်၏အကြိုက်....

**"မောင်ရေ...ဟောဒီမှာ မောင့်အတွက် ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်၊ ကြက်ဥလေးလဲ မကျက်တကျက် ပြုတ်ထားတယ်ကွယ်"**

အစရှိသည်ဖြင့် ပြောရသေးသည်။

ဒါမှ ကြင်သူက ကြည်မည်ကိုး။

အိုး....တကယ့်ကို မလွယ်ပါဘူး။

လင့်ဝတ္တရား၊ သားဝတ္တရားများ ပြီးသည်နှင့် အလုပ်ပြင်။

**စစ်ဗိုလ်မက တပ်ကိုသွား။**

**ဆရာဝန်မက ဆေးရုံကို**

**ဆရာမက ကျောင်း။**

**စာရေးမက ရုံး။**

**ဈေးသူက ဈေး....**

အပြေးအလွှားသွားရတော့သည်။

အဲသည်တော့ ကျွန်တော် 'မအေးပွင့်'ကို သတ္တိကောင်းသော ဇွဲရှိသော အမျိုးသမီးတွေကို ကိုယ်စားပြုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားသားကြီး 'သုံးဆယ်'ကို စိန်ခေါ်ရဲသော မိန်းမသားတစ်ယောက်အဖြစ် သရုပ်ဖော်ထားပါသည်။ ဒါကို အမျိုးသမီးအများစုက လက်ခံခဲ့ကြောင်းကို ကျွန်တော့်ထံသို့ မနအားပွင့်၊ မြင့်မြင့်စန်း၊ **လမ်းသုံးဆယ်** ကို ဝေဖန် မိတ်ဆက်ကြသော အမျိုးသမီးများ၏ စာပေါင်းများစွာက သက်သေပြုပါသည်။

ပြီးတော့....'ဘခက်'။

သူ့ကို လေ့ကျင့်ပေးလိုက် ကတည်းက သတ္တိကောင်း၍ မဟုတ်မခံ စိတ်ဓာတ်ကို ခပ်ပေါပေါ ခပ်ရှင်းရှင်း 'လူ့ပ' တစ်ယောက်၏ မျက်နှာဖုံးကို အုပ်၍ပေးလိုက်သည်။ မဟုတ်က ဟုတ်ကပြော၍ ခပ်ပေါက်ပေါက် လူသားတစ်ဦးအဖြစ် '**အသွင်သူ့ဘဂ**'ကို ဖန်တီးပေးလိုက်သည်။

အဲသည်တော့....ဘခက်ပေါသည်၊ ပေါက်သည်၊ ရှင်းသည်၊ မဟုတ်ကဟုတ်က ပြောရတော့သည်။

သို့တစေ....ဤဝတ္ထုတွင် 'လင်ခန်းမယားခန်းမပါ၊ ဒါပေမယ့် လင်ခန်းမယားခန်းကို အသားပေးပြီး ရေးသူတွေက ဤဝတ္ထုကို ကိုင်၍ ဝေဖန်ကြသည်။

ကျွန်တော့်ထက် စာပေနယ်တွင် တစ်နေ့တစ်ရက် တစ်နံနက်ကြီးသူတွေမှာ ကျွန်တော့်ဆရာတွေပါ။ ဘာပဲဖြစ်ဖြစ် ဝေဖန်တာကို ကျွန်တော် ဝမ်းသာအားရလက်ခံရမည်ပဲ ဖြစ်ပါသည်။

ဘခက်သည် အခွင့်အရေး ရပါလျက်ကယ်နှင့် မအေးပွင့်ကို သူ၏ ညီမလေးသဖွယ် စောင့်ရှောက် ကာကွယ်ခဲ့ပါသည်။

ဤနေရာတွင် ပေါ်လွင်အောင် သရုပ်ဖော်ရပါသည် စာရေးသူတစ်ယောက်သည် မည်သည့် အကြောင်းအရာကိုပဲ ရေးရေး၊ ပေါ်လွင်ထင်ရှားအောင် ရေးချင်ပါသည်။ စာလုံးကလေးတွေနှင့် အသက်ဝင် လှုပ်ရှား နေစေချင်ပါသည်။ ထို့ကြောင့် စာဆို တွင်းသင်းမင်းကြီး ဦးထွန်းညို၏ '**မုဒုလက္ခဏ**'ကို ရေးရသည်။

ပြီးတော့ ဘခက်ကိုလည်း စည်းစောင့်သော ယောက်ျားကောင်းတစ်ယောက်အဖြစ် ပြထားပါသည်။

'**ဝင်နီ**'သည် ရှူးရှူးမိုက်မိုက် အရွယ်ကလေး။

သူကလေးကို ဘခက် နှမချင်း စာနာခဲ့သည်။

ဒါကိုပင် ဆရာအချို့က ပက်ပက်စက်စက် ဝေဖန်ပြောဆိုကြ၏။ အခြား, အခြားသော စာရေးဆရာကြီးများ၏ ရေးခဲ့ပြီး ဝတ္ထုများ၊ ရေးသားနေသော ဝတ္ထုများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

စေတနာသည်သာ အဓိကပါ။

ဆိုးသွမ်းယုတ်မာသော သောင်းကျန်းသူတွေ၏ ဒုစရိုက်မှာ ကျွန်တော့်ဝတ္ထုထက် အဆတစ်ရာ ပိုမိုပါသည်။ ဒါကိုလည်း ပြချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းပါးပါး လေးတော့ပြမှ ဇာတ်ပေါ်လွင်မည်။ နည်းနည်းပါးပါး လိုအပ်သလောက်တော့ ပြရပါသည်။ ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

မည်သို့ပင်ဆိုစေ....

'မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်' ဝတ္ထုသည် အမျိုးသမီးတွေသည် အမျိုးသားတွေနှင့် စိန်ခေါ်ရဲအောင် 'မာ' ပါသေးသည်။ 'ဒေါင်ဒေါင်မြည်' ပါသေးသည်ကို ပြသထားသော ကျွန်တော်၏ ပင်ကိုရေး ရင်သိမ့်တုန် ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း ထပ်လောင်း၍ ပြောကြားအပ်ပါသည် ခင်ဗျား....။

အားမာန်သစ်နှင့်အမျိုးသမီးများသို့

ဆွေလှိုင်ဦး

**အခန်း (တစ်)**

၁၉၆၉ ခုနှစ်....။

မှဲ့ကလေးတစ်လုံး....

စံပယ်တင်မှဲ့ကလေးတစ်လုံး....

ရွှေစင်နှင့် သွန်းခတ်ထားသော နှုတ်ခမ်းပြင်တွင် မဟူရာကျောက်တစ်ပွင့် တင်ထားဘိသကဲ့သို့ တည်ရှိနေသော မှဲ့ကလေးတစ်လုံး။

သည်မှဲ့ကလေး၏အောက်တွင် ဖူးဖူးကလေး ရွှနေသည့် နှုတ်ခမ်းလှလှကလေးရှိသည်။ နှုတ်ခမ်းကလေးက ပြည့်တင်းသည်၊ စိုရွှဲသည်၊ နီရဲလို့နေသည်။

သူမသည် ယက္ခ၏လက်မှ လွတ်မြောက်ရန် တွေးတောနေသည်။ သူ့ကို တိုက်ခိုက်အနိုင်ယူရန် ဘာလက်နက်မှ မရှိပြီ။

မာယာလက်နက်သာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လူယုတ်မာ၏လက်မှ လွတ်မြောက်ရန် မာယာလက်နက်ကိုပင် အသုံးပြုရပေတော့မည်။

"မင်းကလေးရဲ့ ဟောဒီ စံပယ်ဘင်မှဲ့ကလေးဟာ သိပ်လှတာပဲ"

"ဗိုလ်ကြီးကလဲကွယ်....အို"

အပျိုမလေးသည် သူမပါးပြင်မှ စံပယ်တင်မှဲ့ကလေးကို ပွတ်သပ်ကိုင်တွယ်လာသော ယက္ခ၏လက်ကို အသာအယာ ဖယ်လိုက်ပြီး မခို့တရို့လေး ဆိုသည်။

"ကျွန်မကိုယ်မှာ အဲသလိုကမှဲ့လေးသုံးလုံးရှိတယ် ဗိုလ်ကြီးရဲ့"

ယက္ခသည် တဟဲဟဲရယ်ရင်း သူမကို သိုင်းပွေ့လာသည်။ မအေးပွင့်သည် ဝါးကွပ်ပျစ်ခေါင်းရင်းတွင် ဘင်ထားသော ယက္ခ၏ပစ္စတိုကို တင်နှင့် ပွတ်၍ တိုက်ချလိုက်သည်။

ယက္ခ ထသည်။

"အို....ကျွန်မကောက်ပေးမှာပေါ့"

သူမသည် ဝါးကွပ်ပျစ်ပေါ်မှ ကမန်းကတန်း ဆင်းသည်။ ကွပ်ပျစ်ဘေးတွင် ရပ်သည်။

"အို....နေပါစေ၊ အစ်ကိုကြီး ကောက်မှာပေါ့လို့"

ယက္ခသည် ခုတင်ဘေးမှ ပစ္စတိုကို ကုန်း၍ ကောက်သည်။

"ဒုတ်"

စကြဝဠာတံတိုင်းကြီး ပြုတ်ကျလာ၏။

ယက္ခ၏ခေါင်းမှာ ရှစ်စိတ်ကွဲသွားသည်။

ဟုတ်ပါသည်။



သူမသည် ခြေနှစ်ဖက်ကိုခွဲ၍ 'ကီ' သွင်းလိုက်သည်။ 'အား' ထည့်လိုက်သည်။ သူမ၏ ညာဘက်လက်သည် ယိုးဒယားက ကသလို အပေါ်သို့ လှလှပပကလေး မြောက်တက်သွားသည်။ လက်ဖဝါးကလေးလည်း၍ အောက်သို့ အရှိန်နှင့် ပြန်ကျလာသည်။ ညာဘက်တံတောင်သည် ယက္ခ၏ ငယ်ထိပ်ဓာည့်တည့်သို့ အားရပါးရ ဆောင့်ချလိုက်ခြင်းပင်။

ယခင်ကဆိုလျှင် အုတ်ကြွပ် ဆယ်ချပ်လောက်ကို အသာကလေး ထောင်းရုံနှင့် ကွဲသည်။ ယခု ထောင်းရသော ယက္ခခေါင်းမှာ အုတ်ကြွပ်ငါးချပ်လောက်ပင် မခံပုံမရ။

လှလှပပလေးကွဲသွားသည်။ လဲသွားသည်။ ဗေဒင်မမေးနှင့်တော့၊ သေပြီ။

မိန်းမလှကလေးသည် ကင်းဗတ်စများ ကာရံထားသော မိုးကာတဲကလေးအတွင်း၌ တစ်ယောက်တည်းသာကျန်တော့သည်။ ယက္ခ သေပြီ။

သူမ မတွေဝေ။

မငေးမော။

သည်တောကြီးအလယ်မှ **'ကျား‌ရဲ'** တွေကို မကြောက်။

သူမသည် အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လျင်မြန်စွာ ပြင်ဆင်လိုက်သည်။ ဒါပေမယ့် ကပိုကရိုး

သူမအတွက် အချိန်ပိုမရှိ။

မှန်အိမ်ကလေးက မမှိန့်တမှိန်၊ မလင်းတလင်း။

မိုးကာတဲအတွင်းမှာတော့ သူမတစ်ယောက်တည်းသာ၊ တဲထောင့်တွင် ယက္ခအိပ်သော ဝါးကွပ်ပျစ်ရှိသည်။ ကပ်ပျစ်

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင် ဝါးဖြင့်ပြုလုပ်ထားသော စားပွဲကလေးတစ်လုံး ရှိ၏။ စားပွဲပေါ်တွင်တော့ ယက္ခ၏ပစ္စည်းတွေက ရှိနေသည်။

ယက္ခ၏နာရီက ညဆယ်နာရီကို ညွှန်းနေ၏။ မိန်းမလှကလေးသည် ယက္ခ၏ ပစ္စတိုကလေးကို ကောက်ကိုင်လိုက်ပြီး မောင်းတင်လိုက်သည်။ ပစ္စတို၏ ပြောင်းထိပ်တွင် ဝက်အူရစ်ကလေးတွေ ရှိနေသည်။ မိန်းမလှကလေးသည် စားပွဲပေါ်မှ တွေ့ရသော ဆန်ခါပေါက်ကလေးများနှင့်ပြောင်းတိုကလေးတစ်ခုကို ယူ၍ ပစ္စတို၏ထိပ်တွင် လှည့်၍တပ်ကြည့်သည်။

အံကိုက်ပင်။

ပြောင်းတိုကလေးသည် ပစ္စတို၏ထိပ်တွင် တပ်ဆင်ပြီးဖြစ်သွား၏။ အသံဘိတ်ကိရိယာ Silencer ပင် ဖြစ်ရမည်။ သူမသည် ပစ္စတိုကို ထဘီကြားသို့ ထိုးထည့်လိုက်သည်။ ယက္ခ၏ ဒိုင်ယာရီစာအုပ်ကို လှန်လိုက်သည်။

အရေးကြီးသော မှတ်တမ်းများ။

သူမ အံ့အားသင့်သွားသည်။ သို့တစေ သည်အချိန်မှာ ဒိုင်ယာရီကို ဇိမ်နှင့် ဖတ်နေဖို့မဟုတ်။ သူမတွင် အချိန်များ များစားစားမရှိ။

တောတိုးသံ၊ ခြေသံ....

ခြေသံသည် မိုးကာတဲကလေးနှင့် တဖြည်းဖြည်းနီးလာသည်။ မိုးကာတဲကို ကာထားသော ကင်းဗတ်စသည် ဟသွားပြီး တဲအတွင်းသို့ လူတစ်ယောက်ဝင်လာသည်။



ယက္ခ၏ တပည့်သည် ကပိုကရို သူမကိုမြင်တော့ အံ့အားသင့်သွားသည်။ သူ့ဆရာသည် မြေပြင်ပေါ်တွင် ဦးခေါင်းကွဲရင်း လဲနေသည်။ သူမက အပြုံးကလေးနှင့် ပြောသည်။

“ဟောဒီ ကျွန်မရဲ့ မှဲ့ကလေးက မလှဘူးလားဟင်”

ယက္ခ၏တပည့် ပြူးသွားသည်။ မျက်လုံးတွေ ပြူးသွားသည်။ ပြီးတော့ စစ်ခါးပတ်နှင့်ပတ်၍ ယမ်းအိတ်နှင့် တွဲချိတ်ထားသော သေနတ်အိတ်ထဲမှ ‘ဝက်ဘလေ’ ခြောက်လုံးပြူးကြီး ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

နောက်ကျသွားပါပြီ။

ပစ္စတိုကလေးသည် သူမလက်ထဲသို့ ဖျတ်ခနဲ ရောက်ရှိလာ၏။

“သိပ် လှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့လား အစ်ကိုရယ်”

“မင်း....မင်း....ညနေတုန်းက ရဲနွယ်ချောင်းထဲမှာကျကျန်ရစ်ခဲ့တဲ့....”

“ဟုတ်ပါတယ်၊ တောပန်းကလေးတစ်ပွင့်ပေါ့၊ အဲဒီတောပန်းကလေးကို ရှင့်ဆရာက ခြွေမလို့လေ၊ ဒါပေမယ့် တောပန်းကလေးက မကြွေဘဲ ရှင့်ဆရာ ကြွေသွားတာ မြင်တယ်မဟုတ်လား၊ ကဲ....ရှင့်ကို ကျွန်မ တစ်ခုတည်းမေးမယ်၊ ဒီခန်းနဲ့ အနီးဆုံးရွာဟာ ဘယ်ရွာလဲ....

“ပြောလေ၊ ရှင့်ပါးစပ်က အ,နေလို့လား”

မပြောပါ၊ သူသည် ခါးမှသေနတ်ကို မိုက်မိုက်ကန်းကန်း ဆွဲထုတ်လိုက်သည်။

“ဒုတ်”

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ကြီးမှာ တွန့်ခနဲဖြစ်သွားပြီး ဒူးထောက်ကျသွားသည်။ မျက်လုံးကြီးတွေ ပြူးအစ်လာသည်။ ပြီးတော့ အထစ်ထစ် အငေါ့ငေါ့မေးသည်။

"မင်း....မင်း....ဘယ်သူလဲ"

"မ....အေး....ပွင့်"

"ဒုတိ"

သူမအဖြေဆုံးသည်နှင့် ဒုတိယ ကျည်ဆန်သည် ယက္ခတပည့်၏ နှလုံးသားထဲ ဖြတ်သန်းသွားပြန်သည်။ မှောက်လျက်ကြီး လဲကျသွားသည်။ သူမသည် အသံတိတ်ကိရိယာ တပ်ဆင်ထားသော ပစ္စတိုကို ထဘီကြားထဲသို့ ပြန်လည် ထိုးသွင်းလိုက်သည်။ ပြီးတော့ ဝါးတိုင်တွင်ချိတ်ထားသော စစ်သုံး ကျောပိုးအိတ်ကိုဖြုတ်ပြီး ယက္ခ၏ ၁၉၆၉ 'ဒိုင်ယာရီ'၊ မြေပုံ၊ အရေးကြီးသော စာရွက်စာတမ်းများနှင့် Compass သံလိုက်အိမ်မြှောင်တို့ကိုထည့်၍ ကျောတွင် လွယ်လိုက်သည်။

ထို့နောက် ယက္ခ၏ ခေါင်းရင်းတိုင်တွင် ချိတ်ထားသော အမေရိကန်စစ်ခါးပတ်ကို ပတ်လိုက်၏။ စစ်ခါးပတ်တွင် ရေဘူး၊ ဓားမြှောင်နှင့် သေနတ်အိတ်၊ ကျည်ဆန်အိတ်များ ချိတ်တွဲထားသည်။

ဘာလိုသေးသလဲ။

လိုပါသေးသည်။

သူမသည် ဝါးစားပွဲပေါ်တွင် တင်ထားသော အင်္ဂလိပ်လုပ် Mark 36 လက်ပစ်ဗုံးကို ကောက်ယူလိုက်သည်။ ပြီး ယက္ခ၏ ခြင်ထောင်ကြီးတန်းကို ဖြုတ်၍ လက်ပစ်ဗုံး၏ ပင်



တွင်းတွင် ချည်လိုက်ပြီး မိုးကာ တဲပေါက်ဝတွင် ထောင်ထားလိုက်၏။

သွေးတွေ....

ယက္ခတပည့်၏ ရင်အုံမှ သွေးတွေဒလဟောထွက်နေသည်။ သူမသည် ကျည်ဝင်ပေါက်ထဲသို့ လက်ညှိုးနှင့် နှိုက်လိုက်သည်။ လက်ညှိုးတွင် သွေးတွေပေလာသည်။ သည်တော့မှ မိုးကာတဲတွင် စာသုံးလုံးကို ရေးလိုက်၏။

## မ အေး ပွင့်

သွေးစာလုံး သုံးလုံးသည် မိုးကာတဲနံရံတွင် ထင်ရှားစွာ ပေါ်လွင်သွား၏။ ယခုတော့ အားလုံးပြီးပြီ။ သည်မိုးကာတဲ ငရဲခန်းထဲမှ အမြန်ဆုံး ထွက်ခွာဖို့သာ ကျန်တော့သည်။

ထိုစဉ်မှာပင် ဘောက်တိုးသံတွေ ကြားရ၏။ ခြေသံတွေ ကြားရ၏။ စကားပြောသံသဲ့သဲ့က ပျံ့လွင့်လာ၏။ ယက္ခ၏ တပည့်တွေ ပြန်လာကြပြီတဲ။

သူမသည် မြမြထက်နေသော ခါးမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး မိုးကာတဲ၏ ကင်းဗတ်စကို 'ရှပ်'ခနဲ ခွဲလိုက်သည်။ ပြီးတော့ တဲထဲမှ မြွေဟောက်မအစိမ်းကောင်လို တိုးထွက်ခဲ့သည်။

အမှောင်ထုက သူမကို စောင့်ကြိုနေသည်။ 'ရိုးမ' ၏ အသည်းခိုက်စဖွယ် အအေးဓာတ်က သူမကို ထွေးပွေ့လိုက်သည်။

သူမ ရှေ့တွင်တော့....

www.burmeseclassic.com

www.burmeseclassic.com



နက်သော တော....
မြင့်သော တောင်....
ညို့မှောင်နေသော ချောက်ကမ်းပါး....
ကြမ်းတမ်း ရိုင်းစိုင်းစွာ စီးဆင်းနေသော မြောင်းတွေ၊ ချောင်းတွေက စောင့်ကြို နေပါသည်။ သူမသည် 'မြရာတော' ထဲသို့ တိုးဝင်ခဲ့၏။

"အုန်း"

ကိုက်တစ်ရာခန့်အရောက်တွင် ပြင်းထန်လှသော လက်ပစ်ဗုံး ပေါက်ကွဲသံကြီးကိုကြားလိုက်ရသည်။မိုးကာတဲ ပေါက်ဝမှ ကြီးကို ခလုတ်တိုက်မိကြပြီထင့်။ ။

သူမ ပြုံး၏။

ကျစ်လျစ်သော အပြုံး၊ ကြောက်ပသောအပြုံး၊ သိပ်သည်းသောအပြုံး။

သို့တစေ အမှောင်ထုက မိန်းမလှ၏ အပြုံးကို ဖုံးကွယ်ထားပါလေတော့၏။

။

အခန်း (နှစ်)

သူတို့အားလုံး လူသုံးဆယ်တိတိရှိသည်။

ကိုယ်စီ ကိုယ်စီတွင်လည်း လက်နက်အမျိုးမျိုးကို ကိုင်ဆောင်ထားကြသည်။

ကာဗိုင်၊ ဂျီသရီး၊ ပွိုင့်သရီး၊ အိုသရီး၊ ရိုင်ဖယ်က အစ ဘရေင်းနီး၊ ကို့လ်၊ အင်ဖီး၊ M16 ဝင်ချက်စတာ အဆုံး ပြောင်းတို ပြောင်းရှည်တွေ စုံလင်လှသည်။

သေနတ်တွေက စုံသလို လူတွေ၏ ရုပ်သွင်ကလည်းစုံသည်။ ပိန်သည်၊ ရှည်သည်၊ ပုသည်၊ ဝသည်၊ ထွားသည်၊ ညှက်သည်။ သူတို့အားလုံး မတူညီ။

မျက်နှာကြီးတွေဘည်၍ မှုန်ကုပ်ကုပ် ဖြစ်နေကြသည်က တော့ ဇာတ်တိုက်ထားသလို အားလုံး တူညီနေကြသည်။ သူတို့တစ်တွေသည် တဲဘန်းလျားကြီးတစ်လုံးရှေ့တွင် အနေအထားအမျိုးမျိုးဖြင့် ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့က ခါးထောက်သည်။

တချို့က သစ်ပင်တွင် မှီနေ၏။

တချို့က စီးကရက်ခဲရင်း လက်ပိုက်လို့။

တချို့ကတော့ မြက်ခင်းထဲတွင် လဲလျောင်းနေသည်။

သူတို့၏ ပတ်ပတ်လည်တွင်တော့ မြင့်မားလှသော ကျွန်းပင်ကြီးများ အင်ပင်ကြီးများက ဝိုင်းပတ်ထား၏။ 'ရိုးမ' ၏ တောတွင်း တစ်နေရာပင် ဖြစ်ပါသည်။

သူတို့ဘစ်ဖွေ၏ အလယ်တွင်တော့ အစိမ်းရောင် တက်ထရက်စ် ယူနီဖောင်းကိုဝတ်ပြီး သေနတ်နှစ်လက်ကို ဘယ်ညာ ချိတ်ထားသော အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ယောက် ရပ်နေ၏။

စောစတီးဇ်ပင်,...

တစ်နည်းအားဖြင့် မူဝါဒလမ်းစဉ်မရှိဘဲ ဝဲယာအဖျက်သမားများနှင့် ပေါင်း၍တိုင်းပြည်ကို အမျိုးမျိုး ဒုက္ခပေးခဲ့ကြသော သောင်းကျန်းသူတစ်စု၏ ခေါင်းဆောင်။

သူ့အဆင့်က ဗိုလ်မှူး။

စောစတီးဇ်သည် စိမ်းမြနေသော ပါးမြိုင်းမွေးများကို လက်နှင့် ပွတ်သပ်လိုက်ပြီး တစ်ခွန်းချင်း ပြောသည်။

"မင်းတို့ဟာ ငါ့ရဲ့တပ်ထဲက အကောင်းဆုံး၊ သတ္တိအရှိဆုံး၊ အရှက်စက်ဆုံး လူသုံးဆယ်ပဲ၊ မင်းတို့ကို ဒီစခန်းကို ခေါ်လိုက်ရတဲ့အကြောင်းကတော့ အလွန်အရေးကြီးတဲ့ တာဝန်ကြီးတစ်ခုကို ပေးမလို့ပဲ၊ အဲဒီတာဝန်ဟာ ဒို့အတွက်



သေရေးရှင်ရေးလောက်ကို အရေးကြီးတယ်ဆိုတာ မင်းတို့ ဦးနှောက်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားကြ"

စောစတီးဇ်သည် လူသုံးဆယ်၏ မျက်နှာများကို ပတ်၍ကြည့်လိုက်သည်။ အားလုံးသည် လောကကြီးကို ထိမထင်သည့်အပေါက်မျိုးဖြင့် မှုန်ကုပ်ကုပ် မိုက်ကန်းကန်း ပုံတွေချည်းပင်။ စောစတီးဇ်၏ အသံအောအောကြီးက ပြန်လည်ထွက်ပေါ်လာပြန်သည်။

"မနေ့ညက ငါတို့ရဲ့ ရှေ့တန်းစခန်းတစ်ခုဖြစ်တဲ့ 'မိုးကြိုးပစ်စခန်း' ဟာ အဝေးမှုန်းခံလိုက်ရပြီး ငါ့လက်ထောက်ဖြစ်တဲ့ ဗိုလ်ယက္ခနဲ့ သူ့တပည့်ငါးယောက်စလုံးဟာ အသတ်ခံလိုက်ရတယ်၊ အေး....လူသေတာကတော့ အရေးမကြီးဘူး၊ အရေးကြီးတာက ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီစာအုပ်နဲ့ တို့အတွက် အသက်လောက် တန်ဖိုးရှိတဲ့ အရေးကြီး လျှို့ဝှက်စာရွက်စာတမ်းတွေပဲ"

လူသုံးဆယ်သည် အနည်းငယ်မျှ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြယည်။

"ရန်သူဟာ ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက်စာရွက်စာတမ်းတွေကို ယူသွားခဲ့တယ်၊ အဲဒီရန်သူဟာ ဘယ်သူလို့ထင်ကြသလဲ"

"တိုက်ကင်းထွက်လာတဲ့ အစိုးရတပ်တွေ ဖြစ်မှာပေါ့"

လူသုံးဆယ်ထဲမှ တစ်ယောက်က မှတ်ချက်ပေးသည်။

စောစတီးဇ်က ပြုံး၍ ခေါင်းကိုယမ်းခါလိုက်သည်။

"မဟုတ်ဘူး၊ အဲဒီရန်သူဟာ မိန်းမတစ်ယောက်တွ"

www.burmeseclassic.com



"ဘာ…မိန်းမတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်"

"ဗိုလ်ယက္ခဟာ ဒီမိန်းမတစ်ယောက်ကိုမှမနိုင်ရင် ဘာသောက်သုံးကျလို့လဲ ဗိုလ်မှူး"

"မင်းပြောတာမှန်တယ်၊ ဗိုလ်ယက္ခဟာ တခြားနေရာတွေမှာ စိတ်ချရသလောက် 'မ'နဲ့ပတ်သက်လာရင် ပျော့ကွက်ဟာကွက်တွေရှိနေတယ်ဆိုတာ ငါသိတယ်၊ ဒီနေ့မနက် 'မိုးကြိုးပစ်' စခန်းကို ငါရောက်သွားတဲ့အချိန်မှာ လက်ပစ်ဗုံးထိပြီး အသက်ယဲ့ယဲ့ကလေးသာ ရှိတော့တဲ့ တပ်သား တစ်ယောက်ကလွဲလို့ ဘယ်သူမှ အသက်မရှိတော့ဘူး"

လူသုံးဆယ်သည် နေရာအသီးသီး အနေအထားအသီးသီး၌ ထ၍ စောစတီးဇံကို ဝိုင်းပတ်လိုက်ကြသည်။ စောစတီးဇံ၏ စကားကို စိတ်ဝင်တစားရှိလာကြသည်။

စောစတီးဇံသည် ဘောင်းဘီအိတ်ထဲသို့ နှိုက်လိုက်သည်။

နွမ်းကြေနေသော နှင်းဆီပန်းတစ်ပွင့်။

ဖြူလွလွ ပုလဲပုတီးတစ်ကုံး။

အင်္ကျီကွင်းနှင့် ပြတ်၍ ကျန်ခဲ့သော ကြယ်သီးနှစ်လုံးက သူ့လက်ထဲတွင် ပါလာသည်။

"ဒီကောင်မဟာ အစိုးရသူလျှိုဖြစ်နိုင်တယ်၊ ကျုပ်တို့ထဲကို ထိုးဖောက်ဝင်ရောက်လာတဲ့ ရန်သူရဲ့ ပဉ္စမ တပ်သားတစ်ယောက်လဲ ဖြစ်နိုင်တယ်၊ ပြီးတော့ သိပ်ပြီး ချောမောတောင့်တင်းတဲ့ မိန်းမလှလေးတစ်ယောက်လဲ ဖြစ်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဗိုလ်ယက္ခဟာ ချောချောမြင်ရင် မနေ



နိုင်လို့ပါပဲ၊ အဲ…လှသလောက် ချောသလောက်လဲ ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက် ဆိုတာကိုတော့ ငါ ကြိုတင်ပြီး ပြောလိုက်မယ်"

အားလုံးမှာ ပြုံးသူပြုံး၊ ပခုံးတွန့်သူတွန့်၊ ဟက်ခနဲ ရယ်သူရယ်နှင့် စောစတီးဇံ စကားကို ပြက်ရယ်ပြုကြသည်။ မိန်းမလှကလေးတစ်ယောက်တဲ့။ ကြောက်စရာ လည်းကောင်းသေးသတဲ့။

အဟက်…ရယ်စရာကွာ။

ချစ်ပစ်လိုက်မှာပေါ့၊ တွေ့ချင်စမ်းလိုက်ပါဘိ။

"သူ့နာမည်က ဘယ်သူတဲ့လဲ ဗိုလ်မှူး"

"မ…အေး…ပွင့်"

သူတို့အားလုံးသည် မအေးပွင့် အမည်ကို လိုက်ဆိုမိရင်း တောင့်တောင့်တင်းတင်း မိန်းမချောကလေးကို မျက်စိထဲတွင် မြင်ယောင်လာကြသည်။

"အဲဒီ မအေးပွင့်ဆိုတဲ့နာမည်ကို မသေဘဲ ကျန်ရစ်ခဲ့တဲ့ ကျုပ်တို့ရဲဘော်က ပြောသွားတာလား"

"ဘယ်ဟုတ်လိမ့်မလဲ၊ ဒီအကောင် ဘာတစ်ခွန်းမှ မေးလို့မရဘဲ အသက်ထွက်သွားခဲ့တယ်"

"ဒါဖြင့် ဗိုလ်မှူးက ဒီနာမည်ကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"မိုးကာတဲ နံရံမှာ သွေးနဲ့ရေးသွားတာ"

"ရှီး…."

"ရှိ"

www.burmeseclassic.com

www.burmeseclassic.com



လေချွန်သံတွေ ထွက်လာသည်။ မအေးပွင့်ဆိုသည့် မိန်းမချောကလေးသည် သူတို့တစ်တွေကို သတ္တိရှိရှိ 'စိန်'ခေါ်သွားလေပြီတကား၊ အံ့အားသင့်ဖွယ်ပင်။

"မင်းတို့တာဝန်က ဒီကောင်မရဲ့ သက်ထဲက ဗိုလ်ယက္ခရဲ့ နေ့စဥ်မှတ်တမ်းစာအုပ်နဲ့ တို့ရဲ့ လျှို့ဝှက် စာရွက်စာတမ်းတွေကို အရပြန်ယူဖို့ပဲ၊ ဒါတွေကို ပြန်ရပြီးတာနဲ့ ဒီကောင်မကို ဆုအဖြစ် အပ်တယ်၊ ပြီးတော့... ငွေတစ်သိန်းတိတိ ထပ်ပြီး ဆုချဦးမယ်၊ အေး....ဒါပေမယ့် ဒီတာဝန်ကို ပျက်ကွက်ခဲ့ရင်တော့ သေဒဏ်"

ငြိမ်သွားသည်။

အားလုံးငြိမ်သွားသည်။ တုတ်တုတ်မျှမလှုပ်။

"ဟေ့....ကြာယုံ....မြေပုံယူခဲ့စမ်း"

စောစတီးဇံက ခပ်မာမာ အမိန့်ပေးလိုက်သည်နှင့် သူ့တပည့်တစ်ယောက်က မြေပုံကြီးတစ်ချပ်ကို ယူလာပြီး စောစတီးဇံ့ရှေ့တွင် ဖြန့်ခင်းလိုက်သည်။ စောစတီးဇံသည် မြေပုံကို တုတ်တစ်ချောင်းဖြင့်ထောက်ရင်း ဆက်ပြောသည်။

"ဟောဒါ တို့ရဲ့ ရှိုးမြေပုံပဲ၊ ဒါက ဗိုလ်ယက္ခရဲ့ မိုးကြိုးပစ်စခန်း၊ အဲဒီကထွက်ရင် 'လမ်းသုံးဆယ်'တိတိ ရှိတယ်၊ အဲဒီလမ်းသုံးဆယ်ကို မင်းတို့ လူသုံးဆယ်ခွဲပြီး ပိတ်ဆို့ရှာဖွေရမယ်၊ မင်းတို့ရဲ့ ပြန်လည်စုစည်းရမယ့် 'စုရပ်'ကတော့ ဟောဒီ'အင်ပင်တိုင်ရွာ' နောက်က သချိုင်းဇရပ်ပျက်ကြီးပဲ၊ စုစည်းရမယ့်အချိန်ကတော့ အခုလာမယ့် စနေနေ့ည ကိုးနာရီ"



စောစတီးဇံ၏ အသံက မာလာသည်။ ထန်လာသည်။ ပြတ်သားလာသည်။

"တကယ်လို့ ဒီကောင်မဟာ အဖြူရောင် နယ်မြေထဲကို ရောက်သွားမယ်ဆိုရင် အဲဒီနယ်မြေအထိ ရောက်အောင် ထိုးဖောက်ဝင်ရောက်ပြီး တို့ရဲ့ လျှို့ဝှက်ချက်တွေကို အရယူခဲ့ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ငါ အတိအကျ မပြောဘူး၊ အခြေအနေကိုကြည့်ပြီး ပုံသဏ္ဌာန်အမျိုးမျိုး အသွင်အမျိုးမျိုးနဲ့ ထိုးဖောက်ဝင်ရောက်ပြီး လျှို့ဝှက်ချက်တွေကို ရအောင်လုပ်ခဲ့ကြ၊ ဒါ....ဘာမေးစရာ ရှိသေးလဲ"

"မရှိပါဘူး"

"မရှိရင် ဒီနေ့ စနေနေ့၊ အဲ....ကိုးနာရီတိတိပဲ၊ ကဲ... ထွက်ကြတော့"

စောစတီးဇံသည် လက်မှနာရီကိုကြည့်၍ ခပ်မာမာ အမိန့်ပေးလိုက်သည်။

လူသုံးဆယ်သည် မိမိတို့ တာဝန်ကျရာ လမ်းအသီးသီးသို့ ခွဲ၍ ထွက်ခဲ့ကြ၏။ တချို့က 'ခြေကျင်'၊ တချို့က 'မြင်း'နှင့်၊ ထူးထူးခြားခြား 'လား'စီးသူလည်းပါသည်။

သည်လူသုံးဆယ်ထဲတွင် 'ခေါ့ဘခက်'လည်း အပါအဝင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

နေခြောက်ကလေးတွေက ကွက်တိကွက်ကျား။

မြင့်မားသော ကျွန်းပင်ကြီးတွေက တာဝတိံသာအထိ ထိုးတက်နေသလား အောက်မေ့ရသည်။ အထက် ရှုပ်ထွေးသော်လည်း အောက်ခြေရှင်းသည်။ မြင်ကွင်းကျယ်သည်။ ဖွေ့ကွေ့ ကောက်ကောက်ရှိသော သစ်ဆွဲသည့်လမ်းကို မပင်မပန်းသျှောက်နိုင်သည်။

နံနက် ဆယ်နာရီခန့်ရှိပြီ။

သို့စဉ်တိုင်အောင် နေဝန်းကို မမြင်ရအောင် သစ်ကိုင်းသစ်ရွက်တွေက အုပ်မိုးနေသည်။ ယှက်သိုင်းနေသည်။ ရိုးမတောလမ်းတစ်ခုပင်။

ရယ်စရာတော့ ကောင်းနေ၏။

စောစတီးဇ်က မိန်းမတစ်ယောက်နောက်ကို လူသုံးဆယ်တိတိခွဲ၍ အလိုက်ခိုင်းခဲ့၏။

သည်လူသုံးဆယ်ထဲတွင် သူလည်းအပါအဝင်။



သာဒင်သည် ခါးမှရေဘူးကိုဖြုတ်၍ မော့လိုက်၏။ စူးရှသော မကောက်ညှင်းအရက် သူ့လည်ချောင်းထဲသို့ သံရည်ပူတွေလောင်းထည့်လိုက်သလို ပူပြင်းစွာ လျှောကျစီးဆင်းသွား၏။

"တောက်....အသုံးမကျတဲ့ ကောင်၊ အလကား"

သာဒင်သည် စောစတီးဇ်ကို မကျေမနပ် ဖြစ်နေသည်။ လွယ်ထားသော ကာဗိုင်သေနတ်ကိုလည်း ဆောင့်ကြီးအောင့်ကြီးဖြုတ်၍ ကျွန်းပင်ကြီးတွင် ထောင်လိုက်သည်။ နံနက် ကိုးနာရီကကတည်းက စောဝတီးဇ်၏ အခန်းမှထွက်ခဲ့သည်။ ယခုတိုင်အောင် မနားရသေး။ လေးလာ၏။

သယ်ဆောင်လာသော ဆန်တစ်ပြည်နှင့် ကာဗိုင်ကျည်ဘောက်နှစ်ခုကိုပင် ကြာတော့လေးလာ၏။

ဟုတ်ပါသည်။

ညက အရက်အတော်သောက်ခဲ့၏။ ကောက်ညှင်းအရက်ဓနိဘောက်တစ်လုံးကို တစ်ယောက်တည်း အပြတ်ချခဲ့ထား၏။ နံနက်ကျတော့ စောစတီးဇ်ကခေါ်၍ တာဝန်ပေးသည်။

မိန်းမတစ်ယောက်နောက် လိုက်ရမည်တဲ့။ ရယ်စရာပင်ကောင်းသေးတော့။ ဒါပေမယ့် သာဒင် မရယ်နိုင်ပါ။ ခေါင်းတွေကိုက်နေသည်၊ တုန်နေသည်၊ ရီဝေနေသည်၊ ရင်ထဲတွင်လည်း မီးကျီးခဲမျိုထားရသလို ပူလောင်နေသည်။ စခန်းမှထွက်ခဲ့ရကတည်းက တိုးလိုက်ရသည့်ချုံ၊ ဖြတ်လိုက်ရသည့်တောကလည်း မောမှ ပါဘိ။ ယခုမှ သွားလမ်းသာသော ကျွန်းပင်တော လမ်းသို့ ရောက်ခဲ့ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ....

စောစောတီးဇာပြောသည့် မိန်းမချောလေးကို မတွေ့။

'အမ'ဟိုရှု ချေမ၊ မျောက်မကလေးတောင် မမြင်။ ကြာတော့ ရှိုင်ပူလာသည်။ ရေဘူးကိုဖွင့်၍ ပါးစပ်ထဲသို့ ဒုတိယမှိ လောင်းချလိုက်သည်။ ပြီးတော့ ကျွန်းပင်ကြီးကို ကျောမှီ၍ မှေးလိုက်၏။

ချွတ်ခနဲ အသံကြားရသည်။

သစ်ကိုင်း သေးသေးကလေး ပဲ့ကျသလောက်ပဲ အသံကျယ်သည်။ သာဒင်သည် မှေးထားသော မျက်လုံးကို အသာအယာ ဖွင့်ကြည့်လိုက်သည်။ သူ့မျက်လုံးတွေ ပြူးသွား၏။ မိန်းမချောကလေးတစ်ယောက်သည် သူ့ရှေ့တွင် ပြုံးပြုံးကလေး ရပ်နေသည်။

ဥစ္စာစောင့်မတော့ မဟုတ်။

သူမလက်ထဲတွင် သေနတ်တစ်လက်နှင့်။

မည်းနက်သည့် ပြောင်းဝသည် သူ့နှလုံးသားနှင့် တန်းနေသည်။ ကောင်မလေးက ရယ်လို့။ သည်တော့ ပါးလေးက ချိုင့်ခွက်သွားသည်။ ပါးပြင်ပေါ်တွင်တော့ စံပယ်တင် မှဲ့ကလေး တစ်လုံး။

သာဒင်သည် သူ၏လက်ကို ကာဗိုင်သေနတ်ဆီသို့ မသိမသာရွှေ့ရင်း ကြောက်ရွံ့ထစ်ငေါ့သော အသံထွက်လာသည်။

"မ....အေး"

"ဒုတ်"



'ပွင့်'သွားသည်။

သာဒင့်ရင်မှာ 'ပွင့်'သွားသည်။ ပြီးတော့ ဘေးသို့ တစောင်းလဲကျသွား၏။ မအေးပွင့်သည် သာဒင်၏ ခန္ဓာကိုယ်ကြီးကို ခြေထောက်နှင့်ပင့်ကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်သည်။ ပြီး အသံတိတ်ကိရိယာတပ်ဆင်ထားသော ပစ္စတိုကို ခါးမှ သေနတ်အိတ်ထဲသို့ ပြန်ထည့်သည်။ ထောင်ထားသော ကာဗိုင်ကို ကောက်၍ လွယ်သည်။ ဆန်တစ်ပြည်ကို သူမ၏ ကျောပိုးအိတ်ထဲသို့ ပြောင်း၍ ထည့်လိုက်သည်။

ပြီးတော့ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာလာခဲ့သည်။ နှစ်နာရီခန့်အကြာတွင် တောင်ထွတ်တစ်ခုသို့ ရောက်သည်နှင့် ဖြာကျနေသော နေခြည်နုကာ ဆီးကြိုလိုက်သည်။

နေခြည်တန်းများသည် ကျွန်းပင်ကြီးများ အကြားမှ ဆလိုက်ထိုးထားသလို အမျှင်တန်းနေ၏။ လှပါပေ့ ရိုးမတော။

သို့ပေမယ့် မအေးပွင့်ရင်မှာ မောနေသည်။ 'မိုးကြိုးပစ်' စခန်းမှ ထွက်ခဲ့သည့်အချိန်မှစ၍ ယခုအချိန်အထိ မနားရသေး၊ မမှေးစက်ရသေး။ သူမနောက်မှ အုပ်နှင့်သင်းနှင့် လိုက်လာတော့မည့် မနုဿကျားရဲတွေရန်မှ လွတ်အောင် ခရီးပြင်းနှင်ခဲ့ရသည်။

ထင်သည့်အတိုင်းပင်။

လွန်ခဲ့သည့် နာရီပိုင်းအတွင်းက သောင်းကျန်းသူတစ်ယောက်၏ ဇီဝိန်ကို ခြွေခဲ့ရ၏။ လူသတ်ချင်လွန်း၍တော့ မဟုတ်၊ သတ်ဖြတ်မှုကို မအေးပွင့် ရွံမုန်းပါသည်။ သို့တစေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သူ့ကိုမသတ်လျှင် သူက ကိုယ့်ကို သတ်တော့မည် မဟုတ်ပါလား။

သည်တော့ မိန်းမသားတစ်ယောက်ဆိုသည့် နွဲ့ပျောင်းနူးနယ်သော စိတ်ခါတ်တွေကို သူမရင်ထဲမှ မောင်းထုတ်ခဲ့သည်။ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကိုလည်း ပစ်ပယ်ထားလိုက်ရသည်။

သည်လိုမှမဟုတ်လျှင် ကြမ်းတမ်းရိုင်းစိုင်းသော ရိုးမတောကို ဖြတ်ဖို့မလွယ်၊ အားငယ်လိုက်တာနှင့် ရိုးမတောက ဝါးမျိုသွားပေမည်။

ပြီးတော့ သူမ ကြိုတင်တွေးဆထားသကဲ့သို့ပင် နောက်က သူပုန်တွေ လိုက်လာ၏။ သူတို့၏ အသက်ဘမျှ အရေးကြီးသော လျှို့ဝှက် စာရွက်စာတမ်းတွေက သူမနှင့်အတူ ပါလာခဲ့သည် မဟုတ်ပါလား။

ဘယ်နှစ်ယောက် လိုက်လာသလဲတော့ မသိ။

ဈေးဦးပေါက်အနေဖြင့် တစ်ယောက်ကိုတော့ ဇီဝိန်ခြွေပစ်ခဲ့ပြီ။

မအေးပွင့်သည် ကျောပိုးအိတ်ကိုဖြုတ်လိုက်၏။ အိတ်ထဲမှ ယက္ခ၏ ခရီးလမ်းကြောင်းရှာ အိမ်မြှောင် Compass ကို ထုတ်လိုက်ပြီး အရပ်ရှစ်မျက်နှာကို ကြည့်လိုက်သည်။

သူမ၏ ခရီးဦးတည်ချက်က ရိုးမ၏ အရှေ့စူးစူး ၉၀ ဒီဂရီကို ညွှန်ပြနေသည်။ ညကတော့ ဘယ်ရောက်လို့ ဘယ်ပေါက်ခဲ့မှန်းမသိ။ ယက္ခ၏ မိုးကြိုးပစ်စခန်းနှင့် ဝေးလျှင်ပြီးရော သဘောထား၍ စမ်းတဝါးဝါးဖြင့် တောတိုးခဲ့သည်။



တစ်ကိုယ်လုံး ပွန်းရာပဲ့ရာ၊ ဆူးခြစ်ရာတွေနှင့် ပြည့်နေသည်။ ထဘီအနားသားတွေ ပြဲကုန်သည်။

ဇွဲကိုတော့ မလျှော့ခဲ့။

သို့မို့ကြောင့် အသက်နှင့်ခန္ဓာကိုယ် ယှဉ်တွဲနေနိုင်ခြင်းပင်။ စိတ်လျှော့လိုက်လျှင် အားငယ်တာတစ်ခုတည်းနှင့်ပင် ခွေလဲသွားနိုင်လောက်သည်။

သူမသည် ယက္ခ၏ ခရီးဆောင်မြေပုံကိုထုတ်၍ ဖြန့်ခင်းလိုက်သည်။ ရောက်ရှိနေသောနေရာကို မှန်းဆကြည့်သည်။ ဆက်လက်ထွက်ခွာလာရမည့် ခရီးလမ်းကြောင်းကို ရွေးချယ်လိုက်သည်။

အင်ပင်တိုင်....။

'အင်ပင်တိုင်' ရွာသည် သူမ၏ ခရီးလမ်းကြောင်းနှင့် အနီးဆုံးဖြစ်၏။ 'အင်ပင်တိုင်' ရွာနှင့် 'ပြွန်တန်ဆာ' သည် အနီးဆုံးဖြစ်၏။ အင်ပင်တိုင်' သို့ ရောက်လျှင် လွတ်ပြီ။

သို့တစေ....

'အင်ပင်တိုင်' နှင့် 'ရဲနွယ်ချောင်း' ဘေးရှိ 'မိုးကြိုးပစ်' စခန်းသည် အတော် အလှမ်းဝေး၏။ ကြားထဲတွင် တောင်တွေကို ကျော်ရဦးမည်။ချောက်တွေကို ဖြတ်ရဦးမည်။ချောင်းတွေ၊ မြောင်းတွေကလည်း များပါဘိ။

"အင်း....'အင်ပင်တိုင်' ကို ရောက်မှဖြစ်မယ်၊ 'အင်ပင်တိုင်' ကို ရောက်ရင် ပြွန်တန်ဆာအထိ လှည်းနဲ့ အပို့ခိုင်းလို့ရတယ်၊ အေးလေ....ဘာပဲဖြစ်ဖြစ် 'အင်ပင်တိုင်' ကိုတော့ ရောက်အောင်သွားရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်သည် အသံထွက်အောင် ပြောဆိုလိုက်သည်။ သူမကိုယ်သူမ အားပေးလိုက်သည်။ ဗိုက်ထဲ၌လည်း ဆာလောင်မွတ်သိပ်လာသည်။

သူမသည် ခေါင်းမှရေဘူးကိုဖြုတ်၍ ဘစ်ငုံမော့လိုက်၏။ ဘဝကြီးဒွေသာက်ချင်လိုက်သော်လည်း ရှေ့တွင် ရေတွေ့ချင်မှတွေ့မည်။ အရေးကြီးသည်က ဟာနေသောဝမ်းကို လောလောဆယ် ဖြည့်တင်းဖို့ပင်။

မအေးပွင့်သည် သူမတေးတွင် ပေါက်နေသော တောငှက်ပျောပင်တစ်ပင်ကို ဓားနှင့်ပိုင်းလိုက်သည်။ တိခနဲ ပြတ်သွားသည်။ ပြီးတော့ အလယ်အူတိုင်ကို ဓားနှင့်ခွဲ၍ ထုတ်လိုက်ပြီး ဝါးစားလိုက်၏။ ခါးသက်သက်နှင့် အရသာမရှိလှသော်လည်း အဆာတော့ ပြေသွားသည်။

"ဟဲ့...ကောင်မ...မလှုပ်နဲ့"

သူမတစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။ အသံလာရာနောက်သို့ လှည့်ကြည့်လိုက်သည်။ ယောင်းကျန်းသူ တစ်ယောက်။

သူမကို ဂျီသရီးသေနတ်ဖြင့် ချိန်ထားသည်။ သူ့မျက်နှာကြီးက ကြောက်စရာကောင်းအောင် အရှုပ်ချိုးလှသော်လည်း သမင်ပျိုမကိုတွေ့သော ကျားရဲတစ်ကောင်အလား သူ့သွားတွေက ဖြဲနေသည်။

"မအေးပွင့်ဆိုတာ နင်လား"

"ဟုတ်...ဟုတ်ပါတယ်၊ ကျွန်...ကျွန်မ...မအေးပွင့်ပါ။ ကျွန်မကိုတော့ မသတ်ပါနဲ့ရှင်"



"ဟဲ...ဟဲ...အခုမှ သေရမှာ ကြောက်နေရသလား၊ အင်း...ဗိုလ်မှူးစောစတီးဇံ ပြောတာထက်တောင် မင်းက ပိုပြီး လှနေပါသေးလား၊ ဒါလောက်လှတဲ့ မိန်းကလေးကို သတ်ရမှာ နှမြောစရာကြီးပါလားကွာ၊ ပါးပေါ်က စံပယ်တင်မှဲ့ကလေးနဲ့ ချစ်စရာကလေး"

ငနဲကြီးသည် တဟဲဟဲရယ်ရင်း မအေးပွင့်အနားသို့ တစ်လှမ်းချင်း လာနေသည်။ သို့ဘစေ ဂျီသရီး၏ ပြောင်းဝက သူမကိုယ်နှင့် တည့်နေ၏။

"ချမ်းသာပေးပါ အစ်ကိုကြီးရယ်၊ ကျွန်မကိုတော့ မသတ်လိုက်ပါနဲ့၊ ကျွန်မဆီက လိုချင်တာယူပါ"

မအေးပွင့်အသံက တုန်နေသလို ကြောက်ရွံ့လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"အေးပေါ့၊ ယူရမှာပေါ့၊ ကဲ...မတ်တတ်ထပြီး မင်းရဲ့ ကျည်ခါးပတ်ကို ဖြုတ်ချလိုက်ပါဦး၊ မိန်းကလေးနဲ့ သေနတ်နဲ့ ကြည့်မကောင်းပါဘူးကွာ"

"ဟုတ်...ဟုတ်ကဲ့ရှင့်"

မအေးပွင့်သည် မတ်တတ်ရပ်လိုက်ပြီး သူမ၏ခါးမှ ကျည်ခါးပတ်ကို ဖြုတ်ချလိုက်သည်။

ပြီးတော့ ငနဲကြီးက ဂျီသရီးကို ညာဘက်လက်မောင်းကြားတွင် ညှပ်၍ကိုင်ရင်း သူမအနားသို့ ကပ်လာသည်။ ထို့နောက် သူမ၏ ကာဗိုင်သေနတ်နှင့် ကျည်ခါးပတ်ကိုယူ၍ ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်သည်။ ယခုတော့ သူ့ရှေ့တွင် အပိုကရို မိန်းမလှကလေးတစ်ယောက် ရပ်နေပါပြီကော။

www.burmeseclassic.com

www.burmeseclassic.com



တောထဲတွင် အနေကြာလာတော့ ဒါမျိုးကို အိပ်မက်ပင် မမက်ခဲ့စဖူး၊ ကြည့်စမ်းပါဦး၊ လှလိုက်တာ။

ဖွာနေတဲ့ ထဘီအနားသားအကြားမှ သလုံးသားဝင်းဝင်း၊ ခါးငယ်ငယ်အထက်တွင် လှပ၍ ပုံပန်းကျနလှသော ရင်အစုံ....။

မျက်နှာကလေးကလည်း ချစ်စရာ။

ကြောက်စရာကောင်းသည်ဟု စောစတီးဇံက မှာလိုက်သည်။ အလကား၊ ဘယ်ကလာ ကြောက်စရာ ကောင်းရမှာလဲ။

"မင်း ဗိုလ်ယက္ခစခန်းကို လက်ပစ်ဗုံးနဲ့ ခွဲခဲ့တယ် မဟုတ်လား...."

"မ....မဟုတ်ပါဘူးရှင်၊ ကျွန်မ ထွက်ပြေးခဲ့တာပါ"

"ဒါဖြင့် ဒီပစ္စည်းတွေကကော"

"အိတ်ထဲမှာ စားစရာပါမလားလို့ ဆွဲမိဆွဲရာ ဆွဲလာတာပါရှင်၊ ဘာတွေပါမှန်းတောင် မသိသေးပါဘူး"

"မင်း ငါ့ကို မညာနဲ့၊ မိုးညိုဆိုတာ မကြားဖူးဘူးလား ဗိုလ်မိုးညိုဆိုတာ ငါပဲ"

မိုးညိုသည် ဂျီသရီးသေနတ်ကို ညာဘက်ပခုံးတွင် လွယ်လိုက်ရင်း သူမရှေ့သို့ ကပ်လာသည်။ မအေးပွင့်သည် ဒူးတုပ်၍ ထိုင်လိုက်သည်။ လက်ကလေးနှစ်ဖက်ကိုထပ်၍ ရှိခိုး တောင်းပန်ရှာသည်။

"ကျွန်မကိုတော့ ချမ်းသာပေးပါ အစ်ကိုကြီးရယ်၊ ကျွန်မကို မသတ်ပါနဲ့၊ ကျွန်မ ရှိကြီးခိုးပါရဲ့ အစ်ကိုကြီးရယ်"



သူမသည် မိုးညို၏ခြေအစုံကို ငုံ့၍ ရှိခိုးလိုက်သည်။ ပြန်အကြွတွင်တော့ ပေါင်ကားရှုံ့ရပ်နေသော မိုးညို၏ ပေါင်ခွဆုံသို့ လက်သီးနှစ်လုံးပူး၍ ဒေါင်လိုက် ပစ်သွင်းလိုက်၏။

"အား...."

ကျယ်လောင်သော အော်သံကြီးနှင့်အတူ မိုးညို ပက်လက်လန်သွားသည်။ မအေးပွင့်သည် ကျည်ခါးပတ်ဆီသို့ လှမ်းချိုက်၏။ သေနတ်ကိုပင် ထုတ်ယူရန် အချိန်မရတော့။

မိုးညိုသည် သေနတ်တခြားလူတခြား လဲကျသွားရာမှ မဲ့ကုန်းထ,လာပြီး မအေးပွင့် ကိုယ်ပေါ်သို့ ခုန်၍ အုပ်လိုက်သည်။

"အွန့်"

သို့သော် မိုးညို၏မျက်နှာကြီးမှာ ကြောက်စရာကောင်းလောက်အောင် ရှုံ့တွလာပြီး ငြိမ်သွားသည်။ မအေးပွင့်သည် မသတီစရာကောင်းလှသော မိုးညို၏ ကိုယ်ကြီးကို သူမကိုယ်ပေါ်မှ တွန်းဖယ်လိုက်သည်။ ပက်လက်ကြီး ဖြစ်သွားသည်။

"ဟင်း....မအေးပွင့်ကို ဒီလိုစမ်းလို့ ဘယ်ရမလဲ ဗိုလ်မိုးညိုရယ်၊ မိန်းမမာယာ သဲကိုးဖြာဆိုတာ ရှင် မကြားဖူးဘူး ထင်တယ်"

မကြားနိုင်တော့ပါ။

မအေးပွင့်စကားတွေကို မိုးညို မကြားနိုင်တော့ပါ။

သူမသည် မိုးညို၏ နှလုံးသားတည့်တည့်တွင် စိုက်ဝင်နေသော ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။

မိုးညိုက ခုန်အအုပ်တွင် ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်၍ ခံလိုက်ခြင်းပါပဲ။ အသည်းထဲကို စိုက်ဝင်သွားသည်။

"နှစ်....ယောက်"

ပြီးတော့ တိုးညင်းစွာ ရေရွတ်လိုက်သည်။

သူမသည် သွက်လက်စွာ လှုပ်ရှားနေ၏။ သည်နေရာမှ အမြန်ဆုံးထွက်ခွာရန် အရေးကြီးသည် မဟုတ်ပါလား။ မိုးညို၏ စစ်လွယ်အိတ်ထဲမှ ငါးသေတ္တာတစ်ဘူးနှင့် ပေါင်မုန့်တစ်လုံးကို သူမအိတ်ထဲသို့ လွှဲပြောင်း ထည့်လိုက်ပြီးနောက် တောင်ထွတ်ကလေးပေါ်မှ ဆင်းခဲ့သည်။

သူမ၏ ဦးတည်ချက်က ရိုးမ၏ အရှေ့စူးစူး ၉၀ ဒီဂရီသို့မဟုတ် 'အင်ပင်တိုင်ရွာ'။

❖

အခန်း (လေး)

ကျွဲလှည်းကြီးတစ်စီး။

လှည်းပေါ်တွင် ခုတ်ပြီးစ ဝါးတိုးဝါးများ တင်ဆောင်လာသည်။ မြေးအတိုးသုံးယောက်သည် ဝါးစည်းများပေါ်တွင် အေးအေးဆေးဆေးထိုင်လျက် လိုက်ပါလာသည်။ အတိုးနှင့် အဘွားကြီးမှာ အသက်ခြောက်ဆယ်ကျော်ခန့် ရှိပြီး၊ ကလေးကတော့ အသက်နှစ်ဆယ်လောက်ပဲ ရှိဦးမည်။ ထေးသော မျက်နှာသုတ်ပဝါကြီးကို ခေါင်းတွင် ပေါင်းထားသည့်တိုင်အောင် နုနယ်သောချစ်စဖွယ် မျက်နှာကလေး ဝေဝို့မပို့ ပေါ်လွင်နေပါသည်။

တကျွီကျွီ မြည်နေ၏။

ဆီမထည့်သည်မှာကြာပြီဖြစ်သောလှည်းဝင်ရိုး၏ပွတ်တိုက်သံက တကျွီကျွီ မြည်နေသည်။ ကျွဲလှည်းကြီးသည် အနိမ့်အမြင့်မညီသော သစ်ဆွဲသည့် လမ်းတစ်လျှောက် ...အိအိ

www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်လာသည်။ တစ်ခါတစ်ရံ ဒုန်းခနဲ ဒိုင်းခနဲ ဆောင့် သွားသည်။ လှည်းပေါ်တွင် ပါလာသူများမှာ လွင့်စဉ်က မသွားစေရန် မနည်းပင် ထိန်းကိုင်ထားရသည်။ တစ်ခါ တလေတော့လည်း မှောက်တော့မတတ် တစောင်းကြီးဖြစ် သွားတတ်သေးသည်။ လမ်းကလည်း သည်အထိ ကြမ်း၏။

ထိုလမ်းမှာ ရိုးမတောင်ခြေနှင့် သစ်စခန်းတစ်ခု ဖြစ်သော 'ကျွန်းပင်သာ' ရွာကို ဆက်သွယ်ထားသည့် တစ်ခုတည်း သော လမ်းပင် ဖြစ်ပါသည်။

စင်စစ်....

ကျွန်းပင်သာသည် ရွာဟု မခေါ်ထိုက်။

အိမ်ခြေရာခြေမရှိ။ ရွာခံဟူ၍ လေးငါးအိမ်သာရှိသည်။ သစ်ခုတ်သမားများ လာလေ့ရှိသော ရာသီတွင်တော့ စည် စည်ကားကား ရှိသည်။ သောင်းကျန်းသူများ အဝင်အထွက် များသော ရိုးမတောင်ခြေမှ ရွာကလေးပင် ဖြစ်သည်။ ရွာ လူတွေကတော့ သောင်းကျန်းသူတွေကို ရွံမုန်းလှပြီ။ မကြ ခဏ ကြက်ဆွဲ၊ နွားဆွဲ၊ ဆက်ကြေးတောင်း၊ စိတ်မထင်လျှ သတ်။ အဲ....သူတို့သဘောကျလျှင် လူကိုပါ ဆွဲတတ်သ ငယ်ငယ်ရွယ်ရွယ် တောင့်တောင့်တင်းတင်း ဟူသမျှ သူ လက်ချက်နှင့် မကင်းနိုင်သူတွေချည်းပင်။

ကျွဲလှည်းကြီးပေါ်မှ မိန်းကလေး၏ မျက်နှာမှာ မှိုင်းညို့ နေသည်၊ တွေဝေနေသည်၊ ကြည်ကြည်သာသာ မရှိလှ။



အဘိုးကြီးသည် ကွမ်းတမြုံ့မြုံ့ဝါးရင်း လှည်းကိုသာ ဂရုစိုက်၍မောင်းနေသည်။ အဘွားကြီးကတော့ မိန်းကလေး ကို ကရုဏာသက်စွာနှင့် ကြည့်နေသည်။

"ထမင်းဆာပြီလား မိန်းကလေး"

"မဆာသေးပါဘူး အဘွားရယ်"

သည်နှစ်ခွန်းသာဖြေပြီး ပြန်လည်ငြိမ်သက်သွားကြသည်။ တကျွီကျွီမြည်သော လှည်းဝင်ရိုးသံမှအပ ပကတိ တိတ် ဆိတ်ငြိမ်သက်သွားပြန်သည်။

မျောက်ညိုတစ်သင်းသည် ဆူညံစွာ အော်ဟစ်ရင်း တစ် ပင်မှ တစ်ပင်သို့ လွှားခနဲ လွှားခနဲ ခုန်ကူးပြေးလွှားသွား ကြသည်။

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံနှင့်အတူ ဝါးရုံပင်အကွယ် မှ လူတစ်ယောက်ထွက်လာသည်။ အဘိုးကြီးသည် လန့်ဖျပ် သွားသော ကျွဲတစ်ရှဉ်းကို နဖားကြိုးတင်း၍ ထိန်းလိုက်ရ သည်။

သေနတ်တစ်လက် ကိုင်ထားသော လူတစ်ယောက်သည် လှည်းရှေ့တွင် ပေါင်ကိုကား၍ ရပ်နေ၏။ M 16 သေနတ်ကို ပခုံးပေါ်တွင် ထောင်ထားသည်။ လှည်းပေါ်က အဘိုးကြီး၊ အဘွားကြီးနှင့် ကလေးမလေးမှာ တဆတ်ဆတ် တုန်နေလေ ပြီ။

"ဟား....ဟား၊ ဘယ်သူတွေလဲ မှတ်တယ်၊ လက်စသတ် တော့ ကျွန်းပင်သာက ဦးသာနှိုးတို့ လင်မယားပါကိုး ဗျ၊ ဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟိုကလေးမက ဘယ်သူလဲ၊ တယ်လှပါလား၊ အရင်တုန်းက ကျွန်းပင်သာမှာ မရှိပါဘူး"

"ကျုပ်...ကျုပ်မြေးလေးပါ ဗိုလ်ကြီးရယ်၊ ပြွန်တန်ဆာက လာလည်တဲ့ ကျုပ်မြေးလေးပါ"

ဗိုလ်ကြီးအခေါ်ခံရသူမှာ တဟဲဟဲဖြင့် သဘောကျသွားသည်။ တောထဲတွင်တော့ သေနတ်ကိုင်ထားသူမှန်သမျှ ဗိုလ်ကြီးတွေချည်းပင်။

"နာမည်ကလေးက ဘယ်သူတဲ့လဲ၊ မှဲ့ကလေးနဲ့ ချစ်စရာကလေး"

"မိ...မိတုတ်ပါတဲ့ ဗိုလ်ကြီး"

"မိတုတ်တဲ့လား၊ မိတုတ်ဆိုတဲ့အတိုင်း တုတ်တုတ်ဝဝကလေးနဲ့ အဟုတ်ကို လှတာပါလား၊ ဟေး....ကလေးမ၊ အောက်ကို ခဏဆင်းခဲ့ပါဦးကွ"

လှည်းပေါ်မှ အဘွားကြီးနှင့် ကလေးမှာ တဆတ်ဆတ်တုန်ယင်နေကြပြီ။ အ,အတွေလို ဆွံ့အ,သွားကြသည်။

"ဟေ့....ကလေးမ၊ ဆင်းခဲ့လို့ပြောနေတာ မကြားဘူးလား"

"ကြား....ကြားပါတယ်ရှင်"

"ကြားရင် ဘာလို့ထိုင်နေတာလဲ"

"ကျွန်...ကျွန်မ ကြောက်လို့ပါ"

"ဘာ....ကြောက်လို့ ဟုတ်လား၊ ဟား....ဟား....ဟား၊ ငါ့ရုပ်ဟာ မင်းကြောက်စရာကောင်းလောက်အောင် အရုပ်



မဆိုးသေးပါဘူးကွာ၊ ငါ့နာမည်ကိုက လူလှတဲ့၊ ဗိုလ်လူလှ၊ ဟား...ဟား..ဟား....ဟား"

သူ့စကားကို သူ့ဘာသာ သဘောကျစွာ ရယ်သည်။

ဟိုမြေးအဘိုးတစ်တွေက ငိုမတတ် မျက်နှာပျက်နေကြပြီ။

"ဟိတ်....ပြောနေတာ မကြားဘူးလား၊ ဆင်းခဲ့စမ်း"

ရယ်သံဆုံးသည်နှင့် သူ့မျက်နှာကြီးက ကြောက်စရာကောင်းလောက်အောင် တင်းသွားသည်။ ဒေါ်နှင့် မာန်နှင့် အော်လိုက်သည်။

"ချမ်း....ချမ်းသာပေးပါ ဗိုလ်ကြီးရယ်၊ ကျုပ်....ကျုပ်မြေးကလေးကို ဘာမှ မလုပ်လိုက်ပါနဲ့"

"ဒိုင်း"

သူက သေနတ်ကို မိုးပေါ်ထောင်ဖောက်လိုက်သည်။

"အဘွားကြီး၊ ကြီးတောင့်ကြီးမားနဲ့ မသာပေါ်သွားချင်သလား၊ ရှာမရှည်နဲ့၊ ခင်ဗျားပါးစပ် ပိတ်ထားစမ်း၊ ဒီတစ်ခါ ထပ်အသံကြားရရင် ကျုပ်ကျည်ဆန်က ခင်ဗျားကြီးကို ဖောက်သွားလိမ့်မယ်"

"မပစ်လိုက်ပါနဲ့ရှင်၊ ကျွန်မအဘွားကို မပစ်လိုက်ပါနဲ့၊ ကျွန်မ ဆင်းခဲ့ပါ့မယ်"

"အေး....ဒီလိုမှပေါ့ကွ"

ကလေးမသည် ခေါင်းမှ မျက်နှာသုတ်ပဝါကို ဖြုတ်၍ ခြုံလိုက်သည်။ ချစ်စဖွယ်မျက်နှာကလေးက ပေါ်လွင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူလှတို့ မုစ်ဆိတ်ပျားစွဲချင်တော့ တင်ကား ရင်ထွား မကလေးနှင့်ကို လာတိုးနေပြီ။ ရုပ်ကလေးကလည်း ချစ်စရာ ကောင်းလိုက်ပါဘိ။

လူလှသည် သေနတ်ကို ပခုံးတွင် လွယ်လိုက်ပြီး လှည်း ဘီးပေါ်မှ ကျော်ခွ၍ ဆင်းလာသော မိန်းမပျိုကလေးထံ လက်ကမ်းပေးသည်။ တုန်တုန်ယင်ယင်နှင့် ဆင်းလာသော မိန်းမပျိုကလေးမှာ အကြောက်လွန်၍ လှည်းပုံတောင်းပေါ်မှ ချော်၍ ကျလာသည်။

“အို....အမေ့”

ပွေ့လိုက်တာပေါ့၊ လူလှရင်ခွင်ထဲကို ကျလာတာပေါ့။ သည်တော့ ရှိန်းဖိန်းသော အတွေ့အထိက စက္ကန့်ပိုင်းအတွင်း သူ့အသွေးအသားထဲကို ပျံ့နှံ့သွားသည်။

လူလှအသံက မာလာသည်။

“ကိုင်း....အဘိုးကြီးနဲ့ အဘွားကြီး၊ လှည်းကိုဆက်မောင်း စမ်း၊ နောက်လှည့်ကြည့်မယ်တော့ မကြနဲ့နော်၊ တစ်ခါ တည်း မသာပေါ်သွားမယ်”

လူလှသည် မိန်းမပျိုကလေးကို လက်နှစ်ဖက်ဖြင့်ပွေ့ရင်း ပြောလိုက်သည်။ ကျွဲလှည်းကြီးသည် တကျွိကျွိနှင့် ဆက် မောင်းသွား၏။ နောက်သို့ လှည့်မကြည့်ရဲ။

အဘိုးကြီးနှင့် အဘွားကြီးသည် ကြေကွဲဝမ်းနည်းလှစွာ နှင့် လှည်းကို ဆက်မောင်းလာသည်။ ကံဆိုးလိုက်သည့် မိန်း ကလေး၏အဖြစ်ကိုတော့ ဆက်၍မတွေးရဲတော့ပါ။



လှည်းဘီး ဆယ်ပတ်လောက် လိမ့်မိသည်နှင့် နောက်မှ ခေါ်သံကို ကြားရသည်။

“အဘ....အဘ၊ ခဏရပ်ပါဦး”

အဘိုးကြီးသည် နဖားကြိုးကိုဆွဲ၍ လှည်းကို ရပ်လိုက် သည်။ သို့တစေ နောက်သို့ လှည့်မကြည့်ရဲကြ။ မသာပေါ် သွားမည်ကို ကြောက်နေကြသည်။

ကလေးမလေးသည် လှည်းရှိရာသို့ ရောက်လာ၏။ သူမ မျက်နှာက ပြုံးနေသည်။ အဘိုးကြီးနှင့်အဘွားကြီးသည် သူမ ကို မယုံကြည်နိုင်သလိုကြည့်ရင်း လူလှကို လှည့်ကြည့်လိုက် သည်။

လူလှသည် သွေးအိုင်ထဲတွင်မလှုပ်မယှက်လဲနေ၏။ မည်ကဲ့ သို့ လုပ်လိုက်သည်မသိ၊ မသာပေါ်နေ၏။ မိန်းကလေး၏ လက်ထဲတွင်တော့ မည်းနက်သော သေနတ်ကလေးတစ်လက်။

အသံမထွက်ဘဲနှင့် လူလှတစ်ယောက် မလှမပ အသက် ထွက်သွားသည်ကို အဘိုးကြီး အဘွားကြီးတွေ အံ့သြနေကြ ဟန် တူသည်။

“သူ....သူ”

“သူသေပါပြီ အဘ၊ ကျွန်မ သူ့ကို ပစ်သတ်လိုက်တယ် လေ”

သူမသည် လှည်းပေါ်ရှိ ဝါးစည်းများအောက်တွင် ဝှက် ထားသော ကာဗိုင်သေနတ်၊ ကျောပိုးအိတ်နှင့် ကျည်ခါးပတ် တို့ ထုတ်ယူ၍ ဝတ်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဒီအထိ လှည်းနဲ့တင်ခေါ်လာတဲ့အတွက် အဘနဲ့ အဘွားကို ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကိုလဲ မှတ်ထားကြပါ၊ ကျွန်မနာမည် မအေးပွင့်တဲ့"

ထိုစဉ်မှာပင် မြင်းခွာသံ သွဲ့သွဲ့ကြားရသည်။ မြင်းဟီသံ တိုးတိုးကြားရသည်။

"မောင်း....မောင်း၊ ဆက်မောင်း အဘ"

အဘိုးကြီးသည် ကျွဲနှစ်ကောင်ကို ကြိမ်တို့လိုက်၏။ လှည်းကြီးသည် ကြမ်းတမ်းသော လမ်းတွင် တဒုန်းဒုန်း တဒိုင်းဒိုင်း မြည်ရှင်း ပြေးထွက်သွားသည်။

မအေးပွင့်သည် လှည်းလမ်းဘေးရှိ ပေနှစ်ဆယ်ခန့် မြင့်သော ကမ်းပါးစောင်းပေါ်သို့ ပြေးတက်ခဲ့ပြီး ကျွန်းပင်ကြီးကို အကာအကွယ်ယူလိုက်သည်။ သည်တစ်ခါတော့ ကာဗိုင်ကို သုံးရတော့မည်ဖြစ်၏။ ပစ်မှတ်က ဝေးသည်။ ပြီးတော့ ပစ်မှတ်ရှင်လည်း ဖြစ်နေသည်။

သူမသည် ကာဗိုင်ကို မောင်းတင်လိုက်ပြီး ကျွန်းပင်ကြီးကို မှေး၍ ချိန်ထားလိုက်၏။ မြင်းခွာသံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ပီပြင်လာသည်။ 'ဒသမသုံး သုည' ကာဗိုင်သေနတ်၏ နောက်ကြည့် ချိန်မှတ် အဝိုင်းကလေးထဲတွင် [illegible]းစိုင်းလာသော မြင်းစီးသမားရုပ်သွင်က ပေါ်လွင်လာသည်။ မအေးပွင့်သည် ရှေ့ချိန်သီးနှင့် နောက်ချိန်မှတ်ကို မြင်းစီးသမား၏ရင်အုံတွင် တစ်ထပ်တည်းကျအောင် လိုက်ချိန်ထားသည်။ အသက်ကို မှန်မှန်ရှူထားသည်။ မောင်း



ခလုတ်ပေါ်တွင် တင်ထားသော လက်ညှိုးကလေးကိုလည်း မသိမသာ တင်ထားသည်။

ကိုက် ၃၀၀။
ကိုက် ၂၀၀။
ကိုက် ၁၀၀။
"ဒိုင်း"

မြင်းစီးသမားသည် မြင်းပေါ်မှ ပက်လက်လန်၍ ကျသွားသလို မြင်းကြီးသည် တုံ့ခနဲရပ်လိုက်ပြီး 'ဟီ'၍ ပတတ်ရပ်လိုက်သည်။

ပြီးတော့ မအေးပွင့်ရှိရာသို့ ဆက်ပြေးလာ၏။ မြင်းစီးသမား၏အလောင်းသည် ခြေနင်းကွင်းနှင့်ချိတ်၍ တရွတ်ဆွဲပြီး မြင်းနောက်မှ တန်းလန်း တန်းလန်း ပါလာသည်။

"ဒိုင်း"

မအေးပွင့်သည် လှည်းလမ်းပေါ်သို့ ပြေးဆင်းပြီး ကာဗိုင်ကို ထောင်၍ဖောက်လိုက်သည်။ မြင်းကြီးသည် သူမရှေ့တွင် ဟီ၍ ပတတ်ရပ်လိုက်၏။ ရှေ့လက်နှစ်ချောင်း ပြန်အကျတွင် မအေးပွင့်က ဇက်ကြိုးကို ဖမ်းကိုင်လိုက်သည်။ ပြီး ခြေနင်းကွင်းတွင် ချိတ်လျက်သားပါလာသော အလောင်းကို ဖြုတ်၍ မြင်းကုန်းခုံပေါ်သို့ တက်ခွလိုက်၏။ ထဘီက ပေါင်လယ်အထိ လန်တက်သွားသည်။

ရိုးမတောအလယ်တွင်တော့ ကာဗိုင်လွယ်ထားသော မိန်းမလှကလေးတစ်ယောက်နှင့် မြင်းတစ်စီး။ သေနတ်ဒဏ်ရာအိုင်ထဲတွင် မလှုပ်မယှက်ငြိမ်သက်နေသော အလောင်းနှစ်လောင်း။

www.burmeseclassic.com

www.burmeseclassic.com



“လေးယောက်”

မအေးပွင့်သည် တိုးညင်းစွာ ရေရွတ်လိုက်ပြီး ရှေ့တူရူရှိ လှည်းလမ်းတစ်လျှောက်သို့ ဒုန်းစိုင်းခဲ့လေ၏။ မကြာခင် ရှေ့မှ မောင်းနှင်နေသော ကျွဲလှည်းကြီးကို မီလာသည်။

“အဘ....အဘ”

“ဟေ”

သည်တစ်ခါတော့ အဘိုးကြီး အဘွားကြီး နှစ်ယောက်စလုံး မျက်လုံးပြူးနေကြသည်။ အံ့အားသင့်နေကြသည်။ သူမကို မယုံကြည်နိုင်သလို ကြည့်နေကြသည်။

“ဒီကနေဆက်သွားရင် ‘အင်ပင်တိုင်’ ကို ရောက်မလား”

“မရောက်ဘူးမိန်းကလေးရဲ့၊ ‘ကျွန်းပင်သာ’ ကိုပဲ ရောက်မယ်၊ အိမ်း....ဒါပေမယ့်လို့ ရှေ့တစ်တိုင်လောက်မှာ ဘယ်ဘက်ကိုချိုးတဲ့ လမ်းခွဲကလေးတစ်ခု ရှိတယ်၊ အဲဒီက ဆက်သွားရင် စမ်းချောင်းကလေးတစ်ခုအထိ လမ်းရှိတယ်၊ ဟိုဘက်မှာတော့ လမ်းမရှိတော့ဘူး၊ မြေကျင်ပဲသွားလို့ရတယ်ကွယ့်”

“အဲဒီ စမ်းချောင်းကလေးကနေ ‘အင်ပင်တိုင်’ ကို သွားရင် ဘယ်လောက်ခရီးလောက် ရှိသေးလဲ အဘ”

“အေး....ပျော့ပျော့သွားရင်တော့ ငါးတိုင် ခရီးလောက် ရှိသေးတယ် မိန်းကလေးရဲ့”

“ကျေးဇူးတင်ပါတယ် အဘရယ်၊ ကဲ....ကျွန်မ သွားလိုက်ဦးမယ်၊ အခုလို ကျွန်မကို ကူညီတဲ့အတွက် အဘနဲ့အဘွားကို ကျေးဇူးသိပ်တင်ပါတယ်ရှင်”



စကားအဆုံးတွင် ဒုန်းစိုင်း၍ထွက်ခွာသွားသော သူမကို အဘိုးကြီးအဘွားကြီး လင်မယားမှာ အံ့အားသင့်စွာ ကြည့်ရင်း ကျန်ခဲ့ကြသည်။

“ကိုသာနိုး”

“ဘာလဲ အမယ်ကြီး”

“ကျုပ်တော့ လူလို့မထင်ဘူး”

“ဟေ....နင်က လူမထင်ရင် ဘာထင်လို့လဲ အမယ်ကြီးရဲ့”

“ဥစ္စာစောင့်မနဲ့ တူတယ်”

“ဟယ်....ကြဲကြဲဖန်ဖန်၊ ဥစ္စာစောင့်မက သေနတ်တွေဘာတွေ ကိုင်မလားဟ၊ လူပါ၊ သောင်းကျန်းသူစခန်းက ထွက်ပြေးလာတာပါသို့ တို့ကို ပြောခဲ့သားပဲဟ”

ဟုတ်ပါသည်။

သူတို့လင်မယား ဝါးခုတ်နေစဉ် ပါးပြင်တွင် မှဲ့ကလေးရှိသော မိန်းကလေးတစ်ယောက်က လာ၍အကူအညီတောင်းသည်။ သူပုန်စခန်းက ထွက်ပြေးလာသူဖြစ်ပြီး လှည်းနှင့်လိုက်ပါရစေဟု ခွင့်ပန်ခဲ့သည်။ သနားတတ်သော သူတို့လင်မယားက ကလေးမကို လှည်းနှင့် တင်ခေါ်လာခဲ့သည်။ အကယ်၍များ လမ်းတွင် သောင်းကျန်းသူများနှင့် တွေ့ခဲ့ပါက သူတို့၏မြေးမလေးဟု လိမ်ပြောပေးရန်လည်း ကလေးမလေးက ပြောထားနှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မယုံကြည်နိုင်စရာတွေ ကြုံတွေ့ခဲ့ရပြီး မြင်းတစ်စီးနှင့် ထွက်ခွာသွားခဲ့ပြီ။

အဘိုးကြီးသည် ကွမ်းကို ပြန်မြုံ့ရင်း ဆက်လက် မောင်းနှင်လာ၏။ အမယ်ကြီးကတော့ ကလေးမလေး၏ သနားစဖွယ် နုနယ်သော မျက်နှာကလေးကို မြင်ယောင်နေသည်။ သို့သော် မျက်နှာနှင့် မလိုက်ဖက်အောင် ကြမ်းတမ်းလိုက်ပါဘိ။

ကျွဲလှည်းကြီးသည် တအိအိမောင်းနှင်လာသည်။ ခရီးတစ်တိုင်ခန့် မောင်းမိသည်နှင့် စမ်းချောင်းလမ်းခွဲသို့ ရောက်ရှိသွားသည်။ သို့တစေ ရှေ့က မြင်းနှင့်စိုင်းသွားသော မိန်းကလေး၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့။

ယောကျ်ားတစ်ယောက်၏ အရိပ်အယောင်ကိုတော့ တွေ့ရသည်။ သူသည် လှည်းလမ်း၏ ညာဘက်ရှိ မြင့်မားသော ချောက်ကမ်းပါးကြီးအထက်မှ နွယ်ကြိုးကိုကိုင်ရင်း မျောက်တစ်ကောင်လို ဆင်းသက်လာ၏။

လာပြန်ပြီ တစ်ယောက်။

သည်နေ့တော့ ရွာကို ရောက်မှ ရောက်ပါတော့မလား မသိ။

"ကိုသာနိုး၊ ရှေ့မှာ တစ်ယောက်ဆင်းလာပြန်ပြီတော့"

"အိမ်း....ငါလဲမြင်သဟ၊ ဒီအကောင်တွေ တယ်ထနေပါလား"



"ဟိုကလေးမနောက်ကို လိုက်နေတာနဲ့ တူတယ်၊ ကျုပ်တော့ ကလေးမကို သိပ်သနားတယ်"

"စကားသိပ်မများနဲ့ အမယ်ကြီး၊ မေးရင် ဘာမှမသိဘူးလို့သာ ပြော၊ ကြားလား"

အဘွားကြီး ငြိမ်ကျသွားသည်။ ဘုရားသိကြားမလို့ အေးအေးချမ်းချမ်း ဖြစ်ပါစေဟူ၍သည်း ဆုတောင်းနေမိသည်။ ကျွဲလှည်းကြီးသည် ချောက်ကမ်းပါးပေါ်မှ ဆင်းလာသော သူနှင့် တဖြည်းဖြည်းနီးလာသည်။

"ဟာ....ဘကြီးသာနိုးနဲ့ ဘွားလေးတုတ်တို့ပါလား၊ ဝါးခုတ်ပြန်လာကြသလားဗျ"

အားရဝမ်းသာနှုတ်ဆက်သံကြောင့် အဘိုးကြီး အဘွားကြီး၏မျက်နှာမှာ ဝင်းပသွားသည်။ ကြည်လင်သွားသည်။

သူ့ခါးတွင် ပစ္စတိုသေနတ်တစ်လက် ချိတ်ဆွဲထားသည်။ ဓားတွေက တစ်ကိုယ်လုံးအနှံ့။

ခြေသလုံးနှစ်ဖက်တွင် ကပ်ချည်ထားသည်။

ဘယ်ဘက်လက်မောင်းတွင် ဓားမြှောင်တစ်လက်။

ခါးတွင်လည်း ဓားတစ်လက်ရှိသေးသည်။

သူ့တစ်ကိုယ်လုံးတွင် ဓားမြှောင် ဘယ်နှစ်လက် ပါသည်ကို မသိပေမယ့် သူ့ကိုတော့ ဘကြီးသာနိုး ကောင်းကောင်းသိခဲ့ပါသည်။ ရင်းနှီးခဲ့ပါသည်။ တုလို သားလို ခင်တွယ်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ဘကြီးသာနိုးတို့၏ 'ကျွန်းပင်သာ'စခန်းသို့ မကြာခဏ လာလေ့ရှိသည်။

သူသည် သူပုန်တစ်ယောက် ဖြစ်ပါသည်။
သောင်းကျန်းသူတစ်ယောက် ဖြစ်ပါသည်။

သို့ရာတွင် မတရားတာကို ဘယ်တော့မှမလုပ်။ လုပ်တာ မြင်လျှင်လည်း မကြိုက်။ မိုက်မိုက်ကန်းကန်း ဝင်ရောက်တားဆီးသည်။ ထို့ကြောင့် သူ့ကို သူပုန်အချင်းချင်းက ပင် ကြောက်ရွံ့လေးစားကြသည်။

ရွာတွေကလည်း သူ့ကိုဆိုလျှင် ခင်မင်ကြသည်။ သူကလည်း ရွာသူရွာသားများကို ခင်မင်သည်။ အကူအညီပေးသည်။ အထူးသဖြင့် 'ကျွန်းပင်သာ'မှ ဘကြီးသာနိုးတို့ လင်မယားက သူ့ကို တူလေးလို သားလေးလို သံယောဇဉ်တွယ်နေသည်။

သူ့နာမည် 'ဘခက်'။
'ဓား' ဘခက်။

လောကကြီးတွင် ဓားတစ်လက်ကိုတော့ အနိုင်နင်းဆုံး အသုံးချတတ်သည့် လူတစ်ယောက်ပင် ဖြစ်ပါ၏။

"လာလေ မောင်ဘခက်၊ လှည်းပေါ်ကိုတက်လေ၊ ရွာကို လိုက်မလို့ မဟုတ်လား"

"ဟုတ်တယ် ဘကြီးသာနိုး၊ ဝါးခုတ်ပြန်လာကြသလား"
"အိမ်း"



လှည်းပေါ်ရောက်သည်နှင့် ဘွားလေးတုတ်က တောထဲတွင် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရသော မအေးပွင့်ဆိုသည့် မိန်းကလေးတစ်ယောက်အကြောင်းကို သူ့ကိုပြောပြလိုက်သည်။

"ဘူ...သူ ဘယ်ရောက်သွားပြီလဲ ဘွားလေးတုတ်"

"စမ်းချောင်းလေးဘက်ကို မြင်းတစ်စီးနဲ့ ဒုန်းစိုင်းသွားလေရဲ့"

အဘွားကြီး၏ စကားဆုံးသည်နှင့် သူသည် ကျွဲလှည်းကြီးပေါ်မှ လွှားခနဲ ခုန်ချလိုက်၏။

"မအေးပွင့်"တဲ့။

www.burmeseclassic.com

## အခန်း (ငါး)

သူတို့အားလုံး သုံးယောက်တိတိဖြစ်သည်။

သေနတ်သုံးလက်ကို ကျောတွင်လွယ်၍ မြင်းသုံးကောင်၏ ကျောပေါ်တွင် ခွ၍လိုက်လာသည်။ မြင်းစီးလာကြ၏။ သို့ပေမယ့် နင်လားငါလား အပြေးအလွှား ဒုန်းစိုင်းလာကြခြင်း မဟုတ်။ အေးအေးဆေးဆေး အသားကျကလေး စီးလာကြသည်။

သူတို့အထဲတွင် စံခင်က ခေါင်းဆောင်။

အေးမောင်နှင့် စောမူးကြာက နောက်လိုက်။

မအေးပွင့်နောက်သို့ လိုက်ခဲ့ကြသည့် လူသုံးဆယ်ထဲမှ သုံးယောက်ပင် ဖြစ်ပါသည်။ သူတို့သုံးယောက်က အတွဲညီသည်။ လက်ညီသည်။ သုံးယောက်စလုံး စရိုက်ချင်းတူညီကြ၏။

သောက်မလား၊ စားမလား၊ သတ်မလား၊ တိုက်မလား ရသည်။ ချောချောမြင့်လျှင် 'ကျွဲငတ်ရေချ'ဖြစ်ပုံချင်းကလည်း



တူညီသည်။ ဒါပေမယ့် သောက်ကျင့်မကောင်းကြ။ မူဝါဒ ချို့သည့် သောင်းကျန်းသူအုပ်စုထဲက 'ဒင်'တွေပင်ဖြစ်၏။

ဝင်စစ်....

စောစဘီးဇာက သူတို့သုံးယောက်ကို တစ်လမ်းစီခွဲ၍ လိုက်ရန် အမိန့်ပေးခဲ့သော်လည်း တစ်နေရာတွင် အချိန်းအချက် ပြုလုပ်၍ သုံးယောက်ပေါင်းခဲ့၏။ လောင်းကျော်ရန်သာ ကျန်တော့သည်။

"ဒီမှာ စောမူးကြာ၊ ရိုးမက ထွက်တဲ့လမ်းမှန်သမျှ ငါ ကောက်ဖူးတဲ့လမ်းရယ်လို့ မရှိဘူးကွ၊ ဒီကောင်မဟာ ဗိုလ်မှူး စောစဘီးဇာ ပြောတဲ့အတိုင်း မိုးကြိုးပစ်စခန်းက ထွက်ပြေးမှန်ရင် 'ကျွန်းပင်သာ'သွားတဲ့လမ်းအတိုင်း သွားမှာ သေချာတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ တခြားလမ်းတွေ ထွက်ပေါက်တွေက မိန်းမ မပြောနဲ့ တို့ယောကျ်ားတွေတောင် ခက်ခက်ခဲခဲသွားရတာ မဟုတ်လား၊ အဲ....မတွေ့တော့လဲ 'ကျွန်းပင်သာ'ကိုဝင်ပြီး အရက်သောက်မယ်၊ တစ်ညနားမယ်၊ တွေ့တော့လဲ အဟဲ....ပိုကောင်းတာပေါ့ကွာ၊ ဘယ့်နှယ်လဲဟေ့ အေးမောင်"

"အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကားပါပဲ ဆရာ"

"စောမူးကြာကကော ဘယ်လိုသဘောရသလဲ"

"အရက်သာ သောက်ရမယ်ဆိုရင် ငရဲကြီးရှစ်ထပ် အထိ လိုက်ရ လိုက်ရ"

"အေး....ဒါဖြင့် သွားကြစို့"

www.burmeseclassic.com



ဤသို့ဤနှယ် တိုင်ပင်ဒိုးနှော၍ သကာလ ထွက်ခဲ့ကြ ခြင်းပင်။

မြင်းသုံးစီးသည် 'ကျွန်းပင်သာ 'သစ်စခန်းသို့ သွားရာလမ်းတစ်လျှောက် တစိုက်မတ်မတ် လာခဲ့ကြသည်။

"ဟေ့....ဟေ့ ဟိုမှာ လူတစ်ယောက် လဲနေတယ်"

စံခင်သည် ပြောပြောဆိုဆို မြင်းကို ဖနောင့်နှင့် ရိုက်၍ ဒုန်းစီးခဲ့သည်။ လဲနေသောသူ၏ ဘေးသို့ ရောက်လာသည်။

"ဟာ....လူလှပါလား၊ ဗိုလ်လူလှတွ"

"ဟို....ဟိုမှာလဲတစ်ယောက် ဆရာ"

"ဟ....ဒါက ကျော်မြကြီးကွ၊ နှစ်ယောက်စလုံး ကိစ္စချော နေပြီထင်တယ်"

သူတို့သည် မြင်းပေါ်မှဆင်း၍ လဲနေသော လူနှစ်ယောက်ကို အသေအချာကြည့်ကြသည်။ သေချာသွားပြီ။ နှစ်ယောက်စလုံး အသက်ရှုရပ်နေကြသည်၊ သေပြီ။

"ဒါ ဘယ်သူ့လက်ချက်လဲ"

"အေး....ငါလဲ ဒါကိုပဲ စဉ်းစားနေတာပဲ အေးမောင်"

"ရန်သူ့ တိုက်ကင်းနဲ့ တွေ့သွားတယ်ထင်တယ်"

"မဖြစ်နိုင်ဘူး၊ စစ်တပ်ကဆိုရင် လက်နက်နဲ့ အလောင်းတွေကို သိမ်းသွားမှာပေါ့ စောမူးကြာ"

"ဒါဖြင့် ဘယ်သူဖြစ်မလဲ ဆရာ"

ဟုတ်ပါသည်၊ စံခင် စဉ်းစားနေ၏။ ရှေ့တွင်လည်း မြင်းခွာရာတွေ တွေ့နေသည်။

"ဒီမယ် စောမူးကြာနဲ့ အေးမောင်"



"ဆိုပါဆရာ"

"ဒီနယ်မြေမှာ တို့အဖွဲ့ကလွဲပြီး တခြားလှုပ်ရှားတဲ့အဖွဲ့တွေ မရှိဘူး၊ အချင်းချင်းလဲ မဖြစ်နိုင်ဘူး၊ ငါ တစ်ခု တွေးမိတာတော့ ရှိတယ်၊ ဒါဟာ သူ့လက်ချက် ဖြစ်နိုင်တယ်"

"ဘယ်သူလဲ ဆရာ"

"မ....အေး....ပွင့်"

စောမူးကြာနှင့် အေးမောင်တို့ မျက်လုံးပြူးသွားကြ၏။ မအေးပွင့်....မအေးပွင့် လက်ချက်တဲ့၊ ကြွက်သီးထ စရာပါကလား။

"ကဲ....ဘာပဲဖြစ်ဖြစ်၊ မြင်းခွာရာတွေ နောက်ကိုလိုက်ကြမယ်ဟေ့၊ အချိန်မရှိဘူး"

လူသုံးယောက်။

မြင်းသုံးကောင်။

သူတို့၏ ဦးတည်ချက်က မိန်းမလှကလေးတစ်ဦး။ လှသလောက် ကြောက်စရာကောင်းလှပါသည် ဆိုသော မိန်းမချောကလေးတစ်ဦးကို မရမနေ ရှာဖွေရန်အတွက် ဒုန်းစိုင်းခဲ့ကြသည်။

စမ်းချောင်းကလေး လမ်းခွဲသို့ကျော်လာသည်နှင့် မြင်းခွာရာတွေ ပျောက်သွားသည်။ စံခင်သည် မြင်းဇက်ကို သတ်လိုက်၏။

"ဘာဖြစ်လို့လဲ ဆရာ"

"ခွာရာတွေ ပျောက်သွားပြီ အေးမောင်၊ လာ...နောက်ကြောင်း ပြန်လှည့်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စမ်းချောင်းကလေးလမ်းခွဲသို့ ပြန်ရောက်လာကြပြန်သည်။ စမ်းချောင်းကလေးဘက်သို့ ခွဲသောလမ်းတွင် ခွာရာတွေကို ပြန်မြင်ရသည်။

သေချာသွားပြီ။

သူတို့သည် မြင်းကို ပြန်လှည့်ဒုန်းစိုင်းကြပြန်သည်။ မကြာမီ ရှေ့မှ မြင်းတစ်စီး ဒုန်းစိုင်းလာသည်ကို တွေ့လိုက်ကြ၏။

သို့ပေမယ့် ကုန်းနှီးပေါ်တွင် လူမပါလာ၊ ဗလာသက်သက် ပြန်ပြေးလာခြင်း ဖြစ်သည်။

စောမှူးကြာသည် ရှေ့မှ ပြေးလာသောမြင်းကို မြင်းချင်း ယှဉ်လိုက်၍ ဇက်ကြိုးကိုဆွဲပြီး ဖမ်းလိုက်သည်။

"ဒါ...ကျော်မြကြီး မြင်းပဲ ဆရာ"

"အေး...ငါသိတယ်...စောမှူးကြာ၊ ရန်သူဟာ တို့ရှေ့မှာ ရှိနေပြီ၊ မြင်းခွာသံကြားရင် တို့ လိုက်လာမှန်းသိပြီး ပြန်ဆော်လိမ့်မယ်၊ အဲဒီတော့ မြင်းတွေကို ဒီမှာချည်ထားပြီး ခြေကျင်လိုက်ကြမယ်၊ ကဲ...အချိန်မရှိဘူး၊ မြန်မြန်လုပ်ကြ"

ဟုတ်သည်။

စခင်သည် အင်မတန် သတိရှိသူဖြစ်သည်။ သူတွေးကြည့်လိုက်လျှင် ပြေးကြည့်တာထက် မှန်တတ်သည်က များသည်။ သူတို့သည် နှစ်ဖာလုံခန့်ဝေးသော စမ်းချောင်းကလေးဆီသို့ ခြေသံ လုံလုံနင်းရင်း ချဉ်းကပ်ခဲ့သည်။

အချိန်က ညနေသုံးနာရီ။

နေခြည်သည် စမ်းချောင်းကလေးပေါ်တွင် ဖြာကျနေ၏။



အဲသည်အချိန်မှာ မအေးပွင့် ရေထဲသို့ ရောက်နေပါသည်။ ကျည်ခါးပတ်၊ သေနတ်၊ ကျောပိုးအိတ် အစရှိသည့် ပစ္စည်းတွေက စမ်းချောင်းကလေး၏ ဘေးရှိ ကျောက်ပြားကြီးပေါ်တွင် တင်ထားသည်။

စမ်းရေသည် နွမ်းကြေနေသော ခန္ဓာကိုယ်ကို လန်းဆန်းလာစေသည်။ တစ်နေ့နှင့်တစ်ည ပင်ပန်းခဲ့သမျှ စမ်းရေမြမြတွင် စိမ်လိုက်သည်မှာ ဇိမ်ရှိလိုက်ပါဘိ။

မအေးပွင့်သည် အပေါ်ပိုင်းကို လက်နှင့်ပွတ်သပ်၍ သန့်စင်သည်။ ပြည့်ဖြိုးသော သူမ၏အသားတွေကို လက်နှင့် ခပ်ရွရွ ပွတ်သည်။ နို့နှစ်ရောင် ဝင်းပနေသည့် အသားတွေက ဝါရွှေရွှေနေရောင်တွင် ဝင်းပြောင်နေသည်။

ဆူးခြစ်မိသည့်နေရာတွေက စပ်ဖျဉ်းဖျဉ်းဖြစ်နေ၏။

ပြီးတော့...မြင်း။

မြင်းစီးခဲ့ရသဖြင့် ကိုယ်တွေလက်တွေ နာနေပါသည်။ မြင်းကို စီးကျင့်မရှိဘဲ စီးလျှင် သည်လိုပဲ ခံရတတ်သည်။ ကုန်းနှီးကို ခွ၍ စီးခဲ့ရသဖြင့် ပေါင်တွင်းသားရှေတွေ ပွန်းပြီး နီရဲနေသည်။ အတွင်းခံပါလျှင် ဒါလောက်ဆိုးမည်မဟုတ်။ အခုတော့ စပ်ဖျဉ်းဖျဉ်းဖြစ်လို့နေသည်။

မအေးပွင့်သည် ပွတ်သပ်ရင်း ရေချိုးသည်။ စမ်းရေမြမြသည် မအေးပွင့်၏ တစ်ကိုယ်လုံးကို အေးမြစွာ ပွေ့ဖက်ထားသည်။

ကြည်သာပါပေ့။

ချမ်းမြပါပေ့။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းကလေးသည် ပေငါးဆယ်လောက် ကျယ်သော်လည်း အလယ်တွင်သာ ရေစီးကြောင်းရှိသည်။ ဘေးနှစ်ဖက်တွင် ကျောက်ဖိုင် ကျောက်ခဲတွေ၊ ကျောက်မွှေ့ရာကြီးတွေ၊ ကျောက်ရေခွက်ကြီးတွေ ဝန်းရံသော်လည်း မြေကြီးဟူ၍ တစ်လက်မျှလောက်ပင်မရှိ၊ ပကတိ ကျောက်တွေသာဖြစ်သည်။ ရေကလည်း ဖန်သားလို ကြည်နေသည်။

သည်ရေထဲတွင် ရွှေဝါရောင် ငါးမလေးလို ဝင်းပနေသော မအေးပွင့်ကိုများ တွေ့လိုက် မြင်လိုက်ကြရလျှင် ဟိမဝန္တာတောက အနောတတ် ရေအိုင်တွင် ရေချိုးနေသော 'သူယောင်မယ်' ကလေးသို့များ ထင်မှ မှားကြလေမသားမသိ။

တကယ်တမ်း ပြောရလျှင် သည်နေရာတွင် ကြာကြာအချိန်မဖြုန်းသင့်ကြောင်း မအေးပွင့် စဉ်းစားမိပါသည်။ သူမနောက်ကနေ ရန်သူတွေ လိုက်နေသည်။ ဒါကို မအေးပွင့် သိပါသည်။

သို့ကာစေ....

စိတ်က ဆောင်နေသော်လည်း ခန္ဓာကိုယ်က မတတ်နိုင်တော့။

ပင်ပန်းလှပြီ။

နွမ်းနယ်လှပြီ။

အနားယူလိုလှပြီ။

ရေကိုတွေ့တော့ မအေးပွင့် မနေနိုင်တော့။ သည်နေရာတွင် တစ်အောင့်တစ်နား နားမည်၊ ရေချိုးမည်၊ ထမင်း



ချက်စားမည်။ ပြီးမှ ခရီးထွက်ပြီး နေမဝင်ခင် သစ်ပင်ကြီးကြီး တစ်ပင်ပေါ်တွင် တက်၍ အိပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ရိုးမတောတွင် လူရဲတွေရှိသလို သားရဲတိရစ္ဆာန်တွေကိုလည်း ကြောက်ရသေးသည် မဟုတ်ပါလား။

မအေးပွင့်သည် ရေကို တစ် ငုပ်လိုက်ပြီး ကျောက်ဖျာပေါ်သို့ တက်လိုက်၏။ ရေစက် ရေမှုန်များကို ခါလိုက်သည်။ ဆံပင်တွင် စိုသော ရေတွေကို ညှစ်လိုက်သည်။ တစ်ကိုယ်လုံးကို ပွတ်လိုက်သည်။

ပြီးတော့ ထဘီကို ဖွပ်သည်။ နွမ်းကြေနေသော အင်္ကျီကို ထပ်ဝတ်လိုက်သည်။

ခန္ဓာကိုယ်က လန်းဆန်းသွားသော်လည်း အစာအိမ်က မလန်းဆန်းသေးပါ။ ဆာလာသည်။ အူတွေ တကြုတ်ကြုတ်ဖြစ်လာသည်။ အိတ်ထဲတွင် ဆန်တစ်ပြည်ရှိသည်။ ယက္ခ၏ မီးခြစ်လည်း ပါလာသည်။

ဆန်ရှိသည်။ မီးရှိသည်။ ပြီးတော့ ရေရှိသည်၊ အဲသည်တော့ ထမင်းဖြစ်ရမည်ပေါ့။ ဝါးဆစ်ပိုင်းထဲတွင် ဆန်ထည့်၍ ချက်ရသော တောတွင်း ထမင်းချက်နည်းကို သူမ သိရှိထားပါသည်။

စမ်းချောင်းကလေး၏ ဟိုမှာဘက်ကမ်းတွင် မြင့်မားသော ကျောက်ကမ်းပါးယံကြီး ရှိသော်လည်း သည်မှာဘက် ကမ်းတွင်မူ ဆင်ခြေလျှော ကုန်းမြင့်ကလေးတစ်ခုနှင့် မြေမြင့် ဝါးရုံတွေရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်သည် ခါးမှ အသွားဆယ့်နှစ်လက်မခန့်ရှိ မားမြှောင်ကို ထုတ်ယူလိုက်ပြီး ဝါးခုတ်ရန်အတွက် ဝါးရုံဆီသို့ လာခဲ့သည်။

ကြီးမားလှသော ဝါးရုံပင်ကြီးအောက်သို့ အရောက်တွင် သူမနောက်မှ တအားသိုင်းပွေ့ခြင်းကို ခံလိုက်ရ၏။

"အမလေး"

မိန်းမသားတို့၏ ထုံးစံအတိုင်း လန့်အော်မိသော်လည်း ချက်ချင်းပင် သတိဝင်လာသည်။ နောက်က ရန်သူမှာ သူမ၏ လက်နှစ်ဖက်ကို ခန္ဓာကိုယ်နှင့် ပူး၍ တအားချုပ်ထား၏။ သူမလက်က မားမြှောင်မှာ အလွတ်ကား ဖြစ်သွားသည်။

"လွှတ်....လွှတ်....ကျွန်မကို လွှတ်"

မအေးပွင့် ရုန်းသည်။ ရုန်းသော် ပို၍ တင်းကျပ်စွာ ချုပ်ကိုင်လာသည်။

"လွှတ်ချလိုက်စမ်း၊ မင်းလက်ထဲက မားကို လွှတ်ချလိုက်စမ်း"

မအေးပွင့်က မရုန်းတော့။ သို့ပေမယ့် မားကိုတော့ မချ။ တစ်ကိုယ်လုံးကို ပျော့လိုက်သည်။ အကြောတွေကို လျှော့လိုက်သည်။ သည်တော့ သူမကို ဖက်တွယ်ထားသည့် ထိန်းချုပ်အားလည်း ပျော့သွား၏။ အဲသည်တော့မှ ဘယ်ခြေကို ရန်သူ၏ ခြေနောက်သို့ မသိမသာ ကန့်လန့်ရင်း ရှေ့ကို ဆတ်ခနဲ တင်ဆုံနှင့် ကပ်၍ ပေါက်ချလိုက်သည်။

"အား"



ရန်သူသည် သူမ၏ ပခုံးပေါ်မှ တစ်ပတ်လည်၍ ရှေ့သို့ ကျွမ်းပြန်ကျသွား၏။ သည့်အတိုင်းတော့ မဟုတ်။ မားနှင့် တွက်လိုက်သည်။ ရန်သူ့လက်ဖျံတစ်လျှောက်တွင် ရဲခနဲ ဖြစ်သွားသည်။

"ဟား....ဟား....ဟား....ဟား"

နောက်မှ ရယ်သံကြားရ၏။

လူနှစ်ယောက်နှင့် သေနတ်နှစ်လက်။

ဟုတ်ပါသည်။ စံခင်နှင့် အေးမောင်တို့ပင်။ သူတို့က စောမူးကြာ၏ ဖြစ်အင်ကို သဘောကျစွာ ဟားတိုက်ရယ်နေကြပါသည်။

"သိပ်ညံ့တဲ့အကောင်၊ မိန်းမတစ်ယောက်ကိုမှ နိုင်အောင် မကိုင်နိုင်ဘူး၊ အေး....မင်းကို အဲဒီထဘီ ဝတ်ပေးရမယ် စောမူးကြာ၊ ဟား....ဟား....ဟား....ဟား"

"မင်း....မင်း ငါ့ကို သွေးထွက်အောင် လုပ်တယ်၊ မင်းကိုလဲ ..."

"တော်ပါတော့ စောမူးကြာရာ၊ ကဲ....ကလေးမ၊ မင်းလက်က မားကို လွှတ်ချဖို့ အချိန်တော်ပြီ"

မအေးပွင့် ရယ်လိုက်သည်။ မခိုးမခန့် ရယ်မောလိုက်ပါသည်။

"ဩော်....တယ်လဲသတ္တိကောင်းကြပါလား၊ မိန်းကလေး တစ်ယောက်ကိုသေနတ်နဲ့ချိန်ပြီး ပြောရဲဆိုရဲတဲ့ သတ္တိကောင်းကြီးတွေပါလား၊ ဒါလား ယောက်ျား၊ ရယ်စရာကောင်းသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်၏ ပထီလေးစား စကားသံကြောင့် စံခင်၏ မျက်နှာကြီးမှာ ရဲသွားသည်။ ဒေါသလည်း ဖြစ်သွားခဲ့သည်။

"ကဲ....အေးမောင်၊ ကြည့်စီစဉ်လိုက်စမ်း၊ အလှတော့ မပျက်စေနဲ့ဟေ့"

အေးမောင်သည် ရှေ့သို့ ခုန်ထွက်လာ၏။ သူ့လက်ထဲတွင် ကြိုးခွေတစ်ခု ပါလာသည်။ မအေးပွင့်သည် ဓားကို အဖြောင့်ကိုင်ရင်း ခြေထောက်ကို စ,၍ ရွေ့ရသည်။

"ဝှမ်း....ဝှမ်း....ဝှမ်း....ဝှမ်း"

အေးမောင်သည် ကြိုးကွင်းကို ယမ်းရင်း မအေးပွင့်ကို ကြိုးခေါက်နှင့် ဘယ်ပြန်ညာပြန်ရိုက်သည်။ လက်ထဲက ဓားကို ကြိုးခေါက်နှင့် ရိုက်ချသည်။ မအေးပွင့်က လှစ်ခနဲ ပွတ်ကာသိကာ ရှောင်ရင်း အေးမောင်ကို ဓားနှင့် တွက်သည်။

အေးမောင်သည် ခပ်လှမ်းလှမ်းအထိ ခုန်၍ရှောင်လိုက်ပြီး ကြိုးကွင်းနှင့် ပစ်လိုက်၏။ မအေးပွင့် ကိုယ်ကို စွပ်မိသည်။ လက်နှစ်ဖက်ပါ ခန္ဓာကိုယ်နှင့်ပူး၍ တုပ်ပြီးသား ဖြစ်သွားသည်။

"ရှိ"

မအေးပွင့်က ကြိုးကွင်းကို ဓားနှင့် ကန့်လန့်၍ ဖြတ်ထုတ်လိုက်ပြီး နောက်သို့ တဖြည်းဖြည်းဆုတ်လာသည်။ စောမူးကြာသည် သူ့ကို ကျောပေး၍ ဆုတ်လာသော မအေးပွင့်ကို ဒုတိယအမှု သိုင်းဖက်၍ ချုပ်လိုက်၏။

အေးမောင်က သူမလက်မှ ဓားမြှောင်ကို ကြိုးခေါက်နှင့် တအားရိုက်ချလိုက်သည်။ မအေးပွင့်၏လက်မှ ဓားမြှောင်မှာ



လွတ်ကျသွား၏။ မအေးပွင့်သည် နောက်မှ သိုင်းဖက်ထားသော စောမူးကြာကို နောက်ခြေနှင့်ဆောင့်၍ တိုက်လိုက်သည်။

"ဒုတ်"

"အား"

စောမူးကြာ၏ နှုတ်ခမ်းမှာ ဟက်တက်ကွဲသွား၏။ ရဲသွား၏။ သို့ပေမယ့် ဖက်ထားသော လက်ကိုတော့ မလွှတ်။ ပိုမို၍ တင်းကျပ်စွာ ချုပ်ကိုင်ရင်း သူ့ပါးစပ်က ဆဲရေးတိုင်းထွာနေသည်။ မအေးပွင့် ရုန်း၏။ အားရှိသလောက် ရုန်း၏။ ... စောမူးကြာက လက်ကို နောက်မှ တအားလိမ်၍ ကိုင်လိုက်သည်။

"အမယ်လေး"

မအေးပွင့်အသံက စူးရှစွာထွက်ပေါ်လာသည်။ အသည်း ...အောင် နာကျင်သွားသလို ရင်တွေက ကော့သွားသည်။ ...ခင်သည် သူမရှေ့သို့ ရောက်လာသည်။ ဟာဟဲဟဲရယ်ရင်း ...နှုလုံ ပဋ္ဋိလုံ ကြည့်နေသည်။

လှသည်။

လှသလောက်လည်း ကြောက်စရာကောင်းသည်။

ဒါ့ကို စံခင်တစ်ယောက် သဘောပေါက်သွားပါပြီ။

လူလှနှင့် ကျောမြကြီးတို့ ခံလိုက်ရသည်ကိုလည်း သူမြင် ...လေသည် မဟုတ်ပါလား။ ယခုလည်း သူ့တပည့်စ ...ယောက်ပင် မနည်းကိုင်နေရသည်။

"ဟေ့....အေးမောင်၊ ငုတ်လေးချောင်း ခုတ်စမ်း"

www.burmeseclassic.com



အေးမောင်သည် ခါးတွင် ချိတ်ထားသော ဂေါ်ရခါး ဓားကောက်ကို ထုတ်၍ လက်ကောက်ဝတ်ခန့် သစ်ကိုင်းတစ်ခုကို ဖြတ်လိုက်ပြီး ငုတ်လေးချောင်း ပြုလုပ်လိုက်သည်။ ပြီးတော့ မြေပြင်ပေါ်တွင် ကျောက်တုံးကြီးတစ်တုံးနှင့် ရိုက်၍ စိုက်လိုက်သည်။

မအေးပွင့် ကြက်သီးထသွားသည်။

"ရှင်တို့ ဘယ်သူတွေလဲ"

"တို့လား၊ မင်း မနေ့ညက လက်ပစ်ဗုံးနဲ့ ခွဲသွားတဲ့ ဗိုလ်ယက္ခရဲ့ အသိုင်းအဝိုင်းတွေ ဆိုပါတော့ကွာ၊ မင်းယူသွားတဲ့ ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက် စာရွက်စာတမ်းတွေကို ပြန်ယူဖို့ရယ်၊ မင်းကို ဒဏ်ခတ်ဖို့ရယ် လိုက်လာတဲ့သူတွေပဲ ဆိုပါတော့ မအေးပွင့်၊ ဟဲ....ဟဲ၊ အေး....လူလုနဲ့ ကျော်မြကြီးကို မင်းက သတ်နိုင်ခဲ့ပေမယ့် တို့ကိုတော့ လက်ဖျားနဲ့တောင် တို့နိုင်မှာ မဟုတ်ဘူး၊ တို့ကပဲ တို့မယ်"

"ဩော....ယောကျ်ားကြီးသုံးယောက်က အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ကို အနိုင်ကျင့်ကြမလို့ပေါ့လေ.... ဟုတ်လား၊ ရှင်တို့ မရှက်ဘူးလား"

"မရှက်ပါဘူး ကလေးမရယ်၊ မင်းက လူသလောက် ကြောက်စရာကောင်းတယ် မဟုတ်လား မအေးပွင့်ရဲ့၊ လူလုနဲ့ ကျော်မြကြီးတို့တောင် ခံသွားရတယ်ဆိုတော့ လျှော့လျှော့ပေါ့ပေါ့တွက်လို့ မရတော့ဘူးပေါ့"

ရန်သူကို အထင်သေးလျှင် သေဘေးနှင့် နီးတတ်ကြောင်း စခင် နားလည်သည်။ရန်သူက မိန်းမလှကလေးတစ်ယောက်



ဆိုတော့ ပိုလို့သာ သတိထားရမည်။ မိန်းမတွေတွင် သေနတ်ထက် အစွမ်းထက်သည့် လက်နက်တွေ ရှိနေသည် မဟုတ်ပါလား။

သူတို့သည် မအေးပွင့်ကို ချုပ်၍ ခြေနှင့်လက်များကို ကြိုးနှင့် တုပ်သည်။ မအေးပွင့်က ရုန်းသည်။ ကန်သည်။ အခွင့်အရေးရသလောက် ပြန်လည်တိုက်ခိုက်သည်။ ကြာတော့ မောလာသည်။ အသည်းနှလုံးတွေပေါက်မတတ် နာကျင်မောဟိုက်လာပါသည်။

မအေးပွင့်သည် မြေပြင်တွင်စိုက်ထားသော ငုတ်လေးတိုင်တွင် ကားစင်တင်သလို ချည်နှောင်ခြင်း ခံလိုက်ရပါပြီ။သူတို့တစ်တွေကတော့ တဟဲဟဲရယ်လို့။

"စောမူးကြာက မြင်းတွေကို သွားဆွဲခဲ့၊ အေးမောင်က ဟောဒီမိန်းမချောလေးရဲ့ ပစ္စည်းတွေကို သွားယူ၊ ဩော်.... ဒါနဲ့ စောမူးကြာ၊ မင်းဆီမှာ တစ်ပုလင်းပါလာသေးတယ် မဟုတ်လား"

"သိပ်ပါတာပေါ့ ဆရာ"

"အေး....အတော်ပဲဟေ့၊ အေးအေးဆေးဆေး နားနားနေနေပေါ့၊ ဒီည ဒီမှာပဲ စခန်းချမယ်၊ ကဲ....သွားကြ"

ရိုင်းစိုင်းယုတ်မာလိုက်ကြသည့် သောင်းကျန်းသူတစ်စု၏ အကြံအစည်ကို မအေးပွင့် တွေးတောမိပါပြီ။ သို့ရာတွင် အခြေအနေမှာ မျှော်လင့်သည်ထက် ဆိုးနေ၏။ အဆိုးရွားဆုံး အခြေအနေထက် ပို၍ဆိုးတော့မည်ကို နားလည်မိပါပြီ။

"မင်း....ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်က မဖြေ။

"ငါထပ်မေးမယ်၊ မင်းဟာ ဘယ်သူလဲ၊ ဘယ်သူ့ကို ကိုယ်စားပြုပြီး တို့ရဲ့ ရှီးမစခန်းထဲကို ထိုးဖောက် ဝင်ရောက်လာတာလဲ"

"မသိဘူး"

"ဒါဖြင့် ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက်စာရွက်စာတမ်းတွေကို ဘာဖြစ်လို့ ယူပြီးထွက်ပြေးရတာလဲ၊ ပြောစမ်း"

"မသိဘူး၊ ရှင်မေးတာတွေ ဘာမှ ကျွန်မ မသိဘူး"

"ဟား....ဟား....ဟား....ဟား၊ မင်း ဘယ်အထိ တင်းခံနေနိုင်မယ်ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့ မအေးပွင့်ရယ်"

အေးမောင်နှင့် စောမူးကြာဘို့ ပြန်ရောက်လာကြသည်။ သူတို့သည် မအေးပွင့်၏ ခြေရင်းတွင် ဝိုင်း၍ ထိုင်လိုက်ကြသည်။

မအေးပွင့်သည် မျက်စိကိုမှိတ်ထား၏။ အံကိုကြိတ်ထား၏။ မိန်းကလေးတစ်ယောက်အနေနှင့် မနေသင့် မနေအပ်သည့် အနေအထားမျိုးတွင် အချုပ်အနှောင်ခံနေရသည်။ သတ္တိရှိပေမယ့် ဟိရိဩတ္တပ္ပတရားကတော့ မနည်းသေး။ အဲသည်တော့ လက်ကောက်ဝတ်တွေ၊ ခြေဖမိုးတွေ နီရဲလာအောင် ရုန်းကန်ကြည့်သည်။ မရ။

မအေးပွင့်ခမျာမှာ မရုန်းနဲ့ရှာပါဘော့။

"လွှတ်....ကျွန်မကို လွှတ်၊ ရှင်တို့နှမကို ဒီလို ကြိုးနဲ့ တုပ်ထားပါလား"

သူတို့တစ်တွေက တဟားဟား ရယ်လိုက်ကြသည်။



"ဟော့....အခုမှ သိပ်ရုန်းမနေပါနဲ့တော့၊ တို့က မင်း စမ်းချောင်းထဲမှာ ရေချိုးနေကတည်းက စောင့်ကြည့်နေခဲ့တာပါကွ၊ ဟား....ဟား...."

"အို...."

မအေးပွင့်၏မျက်နှာကလေးမှာ ရှက်သွေးဖြင့် ရဲသွား၏။ သားရဲသုံးကောင်ကတော့ မအေးပွင့်၏အလှတွေကို အရသာခံ၍ ကြည့်ရင်း သူမခြေရင်းတွင် ပုလင်းထောင်နေကြသည်။

မအေးပွင့်အိတ်အတွင်းမှ ယက္ခ၏ဒိုင်ယာရီနှင့် လျှို့ဝှက်စာရွက်စာတမ်းများကို ရပြီးခဲ့ပြီမို့ သူဘို့ တာဝန်ကျေသွားပြီ။ အဲ....စောစတီးဇ်၏ ပေးလိုက်သည့် 'ဆု' သာ ကျန်တော့၏။

သူတို့တစ်တွေ အူမြူးနေကြ၏။ သုံးယောက်သား ဝိုင်းဖွဲ့ကာ အသောက်ရင်း မကြားဝံ့မနာသာ စကားတွေ ပြောနေကြသည်။ မိုက်ရိုင်းယုတ်ကန်းလိုက်တဲ့ သောက်ကျွန်းသူ တစ်စုပါ။ နားနှင့် မနာချင်၍ ဖဝါးနဲ့နာရမယ့် အခြေအနေမျိုးပင် တွေ့ပါလား။

ယခုတော့....

မအေးပွင့်ခမျာမှာ သူတို့လက်ထဲက 'ရေ'။

သူတို့တစ်တွေလည်း 'ရေ'ချိန်ကိုက်သွားကြပြီ။

"အင်း....နာမည်လေးက 'ပွင့်'တဲ့၊ မအေးပွင့်တဲ့၊ နာမည် ...သာလို လှကလဲ မလှဘူးလားဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတာပေါ့ ဆရာ၊ ပပဝတီက အစ်မလို့တော
ခေါ်လောက်တဲ့ မချောကလေးမှ အစစ်၊ ချစ်စရာလေး
စံပယ်တင်မဲ့ကလေးနဲ့"

ဝါးခနဲ ရယ်လိုက်ကြသည်။

"ကဲ....အဲသလိုဆိုရင် ငါ အရင် စစ်လိုက်ဦးမယ်၊ မင်း
တို့က ပွဲကြည့်ပရိသတ်ပေါ့၊ ဟုတ်လား"

စံခင် ထလာသည်။

မအေးပွင့်ခြေရင်းတွင် ပေါင်ကို ကားရင်း ရပ်သည်
အရက်ရောင်နှင့် ရမ္မက်ရောင်ကြောင့် သူ့မျက်နှာမှာ ဝင်
ပြောင် နီရဲနေသည်။

နေဝန်းနီသည် တောင်စွယ်တွင် မေးတင်နေ၏။

တောင်စွယ်နေကွယ်တော့မည် မဟုတ်ပါလား။

"အား"

"အင့်"

"အိုး"

ဓားသုံးလက်သည် ဆက်တိုက် ပြေးဝင်လာ၏။ စံခင်သည်
'အား' ခနဲ အော်လိုက်ရင်း မအေးပွင့်ဘေးသို့ လိမ့်ကျသွ
၏။ သူ့ကျောပြင်တွင် ဓားတစ်လက် စိုက်ဝင်နေသည်။

စောမူးကြာသည် သစ်ပင်တွင်ထောင်ထားသော ကာ
သေနတ်ဒင်ကို အဆုပ်လိုက်တွင် ဓားမြှောင်တစ်လက်က
လက်ခုံကို ဖောက်၍ သေနတ်ဒင်တွင် စိုက်ဝင်သွားသည်။
မဆံ့ အော်လိုက်သည်။ သံနှင့်ရိုက်လိုက်သလို စိုက်ဝင်နေသေ
ဓားသွားမှ သွေးတွေ ပန်းထွက်လာသည်။



အေးမောင်သည် ပေါင်ရင်းတွင် အဆုံးနီးပါး စိုက်ဝင်
နေသော ဓားမြှောင်ကို အံခဲ၍နုတ်ရင်း တုန်တုန်ယင်ယင်ဖြင့်
ရပ်လိုက်သည်။ သူ၏ ပေါင်ရင်းတစ်လျှောက် ဆေးနီတွေ
လောင်းထားသလို သွေးများဖြင့် ရွှဲရွှဲနစ်နေသည်။

စခင်တစ်ယောက်သာ နည်းနည်းကလေးမှ မလှုပ်နိုင်
တော့။ ဓားသွားက နှလုံးသားအလယ်ကောင်ကို ဖောက်ထွင်း
သွားခဲ့ပြီ မဟုတ်ပါလား။ သေသွားပြီ။

"ဓား....ဘ....ခက်"

ဝါးရုံအကွယ်မှ လူတစ်ယောက် ထွက်လာသည်။

"ဓား....ဘ....ခက်"

အေးမောင်ပါးစပ်က တစ်လုံးချင်းထွက်လာ၏။ မျက်လုံး
နှစ်လုံးတော့ ပြူးနေသည်။

"အေး....ဟုတ်တယ်၊ ငါ ဘခက်ပဲ၊ မင်းတို့လက်တွေကို
နောက်ထပ် ငါ့မျက်စိနောက်အောင် လှုပ်လှုပ်ရှားရှား ထပ်
လုပ်ဦးမယ်ဆိုရင်တော့ နောက်လာမယ့် ဓားတစ်လက်က
မင်းတို့ နှလုံးသားပဲလို့သာ မှတ်ထားလိုက်ပေတော့"

သူ့အသံက အေးဆေးသည်။

မအေးပွင့်သည် ပက်လက်အနေအထားမှ သူ့ကို မယုံ
ကြည်နိုင်သလို ကြည့်နေသည်။ ဒုက္ခတွေ ပင်လယ်ဝေတော့မယ့်
ဆဲဆဲတွင် သူ ရောက်လာသည်။

ရှေ့တော်ပြေးအနေဖြင့် ဓားသုံးလက်။

သူ့နာမည်က ဓားဘခက်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သစ္စာဖောက်တာလား ဘခက်၊ ဗိုလ်မှူးစောစတီးဇ်က တို့ကို ဘယ်လိုအမိန့်ပေးလိုက်တယ်ဆိုတာ မင်း သိသားပဲ၊ ဒီကောင်မနောက်ကို လိုက်ခိုင်းတဲ့အထဲမှာ မင်းလဲ အပါအဝင်ပဲမဟုတ်လား"

"ဟုတ်တာပေါ့ အေးမောင်၊ အေး....ဒါပေမယ့်လို့ မိန်းကလေးတစ်ယောက်ကို လက်နက်အားကိုး၊ ဗလအားကိုးနဲ့ စော်ကားတာကတော့ ငါ မကြည့်ရက်နိုင်ဘူး"

"မင်း....မင်း....ဗိုလ်စံခင်ကိုသတ်တယ်၊ ငါနဲ့ စောမူးကြာကိုလဲ ဒဏ်ရာရအောင် လုပ်တယ်၊ အဲဒီအတွက် မင်းကို ဗိုလ်မှူးစောစတီးဇ်နဲ့ တိုင်ရလိမ့်မယ်"

အေးမောင်က ကျောဘွင် ဓားတန်းလန်းဖြင့် မလှုပ်မယှက် မှောက်လျက်ကြီးလဲနေသော စံခင်ကို ကြည့်ရင်း အံကြိတ်၍ ဆိုသည်။ သူက မမှု။

ယခုတိုင်အောင် မြေပြင်ပေါ်တွင် ခြေကားရားလက်ကားရားအနေအထားဖြင့် ကြိုးတုပ်ခံထားရသော မိန်းမချောကလေးကို ကြည့်၍ လက်မောင်းတွင် ပတ်ချည်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

မအေးပွင့် ရင်တွေဖိုသွားရသည်။

သူ့ကိုလည်း အကြောက်ကြောက် အလန့်လန့် ကြည့်နေသည်။

သူ့လက်က ဆတ်ခနဲ လှုပ်ရှားသွား၏။

'ဗွီး' ခနဲအသံနှင့်အတူ ဓားသွားသည် မအေးပွင့်ထံသို့ ပြေးဝင်လာသည်။ သူမသည် မျက်စိကို ပိတ်လိုက်မိ၏။



"ဒုတ်"

ဒုတ်နှင့် တွဲ၍ချည်ထားသော မအေးပွင့်လက်မှ ကြိုးမှာ တိခနဲ ပြတ်သွားပြီး ဓားသွားက သူမလက်အနားတွင် စိုက်ဝင်နေသည်။

"ကဲ....အမိ၊ ဒါလောက်ဆိုရင် ကြိုးတွေကို မင်းဟာမင်း ဖြေနိုင်လောက်ပါပြီ"

သူ့အသံက မထီတရိ မခိုးမခန့်။

"မင်း....ရန်သူကို ဘာလို့လွှတ်ပေးတာလဲ ဘခက်၊ ဒီကောင်မဟာ ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ တို့ရဲ့ လျှို့ဝှက် စာရွက်စာတမ်းတွေကို လစ်ပြေးတဲ့ မအေးပွင့်ဆိုတဲ့ မိန်းမကွ"

"ဟုတ်လား....အတော်ချောသားပဲ"

"ဘာလဲ....မင်းက တို့ကို သစ္စာဖောက်ပြီး ဆုငွေတစ်သိန်းကို လိုချင်လို့ မဟုတ်လား၊ ဒီလိုတော့ မလုပ်သင့်ပါဘူးကွာ၊ အချင်းချင်းတွေ ဝေစားမျှစားပေါ့"

စောမူးကြာက ဝင်ပြောသည်။

အေးမောင်က အံကိုကြိတ်ထား၏။

သူကတော့ ကြိုးတွေကို ဓားနှင့်ဖြတ်၍ ကပိုကရို ထ,လာသော မိန်းမချောကလေးကို စိတ်မဝင်စားသလို ကြည့်နေသည်။

"ပေး....ကိုယ့်ဓား"

မအေးပွင့်က ဓားကို ပစ်ပေးရင်း စိုးရိမ်စွာ အော်လိုက်၏။

"နောက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် မအေးပွင့်ထံမှ လွင့်ပျံလာသောမားကို ဆတ်ခနဲ ဖမ်းလိုက်ရင်း အရှိန်နှင့် နောက်သို့ လှည့်မကြည့်ဘဲ ပစ်ထုတ်လိုက်သည်။

"အား"

ရှူးရှူးဝါးဝါး အော်သံကြီးနှင့်အတူ ခါးမှ သေနတ်ကို ဆွဲထုတ်နေသော အေးမောင်၏ အသံနက်ကြီးကို ကြားလိုက်ရ၏။ အေးမောင်သည် ရင်ဝတွင် မားတန်းလန်းဖြင့် မပြန် လမ်းသို့ မြန်းကြွသွားသည်။

သူကတော့ လှည့်၍ပင်မကြည့်။

စောမူးကြာသည် နောက်သို့ မသိမသာ ဆုတ်ရင်း တောထဲသို့ လှစ်ခနဲ ဝင်ပြေးသွားသည်။ မကြာခင် မြင်းခွာသံ တဖြောင်းဖြောင်း ကြားရတော့၏။ မအေးပွင့်ကတော့ သူ့ကို အံ့သြစွာ ကြည့်နေမိသည်။

"ကိုယ်....လူမသတ်ချင်ပါဘူး မိန်းကလေးရယ်၊ဒါပေမယ့် ဒီတော ဒီမြေ ဒီနေရာမျိုးမှာ ဖြုတ်ထုတ်သတ်ဆိုတာ ထမင်းစား၊ ရေသောက်သလို ဖြစ်နေကြတဲ့ လောကမဟုတ်လား၊ ကိုယ့်ဘဝမှာ လူလူချင်းသတ်ရ ဖြတ်ရတာလောက် ရွံ့မုန်းတာ မရှိခဲ့ပါဘူး၊ အဲဒါကြောင့်လဲ ကိုယ် လူသတ်နေရတာ"

သူက ညည်းညည်းညူညူ ဆိုသည်။

"ရှင်....ဘယ်သူလဲ"

"သောင်းကျန်းသူလေ....အဲ ယဉ်ယဉ်ကျေးကျေး ကင်ပွန်းတပ်ရရင်တော့ သူပုန်ဆိုပါတော့၊သူပုန်ပဲခေါ်ခေါ်၊သောင်းကျန်းသူပဲခေါ်ခေါ်၊ လွတ်မြောက်ရေး တပ်ဦးပဲပြောပြော၊ ဦးတည်ချက်ကတော့ တစ်ခုတည်းပဲ၊ အဲဒါကတော့ အဖျက်လုပ်ငန်း၊ လူသတ်လုပ်ငန်း"



သူ့စကားတွေက ဆန်းနေသည်။

"ရှင့်....နာမည်"

"အမိလဲ ကြားလိုက်သားပဲ၊ ဘခက်တဲ့၊သူပုန်ဗိုလ်ဘခက်၊ အဲ....တချို့ကလဲ 'မား' ဘခက်လို့ ခေါ်ကြရဲ့"

သူသည် မားတွေကို လိုက်သိမ်းရင်း တစ်ခွန်းချင်း အေးဆေးစွာ ပြောလိုက်ပါ၏။

မအေးပွင့်သည် သူ၏ ညာဘက်လက်ဖျံတွင် ထိုးထားသော အသည်းကို မားစိုက်နေသည့် ဆေးရုပ်ကလေးကို ကြည့်ရင်း ပစ္စတို သေနပ်ကလေးကို ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)

"ဒါ....ဘာလုပ်တာလဲ အမိ"

"ရှင်မြင်သားပဲ၊ မလှုပ်နဲ့....နည်းနည်းကလေးမှ မလှုပ်နဲ့"

ဟုတ်ပါသည်။

သူမလက်မှ သေနတ်လှလှကလေး၏ ပြောင်းဝက ဘခက်၏ နှလုံးသားတည့်တည့်ကို ချိန်ထားသည်။

သူက ဟက်ခနဲ မထိလေးစား ရယ်လိုက်သော်လည်း မအေးပွင့်မျက်နှာက တည်နေသည်။

"ဘာလဲ....အမိက ကိုယ့်ကို ပစ်သတ်မလို့လား"

"သတ်သင့်ရင် သတ်ရမှာပဲ၊ ရှင်လဲ သူတို့အထဲကပဲ၊ ကျွန်မ နောက်ကို လိုက်နေတဲ့အထဲမှာ ရှင်လဲပါတယ်မဟုတ်လား၊ ကျွန်မအသက်ကို သူတို့လက်ထဲက ကယ်လိုက်ပေမယ့် သူ့ခိုးလက်က သူဝှက်လုဆိုသလို ဖြစ်နေမှန်း ကျွန်မ သိပါတယ်၊ အဲ....ရှင့်ကို ကျေးဇူးတော့ တင်ချင်ပါတယ်"



"ခြေဩ်...ဒီလိုလား၊ ဟား....ဟား၊ ကဲပါအမိရယ်၊ သေနတ်ကြီးနဲ့တော့ ချိန်မထားပါနဲ့၊ အမိကို ကိုယ်ကြောက်ပါတယ်"

သူက ရယ်ရယ်မောမောပြောရင်း သစ်ငုတ်တိုပေါ်တွင် အေးအေးဆေးဆေးထိုင်သည်။ပြီးတော့ အိတ်ထဲမှ တွန့်ကြေနေသော ခပေါင်းစီးကရက်ဘူးကို ထုတ်ပြီး ပြားချပ်နေသော စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေသည်။

မအေးပွင့်သည် သေနတ်နှင့် သူ့ကိုချိန်ထားရင်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပါသည်။

သူ....သူ။

ကြမ်းတမ်းခက်ထရော်နိုင်သည်ဟု ထင်ရသော်လည်း ရုပ်ရည်က နူငယ် ခံ့ထည်သည်။ စိမ်းနေသော ပါးမြိုင်းမွေးတွေကြောင့် လူကြမ်းကြီးလို ဖြစ်နေသည်။ လည်ကုပ်အထိ အုပ်နေသော ဆံပင်၊ နေလောင်ထားသော အသားနှင့် တောတွင်းသားကြီးတစ်ယောက်။

ဓားပစ်ကလည်း ကျွင်လည်လိုက်ပါဘိ။

သူက သူပုန်ဗိုလ်၊ ဓားဘခက်။

သူမ အရှက်နှင့် အသက်ကို ကယ်ခဲ့သည်။

သို့ပေမယ့်....သူသည် ယက္ခကို့ သောင်းကျန်းသူ အုပ်စုက ဗိုလ်တစ်ယောက်။ သူမနောက်သို့ ဘကောက်ကောက် လိုက်နေကြပြီး တွေ့ရာသချိုင်း ဓားမဆိုင်း အမိန့်ပေးထားသူ၏ ကာ ပါးကွက်သားတွေထဲတွင် သူလည်း အပါအဝင်။ ဒါကို ခပ်စောစောကပဲ မအေးပွင့် ကြားလိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်....သူက ကျေးဇူးရှင်၊ အသက်သခင်။

သူ့အသွင်က ကြမ်းတမ်းပေမယ့် သူ့စိတ်ထားနှင့် သူ့သတ္တိကိုတော့ဖြင့် လေးစားမိသည်။

"ဒီမှာအမိ၊ မင်းနောက်ကို လူတွေ ဘယ်နှစ်ယောက်လိုက်နေတယ်ဆိုတာ သိရဲ့လား"

"ဘယ်နှစ်ယောက် လိုက်လိုက်၊ ကျွန်မ မကြောက်ဘူး"

"အင်း....အမိ သတ္တိကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ခပ်စောစောကလို စံခင်တို့လိုအုပ်စုနဲ့ တွေ့သွားရင်တော့ အမိ မလွယ်ဘူး"

"ကျွန်မ....သတိလစ်သွားလို့ ခံရတာပါ၊ အဲ....ဒါပေမယ့် မအေးပွင့်ကို လွယ်လွယ်နဲ့ စမ်းလို့တော့ မရဘူး သိလား၊ ဒီနေ့ ကျွန်မ လူဘယ်နှစ်ယောက်ကို သတ်ခဲ့တယ်ဆိုတာ ရှင်သိရင် အံ့သြသွားမယ်၊ လေးယောက်....လေးယောက်၊ ကျွန်မနောက်ကို ကျားရဲတွေ လိုက်လာတဲ့ ယောကျ်ားကြီးလေးယောက် ရှင့်"

"အလားလား....များလှချည့်လား"

"ရှင်ပါနဲ့ဆိုရင် ငါးယောက်ဖြစ်သွားမယ်၊ ဘာမှတ်လို့လဲ"

"ကိုယ့်ကိုတော့ ချမ်းသာပေးပါကွာ၊ ကိုယ် အမိကို လက်ဖျားနဲ့တောင် မတို့ဘူး"

"ဒါပေမယ့် ကျွန်မနောက်ကို လိုက်နေတဲ့အထဲမှာ ရှင်လဲအပါအဝင်ဆိုတော့ ရှင့်ကို ချမ်းသာပေးလိုက်ရင် မြွေပွေးခါးပိုက်, ပိုက်သလို ဖြစ်နေမှာမို့"



သူက ရယ်နေပါသည်။

သေရမည်ကို အပျော်တမ်း အောက်မေ့နေဟန် တူသည်။

မအေးပွင့်သည် သေနတ် မောင်းခလုတ်ကို ညှစ်ဆွဲရန် ပြင်လိုက်၏။ သူကတော့ ပြုံးနေဆဲ။ မဆွဲရက်တော့။

"ကိုယ့်ကို သတ်တော့မယ်ပေါ့"

"အင်း....သတ်ချင်တယ်"

"ဒါဖြင့် မသေခင်မှာ ဆုတောင်းသွားပါရစေဦး"

"တောင်း"

မအေးပွင့်က အရွဲ့တိုက်၍ ပြောလိုက်သည်။

"အကျွန်ုပ်သည် ယခုဘဝမှ သေသည်ဖြစ်၍ နောင် တမလွန် ဘဝတွင် လူသားစစ်စစ် ဧကန် ဖြစ်ရပါက မအေးပွင့်ဆိုသည့် ချစ်စရာ မိန်းမချောကလေးနှင့် မလွဲမသွေ ရာသက်ပန် ပေါင်းရပါစေသတည်း"

"ဟင်....ရှင် ပေါလှချည်လား၊အငြိမ့် လူပြက်,ပြက် ဆိုရအောင်လဲ ဒါ ဇာတ်စင်မဟုတ်ဘူး၊ ကျွန်မကလဲ အငြိမ့်မင်းသမီး မဟုတ်ဘူး"

မအေးပွင့်သည် သူ၏ ပြောင်ချော်ချော် အမူအရာ၊ ရွှတ်တွတ်တွတ် အပြောအဆို၊ မထီလေးစား အသုံးအနှုန်းတွေကြောင့် အံ့သြစွာနှင့် ခပ်မာမာ ပြောလိုက်သည်။

"အမိ အငြိမ့်မင်းသမီး မဟုတ်မှန်း သိသားပဲ၊အငြိမ့်မင်းသမီးဆိုရင် သေနတ်ကိုင်ထားပါ့မလား၊ ဒါပေမယ့် အငြိမ့်မင်းသမီးထက် လှတယ်"

မအေးပွင့် သက်ပြင်းချလိုက်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ထားသော သေနတ်ကိုလည်း တွဲလောင်းချလိုက်ရ ပါပြီ။

သည်တော့...သည်ဘောင်ထဲတွင် ဘယ်လို 'အကောင်'နှင့် လာတွေ့နေရပါလိမ့်။

"ရှင် တော်တော်ခက်တဲ့လူပဲ၊ ကျွန်မအသက်ကို ကယ်ခဲ့ လို့ သာ အခုနလောက်အထိ ရှင့်ကို သည်းခံနေတာ သိလား၊ အဲ...ရှင့်ကို ကျွန်မ တစ်ခုမေးမယ်"

"နှစ်ခုမေး"

"ရှင့်ကို ကျွန်မက ဘာမှ မလုပ်ဘူးဆိုရင်...ရှင်က ကျွန်မ ကို ဘာလုပ်မှာလဲ"

"ဖက်နမ်းမှာပေါ့"

"အို"

"ဟုတ်တယ်လေ၊ ကိုယ့်စိတ်ထဲမှာ ရှိတာကို ပြောရတာပဲ ညစ္စာ၊ အမိကို သိပ်လှနေတာကိုး၊ ပါးချိုင့်ကလေးရယ်၊ စပယ်ဘင် မှဲ့ကလေးရယ်၊ ပြီးတော့...."

"တော်စမ်းပါရှင်၊ ကျွန်မကိုသတ်ပြီး ဗိုလ်ယကွရဲ့ ဒိုင်ယာရီကို ခြိမ်းယူသွားမယ့် မဟုတ်လား"

"ဗျာ...ကိုယ်က အမိကို အဲဒီလိုမျိုး ပြောခဲ့ဖူးသေးလို့ လား"

"ဒါဖြင့် ကျွန်မနောက်ကို ဘာဖြစ်လို့ လိုက်လာရတာ လဲ"

သူက ဟက်ခနဲ ရယ်လိုက်သည်။

အတော်ကို စကားများတဲ့ ကောင်မလေး။



သတ္တိကလည်း ရှိလိုက်ပါဘိ။

"ဒီမှာ...အမိ၊ သိပ်စကားများမနေနဲ့၊ အရေးကြီးတာက ဒီနေရာကနေ အမြန်ဆုံး ခွာဖို့ပဲ၊ အခုနောက်မှာ အန္တရာယ် တွေ အတုံးလိုက်အတစ်လိုက်ပါလာတယ်ဆိုတာလဲ သသိထား ဦး၊ အဲဒီတော့ မှောင်မလာခင် အိပ်ဖို့ လုံလုံခြုံခြုံ ရှိမယ့်နေ ရာကိုရှာ၊ ဒီရိုးမတောထဲမှာ လူသောင်းကျန်းတွေ ရှိသလို ကျားတွေဆင်တွေလဲ ရှိသဗျ၊ အဲ...အဆိုးဆုံးကတော့ လူဝံပဲ၊ လူဝံက မိန်းကလေးအနံ့ ရလို့ရှိရင် မတွေ့ တွေ့အောင် ရှာပြီး သူ့အသိုက်ကို ပွေ့ခေါ်သွားတတ်တယ်၊ အသိုက်က လဲ သစ်ပင်အမြင့်ကြီးပေါ်မှာ ဆောက်ထားတာ၊ ဆင်းသို့ မရဘူး၊ ပြီးတော့...လူဝံက အဲဒီ လူ့ ကလေးကို သစ်သီး လဲကျွေး ရှာဖွေ ကျွေးပြီး...."

"တော်တော့၊ ကျွန်မကြောက်တယ်"

မအေးပွင့် ကြက်သီးထ,သွားသည်။ တစ်ခါတုန်းကအမျိုး သမီးတစ်ယောက် တောလမ်းတွင် ကားမှောက်ပြီး သွေးရူး သွေးတန်း တောထဲဝင်ပြေးရင်း ပျောက်သွားသည်။ လူဝံနှင့် တွေ့၍ သူ့အသိုက်ကို ပွေ့ခေါ်သွားရာ တစ်နှစ်လောက် ကြာမှ ထွက်ပြေးလာခဲ့ရသည့် အကြောင်းကို မအေးပွင့် ကြားဖူးထားသည်၊ ဘာကယ် ဟုတ် မဟုတ်တော့ မသိ။

"ကဲ...ရှင်ပြန်တော့၊ ဒီတစ်ခါတော့ ရှင့်အသက်ကို ချမ်း သာပေးလိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မရွယ်ဘူး၊ အဲ...ကျွန်မနောက်ကို လိုက်မယ်လို့တော့ စိတ်မကူးနဲ့၊ မအေး ပွင့်တဲ့၊ တစ်ပွင့်တည်းရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်သည် အသံတိတ်ကိရိယာ တပ်ဆင်ထားသော ပစ္စတိုကလေးဖြင့် သူ့ကိုချိန်ရင်း ခပ်မာမာအော်လိုက်သည်။

"ကောင်းပါပြီ မမရယ်၊ သွားဆိုလဲ မနေရဲ ရှိဘော့ တာပေါ့၊ ဗြဲ....ဒါနဲ့ လူ့ပံကိုတော့ သတိထားနော်၊ ဒီ တောက လူဝံ သိပ်ပေါတယ်"

"ရှင်နော်....ဟင်း"

သူသည် စပ်ဖြဲဖြဲ ပြုံးရင်း မအေးပွင့်ကို ကျောခိုင်းထွက် ခွာသွားသည်။ မတော့ထဲတွင် ပျောက်ကွယ်သွားသည် အထိ သူ့ကို ရင်တမမဖြင့် စောင့်ကြည့်နေဖြစ်သည်။

သူ မရှိတော့လည်း အားငယ်စိတ်က မသိမသာ ခိုဝင် လာခဲ့၏။ ယခုတော့ မအေးပွင့်တစ်ယောက်တည်း။ အဲ... အသည်းတွင် ဓားသွင်းခံရပြီး သေပွဲဝင်သွားသောအလောင်း နှစ်လောင်းနှင့်အတူ မအေးပွင့်ကျန်ခဲ့သည်။

စင်စစ် သူသည် မအေးပွင့်၏ရန်သူ။ ပြီးတော့ မအေးပွင့် ၏ အရှင်သခင်၊ အသက်သခင်။ ယခုတော့ ကျေးဇူးရှင်က ဖြစ်မှားမိလေရော့သလား။

သို့တစေ သူက 'ကျား'၊ တောထဲက ကျားဆိုတော့ ဘယ် တော့မှ သက်သတ်လွတ် 'စား' လိမ့်မည်တော့မဟုတ်။ ပြီးတော့ သူက မအေးပွင့်နောက်ကို လိုက်နေကြသူတွေထဲက တစ် ယောက်အပါအဝင်ဖြစ်ကြောင်း သိလိုက်ရသည်။

အသက်သခင်ဖြစ်ပေမယ့် မယုံစားရဲပါ။ 'ကိုယ်ကကျူးရှ ကိုယ့်ဒူးကိုပင် မယုံရဲသောကာလ' တွင် အခွင့်အရေး ရပ



လျက်နှင့် သူ့ကို မသတ်ရက်သည်မှာ 'လူ' ဆန်လွန်း သွား ကြောင်း မအေးပွင့်သိပါသည်။

"ဟင်း"

သက်ပြင်းတစ်ချက် ရှိုက်ရင်း ကျည်ခါးပတ်ကို ကမန်း ကတန်းပတ်လိုက်၏။ ပြီးတော့ ကာဗိုင်ကို 'ဂျလောက်' ခနဲ မောင်းတင်လိုက်သည်။

ရိုးမတောသည် ပကတိ တိတ်ဆိတ်နေ၏။ အမှောင်ထုက သိသိသာသာ စိုးမိုးလာသည်။ မအေးပွင့်သည် ကျောပိုး အိတ်ကိုကောက်၍ လွယ်လိုက်ပြီး ဝါးရုံပင်ကြီးအောက်မှ ခပ် သွက်သွက် လှမ်းထွက်ခဲ့ပါသည်။

ယခုမူ သူတို့တစ်တွေက ခြေရာခံမိသွားကြပြီ မဟုတ်ပါ လား။ သူတို့တစ်တွေဆိုရာ၌ ဓားဘခက်နှင့် စောမူးကြာ။

ဓားဘခက်ကိုတော့ မကြောက်လှ။ ရက်ရက်စက်စက် လုပ် ယ့်ပုံလည်း မပေါ်။ စင်စစ် ဓားဘခက်သည် သူပုန်ဖြစ်ဖို့ ထက် အငြိမ့်လူပြက်လုပ်ဖို့ပို၍ ကောင်းသည်။ ဓားဘခက်ဆို သည့်အတိုင်း လက်ကတော့ သွက်ပါပေ့။

သို့တစေ သူလည်းပဲ သူတို့အထဲကပဲ မဟုတ်လား။

မြင်းနှင့်ထွက်ပြေးသွားသော စောမူးကြာကိုတော့ စိုးရိမ် သည်။ စောမူးကြာသည် သူမနောက်သို့ အုပ်နှင့်သင်းနှင့် ခင်းမံ၍ လိုက်မလာနိုင်ဘူးဟု မဆိုနိုင်။

မည်သို့ပင်ဖြစ်စေ ကာဗိုင်တစ်လက် ရှိနေသေးသ၍တော့ မအေးပွင့်မကြောက်သေး။ မကြောက်လို့လည်းပဲ ဗိုလ်ယက္ခ၏

www.burmeseclassic.com

www.burmeseclassic.com



တဲကို ဗုံးနှင့်ခွဲ၍ 'ချလင်း'လုပ်ခဲ့သည် မဟုတ်ပါလား။ မိန်းမသား ဆိုပေမယ့် မအေးပွင့် စိတ်ဓါတ်က ကျားကျား လျားလျားရှိသည်။အမေဇုန် AMAZON လိုစိတ်ထားရှိသည့် မိန်းမသားတစ်ဦး။

မအေးပွင့်သည် စမ်းချောင်းကလေးကို ဖြတ်၍ ခရီးပြင်းနှင်ခဲ့၏။

မှောင်လာပြီ။

အမှောင်နှင့်အတူ အအေးဓာတ်က ထွေးပွေ့လာ၏။ စိတ်က ဆောင်နေသော်လည်း ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်လှပြီ။ ဆာလောင်မွတ်သိပ်လှပါပြီ။ သူမသည် တောင်စောင်းတစ်ခု၏ ဘေးမှ ခက်ခက်ခဲခဲတက်ခဲ့သည်။ တစ်ဝက်လောက်အရောက်တွင် 'ဂူပေါက်'တစ်ခုကို တွေ့ရသည်။ ဂူဝသည် လူတစ်ကိုယ်စာလောက်ကျယ်ပြီး ချုံနွယ်တွေဖြင့် ပိတ်ဆို့နေသည်။

မအေးပွင့်သည် ဂူဝတွင်ရပ်ရင်း ခဏတ္တ စဉ်းစားလိုက်သည်။ သည်တစ်ညတော့ သည်ဂူထဲမှာပဲ နားခိုဖို့ ဆုံးဖြတ်လိုက်သော်လည်း ဂူထဲသို့ဝင်ရန် မဝံ့မရဲဖြစ်နေသည်။'သားရဲတွင်း'များ ဖြစ်နေလျှင် အခက်။ ပြီးတော့ အသဲတွင် မှောင်နေသည်။ အဲ...သည့်တော့မှ သူပြောလိုက်သည့် လှုံ့ဆော်သတိရလာပြီး ကြက်သီးထမိသည်။ သည်ဂူထဲတွင် လူဝံများရှိနေမှဖြင့်ဒုက္ခ။ မည်သို့ပင်ဖြစ်စေ သည်တစ်ညတော့ သည်ဂူထဲမှာပဲ စခန်းချတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။



မအေးပွင့်သည် ဂူဝရှိဝါးရုံမှ ဝါးခြောက်များကို ချိုး၍ စည်းလိုက်ပြီး မီးခြစ်ဘလေးဖြင့် ခဲခဲယဉ်းယဉ်း မီးရှို့လိုက်ရာ ဝါးစည်းမီးတိုင်တစ်ခု ဖြစ်သွားသည်။

သူမသည် ဘယ်လက်မှ ဝါးစည်းမီးတိုင်ကိုကိုင်၍ ညာလက်ချိုင်းတွင် ကာဗိုင်သေနတ်ဒင်ကိုညှပ်ပြီး မောင်းခလုတ်ပေါ်တွင် လက်ညှိုးတင်ရင်း ဂူအတွင်းသို့ ဝင်ခဲ့၏။

အစပထမတော့ မှောင်နေသည်။

တဖြည်းဖြည်းနှင့် ကျောက်စွယ် ကျောက်ခက်များနှင့် ပြောက်အသင့် ကျယ်ဝန်းသော ဂူဘစ်ခုဖြစ်ကြောင်း တွေ့ရသည်။ ဝါးစည်းမီးတိုင်၏အလင်းရောင်သည် ဂူထဲရှိ ကျောက်တုံးကြီးတစ်ခုပေါ်သို့ ကျရောက်သည့်အခါတွင် သူမတစ်ကိုယ်လုံး တဆတ်ဆတ်ခနဲ တုန်သွားသည်။

ကျား....။

ကျောက်တုံးကြီးပေါ်တွင် ကားကားကြီး အိပ်နေသည်။ မအေးပွင့်သည် ကာဗိုင်သေနတ်မောင်းကို ဖြုတ်မိတော့မည် ဖြစ်သွား၏။

ကျားက စကားပြောသည်။

"မင်း....ကိုယ့်နောက်ကို ဘာလို့ လိုက်လာတာလဲ"

ယောကျ်ားသားကြီး ဓားဘာခက်သည် ပက်လက်ကြီး နေရာမှ သူမကို အေးအေးဆေးဆေးမေးသည်။

"ဟင်....ရှင်....ရှင်"

"အေးလေ၊ ကိုယ်ပါလို့ ဆိုနေ၊ ဒီည ဒီဂူထဲမှာအိပ်မလို့၊ ယောကျ်ားလေးတစ်ယောက်တည်း ရှိတဲ့နေရာမှာ မင်းက

www.burmeseclassic.com



ဘာလို့လာရတာလဲ၊ ကိုယ်က မိန်းမဆိုရင် သိပ်ကြောက်တတ်တာ”

မအေးပွင့်သည် ရုတ်တရက် ဘာကိုပြန်ပြောရမည် မသိထတ်အောင် ကြောင်သွားသည်။ မီးတိုင်ကြီးကို ကိုင်ရင်း သူ့ကို အံ့အားသင့်စွာ ကြည့်နေမိသည်။

“ရှင်....ကျွန်မနောက်ကို လိုက်နေတာ မဟုတ်လား”

“ဘယ်ဟုတ်လိမ့်မလဲ၊ ကျွန်မရှေ့က သွားနေတာ”

“ဒီမှာ ယီးတီးယားတားလုပ်မနေနဲ့၊ ကျွန်မက ပစ်ကည့်လိုက်မှာ သိလား၊ ကျေးဇူးရှင်ရောဘာရော နားမလည်ဘူး”

“အလိုလေးဗျာ၊ ဘယ့်နှယ်ဟာမနဲ့ လာတွေ့နေပါလိမ့်၊ ကျုပ်ဘာသာကျုပ် အေးအေးဆေးဆေးနေတာကို ဘယ့်နှယ်ကြောင့် တစ်ပစ်တည်း ပစ်ချင်နေရတာလဲ၊ ဘာလဲ၊ လက်ယားနေသလား၊ လက်ယားနေ့ရင်....”

“တော်တော့....ဆက်မပြောနဲ့”

“ဟုတ်ကဲ့ ခင်ဗျ၊ ကြောက်ပါပြီ”

မအေးပွင့်က အော်လိုက်တော့ သူက တိုးတိုးကလေးပြောပြီး ကုပ်ကုပ်ကလေးထ,သည်။ အိတ်ထဲမှ မီးခြစ်ကို ထုတ်၍ အဆင်သင့် ပုံထားဟန်တူသော သစ်ကိုင်းခြောက်များကို မီးမွှေးလိုက်သည်။ ဂူတစ်ဂူလုံး ထိန်လင်းသွား၏။

ပြီးတော့ အိတ်ထဲမှ ဆတ်သားခြောက်များကို ဝါးခြမ်းဖြင့် ညှပ်၍ ကင်နေသည်။ သူမကို တစ်စက်ကလေးမှမကြည့်။

“ဟင်း”



မအေးပွင့် သက်ပြင်းချလိုက်သည်။ ဝါးစည်းမီးတိုင်ကို ဂူနံရံရှိ ပပ်ကြားအက်ထဲတွင် ထိုးစိုက်၍ ကာဗိုင်ကို ပေါင်ပေါ်တွင် အဆင်သင့်တင်ရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပါသည်။

သည်တော့မှ အလိုလို ငိုချင်လာသည်။

ဘာလို့မှန်းမသိ....

သူသည် လေကလေး တချွန်ချွန်ဖြင့် ဆတ်သားခြောက်ကင်နေသည်။ မွှေးပျံ့သော ရနံ့က ပျံ့လွင့်လာတော့ မအေးပွင့် အူတွေ တကြုတ်ကြုတ် မြည်လာသည်။ သွားရည်ကို ဂလုတ်ခနဲ မျိုချလိုက်ရသည်။

“အင်း....ထင်းသွားရှာဦးမှပဲ၊ ညဆိုရင် သိပ်ချမ်းမှာ၊ အနွေးထည်ကလဲ မပါတော့ မီးဖိုနားမှာပဲ ကွေးမှဖြစ်မယ်”

သူက သူ့ဟာသူ တစ်ယောက်တည်းပြောသည်။ ပြီးတော့ ဂူအပြင်ကို ထွက်သွားသည်။ အအေးဓာတ်က သိသိသာသာ လျှမ်းမိုးလာသည်။ ဂူထဲမို့ တော်တော့သည်။ ယခန်နေ့ညက သွေးခဲမတတ် အအေးဒဏ်ကို မအေးပွင့် ခံစားခဲ့ရသည်။ သို့တစေ ပြေးလွှားလှုပ်ရှားနေခဲ့ရသည်မို့ ခံနိုင်ရည် ရှိခဲ့၏။

ယခုတော့....

ပင်ပန်းတာရော၊ ဆာတာရော၊ ချမ်းတာရော။

ပြီးတော့ ရန်သူနှင့် တစ်ဂူတည်း။

ရန်သူကလည်း အသက်သခင် ကျေးဇူးရှင်။

ဒါကြောင့် ငိုချင်နေသည်။ ဘာလုပ်ရမလဲ၊ သူ့ကို သတ်လိုက်ရမလား၊ သူကတော့ ဘယ်လိုအကြံအစည်နဲ့ အချိုသတ်

www.burmeseclassic.com

www.burmeseclassic.com



နေသလဲ....သူ့မှာ ဘယ်လို ရည်ရွယ်ချက်တွေ ရှိနေလို့လဲ။ တကယ်လို့များ အလစ်တွင် မဟားတရား ကြံစည်လျှင် မခက်ပေလား။

ပြီးတော့ ကိုယ်က သူတို့ရဲ့ အသက်လောက် အရေးကြီးတဲ့ ပစ္စည်းတွေကို ယူလာသည်။ သူတို့လူတွေကို သတ်ခဲ့သည်။ ဒါကို သူက ကျေပါမည်တဲ့လား။ ကျေတယ်ပဲထားဦး၊ သူက သောင်းကျန်းသူ သူပုန်။

သူသည် ပေါင်လုံးခန့် သစ်ကိုင်းခြောက်ကြီးကို ထမ်း၍ ဝင်လာသည်။ မအေးပွင့်ကတော့ တစ်စက်ကလေးမှ သူ့ကို အလစ်မပေး။ ဂူနံရံတွင်မှီရင်း သူ့ကို ကြည့်နေသည်။

သူသည် ထင်းခြောက်ကြီးကို မီးပုံပေါ်တွင် ကန့်လန့်ဖြတ်တင်လိုက်သည်။ ခါးမှ အမေရိကန် စစ်ရေဘူးကို ဖြုတ်၍ တုတ်သုံးချောင်း ဖိုခနောက်ဆိုင်ထောင်ပြီး သံကြိုးကလေးဖြင့် ချိတ်၍ ရေနွေးတည်သည်။ ဆူလာတော့ အိတ်ထဲမှ လက်ဖက်ခြောက်ခတ်၍ ဆတ်သားကင်နှင့် အားရပါးရ စားသောက်နေသည်။

ယခုတော့ မအေးပွင့်၏ ဝါးစည်းမီးတိုင်မှာ တို၍ ငြိမ်းသွားပြီ။ ဂူတစ်ခုလုံး သူ့မီးဖိုမှ အလင်းရောင်သာ ရှိတော့၏။ သူနှင့် မအေးပွင့်၏ အကွာအဝေးက ဆယ်လှမ်းလောက်ဝေးသည်။ အအေးဓာတ်သည် သရက်ထည် အင်္ကျီပါးကလေးကိုသာ ဝတ်ထားသော မအေးပွင့်တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လာစေ၏။ မီးဖိုနားတွင် ကပ်၍ခြေတွေလက်တွေကို မီးကင်လိုက်ချင်သည်။



"ချမ်းရင် မီးလာလှုံပါလား"

သူက မဝံ့မရဲ ပြောသည်။ မအေးပွင့် ဘာမှ ပြန်မပြော။ ကုပ်ပြီး ထိုင်နေသည်။

"မြောက်ဝင်ရိုးစွန်းက အက်စ်ကီးမိုး လူမျိုးနဲ့ တူတယ်၊ ဆာကော မဆာဘူးလား"

သူမထံမှ ဘာမှအဖြေမရ။

'တေမိမ' ဆိုတာတော့ မကြားဖူးသေးပါဘူး၊ တေမိမင်းပဲ ကြားဖူးပါတယ်။

မအေးပွင့် ပါးစပ်မဟ။

သူကတော့ ဆတ်သားခြောက်ကို ပလုတ်ပလောင်း ဝါးလိုက်၊ ရေနွေးသောက်လိုက်ဖြင့် မီးပုံဘေးတွင် ဇိမ်နှင့် ထိုင်နေသည်။ မီးရှိန်ကလည်း တဖြည်းဖြည်း တက်လာသည်။ အနွေးဓာတ် တချို့တစ်ဝက်ပင်လျှင် မအေးပွင့်ထံသို့ ကူးဟပ်လာသည်။

"အင်း....လူသုံးဆယ်ဆိုတာ နည်းတာမှမဟုတ်တူး၊ ပြီးတော့ အားလုံးဟာ မိုက်တိမိုက်ကန်း လူသရမ်းတွေချည်းပဲ၊ အဲဒီလူသုံးဆယ်ကို လွတ်အောင် တူတူပုန်းတမ်း ကစားဝံ့တဲ့ သတ္တိကိုတော့ ချီးကျူးခဲ့ပါတယ်"

"ရှင်....ရှင် ဘာကိုဆိုလိုဘာလဲ"

သည်တစ်ခါတော့ သူမပါးစပ်က အလိုအလျောက် မေးမိလျက်သား ဖြစ်သွားသည်။

"ဩော်....ဒီလိုပါ၊ ဗိုလ်မှူး စောစတီးဇဲက မိန်းမတစ်ယောက်နောက်ကို သူ့တပည့် သုံးဆယ်ကို လွှတ်ပြီး အလိုက်

www.burmeseclassic.com



ခိုင်းခဲ့တယ်လေ၊ အဲဒီလူသုံးဆယ်ဟာ ဟောဒီ ရိုးမကထွက်တဲ့ လမ်းသုံးဆယ်ကို ပိတ်ပြီး အဲဒီ မိန်းမလှကလေးကို လိုက်ရှာနေကြလေရဲ့"

"ရှင်လဲ အဲဒီလူသုံးဆယ်ထဲမှာ ပါတယ်မဟုတ်လား"

"အင်း"

"ဒါဖြင့် ကျွန်မကို ဘာလို့ ကယ်ခဲ့တာလဲ"

"သနားလို့"

"ဘာသနားတာလဲ၊ ရှင် ညာနေတာ"

"မုသာဝါဒါ ဝေရာမဏီပါ မမရယ်"

"ရှင့်ကို ကျွန်မ မယုံဘူး၊ ရှင်က သူပုန်"

"သူပုန်ဆိုတာ ကြင်နာတတ်တဲ့ အသည်းနှလုံးမရှိဘူးဆိုတာ သိပ်မှန်တယ်၊ သူတို့ဟာ လူသတ်တယ်၊ ဓားပြတိုက်တယ်၊ မုဒိမ်းကျင့်တယ်၊ ဆက်ကြေးတောင်းတယ်၊ ပြည်သူလူထုကို အမျိုးမျိုးဒုက္ခပေးပြီး အဖျက်လုပ်ငန်းတွေ လုပ်နေကြတာပဲ"

"ရှင်ကကော"

"ကိုယ်က ဒါမျိုးကို နည်းနည်းမှ မလိုလားဘူး"

"ဒါဖြင့် ရှင်က တောထဲကို ဘာလို့ရောက်နေတာလဲ"

"အပေါင်းအသင်း မကောင်းလို့ နားယောင်ပြီး ပါလာတာ"



လေပေး နည်းနည်းဖြောင့်လာကြသည်။

"ဒါနဲ့ အမိက တောထဲကို ဘယ်လိုလုပ် ရောက်လာတာလဲ"

"ဒါ ရှင်သိဖို့ မလိုပါဘူး"

"စေတနာနဲ့ မေးတာပါ၊ ဝေဒနာ တစ်ပြားသားမှမပါပါဘူးဗျာ၊ တကယ်ပါ"

စေတနာတဲ့....။

ဟား....ဟား.... ရယ်ချင်လိုက်တာဟယ်။ ယောကျ်ားတွေထားတတ်တဲ့ စေတနာကိုတော့ဖြင့် မအေးပွင့် ကြောက်မိပါတယ်။

"လာပါ အမိရယ်၊ အမိ သိပ်ချမ်းနေပြီ၊ အအေးမိပြီး သေသွားလိမ့်မယ်"

"လူကို အမိ့အမိလို့ မခေါ်ပါနဲ့"

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

"မသိဘူး"

"ကဲ....လာပါ မိန်းမရယ်၊ ဆတ်သားခြောက်ကလေး လာစားပါဦး"

"ရှင်နော်....ရှင်"

"ရော်....ခက်တော့နေပြီ၊ မိန်းမ မဟုတ်လို့ ဘာလဲ၊ ကဲပါလေ၊ နာမည်က အရေးမကြီးပါဘူး၊ အရေးကြီးတာက ဝမ်းထဲကို အစာကလေးသွတ်ပြီး နွေးနွေးထွေးထွေး နေလိုက်ဖို့ပါပဲ၊ ကိုယ့်မှာ ခေါ်ပုတ်ပါတယ်၊ ကင်လိုက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မစားဘူး၊ သေသွားပစေ"

"ကိုယ့်ကို ရန်သူလို့ သဘောထားနေတုန်းပဲလား"

"ရန်သူမဟုတ်လို့ ဘာလဲ"

"ချစ်သူလဲ မဟုတ်ပါဘူး"

"ရှင် ဘာစကားပြောတာလဲ"

"မပြောတော့ပါဘူးဗျာ၊ တော်ပါပြီ၊ ကြောက်ပါတယ်"

သူသည် သက်ပြင်းချလိုက်ပြီး မီးဖိုဘေးတွင် လှဲချလိုက်သည်။ ကျောက်တုံးတစ်ခုကို ခေါင်းအုံးရင်း ပက်လက်ကြီး အိပ်လိုက်သည်။

"ဝါး....အိပ်ချင်လိုက်တာ၊ တို့တော့ အိပ်တော့မယ်တော့"

သူက ငေါ့တော့တော့ပြောရင်း မျက်လုံးအစုံကို မှိတ်လိုက်သည်။ မအေးပွင့်သည် ဂူနံရံကို မှီရင်း ခြေဆင်းထိုင်လိုက်သည်။ တဖျစ်ဖျစ်တောက်လောင်နေသော မီးဖိုကြီးနှင့် မိနစ်ပိုင်းအတွင်း တခေါခေါ အိပ်မောကျသွားသော သူ့ကို မနာလို ဖြစ်မိသည်။

မအေးပွင့် ထသည်။

ခါးမှ ကျည်ခါးပတ်ကို ဖြုတ်၍ ပစ္စတိုကလေးကို ထမီကြားထဲသို့ ထိုးထည့်ရင်း ဂူဝသို့ထွက်ခဲ့သည်။ အပေါ့အပါး သွားသည်။

သူ့နားတွင်လည်း ပါးပါဘိ။



မြွေဟောက်သံ အောက်မေ့၍ မျက်လုံးတွေ ပွင့်လာ၏။ မအေးပွင့်ကိုမြင်တော့ ပြုံးရင်း ပြန်မှိတ်သည်။ အိပ်သည်။

မအေးပွင့်သည် မီးဖိုဘေးသို့ ခြေသံမကြားအောင် ကပ်လာသည်။ ဘေးတွင် ချထားသော သူ့ခါးပတ်ထဲမှ ပစ္စတိုသေနတ်ကို ရှရှကလေး ဆွဲထုတ်ပြီး ဒင်ထဲမှ ကျည်ကတ်ကို လက်မနှင့်ဖိ၍ ထုတ်ယူလိုက်သည်။

ယခုတော့ အနည်းငယ် စိတ်ချသွားရပြီ။

သို့ပေမယ့် သူကသေနတ်ထက်ဓားကိုပို၍အားကိုးကြောင်း မြင်ခဲ့ရ၏။ ခြေသလုံးတွင်ကပ်ချည်ထားသော ပေါက်ဓားတစ် လက်က သူ့ကိုယ်မှာ ရှိနေသေးသည်။ မည်သို့ပင်ဆိုစေကာမူ ရန်သူ့လက်နက်ထဲတွင် ကျည်ဆန်မရှိတော့။ သူမတွင် သေနတ်နှစ်လက်တောင် ရှိနေသည်။ ဘာပူစရာ လိုတော့သလဲ။

မအေးပွင့်သည် ကာဗိုင်သေနတ်ကို ဘေးမှာချပြီး ယက္ကန်း ဒိုင်ယာရီနှင့် လျှို့ဝှက်စာရွက်စာတမ်းများပါသော ကျောပိုး အိတ်ကို ခေါင်းအုံးရင်း မီးဖိုဘေးတွင် သူနှင့် မျက်နှာချင်း ဆိုင် ကွေးလိုက်၏။

အေးလိုက်တာကလည်း ပြောစရာမရှိတော့။

အနွေးဓာတ်နှင့်တွေ့သည်နှင့် မျက်လုံးတွေက မှေးစင်း လာသည်။ သူသည် တခေါခေါ ဟောက်နေပြီ။

မအေးပွင့် မှေးခနဲ အိပ်ပျော်သွားသည်။

ခဏကလေးပဲလို့ ထင်လိုက်ရသော်လည်း တစ်ရေးနိုး သည်နှင့် မိုးလင်းနေပြီ။ နေခြည်နုက ဂူဝမှ ထိုးဝင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ မရှိတော့။

မီးဖိုဘေးတွင် ဝါးခြမ်းပြားနှင့်ညှပ်၍ ကင်ထားသော 'ခေါပုတ်' တစ်ချပ်နှင့် ရဲနေသော ဆတ်သားခြောက်ကြီး တစ်မြှောင်းက အနံ့တထောင်းထောင်းထနေသည်။

ကိုယ်တော်ချောကတော့ ပျောက်နေ၏။

မြေလျှိုး၍ မိုးပျံသွားသလားတော့ မသိ။

သူ မသိအောင် ထုတ်ထားသော ကျည်ကတ်ကလေးလည်း မရှိ။

✤

## အခန်း (ရှစ်)

စောမူးကြာသည် ဒုန်းစိုင်းလာ၏။

ဒုန်းစိုင်းလာသော မြင်းတစ်စီးပေါ်တွင် ထိုင်ရင်း လိုက်ပါလာ၏။

သူ၏ ညာဘက်လက်ခုံတစ်လျှောက်တွင် သွေးခြင်းခြင်း နီနေသည်။

ဘခက်၏ လက်ချက်ပင်။ အသက်မထွက်သွားသည်ကိုပင် စောမူးကြာတစ်ယောက် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

စင်စစ်....

သည်ကနေ့ည 'ပွဲတော်ကြီး' နှင့် တိုးဖို့။

သို့တစေ မဒမျှော်လင့်သောရန်သူကရောက်ရှိလာခဲ့ပြီး သူ့ အဖော်နှစ်ယောက်ကို သေတွင်းသို့ ပို့ပေးလိုက်သည်။ သူ သည်း သေတွင်း၏ နှုတ်ခမ်းဝတွင် 'ခြေမတင်မိ' ကလေး တစ်ထွက်လာနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကျေလိမ့်မလဲ။

အသေသတ်မည်။ သင်းကို အသေသတ်၍ မအေးပွင့်နှင့် တစ်သိန်းတန်ဆုကို အရယူမည်။ သို့တစေ စောမူးကြာတွင် လူလိုသည်။ အပေါင်းအသင်းလိုသည်။ ဘခက်လို အစစအရာရာ သွက်လက်ဖျတ်လတ်သည့် လူမျိုးကို သူ တစ်ယောက်တည်းနှင့် မနိုင်နိုင်။

စောမူးကြာသည် မြင်းကို 'ကျွန်းပင်သာ' ဘက်သို့ ပြန်၍ စိုင်းခဲ့၏။ ကျွန်းပင်သာ အဝင်ဝရောက်သည်နှင့် စောမူးကြာသည် ဝမ်းသာသွားရသည်။

'ကျွန်းပင်သာ' အဝင်ဝရှိ ညောင်ညိုပင်ကြီး အောက်တွင် မြင်းသုံးကောင် ချည်ထားသည်။

ကိုညိုကြီး၏ ထန်းရည်တဲပင်။

မြင်းခွာသံကြားသည်နှင့် အတွင်းမှ လူတစ်ယောက်ထွက်လာသည်။ တိုက်စိုးပင် ဖြစ်ပါ၏။ စောစတီးဇံ၏တပ်ထဲမှ အတိုက်အခိုက်ကောင်းသည်ဟု နာမည်ထွက်နေသော တပ်ခွဲမှူးအဆင့် ရှိသူဖြစ်သည်။ မအေးပွင့်နောက်ကို လိုက်နေသော လူသုံးဆယ်အထဲတွင် တိုက်စိုးလည်း အပါအဝင် ဖြစ်သည်။

"ဟာ....စောမူးကြာပါလား၊ လက်မှာလဲ သွေးတွေနဲ့၊ တိုက်ပွဲဖြစ်သလား"

"ဆိုပါတော့ ဗိုလ်တိုက်စိုး၊ တဲထဲမှာ ဘယ်သူတွေရှိသေးလဲ"

"ငကျွဲနဲ့ လူကာကောက်"



"ဒါနဲ့ ခင်ဗျား မအေးပွင့်ကို ခြေရာခံမိပြီလား ဗိုလ်တိုက်စိုး...."

"အနံ့တောင် မရသေးဘူး၊ မောင်ရင်ကကော"

"အနံ့တင်မကဘူး၊ အဆင်းရော၊ အချင်းရော၊ အတွင်းရော၊ အပြင်ရော ကွင်းကွင်းကွက်ကွက် မြင်ခဲ့ရပြီးပြီ"

"ဟော....ဒါဖြင့် မောင်ရင့်လက်ကို ဒီကောင်မလေးက ကိုက်လွှတ်လိုက်တာလား"

"လာ....ဗိုလ်တိုက်စိုး၊ တဲထဲရောက်မှ သောက်ရင်းစားရင်း ပြောကြရအောင်၊ ကျုပ် သိပ်ပင်ပန်းနေပြီ၊ မနေ့ကလဲ တစ်ညလုံး မအိပ်ရဘူး၊ လက်ကလဲ သိပ်ကိုက်နေပြီ"

စောမူးကြာသည် မြင်းကို တိုင်တစ်တိုင်တွင်ချည်လိုက်ပြီး တိုက်စိုးနှင့်အတူ တဲအတွင်းသို့ ဝင်ခဲ့၏။

တဲဝိုင်းကြီးအတွင်း၌သော့ ကွပ်ပျစ်တစ်ခုပေါ်တွင် ထန်းလည် ကျည်တောက်တင်၍ ထန်းရည်ဝိုင်းဖွဲ့နေသော တိုက်စိုး၏ တပည့်နှစ်ယောက်ကို တွေ့ရသည်။

စောမူးကြာသည် တိုက်စိုး၏တပည့်တစ်ယောက်ကမ်းပေးသော ဝါးကျည်တောက်ခွက်ကို အပြတ်မော့လိုက်ပြီး ဝါးကွပ်ပျစ်ပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်ချလိုက်ရင်း 'တောက်' တစ်ချက် ခတ်လိုက်၏။

"စားရကံကြုံလို့ မုတ်ဆိတ်ဖျားမှာ ပျားစွဲနေတော့မှ အကောင်ဝင်ရှုပ်လို့ ဗိုလ်စံခင်နဲ့ အေးမောင် သေကုန်ကြ ကျုပ်လဲ လက်မှာ ဒဏ်ရာရလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်တဲလုံး ငြိမ်သွားသည်။ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

"ဟိုအကောင်ဆိုတာ ဘယ်သူလဲဒေါ်မှူးကြာ"

စောမှူးကြာသည် ဒုတိယမွှံထန်းရည်တစ်ခွက်ကို ကောက်မော့ရင်း အံကြိုးကိုကြိတ်၍ တစ်ခွန်းချင်း ပြောလိုက်သည်။

"ဘခက်....ဓားဘခက်"

သက်ပြင်းချသံနှင့်အတူ အားလုံး တိတ်ဆိတ်သွားသည်၊

"ဘခက်နဲ့ မအေးပွင့်ဟာ 'အင်ပင်တိုင်' ကို သွားကြလိမ့်မယ်လို့ ထင်တယ်၊ ဒီကောင်ဟာ ကျုပ်တို့ကို သစ္စာဖောက်ပြီး ကောင်မလေးကို ကျုပ်တို့လက်ထဲက လုသွားခဲ့တယ် ဗိုလ်တိုက်စိုး၊ ဘယ်လိုသဘောနဲ့ရယ်လို့တော့ ကျုပ်မသိသေးဘူး၊ အဲဒီတော့ ကျုပ်နဲ့ ခင်ဗျားတို့ သုံးယောက်ပေါင်းပြီး အချိန်မီ လိုက်ကြရအောင်၊ ကောင်မလေးကိုတော့ ကျုပ်မမက်ပါဘူး၊ ဒီဘခက်ဆိုတဲ့ကောင်ကို လက်စားချေရရင် ကျုပ် ကျေနပ်ပါပြီ"

စောမှူးကြာက ဖြစ်ပျက်ပုံအလုံးစုံကို တိုက်စိုးထံ အစီရင်ခံလိုက်သည်။

ထို့နောက်....

အခန်း (ကိုး)

ကျောပိုးအိတ်ကို နောက်ဘွင်ပိုး၊ ကာဗိုင်သေနတ်ကို အဆင်သင့်ကိုင်ရင်း ဂူထဲမှ ထွက်ခဲ့သည်။ ကမ်းပါးဘေးတွင် မတ်စောက်သော လမ်းကလေးတစ်ခု ရှိသည်။

မအေးပွင့်သည် ကမ်းပါးအောက်ရောက်သည်နှင့် လမ်းမှ ဖယ်ထွက်လိုက်၏။ လမ်းဘေးတစ်လျှောက်ရှိ ကျွန်းပင်၊ အင်ပင်ကြီးများ၊ ဝါးရုံပင်များအကြားမှ ခြေသံလုံလုံနင်းရင်း လျှောက်ခဲ့သည်။

'လမ်း'ဆိုတာမျိုးက လူသွားလေ့ရှိသည်။ မအေးပွင့် လူနှင့် မတွေ့ချင်။ သို့ပေမယ့် တစ်ညတာ အတူတကွ ဂူထဲတွင် အိပ်စက်ခဲ့ရသော သူနှင့်တော့....

ယခုလည်း သူကင်ထားခဲ့သော 'ခေါပုတ်' ကာချပ်နှင့် ဆတ်သားခြောင်းတစ်ဖွဲ့ကို မြိန်ရေရှက်ရေ စားခဲ့ရသည်။သူ

www.burmeseclassic.com

www.burmeseclassic.com



အစာကတော့ ဝင်သွားပြီ။ ဗိုက်ထဲဝင်သွားပြီ။ ကျေးဇူးရှင် မောင်မင်းကြီးသားကတော့ ပျောက်နေ၏။

မအေးပွင့်သည် ဂူနှင့် တဖြည်းဖြည်းဝေးလာသည်။ မြေပုံကိုကြည့်ရင်း ခရီးပြင်းနှင်ခဲ့သည်။ သည်ကနေ့တော့ ရွာတစ်ရွာလောက်ကို တွေ့မှဖြစ်လေမည်။ နှစ်နာရီလောက်အကြာတွင်တော့ ခြောက်မိုင်လောက် ခရီးပေါက်လောက်ပြီဟု ခန့်မှန်းလိုက်ပြီး ချောင်ကောင်းသောနေရာလေးတစ်ခုကို ရွေးလိုက်သည်။ လူကလည်း မောဟိုက်နေပြီ မဟုတ်ပါလား။

ကျောက်ကမ်းပါးကြီးတစ်ခု၏ ဘေးတွင်ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တင်းဝါး၊ ကြသောင်းဝါး၊ ဝါလပို၊ သိုက်ဝါးရုံတွေနှင့် 'မျက်ကွယ်' အနေအထားအဖြစ် လုံခြုံမှုပေးထားသလို ကျောက်တုံး၊ ကျောက်ခဲတွေကလည်း 'ကျည်ကွယ်' အဖြစ် ခံစစ်ယူနိုင်သည်။

နေခြည်ဖျော့ဖျော့က လှလှကလေးထိုးကျနေသည်။ ငှက်ကလေးတွေက တီတီတာတာ အော်မြည်ရင်း ဝါးရုံထက်က သူမကို စောင့်ကြည့်နေဟန်ရှိသည်။ ပြီးတော့ ကမ်းပါးစောင်းမှ တသွင်သွင်စီးကျနေသော စမ်းကျကလေးကလည်း ရှိနေသည်။ ရေအတွက် မပူရတော့။

ပူရသည်က ရန်သူ။

နောက်ကလိုက်လာမယ့် ရန်သူသုံးဆယ်။

သည်သုံးဆယ်ထဲက ခြောက် ယောက် လောက် က တော့ ငရဲကြီးရှစ်ထပ်က ယမမင်းထံ အစစ်ခံနေလောက်ပြီ။ သို့ပေမယ့် နှစ်ဆယ့်လေးယောက်ကြီးများတောင် ကျန်နေသေး



သည်။ သည်အထဲတွင် သူလည်း အပါအဝင်။ သူ....သူ....ဓား ...ခက်။

မအေးပွင့်သည် ကျောပိုးအိတ်ကို ချလိုက်သည်။ ကျည် ...ါးပက်ကို ဖြုတ်သည်။ ပြီးတော့ အသွား ဆယ့်နှစ်လက်မ ...သော ဓားမြှောင်ကို ထုတ်၍ ဝါးရုံဆီသို့ လာခဲ့၏။ သည် ...တစ်ခါတော့ ထဘီကြားထဲတွင် ပစ္စတိုကလေးကို ထိုးထား ...သား။

တင်းဝါးတစ်လုံးကို ခုတ်လိုက်သည်။ ကြသောင်းဝါးနှင့် ...လပိုဝါးက အတွင်းသား အမြှေးပါး၏။ ထမင်း ချက်စား ...တွင် တင်းဝါးနှင့် သိုက်ဝါးက အကောင်းဆုံး ဖြစ်သည်။ ...အေးပွင့်သည် ဝါးကျည်တောက်တစ်ခု ပြုလုပ်လိုက်ပြီး ဆန် ...ရေကို မှန်တစ္စာ ထည့်သည်။ သစ်ကိုင်းခြောက်များကို မီးဖို ...က်ပြီး ဝါးကျည်တောက်ကို သစ်ကိုင်းစိမ်း ခွနှစ်ချောင်း ...ခွ၍ထောင်ပြီး တည်လိုက်သည်။

မကြာမီ....

အငွေ့တလူလူ ဖြစ်လာပြီ။

မအေးပွင့်သည် မီးကို ညီအောင် ဝါးကျည်တောက်ကို ...လှည့်ပေးနေသည်။ သို့ပေမယ့် ကာဗိုင်သေနတ်ကိုတော့ သူမ ... လက်တစ်ကမ်းအကွာတွင် မောင်းတင်ပြီး ချထား၏။ ...ောင်းထိန်းခလုတ်ကလေးကိုတောင် မပိတ်။

သေနတ်ပစ်တတ်သလို ထမင်းလည်း ချက်တတ်မှ ...ော ...င်း၌ မငတ်မည် မဟုတ်ပါလား။ ခေတ္တအကြာတွင် ထမင်း ...တွေ ဆူဝေလာ၏။ မအေးပွင့်က မီးကို ညီအောင်ညှိပေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာမီ ရေခန်းသွားပြီး အငွေ့တထောင်းထောင်း ထလာတော့သည်။

မအေးပွင့်သည် ထမင်းရေခန်းချက် ပူပူနွေးနွေးကို အဆုပ်ကလေးတွေဆုပ်ပြီး ဆားကလေးနှင့် တို့၍ စားလိုက်၏။ ကောင်းလိုက်တဲ့ အရသာ၊ နတ်သုဒ္ဓါထက် ဆယ်ဆလောက် သာသည်ဟုပင် ထင်လိုက်မိပါသည်။

သည်တော့ သူ့ကို သတိရဖြစ်ပြန်သည်။ ဘခက်ပေါ့။ သူမအတွက် 'ခေါပုတ်' တစ်ချပ်နှင့် ဆတ်သား တစ်မြှောင်း ထားခဲ့သည့်အပြင် 'ပင်နီဆလင်' ဘူးလေးနှင့် ထည့်ထားသော ဆားတစ်ပုလင်းပါ ထားရစ်ခဲ့ရှာသည်။ ဘခက်....။

ယခုတော့ သူ့ 'ဆား' ၏ အသုံးဝင်ပုံကို မအေးပွင့် သိပြီ။ အရသာဆိုယ်ပါး 'ဆား' မပါလျှင် ပေါ့ရွတ်ရွတ်ချည်း။ ပေါ့ရွတ်ရွတ် ပြောင်ချော်ချော်လုပ်တတ်သော သူ့ကိုလည်း 'ဆား' ကလေးတစ်ပွင့်လောက် ထည့်ပေးလိုက်ချင်လာသည်။

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံနှင့်အတူ ကျည်ဆန်သည် ဆယ်ဆံခြည်စာလောက် သူမ ရင်သား ရှေ့မှ ပွတ်ထွက် အသွား သူမကိုယ်က မြေပြင်ပေါ်တွင် လှိမ့်ပြီးသား၊ လက်ကလည်း ကာဗိုင်ကို ကိုင်ပြီးသား။

နွေခေါင်ခေါင် မိုးကြိုးပစ်သလား မှတ်ထင်ရအောင် ကျယ်လောင်လှသော သေနတ်သံနှင့်အတူ သူမသည် ကျည်ကွယ်အနေအထားသို့ တစ်လှိမ့်နေရာယူပြီး ဖြစ်နေသည်။

"ဒိုင်း"



ဒုတိယကျည်ဆန်သည် သူမရှေ့တွင်ရှိနေသော ကျောက်တုံးကလေးကို ထိမှန်၍ ကျောက်မှုန်ကလေးတွေ ဖွာထွက်သွားစေသည်။

"ရှေ့မှာ ရန်သူ"

ရန်သူသည် သူမရှိရာ နေရာကို အတိအကျ သိရှိနေလေပြီ။ ပြီးတော့ သေနတ်သံနှစ်ချက်သာ တစ်သံနှင့်တစ်သံ မတူ။ ရန်သူ တစ်ယောက်ထက်တော့ ပိုရမည်။

မအေးပွင့်သည် အသံလာရာဆီသို့ မှန်းဆ၍ နှစ်ချက် ပစ်ထည့်လိုက်ပြီး ကျည်ကွယ်တစ်နေရာသို့ ကိုယ်ကိုလှိမ့်၍ ရွှေ့လိုက်သည်။

ကျည်ဆန်တွေက သူမနောက်သို့ ပျားပိတုန်းတွေလို တစီစီ အော်မြည်ရင်း လိုက်လာသည်။ သစ်ကိုင်း သစ်ရွက်တွေ ပြတ်ကျသွားသည်။ ကျောက်မှုန် ကျောက်စတွေ လွင့်စဉ်ကုန်သည်။ လှိမ့်လိုက်သည့်နေရာတိုင်းတွင် ရန်သူ့ကျည်ဆန်တွေ တသောသော စုးဝင်လာသည်။ ဖုန်တွေ တထောင်းထောင်းထရင်း ကျန်ခဲ့သည်။

တစ်တောင့်မှ သူမကိုယ်ထဲသို့ မဝင်လာသေးသော်လည်း ဒါးက ထဘီမှာ ဟက်တက်ပြဲသွား၏။

ပြပါလိမ့်စေ။

နေရာကောင်းကို ရပြီ။

ကျောက်တုံးကြီးနှစ်ခု၏ကြားတွင် ဝပ်လျက်သား နေရာယူမိပြီ။ ရှေ့ရော နောက်ရော လုံသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်မကုန်သေးသမျှ နင်တို့ တစ်ယောက်မှ ငါ့ကို မရစေရဘူး။

မအေးပွင့်တဲ့၊ တစ်ပွင့်တည်းရှိတယ်ဟေ့။

မအေးပွင့်သည် နေရာကောင်းကို ရောက်သွားပြီ ဖြစ်၍ အကောင်းဆုံးသော ခံစစ်အနေအထားမှ ရန်သူကို တုံ့ပြန် ရန်သာ ကျန်တော့သည်။

"ဒိုင်း....ဒိုင်း....ဒိုင်း"

မြက်ပင်တွေကြားမှ မိုက်မိုက်ကန်းကန်း ပြေးတက်လာ သော ရန်သူတစ်ယောက်မှာ 'အား'ခနဲအော်ရင်း ပုံပျက် ပန်းပျက် လဲကျသွားသည်။

မအေးပွင့် ကျည်သုံးတောင့် ဖြုန်းတီးလိုက်ရ၏။ သူ့ နောက်တွင်တော့ သူတို့ဘက်တွေ အတင့်မရဲကြတော့။ မအေး ပွင့်ကို မလှုပ်သာအောင် ဝိုင်းပတ်ရင်း ပစ်ခတ်နေကြသည်။

ဟုတ်ပါသည်။

တိုက်စိုး၊ စောမူးကြာ၊ ငကျွဲနှင့် လက်ကောက်တို့သည် မအေးပွင့်အား ပိုင်ပြီအထင်နှင့် စမ်းခဲ့ကြသည်။ ထမင်းစား နေသော မအေးပွင့်ထံ ကျည်တစ်တောင့်ပစ်လွှတ်ရင်း အစ စမ်းခဲ့ကြ၏။

သို့ပေမယ့် မအေးပွင့်၏ တုံ့ပြန်မှုက လျှပ်ပြက်သလို လျ မြန်လှသည်။ မယုံကြည်နိုင်စဖွယ် မြန်ဆန်လွန်းသည်။ မိုက်မိုက် ကန်းကန်း ပြေးတက်သွားသော ငကျွဲတစ်ယောက် မြက်တော စပ်တွင် သေမင်းခေါ်သွားသည်ကို ကြည့်။



"ဟုတ်တယ် စောမူးကြာ၊ ဒီကောင်မဟာ မင်းပြောသလို သိပ်လျင်တယ်၊ ပြီးတော့ သူက ကျောက်တုံးနှစ်ခုကြားက နေရာကောင်းကို ရသွားပြီ၊ တို့ရှေ့မှာလဲ အကာအကွယ်မရှိ တော့တဲ့ 'သတ်ကွင်း'ဖြစ်နေတယ်ကွ၊ အဲဒီတော့ ငါနဲ့ စောမူး ကြာက ဒီကနေ ကောင်မကို ခေါင်းမဖော်နိုင်အောင် ကျည် အားနဲ့ ဖိထားပေးမယ်၊ လက်ကောက်က နောက်ပြန်ဆုတ်၊ ကောင်မနောက်က ကျောက်ကမ်းပါးပေါ်ကို ဘေးက ပန်း တက်၊ အပေါ်ရောက်တာနဲ့ တစ်ချက်တည်းသာ အပြတ်ဆော် လိုက်တော့၊ ဒီကောင်မ မလွယ်ဘူး"

တိုက်စိုး အခြေအနေကို သုံးသပ်လိုက်ပြီး သူ့တပည့်ကို အမိန့်ပေးလိုက်သည်။

ဟုတ်သည်။

တိုက်စိုးတို့ နေရာယူထားသော ကျောက်တုံးကြီးနှင့် မအေးပွင့်ရှိရာ နေရာမှာ ပေငါးဆယ်လောက်သာ ဝေးသည်။ ကြားတွင် မြက်ပင်တွေသာရှိသည်။

တိုက်စိုးနှင့် စောမူးကြာသည် မအေးပွင့်ကို ခေါင်း မဖော်နိုင်အောင် ကျည်အားနှင့် ဖိ၍ပစ်နေ၏။ မအေးပွင့်က လည်း အလစ်မပေး၊ တစ်ချက်တစ်ချက်တွင် အခွင့်အရေး ရသလို ပြန်ပစ်သည်။

မြိုင်ယံတွင် သေနတ်သံတွေ ဆူညံနေသည်။

အသေးစား တိုက်ပွဲကလေးတစ်ခု ဖြစ်နေသည်။

မိန်းမချောကလေးတစ်ဦးနှင့် တောကျားတစ်စု။

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့် ရင်တထိတ်ထိတ်ဖြစ်လာရ၏။ သူမ၏ ကာဗိုင်သေနတ်ကျည်ဆောက်ထဲတွင် ကျည်ဆယ်တောင့်သာ ရှိခဲ့သည်။ ယခုအချိန်အထိ ရှစ်ချက်တိတိ ပစ်ခဲ့ပြီးဖြစ်သည်ကို ပြန်လည် တွေးတောမိသည်။ သူမတွင် ကျည်ဆန်နှစ်တောင့်သာ လက်ကျန်ရှိတော့သည်။ မအေးပွင့်သည် ထဘီကြားတွင် ထိုးထားသော အသံတိတ်ပစ္စတိုသေနတ်ကလေးကို စမ်းလိုက်၏။

ဟောတော့....

မရှိတော့ပါလား။

ကျကျန်ရစ်ခဲ့ပြီ။ ပစ္စတိုကလေးသည် ခပ်လှမ်းလှမ်း တစ်နေရာတွင် လဲလျောင်းနေသည်ကို တွေ့ရသော်လည်း ထိုနေရာကိုမရောက်မီ ရန်သူ့ကျည်ဆန်က ဝင်သွားမည်။ မအေးပွင့်ကလေး ဇောချွေးပြန်ရပါပြီကော။

တိုက်စိုးနှင့် စောမူးကြာတို့သည် မအေးပွင့်ထံမှ သေနတ်သံ စဲသွားသည်နှင့် ကျည်ဆန်ကုန်ပြီဟု တွက်လိုက်ကြသည်။

"မအေးပွင့်၊ မင်း တို့ကိုခုခံနေလို့ အပိုပဲ၊ အသက်မသေချင်ရင် လက်နက်ချလိုက်ပါ"

စောမူးကြာ၏ အသံအောအောကြီးက ဟိန်းထွက်လာ၏။ မအေးပွင့်မထွက်၊ အသံမထွက် ငြိမ်နေသည်။

"ဒိုင်း....ဒိုင်း....ဒိုင်း"

စောမူးကြာနှင့် တိုက်စိုးတို့က သေနတ်သံ ပေးလိုက်သည်။ ကျောက်တုံးကိုထိ၍ 'ရွှ'ခနဲ 'ညှောင့်'ခနဲ ပွဲတင်သံတွေ ဖြာဝေသွားသည်။ လိုဏ်သံပါသွားသည်။



"ကဲ....ရှေ့တက်ကြမယ် စောမူးကြာ၊ မိန်းမတစ်ယောက်နဲ့ ယောကျ်ားနှစ်ယောက်၊ ဟို့ကမတက်ရဲရင် သူ့ထဘီ ဝတ်ထားသလို သတ္တိနည်းရာ ကျလိမ့်မယ်ကွ၊ 'လက်ကောက်'လဲ ကောင်မနောက်က ကမ်းပေါ်ကို ရောက်လောက်ပြီ"

"ကောင်းပြီသေ၊ တက်ကြတာပေါ့၊ ဒါပေမဲ့ သတိထားတော့ ထား၊ ဒီကောင်မက သိပ်လျှင်တယ်၊ ခင်ဗျား တစ်တောင့်၊ ကျုပ်တစ်တောင့် ဆက်တိုက်ပစ်ရင်း တက်ကြတာပေါ့"

စောမူးကြာက ဂျပန်ရိုင်ဖယ်ကို ကိုင်ထားသည်။ သို့ပေမယ့် သူ၏ညာလက်ခုံမှ ဒဏ်ရာကြောင့် ပစ်ချက်မကောင်းလှ။

တိုက်စိုးကတော့ 'စမစ်အင်ဝက်ဆင်' ခြောက်လုံးပြူးကို သုံး၏။

Automatic မောင်းပြန်လက်နက်တွေ ဖြစ်မနေသည်မှာ မအေးပွင့်အတွက် ကံကောင်းလှပါသည်။ တိုက်စိုးနှင့် စောမူးကြာသည် မအေးပွင့် ခေါင်းမဖော်နိုင်အောင် ပစ်သက် တက်လာကြ၏။

ထိုစဉ်မှာပင် 'လက်ကောက်' သည် မအေးပွင့် ကျောပေးသားရာ ကျောက်ကမ်းပါးကြီးပေါ်သို့ ရောက်ရှိလာသည်။

မအေးပွင့် အသက်နှစ်ဆယ်။

သို့ပေမယ့်လို့ အကျဉ်းအကျပ်ထဲသို့ ရောက်နေပါ၏၏။ တက်လာကြပြီ။

အမဲဖျက်ကြပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျောက်တုံးကြီးနှစ်တုံးအကြားမှ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ခေါင်းထွက်လိုက်ရင်း တက်လာသော ရန်သူနှစ်ယောက်ကို လျှပ်တစ်ပြက်နည်းဖြင့် ပစ်ခတ်လိုက်သည်။

"ဒိုင်း....ဒိုင်း"

ကျည်နှစ်တောင့်သည် စောမူးကြာနှင့် တိုက်စိုးတို့ဘေးမှ ပွတ်ကာသီကာ ဖြတ်သန်းသွားသော်လည်း တိုက်စိုး၏ ပွဲဦးသာတီအိတ် ကျည်ဆန်က မအေးပွင့်ခေါင်းမှ ဆံပင်ဆံချောင်းလောက်ကို ဖြတ်ထုတ်သွားသည်။

ထိုအချိန်မှာပင် 'လက်ကောက်' သည် ကမ်းပါးထိပ်မှ ကျွန်းပင်ကြီးကို ရိုင်ဖယ်ပြောင်းမှေး၍ ပထမမောင်း **First Trigger** ကိုအဆွဲ....

မအေးပွင့်သည် ကာဗိုင်ကို ပစ်ချပြီး ပုလင်းတစ်လုံးလှိမ့်လိုက်သလို ပစ္စတိုသေနတ်ကလေးရှိရာသို့ လှိမ့်အထွက်....

"ဒိုင်း....ဒိုင်း"

"အား"

အသံနက်ကြီးနှင့်အတူ 'လက်ကောက်' သည် ချောက်ကမ်းပါးပေါ်မှ ခြေဘားရား လက်ကားရားကျလာ၏။

သူ့ကျောပြင်တွင် ဓားတစ်လက်စိုက်လျက်သား ပါလာပြီး 'အုန်း' ခနဲ ပစ်ကျလာသည်။ မလှုပ်။

ထိုသေနတ်သံ နှစ်ချက်နှင့်အတူ မအေးပွင့်၏ ပေါင်သည် ပျားတုပ်လိုက်သလို ပူခနဲဖြစ်သွားသည်။

ပျားတော့မဟုတ်။

ကျည်ဆန်၊ သေနတ်မှန်သွားရှာပြီ။



စောမူးကြာသည် ရိုင်ဖယ်ကို ကိုင်ရင်း 'ဇော်က' ကသလိုမြောက်ခနဲဖြစ်သွားပြီး သေသွား၏။ တိုက်စိုးသည် ဝပ်ချလိုက်ရင်း သူ၏ပြောင်းဦးကို ကမ်းပါးပေါ်သို့ ရွေ့၍ တဒိုင်းဒိုင်းပစ်ခတ်သည်။

ကမ်းပါးပေါ်မှလည်း ပြန်ဆော်သည်။ သေနတ်သံထွက်လာသည်။သို့ပေမယ့် ကျည်ဆန်တွေက မအေးပွင့်ထံသို့ ရောက်မလာ။ တိုက်စိုးဆီသို့သာ သွားကြသည်။

ဘယ်လိုတွေ ဖြစ်ကုန်ကြပါလိမ့်။

မအေးပွင့်သည် ပေါင်မှဒဏ်ရာကို မေ့ထားလိုက်၏။ သူမ၏ ပစ္စတိုကလေးကိုကောက်၍ မူလက ဝပ်ခဲ့သော လူတစ်ကိုယ်စာ ကျောက်ဘုံးကလေးကို အကာအကွယ်ယူပြီး တိုက်စိုးထံသို့ ကျည်နှစ်တောင့် ပစ်ထုတ်လိုက်သည်။

"ဒုတ်....ဒုတ်"

အသံတိတ်ကိရိယာ တပ်ဆင်ထားသဖြင့် အသံမမြည်လှ။

"ဒိုင်း....ဒိုင်း"

အသံတိတ်ကိရိယာ မပါသဖြင့် အသံမြည်လှသည်။

အပေါ်နှင့်အောက်....အောက်နှင့်အောက် တိုက်ပွဲက သိပ်မကြာလိုက်ပါ။ အခြေအနေသည် စက္ကန့်ပိုင်းအတွင်း ရှုပ်ထွေးစွာ ပြီးဆုံးသွားသည်။

တိုက်စိုးသည် ဝက်လာ မြက်ပင်တွေကြားထဲတွင် လူးလှိမ့်ရင်း ပြေးဝင် ပျောက်ကွယ်သွားသည်။

ရှုပ်ကုန်ပြီ။

ဘာတွေဖြစ်ကုန်ကြပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်လည်း မတွေးတတ်တော့။

သူမ သိလိုက်သည်ကတော့....ပေါင်ကို သေနတ်မှန်သည်။ စောမူးကြာသည် အပေါ်က ပစ်လိုက်သော ကျည်ဆန်ဖြင့် ချာန်ကြသွားသည်။ ဘစ်ပြိုင်တည်းဆိုသလို အသံနက်ကြီးနှင့် အော်သံကြားရပြီး သူမနောက်ကို လူတစ်ယောက် ဓားတန်းလန်းဖြင့် ကျလာသည်။အပေါ်နှင့်အောက် ပစ်ကြခတ်ကြရင်း အောက်ဘက်ရန်သူမှာ ဝက်လာ မြက်ပင်တွေ ကြားထဲတွင် ပြေးဝင်ပြီး ဆုတ်ခွာ ထွက်ပြေးသွားသည်။

သို့ကလို ဆိုလျှင်....

ကမ်းပါးပေါ်တွင် သူမဘက်က ကူညီ တိုက်ခိုက်ပေးသော လူတစ်ယောက် အသေအချာကို ရှိနေမည်။

မအေးပွင့်သည် မှောက်လျက် အနေအထားမှ ဆတ်ခနဲ ပက်လက်လှန်လိုက်၏။ သေနတ်နှင့်လည်း ချိန်လိုက်သည်။

နွယ်ကြိုးကို ခိုတွဲရင်းဆင်းလာ၏။ မျောက်တော့ မဟုတ်၊ လူ....သူ....ဓားတစ်လက်ကို ပါးစပ်တွင် ကိုက်ထား၏။

ဓားဘခက်....

## အခန်း (တစ်ဆယ်)

"ဘယ်ထိသွားသေးသလဲ ဟင်"

"ပေါင်ကိုပါ၊ သိပ်များမယ်တော့ မထင်ပါဘူးရှင်"

"ကိုယ်....ရောက်လာတာ နည်းနည်းကလေး နောက်ကျသွားတယ်၊ အဲဒီထက် တစ်စက္ကန့်လောက် ပိုပြီး နောက်ကျသွားမယ်ဆိုရင်တော့"

"ဘာလဲ၊ ရှင်က ကျွန်မသေပြီလို့ ပြောမလို့လား"

"သေရုံတင် ဘယ်ကမလဲ၊ အူတွေ ဘာတွေတောင် ပွင့်ထွက်သွားဦးမယ်၊ ကမ်းပါးပေါ်က ငနဲက ရိုင်ဖယ်နဲ့ ခင်ဗျားလေးကို ကျကျနနချိန်ပြီး မောင်းဖြုတ်မလို့ဗျ"

"ခင်ဗျားလေး မဟုတ်ပါဘူး၊ မအေးပွင့်ပါ၊ ရှင့်ကိုတော့ ရွှင့် ကျေးဇူးတင်သွားပြီ"

"ပွင့်....ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်က ယဲ့ယဲ့ကလေးပြုံးရင်း ခေါင်းကလေးကို အသာညိတ်ပြလိုက်သည်။

"ကဲပါ၊ ပွင့်ကို ထူပေးပါဦး"

သူက ပက်လက်ကလေးဖြစ်နေသော မအေးပွင့်ထံ လက်ကမ်းပေးသည်။ မအေးပွင့်က သူ့လက်ကြီးကို အားပြုရင်း ထလိုက်ရပါသည်။

"ဟင်....ထဘီမှာလဲ သွေးတွေနဲ့၊ ဘယ်က ထွက်တာ"

"အို....အစ်ကိုကလဲ၊ ပွင့်ပေါင်ကို ရှပ်ထိသွားပါတယ်လို့ ဆိုနေ"

သူသည် မျက်လုံးပြူးမျက်ဆန်ပြူး ဘေးဘီဝဲယာသို့ လှည့်ကြည့်သည်။ ဘယ်သူ့ကိုမှမတွေ့။

"အစ်ကို....အစ်ကိုဆိုတာ ဘယ်သူ့ကို ခေါ်တာလဲ"

"အစ်ကို့ကိုပေါ့၊ ရှင့်ကို"

"အဟော်....ကိုယ့်ကို ခေါ်တာကိုး၊ ဘာလဲ ချက်ချင်းကြီးပဲ ညီမလေးဖြစ်သွားပြန်ပြီလား၊ အစကတော့ ကိုယ့်ကို သတ်မလို့ဆို၊ ရန်သူဆို"

"အစ်ကို ပွင့်အသက်ကိုကယ်တာ နှစ်ခါရှိပြီ"

"ကိုယ့်အဖို့ ထမင်းစား ရေသောက်လောက်ပါ၊ မခက်ပါဘူး"

"အစ်ကိုသာ ရောက်မလာခဲ့ရင်တော့ ပွင့်အသေပဲ သိလား၊ ပွင့်သေနတ်ထဲမှာ ကျည်ဆန်ကုန်နေပြီ၊ နောက်ပြီးတော့ ကမ်းပါးပေါ်က ရန်သူကိုလဲ ပွင့် လုံးဝမသိဘူး၊ အစ်ကို့ကိုတော့ ကျေးဇူးကူရှေပါပဲ"



"အဲဒီလိုဆို ကိုယ်သွားတော့မယ်"

"ဟယ်....အစ်ကို၊ ဘာဖြစ်လို့"

"ကိုယ်ဟာ ကျေးဇူးတင်ခံချင်တဲ့ကောင်မှ မဟုတ်တာ"

"မသွားပါနဲ့ အစ်ကိုရယ်၊ ပွင့်တစ်ယောက်တည်း ပစ်ထားခဲ့ပါနဲ့"

သည်တစ်ခါတော့ မအေးပွင့်လေး တကယ်ပဲ ဝမ်းနည်း...ာသည်။ အားငယ်လာသည်။ မျက်ရည်တွေ ဝေ့လာပါသည်။ ပေါင်ကလည်း တစစ်စစ်ကိုက်လာသည်။ ဘယ်လိုပင် ...တ္တိရှိရှိ မိန်းမသားသည် မိန်းမသားပင်။ အားငယ်သည့် ...က လွှမ်းမိုးလာသလို 'အစ်ကို'ဟူ၍ ခေါ်မိ အားကိုးမိ ...တော့ ညီမငယ်လေးတစ်ယောက်လို သူ့ရင်ခွင်တွင် ဝင်၍ ...းပွဲချပြီး ငိုလိုက်ချင်လာမိသည်။

"ဒဏ်ရာက သိပ်နာသလား"

"မကြည့်ရသေးဘူး၊ ပျားတုပ်ခံရသလို ပူခနဲ ဖြစ်သွား ...ပဲ သိလိုက်တယ်"

"ကြည့်ရအောင်၊ လာ....ဒီကျောက်တုံးလေး ပေါ်မှာ ...း"

"ဒီမှာဆက်နေလို့ စိတ်ချရပါ့မလား အစ်ကိုရယ်၊ တော် ...သူတို့တစ်တွေ ပြန်များ လာကြဦးမလား"

"မပူပါနဲ့၊ ဗိုလ်တိုက်စိုး လွတ်သွားပေမယ့် ဒီကောင် ...ပျက်သွားပါပြီ၊ လူပြန်စုဦးမှာပေါ့၊ အနည်းဆုံး သုံး ...နာရီတော့ တစ်ရေးတစ်မော အိပ်နေဦးရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျောက်တုံးကလေးဆီသို့ သွားသည်။ ပေါင်ပေ
သိပ်တော့ မနာလှ။

"အင်း....အခုမှ 'ဟောင်ကောင်'က တရုတ်မလေးနဲ့ တူ
သွားတယ်"

"ဘာဖြစ်လို့"

"ခြေ....'ဟောင်ကောင်'က တရုတ်မလေးတွေရဲ့ပေါင်
ကွဲအင်္ကျီလေးနဲ့တူလို့ပါ၊ ထဘီပြဲနေတယ်လေ"

"ဟယ်....အစ်ကိုကလဲ"

မအေးပွင့် မျက်နှာလေးက ရဲသွားပါသည်။

ဟုတ်သည်။

ထဘီစသည် လူးရင်း လိမ့်ရင်း ငြိ၍ ပြဲနေသည်။ ထဘီ
အပြဲသည် မအေးပွင့်၏ ပေါင်လယ်မှသည် အောက်သို့တိုင်
ဟက်ဟက်ကွဲနေသည်။ ဘေးတိုက် အနေအထားဆိုတော့
ပေါင်ကွဲအင်္ကျီဝတ်ထားသည့် တရုတ်မကလေးအတိုင်း။

"ကိုင်း....ထိုင်"

"နေဦး၊ ထိဘာက ညာဘက်ပေါင်"

မအေးပွင့်သည် ဘယ်ဘက်ပေါင်တွင် ရောက်နေသော
ထဘီအကွဲကို ညာဘက်ပေါင်ပေါ်သို့ ရောက်အောင် လှည့်
ဝတ်လိုက်သည်။ သေနတ်ဒဏ်ရာသည် ညာဘက်ပေါင်အော
တွင်ရှိနေသည် မဟုတ်ပါလား။

သူမသည် ကျောက်တုံးကလေးပေါ်တွင် ထိုင်သည်။ သူ
သူမဘေးတွင် ဒူးတစ်ဖက်ထောက်ရင်း ဒဏ်ရာကို ကြည့်
သည်။



"ထဘီပြဲသွားတာ အတော်ပဲ"

"ဘာဖြစ်လို့လဲ အစ်ကို"

"လှန်မကြည့်ရတော့ဘူးပေါ့၊ ဒဏ်ရာတွေ့ပြီ"

မအေးပွင့်သည် သူ့ကို မျက်စောင်းကလေးနှင့် ထိုးလိုက်
ခဲ့သည်။

"ကျည်ဆန်က နမ်းသွားတာ"

"ဟင်...."

"ခြေ....ဒီပေါင်ကလေးက ဖြူဖြူဖွေးဖွေးလေးနဲ့ လှနေ
တော့ ကျည်ဆန်က နမ်းသွားတာပေါ့၊ ရှပ်ထိသွားတာလေ၊
သွေးထွက်ရုံကလေးတင်ပါ"

မအေးပွင့် သက်ပြင်းချလိုက်ရသည်။

သေရေး ရှင်ရေး၊ အရေးကြီးနေသောအချိန်၊ ပူဝင်
သော့က ရောက်ရမယ့်အချိန်မှာပင် သူ့စကားတွေက ရွှတ်
တွတ်တွတ်၊ ပြောင်ချော်ချော် ဖြစ်နေသည်။ လိပ်ကျော
ကြောင်ကော် ဖြစ်နေသည်။

သည်တော့လည်း ရင်ထဲမှာ တစ်မျိုးတစ်ဖုံ သက်သာရပါ
သည်။ အေးငြိမ်းသလို ခံစားရပါသည်။ သူ့ကိုလည်း 'အစ်ကို'
အစ်ယောက်လို ခင်မင်သည့်စိတ်က ရင်ထဲတွင် ခိုဝင်လာ
သည်။

ဘခက်....ဓားဘခက်။

နာမည်က ခက်တရော်နိုင်လှသော်လည်း စိတ်ထားက
နူးညံ့သည်၊ သွက်လက် ဖျတ်လတ်သည်ကလည်း 'ဩ....'ချ
လောက်သည်။ သတ္တိကလည်း ရှိလိုက်ပါပေ့။

www.burmeseclassic.com

www.burmeseclassic.com



'အမေဇူန်မလေး'လို ကြမ်းကြမ်းတမ်းတမ်း စိတ်ထားရှိခဲ့သည့် သူမ၏ နှလုံးသားကိုပင် ပျော့ပျောင်းအောင် တတ်နိုင်သူ။

"အမယ်လေး"

"နာသလား....ဟင်"

"အင်း....နည်းနည်းနာတယ် အစ်ကို"

"တချို့ ကျည်ဆန်တွေဟာ မြွေလို အဆိပ်ရှိတယ်၊ ကျည်ဆိပ်တက်လို့ရှိရင် မလွယ်ဘူး၊ ဒါကြောင့် သွေးပုပ်တွေကို စုပ်ထုတ်ပစ်ရတာ"

သူသည် မအေးပွင့်၏ ပေါင်လယ်ရှိ ဒဏ်ရာမှ သွေးတွေကို ပါးစပ်နှင့်စုပ်၍ ထုတ်ပစ်လိုက်သည်။

"အစ်ကို့ကို ပွင့် သိပ်အားနာတာပဲ၊ ပွင့်တော့ ငရဲကြီးတော့မယ်"

"ငရဲကြီးတော့ ငရဲလေးကို နိုင်တာပေါ့၊ ဒီလိုမှ မလုပ်ရင် ဓားကို မီးကင်ပြီး ပေါင်က ဒဏ်ရာကို ကပ်ရမှာကွ၊ အဲဒီလိုဆိုရင် ပေါင်လုံးလုံးကလေးမှာ အမာရွတ် ထင်သွားမှာစိုးလို့၊ အခုလို လုပ်ပေးရတာ ရှုံလိုက်တာ၊ ထွီ"

မအေးပွင့် တခစ်ခစ်ရယ်မိသည်။ တကတဲ....ကလေးဆိုးကြီးကျနေတာပဲ။

သူသည် အိတ်ထဲတွင် အဆင်သင့်ပါလာသော ပင်နီဆလင်ပုလင်းကလေးနှင့် ထည့်ထားသော ဆေးဝါရည်နှင့် ဂွမ်းစကလေးတစ်ဖတ်ကို ထုတ်လိုက်သည်။



"တောထဲမှာ ဆားရယ်၊ ဆေးရယ်၊ ဓားရယ်၊ အရေးအကြီးဆုံးပဲကွ၊ သူတို့ကို အမြဲဆောင်ထားရတယ်၊ နောက်အမြဲမှတ်ထား၊ ဟောဗျ"

"ဘာလဲ အစ်ကို"

"စည်းဖို့ ပတ်တီးမရှိဘူး"

"ဟိုလေ....ကန်တော့နော်၊ ပွင့်ထဘီ အနားသားကို ဖြဲပြီး စည်းလို့မရဘူးလား"

"အဲဒါမှ ဒုက္ခပဲ၊ ဟိုဟာ မရှိပြန်ဘူး"

"ဘာလဲ....အစ်ကိုရဲ့"

"မရင် ဟာ၊ ဖိရင် ညှပ်"

"ဘာ...."

"ကတ်ကြေးကို ပြောတာပါ၊ အဲဒါ ရှေးဟောင်း မြန်မာ့ရာ စကားထာလေ၊ ရှေးတုန်းကဆိုရင် အပျိုလူပျိုတွေစကားပြောကြရင် အဲဒီလို စကားထာကလေးတွေ၊ စကားထာကလေးတွေနဲ့ ပြောလေ့ရှိကြတယ်ကွ၊ မြန်မာ့ယဉ်ကျေးပေါ့"

သည်တော့မှ မအေးပွင့် ရယ်ရသည်။ ရင်ထဲမှာလည်း ကြည်သာသွားရသည်။ ပစ်ဟယ် ခတ်ဟယ်နှင့် အသက်ဘေးအပြေးအလွှား အနိုင်လုခဲ့ရသော ပစ္စက္ခကာလမတိုင်မီ အချိန်ကလေးက ခံစားခဲ့ရသော စိတ်ဒုက္ခမှာ တစ်မုဟုတ်ချင်း ပျောက် ကင်းစင်၍ ကြည်လင်လာရသည်။

ဤသည်မှာ 'သူ့'ရဲ့အစွမ်းအစ၊ သူ့ရဲ့'ဆိုက်ကို'(Psycho) အတတ်ပညာလားတော့ မသိတတ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့် ထဘီကို ဆုတ်ပေးမယ်"

"နဂိုက ပြဲနေရတဲ့အထဲ ပိုတိုသွားမှာပေါ့"

မအေးပွင့် ရှက်ရှက်နှင့် ရယ်ရသည်။

"တော်တော့ အစ်ကိုရယ်၊ မပြောနဲ့တော့ ပွင့်ရယ်ရတာနဲ့ အူတက်သွားလိမ့်မယ်၊ အစ်ကိုဟာ သူ ပုန် လုပ် ဖို့ထက် လူပြက်လုပ်စားဖို့ ကောင်းတယ်"

သူက မအေးပွင့် ဖြဲပေးသော ထဘီအနားစနှင့် ပေါင်လုံးလုံးလေးကို ပတ်ချည်ပေးရင်းဆိုသည်။

"ကိုယ်တို့ သွားကြရအောင်၊ လမ်းကော လျှောက်နိုင်သေးတယ် မဟုတ်လား"

"လျှောက်နိုင်ပါတယ်အစ်ကို၊ ဘယ်ကို သွားကြမှာလဲ"

"သွားချင်တဲ့ဆီကို ကိုယ်လိုက်ပို့ပေးမှာပေါ့၊ ဘယ်သွားချင်တယ်ဆိုတာကိုသာပြော၊ တောထဲမှာ မိန်းကလေးတစ်ယောက်တည်း မသင့်တော်ဘူး၊ ပြီးတော့ အမိကို ဝိုင်းလိုက်နေကြတဲ့ လူတွေက အများကြီး"

"လူသုံးဆယ်ဆို"

"အင်း....အခုဆိုရင် သုံးဆယ်မရှိတော့ပါဘူး၊ အခု ချော်သွားတာပဲ သုံးကောင်"

"ပွင့် အင်ပင်တိုင်ကို သွားမလို့ အစ်ကို"

"အင်ပင်တိုင်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ကောင်းပါတယ်၊ သွားပေါ့၊အဲဟိုမှာ အမိကို စောင့်နေကြလေရဲ့"



"ဘယ်သူတွေက ပွင့်ကိုစောင့်နေကြမှာလဲ အစ်ကို"

"လူသုံးဆယ်ထဲက ကျန်တဲ့သူတွေ အားလုံးပေါ့၊ ဗိုလ်မှူးစောစတီးဗ်ရဲ့ လူတွေလေ၊ အမိက သိပ် တန်ဖိုးရှိနေလေတော့ အမိနောက်ကို တကောက်ကောက် လိုက်နေကြဦးမှာ"

"ရှင်....၊ ပွင့်က တန်ဖိုးရှိနေတယ် ဟုတ်လား"

"ဟုတ်တယ်၊ တစ်သိန်းကြီးများတောင်"

"တစ်သိန်း....တစ်သိန်း"

"ဟုတ်တယ် အမိ၊ အမိဟာ တစ်သိန်းတန်နေတယ်၊အမိကို အရှင်ရရ အသေရရ ဆုငွေတစ်သိန်း ပေးမယ်လို့ ဗိုလ်မှူးစောစတီးဗ်က အမိန့်ထုတ်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ အမိက ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက် စာရွက်စာတမ်းတွေကို လစ်ပြေးခဲ့တာကိုး၊ နေစမ်းပါဦး၊ အမိက ဘာဖြစ်လို့ ဒီပစ္စည်းတွေကို ယူလာခဲ့ရတာလဲ၊ ပြီးတော့ ရိုးမတောထဲကို ဘယ်လိုလုပ် ရောက်လာပြီး ဗိုလ်ယက္ခရဲ့ မိုးကြိုးပစ်စခန်းကို ဘယ်လိုရောက်သွားရတာလဲ....ဟင်"

"ဒါ....ဒါ ရှင်နဲ့မဆိုင်ပါဘူး"

သူမမျက်နှာ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်။ အသံကလည်း မသိမသာ မာသွားသည်။ ဘခက် အံ့သြသွားရ၏။ ပြီးတော့ 'အစ်ကို'မှ 'ရှင်'သို့ ချက်ချင်းကြီး ပြောင်းလဲသွားသလို သူမလက်ကလည်း ထဘီကြားမှ သေနတ်ဖင်ဆီသို့ ရောက်သွားခဲ့သည်။

ဘခက် အံ့သြသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းကလေးသည် တောကြီးမျက်မည်းထဲသို့ ရဲရဲဝံ့ဝံ့ တစ်ယောက်တည်း ရောက်လာသည်။ ပြီးတော့ ယောကျ်ား ကြီးတွေပင် စိတ်မကူးဝံ့သော အလုပ်ကို လုပ်ခဲ့၏။

"ဆိုင်တော့ မဆိုင်ဘူးပေါ့၊ ဒါပေမယ့် ကိုယ်တော့ အ ကို သိပ်အံ့ဩမိတာပဲ၊ အဲ...ယက္ခရဲ့ မိုးကာတဲနံရံမှာ မအေး ပွင့်လို့ သွေးနဲ့ရေးပြီး စိန်ခေါ်သွားတာကကော ဘာသဘော လဲ"

မအေးပွင့် မဖြေမိပါ။

တောမိမ လုပ်နေလိုက်သည်။ သူက ပြုံးပြီး ပြော၏။

"ကဲပါလေ၊ မျက်နှာတော်ညို အလိုမကျ ဖြစ်မနေပါ တော့၊ မသိစေချင်ရင် မမေးဘူး၊ မမြင်စေချင်ရင် မကြည့်ဘူး ပြုံးလိုက်စမ်း...ပြုံးလိုက်စမ်း၊ ပိုလှသွားအောင်"

"သွားစမ်းပါ၊ အရေးထဲ နောက်နေပြန်ပြီ၊ ဒီမှာ ပေါင်က နာရတဲ့အထဲ၊ သူက..."

သူသည် ပြုံးရင်း ရယ်ရင်း စကားကို လျှောချလိုက်သည် ဒါကို မအေးပွင့်က ရိပ်စားလိုက်မိပါသည်။

"ကဲ...အမိသွားချင်တဲ့နေရာကို ကိုယ် လိုက်ပို့ပေးပါမယ် ဘယ်သွားချင်တယ် ဆိုတာသာ ပြော၊ ဒီရိုးမတောထဲမှာ ကိုယ်မသိတဲ့ ရွာရယ်လို့ မရှိတော့ဘူး၊ ဝါမီး၊ သံပရာခွံ၊ အ ပုပ်မြောင်၊ ဇဟား၊ ဦးတို၊ ချောင်းခွ၊ သစ်တောက်မ၊ အ ဒရော်၊ အဲဒါက တောင်ပေါ်က ရွာတွေ၊ အဲ...အနောက် ဘက်မှာတော့ ကျွန်းမကိုင်း၊ ကရင်မစန်း၊ စမ်းပိုး၊ သဲ



သဲရွာ၊ မြို့ကျောင်း၊ ဆယ်ရွာကုက္ကိုကုန်း၊ သဗျု၊ ဟမ်းယုံ၊ ဗန်းဗွေးကုန်း၊ ရှမ်းပုတ်၊ ဥယျာဉ်ကြီး၊ စိန်ကန့်လန့်အဝိုင်း"

သူက ကလေးတွေ ကကြိုး ခမွေး ရွတ်သလို ဆိုနေသည်။ မအေးပွင့် နားရှုပ်သွား၏။

"အဲ...အရှေ့ဘက်မှာတော့ ကူးလက်ဝါး၊ ကလန်၊ ညအားလွမ်းရင်၊ ကျွန်းကုန်း၊ အုတ်ပုံသဲ၊ အထက်ဗမာလိုက်၊ အောက်ဗမာလိုက်၊ အထက်တုံခဲ၊ အောက်တုံခဲ၊ ကိုင်း...ဘယ် ရွာသွားချင်တယ် ဆိုတာသာ အမိန့်ရှိပါ မမလေး"

"ရန်ကုန်"

"ဗျာ..."

"မြန်မာပြည်ရဲ့မြို့တော် မဟာရန်ကုန်လေ"

"ဘယ်တော့ ရောက်ချင်တာလဲ"

"အခုချက်ချင်း"

"အဲသလိုဆိုရင် ကိုယ် Helicopter ရဟတ်ယာဉ် ခေါ် လိုက်ဦးမယ်၊ ခဏလေးစောင့်နော်"

မအေးပွင့်က အရွဲ့တိုက်ပြောတော့ သူက အတည့်တိုက်၍ ဆို၏။ ပြီးတော့ လက်နှစ်ဖက်ကို ပါးစပ်ကိုအုပ်၍ မိုးပေါ်သို့ မော့ကြည့်ပြီး တအားအော်တော့သည်။

"မင်းသားခရမ်း၊ ခရမ်း မင်းသား၊ အသံ ဘယ်လောက် ကြားသလဲ၊ ကြား အကြောင်းပြန်၊ ခရမ်းမင်းသား စကား ပြောနေတယ်၊ ဟယ်လီကော့ပတာ လေယာဉ်တစ်စင်းလွှတ် ပေးပါ၊ ဘာ...ထမ်းခေါ်ခဲ့ရမယ် ဟုတ်လား၊ အင်း...ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့မယ်၊ ကောင်းပြီလေ၊ ခရမ်းမင်းသားက အာလူးပန်းပွင့်ကို ထမ်းခေါ်ခဲ့ပါ့မယ်"

မအေးပွင့်သည် တခစ်ခစ် ရယ်နေသည်။

သူကတော့ ခပ်တည်တည်။

"အစ်ကို့ကို အစက ဒါလောက် ပေါလိမ့်မယ်လို့ မထင်မိဘူး"

သူ့အမူအရာကိုကြည့်၍ ရယ်ရင်း မောရင်း ဆိုမိသည်။ ပေါင်က ဒဏ်ရာနှင့် အန္တရာယ်တွေကိုပင် မေ့လို့သွားရသည်။ ပေါက်နေပြီ။ သူ ပေါက်လို့နေပြီ။

"ဗျာ...အမိပဲ အခုချက်ချင်း ရန်ကုန်ကို ရောက်ချင်တယ်ဆို"

"တော်ပါတော့ အစ်ကိုရယ်၊ တော်တော်ကြာ သူတို့တစ်တွေ ထပ်လိုက်လာကြလို့ ရန်ကုန်မရောက်ဘဲ မြေကြီးထဲရောက်ကုန်ပါဦးမယ်၊ ကဲ...သွားကြစို့"

"ကောင်းပြီလေ၊ အဲသလိုဆိုရင် လမ်းလျှောက်နိုင်တုန်းလျှောက်ခဲ့ဦးပေါ့၊ ဟောဟို တောင်တန်းကျလို့ရှိရင် မောင်ထမ်းလို့ခေါ်ပါ့မယ်၊အဲ...ဟိုတောင်ရိုးကျရင်တော့ မောင်—မောင်"

"ဒေါက်"

မအေးပွင့်သည် ခေါင်းကို လက်ခုံနှင့် 'ဒေါက်' ခနဲခေါက်လိုက်မိပါ၏။

အခန်း (တစ်ဆယ့်တစ်)

ယင်းသို့ဖြင့်....

သူတို့နှစ်ယောက် 'ငွေသောင်ယံ'သို့ ရောက်ခဲ့ကြသည်။

'ငွေသောင်ယံ'သည် ပဲခူးရိုးမ၏ တောင်ကျ ချောင်းကြီးတစ်ခု၏ အကျယ်ဆုံးသော နေရာပင် ဖြစ်ပါသည်။

တောင်ရေကျလျှင် လူမဆိုထားဘိ၊ ဆင်တောင် ဖြတ်ဖို့မလွယ်သောက်အောင် ရေစီးသန်လှသည်။ သစ်စခန်းမှ သစ်တုံးကြီးများ မျှောချရန် အသုံးဝင်လှသည်။ တောင်ရေမလာပါလျှင်တော့ သဲချောင်းကြီးသာ။

အဲသည်တော့ နေမွန်းလွဲခါစ....

နှစ်ယောက်သား တစ်တောဝင် တစ်တောင်တက်၊ တစ်ချိုကျော် တစ်ချောင်းဆင်းရင်း ခရီးပြင်း နှင်ခဲ့ကြသည်။ မအေးပွင့်သည် ပေါင်ကနာသော်လည်း ကြိုးစား၍ လိုက်ရှာသည်။ နောက်က လိုက်လာမည့် ရန်သူကိုလည်း စိတ်ပူရသေးသည် မဟုတ်ပါလား။

www.burmeseclassic.com



"နားကြဦးစို့လား အစ်ကိုရယ်၊ ပွင့် ခြေထောက်တွေ မသယ်နိုင်တော့ဘူး၊ ဒဏ်ရာကလဲ နာတယ်"

"ကိုယ် ထမ်းခေါ်မယ်လေ"

"ဟော့ အေး၊ ခဏနားလိုက်ရင် ပွင့် သက်သာသွားမှာပါ"

"ကောင်းပြီလေ၊ ချောင်းရဲ့ ဟိုဘက်ကမ်းမှာ နားကြတာပေါ့၊ နေရာလဲကောင်းတယ်၊ ရေလဲရတယ်"

သူတို့နှစ်ဦးသည် ရေမရှိသော သဲချောင်းကြီးကို ဖြတ်ခဲ့ကြသည်။ သူသည် မအေးပွင့်၏လက်မောင်းကို ဖေးတွဲရင်း ခေါ်လာသည်။ မအေးပွင့်ကတော့ သူ့လက်မောင်းကြီးကို မရဲတရဲမှီတွဲရင်း လိုက်ပါလာခဲ့သည်။

သဲချောင်းကြီးမှာ မီတာတစ်ရာခန့် ကျယ်သော်လည်း ရေမရှိ။ သို့တစေ အလယ်ကောင်တွင်တော့ စိုထိုင်းထိုင်း ဖြစ်နေပြီး လက်ယက်တွင်းကလေးများ တူးလိုက်လျှင် ရေထွက်လာနိုင်သည်။

သဲသောင်ယံသည် နေရောင်တွင် တလက်လက် တောက်ပနေသည်။ ငွေမှုန်တွေ ကြဲထားဘိသကဲ့သို့ ရှိသည်။ သဲချောင်းကြီး၏ တစ်ဖက်ကမ်းသို့ရောက်သည်နှင့် ကျောက်စိုင် ကျောက်ကမ်းပါး၊ ကျောက်စွယ်၊ ကျောက်ချွန်းများနှင့် အရိပ်ကောင်းသော နေရာကလေးတစ်ခုကို တွေ့ကြရသည်။

လှပသာယာသလို....

ပစ်ကွင်း၊ မြင်ကွင်းလည်းကောင်း၏။ နောက်ကလိုက်လာမည့် ရန်သူကိုလည်း အထင်းသား တွေ့မြင်နိုင်သည်။ ပြီးတော့



အနည်းငယ် မြင့်နေသဖြင့် ချောင်းရိုးနှင့်တကွ ဝန်းကျင်တစ်ခွင်လုံးကို အပေါ်စီးမှ ဆီး၍မြင်နိုင်သည်။

မအေးပွင့်သည် ကျောက်တုံးကြီးတစ်တုံးကိုမှီ၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ သူကတော့ ရောက်လျှင်ရောက်ချင်း ရေဘူးနှစ်လုံးကိုဖြုတ်၍ ချောင်းလယ်တွင် လက်ယက်သဲတွင်း တူးကာ ရေခပ်နေသည်။ သူ...သူ။ ယခုတော့ ရန်သူနှင့်အတူ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေရပါပြီ။

သို့တစေ....

ထားရှိခဲ့သော ရည်မှန်းချက်ကိုတော့ဖြင့် အသက်နှင့်လဲ၍ ထိန်းမည်ဟု မအေးပွင့် ဆုံးဖြတ်ထားသည်။ မအေးပွင့်သည် ကျောပိုးအိတ်ထဲမှ ယက္ခ၏ ဒိုင်ယာရီနှင့် လျှို့ဝှက်စာရွက်စာတမ်းများကို ဖြန့်၍ကြည့်လိုက်သည်။

အရေးကြီးသည်။

အလွန်အရေးကြီးသည်။

အလွန့်အလွန် အရေးကြီးသော လျှို့ဝှက်ချက်များပါတကား။

မအေးပွင့်သည် အံကို တင်းကျပ်စွာ ကြိတ်လိုက်၏။ မေးကြောကြီးများ ထောင်လာသည်။ ထို့အတူ မျက်ရည်စတွေက ပါးပြင်တစ်လျှောက် လိမ့်ဆင်းလာပါသည်။

"အမိုးနဲ့ အဘ"

သူမ၏ နှုတ်ခမ်းရွရွကလေးမှ တိုးတိုးကလေးရေရွတ်လိုက်သည်။ မြင်မကောင်း ရှုမကောင်း ဒဏ်ရာဒဏ်ချက်များဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မရှုမလှ သေပွဲဝင်နေရှာသော အမှိုးနှင့်အဘ၏ အလောင်းများကို ကွင်းကွင်းကွက်ကွက် မြင်ယောင်လာသည်။

"တောက်"

မအေးပွင့် တောက် တစ် ချက် ပြင်းပြင်းခတ်လိုက်ရင်း ယက္ခ၏ ဒိုင်ယာရီနှင့် လှို့ဝှက်စာရွက်စာတမ်းများကို လျင်မြန်စွာ သိမ်းဆည်းလိုက်သည်။ ထို့နောက် ပစ္စတိုသေနတ်၏ ဒင်မှ ကျည်ကတ်ကို ဖြုတ်၍ စစ်ဆေးကြည့်ရှုလိုက်၏။

ခြောက်တောင့်။

ခြောက်တောင့် ကျန်သေးသည်။

ကျည်တစ်တောင့် တစ်ယောက်နှုန်း ဆိုလျှင် ခြောက်ယောက်။

သူ ပြန်ရောက်လာသည်။ ရေဘူးနှစ်လုံးကို ကိုင်လာသည်။ ညှိုးနွမ်းနေသော မအေးပွင့်မျက်နှာကို မြင်တော့ သူ့ရင်တွင် စိတ်မကောင်း ဖြစ်သွားရသည်။

"သိပ်ပင်ပန်းနေသလားဟင်"

"လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုဆိုးတယ်"

မအေးပွင့်အသံက မာနေသည်။ သူက ဘာမှမပြော၊ ရေဘူးတစ်လုံးကို လှမ်းပေးပြီး မအေးပွင့်ရှေ့ရှိ သစ်ပင်တွင်မှီ၍ ထိုင်သည်။

"ခံစားမှုဆိုတာ ရင်ဖွင့်လိုက်ရင် ပေါ့သွားတတ်ပါတယ် မိန်းကလေးရယ်၊ အဲသလိုမှ ရင်မဖွင့်လိုက်ရင် အသည်းတွေ နှလုံးတွေ ပွင့်ထွက်သွားတတ်တယ်ကွယ့်၊ အမိကို တွေ့ရကတည်းက အမိရင်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ



ကိုယ်တွေးမိပါတယ်ကွာ၊ အဲ... အတိအကျတော့ မသိဘူးပေါ့"

မအေးပွင့်သည် သူ့ကို စိန်းစိန်းကြီး ကြည့်နေမိပါသည်။ တကယ်တမ်းပြောရလျှင် သူလည်း သည်အသိုင်းအဝိုင်းထဲကပင် မဟုတ်လား၊ သို့တစေ သူ့ကို သံယောဇဉ် ဖြစ်နေမိပြီ။ အားကိုးလို့ နေချင်ပါပြီ။

"ဟုတ်တယ် အစ်ကို၊ ပွင့်ရင်တွေ ပွင့်ထွက်မတတ် ခံစားနေရပါတယ်"

"ကိုယ်သိပါတယ်၊ ဒါကြောင့် ပွင့် ခံစားနေရတာတွေကို ကိုယ့်ကို ပြောပြပါလားလို့"

"ပြောတော့ပြောချင်ပါတယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲ ပွင့်....ဟင်"

"အစ်ကိုက သူပုန်၊ သောင်းကျန်းသူ"

ဘခက် ဆက်မပြောတော့။ သက်ပြင်းချလိုက်သည်။ ပြီးတော့ ရေဘူးကို မော့၍ တစ်ကျိုက်သောက်လိုက်ပြီး သူ၏ စိမ်းမြနေသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို ရေဆွတ်လိုက်သည်။

"အင်း....ဟုတ်တာပေါ့၊ ကိုယ်က သူပုန်ရုပ် ပေါက်နေတာကိုး"

ပြောပြောဆိုဆို စစ်ကျာကင်အင်္ကျီအိတ်ထဲမှ 'ခုနစ်နှာရိတ်ဆိပ်' မုတ်ဆိတ်ရိတ်ဓားကလေးကို ထုတ်၍ လက်နှင့်ကိုင်ပြီး သူ့မုတ်ဆိတ်တွေကို တဗြိဗြိရိတ်ချနေသည်။

ယားသွား၏။ မအေးပွင့် အသည်းယားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်ရိတ် မေးသွားပါးပါးကလေးနှင့် ကျွမ်းကျင်စွာ ရိတ်နေသည်ကို သည်တစ်ခါပဲ မအေးပွင့် မြင်ဖူးသည်။ ဒါကြောင့် သူ့ကို မေးဘာခက်လို့ ခေါ်ကြတာ ထင်ပါရဲ့။

အခုတော့ သူ့ရုပ်သွင်က တဖြည်းဖြည်း ကြည်လင်လာသည်၊ ခံ့ညားလာသည်။ ချောမောသော သူ့ရုပ်ကိုလည်း တိတိပပ မြင်ရပြီ။ စိမ်းနေသော ပါးပြင်၊ လေးထောင့်မကျတကျ မေးရိုး၊ ပေါ်လွင်သော နှာတံနှင့် လူချောကြီး တစ်ယောက်။

"ဟေး....ဘာလို့ လူကို ဒါလောက်စိုက်ကြည့်နေတာလဲ၊ ကိုယ်က မိန်းကလေးတစ်ယောက် အဲသလိုကြည့်ရင် ရှက်တတ်တယ်ကွ"

"အမယ်လေးဟယ်.... ကြီးကြီးကျယ်ကျယ်၊ ငါးဖယ်ကပြောင်းပြန်၊ သူကပဲ ပြောရတယ် ရှိသေး၊ ကဲ....ချောလို့ပါသတဲ့ရှင်၊ ရှင်က ရုပ်ရှင်မင်းသားလို သိပ်ချောနေလို့ ပွင့်ကကြည့်မိပါသတဲ့ရှင်"

"အဟီး"

သူက သွားတွေကို ဖြဲပြသည်၊ ဟီးခနဲရယ်သည်။ ရယ်ရင်းက သူ့မျက်လုံးသည် ဘီလူးသရဲနှင့်တွေ့သလို အထိတ်ထိတ်အလန့်လန့် ဖြစ်သွားသည်။ မအေးပွင့်ကိုလည်း မျက်လုံးပြူးမျက်ဆန်ပြူးကြည့်ရင်း တိုးတိုးကလေး ပြောသည်။

"ငြိမ်....ငြိမ်နေ၊ နည်းနည်းကလေးမှ မလှုပ်နဲ့"

မအေးပွင့် အံ့အားသင့်သွားသည်။ ရုတ်တရက်လည်း မလှုပ်ရှားမိအောင် ငြိမ်သက်သွားမိသည်။ သူသည် မုတ်ဆိတ်



တ်မေးသွားကို ဘ...ဘက်လက်ဖဝါးပေါ်တွင် လျင်မြန်စွာ င်လိုက်ပြီး မအေးပွင့်ထံသို့ ညာလက်ညှိုးနှင့် တောက် ည့်လိုက်သည်။

"ထောက်"

ရွှီခနဲ လေသံနှင့်အတူ မေးသွားသည် မအေးပွင့်လည် င်းနားမှ ကျည်ဆန်လို ဖြတ်သွားသည်။

မအေးပွင့်သည် နောက်သို့ ကမန်းကတန်း လှည့်ကြည့်ပြီး ကြောက်အားလန့်အား အော်လိုက်သည်။

"အမယ်လေး"

ထပြေးလာသော မအေးပွင့်ကို သူက ညင်သာစွာ ထွေးွေ့လိုက်သည်။ မအေးပွင့်သည် သူ့ကိုယ်ကြီးကို ကြောက်ားတကြီး ဖက်ထားလိုက်မိသည်။

"မကြောက်ပါနဲ့တော့၊ လှည့်ကြည့်စမ်းပါဦးလား"

မအေးပွင့်သည် သူ့ရင်ခွင်ထဲမှ နောက်သို့ မရဲတရဲ လှည့်ကြည့်လိုက်ပါသည်။

မြွေကြီးတစ်ကောင်။

မအေးပွင့် ထိုင်နေသော ကျောက်တုံးဘေးရှိ သစ်ပင်ကလေးပေါ်မှ တွဲလောင်ကြီး ဆင်းလာသော မြွေကြီး တစ်ကောင်။

သို့ပေမယ့် လည်ပင်းပြတ်နေသည်၊ ခေါင်းပြတ်နေသည်။ ွန့်လိမ်ရင်း အောက်သို့ ဖုတ်ခနဲ ပြုတ်ကျလာသည်။ မုတ်ဆိတ်ရိတ်မေးသွားသည် မြွေကြီး၏ လည်ပင်းကို တိခနဲ ဖြတ်သန်းသွားခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး အစ်ကိုရယ်၊ ပွင့် ရင်တုန်လိုက်တာ"

ဟုတ်သည်။ ဘခက်ကလည်း ရောယောင်၍ တအားဖက်ထားမိသည်။ သူသည် အခုမှ မြွေကြီးကို ကျေးဇူး ကုရွေ့ကုရွှေ့ တင်သွားမိသည်။

နည်းနည်းကလေး ကြာသော့ မအေးပွင့် သိလာ၏။ ကြည့်...တအားကြီးကို ဖက်ထားတာရှင့်။

"အဟင့်....အစ်ကိုရယ်၊ လွှတ်ဦးလေ"

"ကြောက်တယ်ဆို"

"ကြောက်တော့ဘူး"

မအေးပွင့်က အသာအယာရုန်းသည်။ သူက မလွှတ်ချင် လွှတ်ချင် လွှတ်ပေးလိုက်ရသည်။ ဟင်း....ရင်မောပါ။

မအေးပွင့်မျက်နှာကလေးမှာ နီရဲသွားရှာသည်။ ကြောက်တာရော၊ ရှက်တာရော။ ပြီးတော့....

"ရင်တွေကို တုန်သွားတာပဲ၊ ကံကောင်းလို့ပါလား အစ်ကိုရယ်၊ ပွင့်တော့ အစ်ကိုက ငြိမ်ငြိမ်နေ လို့သာ ရုတ်တရက် ပြောင်သွားပြီးငြိမ်နေမိတာ၊ ဒီတစ်ခါလဲ ပွင့်အသက်ကို အစ်ကို ကယ်လိုက်ပြန်ပြီနော်"

"ဘာလဲ၊ ကျေးဇူးတင်တယ်လို့ ပြောဦးမလို့လား"

"အင်းပေါ့"

"ကိုယ်ကတော့ မြွေကြီးကိုပဲ ကျေးဇူးတင်တယ်"

"အစ်ကိုနော်"



"ဟုတ်တယ်လေ၊ ဟင်းစားမရှာရတော့ဘူးပေါ့၊ ကြည့်၊ မြွေသားဟာ ဘယ်လောက်အရသာ ရှိသလဲဆိုတာ ကိုယ်လုပ်ပြမယ်"

ဘခက်သည် ခေါင်းပြတ်နေသော မြွေကြီးကို သစ်ပင်တွင် ပြောင်းပြန်ချိတ်၍ အရေကို ဓားနှင့် ခွဲချလိုက်ပြီး အင်္ကျီချွတ်သလို ခွာချလိုက်သည်။

"အစ်ကို၊ အဲသလို ဓားကို တောက်တတ်အောင် တော်တော် လေ့ကျင့်ယူရမှာပဲနော်"

"အင်း....သိပ်တော့မကြာပါဘူး"

"ဘယ်နှစ်ရက်လောက် ကြာသလဲဟင်"

"သုံးနှစ်"

ဘခက်သည် မြွေ၏ ကျောရိုးတွင် ရှိသော အဆိပ်ကြောကို နှုတ်လိုက်သည်။

"ခေါင်း ပြတ်သွားလို့ အဆိပ် ကုန်သွားပေမယ့် အဆိပ်ကြောင်းတဲ့ မြွေတွေကျတော့ ဒီအတိုင်း ချက်စားရင် မျက်စိမှုန်တတ်တယ် အမိရဲ့၊ ပြီးတော့ အိုးနဲ့ချက်ရင် အဖုံးကို ဟောင်းဟောင်းဖွင့်ထားရတယ်"

သူက မြွေကို အသားမြှောင်းများ လှီးရင်းဆိုသည်။ မအေးပွင့်က ငုတ်တုတ်ကလေး ထိုင်ရင်း သူလုပ်တာကိုငေးကြည့်သည်၊ အရေးထဲ ထဘီပြဲကလည်း တစ်မှောင့်။

"အစ်ကို"

"ဆို....အမိ"

www.burmeseclassic.com

www.burmeseclassic.com



“ပွင့်ကို‘အမိ’က လွဲလို့ ခေါ်စရာ မရှိတော့ဘူးလား ဟင်”

“ရှိတာပေါ့၊ ဂူထဲတုန်းက ခေါ်ခဲ့ပြီးပြီပဲ”

“သွားစမ်းပါ၊ ဒီက အကောင်းပြောနေတာ၊‘ပွင့်’ ခေါ်ပါလား”

“အခုတော့ မခေါ်ချင်သေးဘူး၊ ‘ခေါ်ချိန်တန်’ တော့ ခေါ်မှာပေါ့”

မအေးပွင့် နားရှုပ်သွားသည်။

‘ခေါ်ချိန်တန်’တော့တဲ့။

နားမလည် လိုက်တာ ဟယ်။

“အမိအိတ်ထဲမှာ ဆန်ရှိသေးလား”

“ရှိသေးတယ်”

“ဒါဖြင့် နို့ဆီဘူး တစ်လုံးလောက် ရေနဲ့ဆွတ်ပြီး အင် [illegible] ထုတ်လိုက်”

မအေးပွင့်က သူပြောသလို လုပ်သည်။ သူကတော့ တစ် မိုက်ခန့် မြေကျင်း အဝိုင်းကလေးတစ်ခုကို မားမြှောင်နှင့် တူး နေ၏။ ပြီးတော့ မြေကြီးများကို ကျစ်မာ သွားအောင် မား နှောင့်နှင့် ဆောင့်သည်။

“ဘာလုပ်မလို့လဲ အစ်ကို”

“စကား သိပ်မများနဲ့ဦး၊ အဲဒီလှော်ထားတဲ့ မြွေသားနဲ့ ဆန်ကို သမအောင် ရောနယ်၊ ဆားကလေးနည်းနည်းထည့်”

သူသည် မြေကျင်းထဲတွင် ဖက်နှင့်ပတ်ပတ်လည် လုံအောင် ကာလိုက်ပြီး မအေးပွင့်ထံမှ ဆန်နှင့် မြွေသားကိုယူ၍ ခပ်ဖွ



ကလေး ကျင်းထဲသို့ထည့်သည်။ ပြီးတော့ အပေါ်မှ အင်ဖက်နှင့်အုပ်၍ မြေပါးပါးဖုံးလိုက်၏။

“ကဲ….အမိ၊ ချက်ရေးပြုတ်ရေးကတော့ အမိတာဝန်ပဲ၊ ဝါးခြောက်တွေရှာပြီး အဲဒီကျင်းပေါ်မှာ မီးပုံရှို့ပေတော့”

မအေးပွင့်သည် သူ့အမိန့်အတိုင်း လုပ်ရသည်။ သူကတော့ သစ်ပင်ကိုမှီ၍ ပြားချပ်နေသော စီးကရက်တစ်လိပ်ကို ခဲနှင့် မီးညှိဖွာရှိုက်ရင်း မအေးပွင့် လုပ်သမျှကို ကြည့်နေ ပါသည်။ မကြာခင် မီးဟုန်းဟုန်းတောက်လာ၏။

“မောင်တစ်ထမ်း၊ မယ်ဘာစ်ရွက်ဆိုတာ ဒါမျိုးပေါ့”

“ဘာ….”

“ဩြော်….တက်ညီ လက်ညီဆိုတာ ဒီလိုပဲလို့ ပြောတာပါ၊ ထိုး….ထိုး….မီးညီအောင်ထိုး”

မီးခိုးတွေက သူမ မျက်စိထဲသို့ ဝင်လာသည်။ မအေးပွင့် သည် ဆောင့်ကြောင့်ကလေးထိုင်ရင်း လက်တစ်ဖက်က မီး ထိုး၍ လက်တစ်ဖက်က မျက်လုံးကို ပွတ်သပ်နေရသည်။ ဘာကတဲ့မှပဲ၊ မလွယ်လိုက်ဘာ။

မကြာခင် သူ့ထံမှ ရယ်သံကြားရသည်။ ဘာဖြစ်လို့ ရယ် ရတာပါလိမ့်။

“ပွင့်”

“ရှင်”

“ပွင့်”

“ဘာလဲလို့”

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ခေါ်ပြီးသည်နှင့် မအေးပွင့် မျက်လုံးပြူး သွား၏။ 'ပွင့်'တဲ့။ ပြီးတော့ 'ခေါ်ချိန်တန်တော့တဲ့'။ ဟော တော့။

မအေးပွင့်သည် မီးဖိုဘေးမှ ဆတ်ခနဲပြေးလာပြီး သူ့ဆီ သို့ရောက်လာသည်။ သူ့ရင်အုံကို တအုန်းအုန်း မြည်အောင် ကို ထုပစ်သည်။ သူက မအေးပွင့်၏ ကိုယ်တစ်တစ်ကလေးကို ပွေ့ထားရင်း တဟားဟား ရယ်နေသည်။

ရဲနေ၏။ မအေးပွင့် မျက်နှာကလေး တစ်ခုလုံး ရဲနေ၏။ ပြီးတော့ သူ့ရင်ခွင်ထဲက ရုန်းထသည်။ အားတွေ အင်အား တွေက အလိုလိုကုန်ခန်းသွားသလို ဖြစ်ရသည်။ စပါးကြီးမြွေ ကြီး အညှို့ခံရသလို ဖြစ်သွားသည်။ မောလိုက်တာကွယ်၊ အသည်းထဲကပဲ ထင်ပါရဲ့။

"ပွင့်"

"တော်တော့၊ မခေါ်နဲ့"

"ဪ....စောစောကတော့ ပွင့်လို့ခေါ်ဆို"

"တော်တော့ အစ်ကိုရယ်၊ ဖယ်တော့"

မအေးပွင့်သည် သူ့ရင်ခွင်ထဲမှ ထလိုက်သည်။ ယခုတော့ သူ့မျက်နှာက မှိုရတဲ့ မျက်နှာမျိုး။ မအေးပွင့်က မျက်စောင်း ကြီးနဲ့ထိုးသည်။

မုန်းလိုက်တာဟယ်။

တော်တော့်ကို အရှက်မရှိတဲ့ ရှင့်မျက်နှာကြီးကို မုန်း လိုက်တာ။



သူသည် တွင်းပေါ်မှ မီးကြွင်း မီးကျန်များကို ဖယ်ထုတ် လိုက်၏။ ပြီးတော့ တွင်းထဲမှ ထမင်းထုပ်ကို ထုတ်၍ ဖြေ လိုက်သည်။

မွှေးကြိုင်သော ရနံ့က ထွက်ပေါ်လာသည်။

မအေးပွင့် သွားရည်တမျှားမျှား ဖြစ်လာသည်။

"လာ....ပွင့်၊ စားရအောင်၊ 'စထရင်း'က ထမင်းပေါင်း [illegible]က် ကောင်းတယ်"

"တကယ်"

"လာပါ၊ စားကြည့်စမ်းပါ၊ အဲဒါ တောတွင်း ထမင်း ပေါင်းလေ၊ ဝါးကျည်တောက်နဲ့ ချက်တာထက် ပိုပြီး အရ သာရှိတယ် ပွင့်ရဲ့"

သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင် စားကြသည်။ သည် တစ်ခါတော့ မအေးပွင့် တင်ပျဉ်ခွေထိုင်ထား၏။ မအေးပွင့် တစ်သက်တာတွင် သည်လောက် 'အရသာ'ရှိသည့် အစား အသောက်မျိုးကို မစားဖူးသေးသကဲ့သို့ မှတ်ထင်ရသည်။

"အစ်ကို"

"ဗျာ....ဗျာ"

"တောထဲမှာ မနေပါနဲ့လား အစ်ကိုရယ်၊ လမ်းစဉ်မရှိ ရှိ ပြည်သူလူထုကို ဒုက္ခပေးနေမယ့် အစား၊ ကိုယ့်အမှား ဝန်ခံပြီး လက်နက်ချလိုက်ပါလားဟင်"

"ပွင့်က ကိုယ့်ကို ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲ ထင်ထင်ပေါ့ အစ်ကို၊ ပွင့်စေတနာနဲ့ ပြော တာပါ၊ အစ်ကို့ကို ပွင့် ခင်တယ်၊ ပြီးတော့ အစ်ကိုက ရဲ့ ကျေးဇူးရှင်"

"ပွင့် ကိုယ့်ကို တကယ်ပဲ ခင်တယ်ဆိုရင် ကိုယ်မေးတာ ဖြေစမ်း၊ ပွင့် ဒီရိုးမတောထဲကို ဘယ်လိုရည်ရွယ်ချက်မျိုး ရောက်လာတာလဲဟင်"

မအေးပွင့် မျက်နှာကလေးမှာ ညှိုးသွားသည်။ သူ မေးခွန်းကို ဖြေသင့် မဖြေသင့်လည်း စဉ်းစား ချင့်ချိန် သည်။

"ခက်တယ် အစ်ကိုရယ်၊ အစ်ကိုက သူပုန်ဖြစ်လို့ ခက်တယ်၊ ပြီးတော့ အစ်ကိုဟာ ပွင့်နောက်ကို လိုက်ခဲ့ လူသုံးဆယ်ထဲမှာ တစ်ယောက် အပါအဝင်ပဲ မဟုတ်လား ပွင့်ကို အချိန်မရွေး ဖမ်းနိုင် ဆီးနိုင်လျက်နဲ့ ဘာမှ မလုပ် ပွင့်ဘက်က ပါဝင်ရပ်တည်ခဲ့တယ်၊ ဒါကြောင့် ပွင့် အကြောင်းကို အစ်ကို့ကို ပြောပြဖို့ ပွင့် အကြိမ်ကြိမ်စဉ်း ခဲ့ပေမယ့်"

"ဆက်ပြောလေ ပွင့်"

"အစ်ကိုက သူပုန်သောင်းကျန်းသူ၊ ပြည်သူလူထု ရန်

"ဒါပဲ ထပ်ခါတလဲလဲ ပြောနေတာပဲလား ပွင့်ရ ကဲ...ကိုယ်ဟာ သူပုန်မဟုတ်တော့ဘူး ဆိုရင်ကော"

"ပြောမှာပေါ့၊ ပွင့်ဟာ ဒီရိုးမတောထဲကို ဘယ် ရောက်လာပြီး ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက် စာရွက်



တမ်းတွေကို ဘာဖြစ်လို့ ယူပြေးခဲ့ရသလဲဆိုတာ အစ်ကို့ကို အားလုံး ပြောပြမယ်၊ တကယ်"

"ကိုယ် နီးရာ တပ်မတော် စခန်းတစ်ခုမှာ လက်နက်ချ တော့မယ်လို့ ဆုံးဖြတ်ပြီး စခန်းက ထွက်လာခဲ့တာပဲ ပွင့်၊ ဒါကြောင့် ဗိုလ်မှူး စောစတီးဇ်ရဲ့ အမိန့်ကို ဖီဆန်ပြီး သူတို့ကို ပြန်ပြီး တိုက်ခဲ့တာပေါ့၊ ဗိုလ်မှူး စောစတီးဇ်ဟာ သူ့အမိန့်ကို ဖီဆန်ရင် သေဒဏ်လို့ တစ်ချက်လွှတ် အမိန့်ပေးလိုက်တာ ပွင့်ရဲ့"

မအေးပွင့်၏ မျက်နှာလှလှကလေးမှာ ငွေလဝန်းနှယ် ကြည်သာလာပါသည်။ အပြုံးရိပ်တစ်ခုကလည်း သူမ မျက် နှာတွင် သိသိသာသာ ခြယ်သလာတော့သည်။

"တကယ်....တကယ် ပြောတာလားအစ်ကိုရယ်၊ ပွင့် ဝမ်းသာလိုက်တာ"

"တကယ်ပါ ပွင့်ရယ်၊ ကိုယ်တကယ်ပြောနေတာပါ"

ပြုံးလိုက်ကြပါသည်။

ရင်ထဲကလာသည့် အပြုံး။

နှလုံးသားထဲကလာသည့် အပြုံး။

သည်အပြုံးက နေဝန်းထက် တောက်ပသည်။ လဝန်း ထက် အေးမြသည်။ သူတို့နှစ်ယောက်သည် ထမင်းလုတ်ကိုယ် စီကိုင်ရင်း မစားဖြစ်ကြသေးဘဲ အပြုံးချင်းလှယ်နေကြသည်။

အသာအနာ မရှိ။

ပကတိ တူညီနေသည့် အချစ်ပြုံးရိပ် ကလေးတွေ ပေါ့။ ပြီးတော့ လက်ထဲတွင် ကိုင်ထားသော ထမင်းလုတ်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ပလုတ်ပလောင်း စားလိုက်ကြသည်။ ပါးစပ်တွေ ပေကျံသည်။ သူက သူမနှုတ်ခမ်းဘေးမှထမင်းစေ့တွေကို လက်ဖမိုးလေးဖြင့် ချစ်စနိုး သုတ်ပေးသည်။ သူ့နှာခေါင်းတွင် ကပ်နေသော ထမင်းစေ့ကိုတော့ မမြင်၊ မအေးပွင့် ရယ်ရသည်။

"စားလို့ကောင်းရဲ့လား အစ်ကို"

"သိပ်ကောင်း"

"ဘာ....ဘာ"

"ကာရန်လိုက်သွားတာပါ"

"သွား...."

နှစ်ယောက်သား ယှဉ်တွဲရင်း ချောင်းအလယ်တွင် တူးထားသော လက်ယက်တွင်းကလေးသို့ သွားကြသည်။ ရေကို တဝသောက်ပြီး ရေဘူးတွေကို ရေပြန်ဖြည့်ကြသည်။

"မိုးများရွာဦးမလားမသိဘူး ပွင့်၊ တော်တော်မှိုင်းလာပြီ၊ ရိုးမမိုးက ရွာချင်ရင် ဟောဟောဒိုင်းဒိုင်းပဲ"

ဘခက်သည် မှိုင်းညို့လာသောကောင်းကင်ကိုကြည့်ရင်း ဆိုသည်။

"မိုးရွာရင်တော့ ဒုက္ခပဲ၊ လဲစရာလဲမရှိ၊ မိုးကာလဲမပါဘူး"

"ကိစ္စမရှိပါဘူး ပွင့်ရယ်၊ သဘာဝရဲ့အန္တရာယ်ကို ကာကွယ်ဖို့ သဘာဝ အတားအဆီးတွေ ရှိနေတတ်ပါတယ်"

သည်စဉ်မှာပင် သူ့အမူအရာတွေ ရုတ်တရက် ပြောင်းလွှဲသွားကြောင်း မအေးပွင့် သတိထားမိသည်။ အစာစားနေ



ရင်း နားစွင့်လိုက်သော ယုန်ငယ်ကလေးတစ်ကောင်လို သူ့နားရွက်တွေက ထောင်သွားသည်။

"ပြေး....ပြေး"

သူသည် မအေးပွင့်လက်ကိုဆွဲရင်း သဲချောင်းကြီး ကို တအားဖြတ်၍ ပြေးသည်။ ရေဘူးနှစ်လုံးကိုလည်း လက်က ဆွဲထားသည်။ မူလနေရာ ကျောက်ဆောင်တွေနားသို့ ရောက်ခါနီးတွင်တော့ ပလ္လပ်ပုံလာ၏။ ,

ကျည်ဆန်တွေ။

လေကိုခွဲရင်း တဒိုင်းဒိုင်း ဆူညံသွားသည်။ သူတို့နှစ်ယောက်လည်း အကာအကွယ်သို့ ပွတ်ကာသီကာ ရောက်ရှိသွားသည်။

သဲချောင်းကိုဖြတ်၍ ပြေးလိုက်လာသော ရှေ့ဆုံးမှ နှစ်ယောက်ကို နောက်ကအဖွဲ့တွေက ကျည်ကာ ပစ်ပေးနေသည်။ တပ်စိတ်တစ်စိတ်လောက်တော့ရှိမည်ဟု ဘခက် ခန့်မှန်းလိုက်သည်။ ဘခက်သည် ကျောက်တုံးကိုကွယ်ရင်း စောင့်နေ၏။

"ပွင့်....အဆင်သင့်လုပ်ထား"

မအေးပွင့်သည် ကျည်ခါးပတ်၊ ကျောပိုးအိတ်၊ ရေဘူးနှင့် ဘခက်၏ စစ်လွယ်အိတ်ကို လွယ်ပြီး သူမ၏အသံတိတ် ပစ္စတိုသေနတ်ကလေးကို အဆင်သင့် ကိုင်ထားပြီး နေရာယူလိုက်၏။

"ဒက်....ဒက်....ဒက်....ဒက်"

www.burmeseclassic.com

www.burmeseclassic.com



မောင်းပြန်သေနတ်ဖြင့် မွှေ့လိုက်သဖြင့် ကျည်ဆန်တွေက ကျောက်တုံး ကျောက်ခဲ၊ သစ်ရွက်သစ်ခက်တွေကို ပြတ်ကျ ဖွာထွက်သွားစေသည်။

ရန်သူနှစ်ယောက်သည် နောက်က ကာပင်ပေးနေသော ပစ်အားကို အကာအကွယ်ယူရင်း ချောင်းကို အပြေးဖြတ် လိုက်ကြခြင်းပင်။

မီတာ ငါးဆယ်။

မီတာ လေးဆယ်။

မီတာ အစိတ်။

"ဒိုင်း....ဒိုင်း"

ဘခက်၏ 'နိုင်းမီလီမီတာ' ဘရောင်နီပစ္စတိုက အသံနှင် ချက် ထွက်သွား၏။ အသက်နှစ်ချောင်း ပျောက်သွားသည်

ချောင်းကမ်းပါးစပ်တွင် ကျွမ်းဘားပညာပြရင်း မလှ မယှက် လဲကျသွားသူ နှစ်ယောက်ကို မြင်လိုက်ရသဖြ နောက်က ရန်သူတွေ တန့်သွားသည်။ 'သတ်ကွင်း' ဖြစ်သော သဲချောင်းကြီးကို ဖြတ်၍ မလိုက်လာဝံ့တော့။

ဟိုမှာဘက်ကသာ သဲသဲမဲမဲ ဆော်နေသည်။ ပစ်နေသည် ဒိုင်း....ဒိုင်း....ဒက် ဒက် စက်သေနတ်အသေးစားကလေး နှင့် မွှေနေသည်။

ဘခက်နှင့် မအေးပွင့်သည် ကျောက်တုံးကြီးတစ် နောက်တွင် ကျကျနန နေရာယူပြီးလေပြီ။ တတ်နိုင်လို့ ကာ' နှင့် ပစ်ဦး၊ မဖြုံရေးချမြုံ။

"ပွင့်"



"ရှင်"

"အစ်ကို့ ဘေးလွယ်အိတ်ထဲမှာ လက်ပစ်ဗုံးတစ်လုံး ရှိ တယ်၊ ထုတ်ပြီး ပင်ကွင်းကို အဲဒီထဲမှာပါတဲ့ ကြိုးကလေးနဲ့ ချည်လိုက်၊ ပင် မဖြုတ်နဲ့နော်"

"ဟုတ်....ဟုတ်ကဲ့"

မအေးပွင့် သည်လုပ်ငန်းကို ကျွမ်းကျင်ပါသည်။ စစ်ခါး ပတ်နှင့် တွဲထားသော ဘေးလွယ်အိတ်ထဲမှ အမှတ် သုံးဆယ့် ခြောက် အင်္ဂလိပ်လက်ပစ်ဗုံးကို ထုတ်၍ အတွင်း၌ တွေ့ရ သော နိုင်လွန်ကြိုးစိမ်းကလေးနှင့် ချည်လိုက်သည်။

ဘခက်သည် ချောင်းတစ်ဖက်ကမ်းသို့ တစ်ချက်တစ်ချက် လှမ်းပစ်နေ၏။

"ပြီးပြီ အစ်ကို"

"ပွင့်၊ ဒီကိုလာ၊ ရော့....သေနတ်၊ တစ်ချက်တစ်ချက် အသံပေးထား၊ ဒီကောင်တွေ ရှုတ်တရက် ချောင်းကိုဖြတ်ရဲ ဦးမှာ မဟုတ်ဘူး၊ ခေါင်းမထွက်စေနဲ့နော်"

"အင်း....အင်း....အစ်ကို၊ ပွင့် နားလည်ပါတယ်"

မအေးပွင့်သည် သူ့ထံမှပစ္စတိုကို လက်ပစ်ဗုံးနှင့်လဲ၍ သူ့ နေရာကို ယူလိုက်သည်။ သူပြောသည့်အတိုင်း ကျောက်တုံး ကြီးကို အကာအကွယ်ယူ၍ ချောင်း၏ တစ်ဖက်ကမ်းစပ်သို့ သေနတ်သံပေးရင်း ဟန့်တားထားသည်။

ဘခက်သည် ဗုံးကို ပိရိသေသပ်စွာ ထောင်လိုက်၏။ စက္ကန့်သုံးဆယ်မပြည့်မီ သူ့လုပ်ငန်းက ပြီးစီးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ရန်သူကလည်း သူတို့တစ်တွေ၏ ကျည်အား နှင့် ဖစ်ခတ်မှုကို ရိပ်စားတွက်ချက်မိသွားကြပြီ။ သဲချောင်း ကြီးတွင် လူဖြန့်လိုက်၍ 'ကင်းမြီးကောက်' ပုံစံဖြင့် ပစ်တက်, တက်လာကြလေပြီ။

"ပြေးစို့"

သူတို့နှစ်ယောက် ခွေးပြေး ဝက်ပြေး ထွက်ပြေး ကြရပါ တော့သည်။ ဘခက်သည် ပေါင်တွင် ဒဏ်ရာရထားသော မအေးပွင့်ကို တွဲပြေးရသောကြောင့် ခရီးမတွင်လှ။ သူတို့ နှစ်ယောက်သည် ဝါးရုံတောထဲသို့ ရောက်သာကြ၏။

"အုန်း"

ကျယ်လောင်စွာ မြည်ဟည်းလိုက်သော လက်ပစ်ဗုံး ပေါက်ကွဲသံကြီးကို ကြားလိုက်ရပါ၏။ သည်အသံနှင့်အတူ ဘယ်နှစ်ယောက် 'အသုဘ' ဖြစ်သွားသည်ကိုတော့ဖြင့် မသိ နိုင်ပါ။

ရိုးမမိုးသည် အငြိုးနှင့် ရွာချလိုက်၏။

တစ်မိုးလုံး မည်းမည်းမှောင်သွားသည်။ ပိန်းပိန်းနက် သွားသည်။ အုပ်ဆိုင်းနေသော သစ်ပင် ဝါးပင်များကြောင့် သဲသဲကွဲကွဲ မမြင်ရအောင် အမှောင်သမ်းလာတော့သည်။

တစ်ခုတော့ ကောင်း၏။

သဘာဝအဘားအဆီးကြောင့် နောက် က ရန် သူ မှာ ချီတက်မှု နှေးကွေးသွားစေမည်။

တစ်ခုတော့ မကောင်း။



မိုးရွာလိုက်သဖြင့် ခြေရာတွေ ထင်ကျန်ရစ်ခဲ့မည်။ ရန်သူ သည် သူတို့နှစ်ဦး၏ ခြေရာကို အလွယ်တကူခံ၍ တဖြည်း ဖြည်း လိုက်လာနိုင်ပေသည်။

ဘခက်သည် မြေပျော့ထက် ကျောက်ဆောင် ကျောက်ခဲ ပေါ်တွင် ခရီးလမ်းကြောင်းပြောင်းဖို့ ဆုံးဖြတ်လိုက်၏။ သို့ရာတွင် ကြခတ်ဝါးရုံတောထဲတွင် ချာချာလည်နေသည်။ ထွက်လို့မရအောင် ဖြစ်နေသည်။

ဘယ်နေရာကြည့်ကြည့် 'ဝါး'။

ဘယ်နားသွားသွား 'ဝါးရုံ'။ တင်း၊ ကြခတ်၊ တလပို၊ ကြသောင်း၊ ဝါးပေါင်းစုံနေသည်။

တစ်ခါတစ်ရံ မတ်တတ်တိုး၍မသွားသာသဖြင့် မိကျောင်း သွားနည်းဖြင့် တွား၍တက်ရသည်။ လူတစ်ကိုယ်စာသာ ရှိသော ကတ်သီးကတ်သတ်နေရာကလေးတွေမှာ တွန့်လိမ်၍ ဖြတ်သန်းရသည်လည်း ရှိသည်။ တစ်နာရီခန့် တဝဲဝဲလည် ဖြစ်နေကြ၏။

'ဝါးပင်လယ်' တွင် နှစ်ယောက်သား မျက်စိလည်နေကြ ပေပြီ။ နှစ်ယောက်စလုံးလည်း ရွှံ့တွေ၊ ရေတွေ၊ သဲတွေဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြပြီ။ ပင်ပန်းနေကြပြီ။

ကြခတ်ဝါးတွေကဗျာ.... လွှသွားလို အစွယ်
ချွန်လို့....နယ်လွန်အောင်.... ဘယ်ပုံပြေးရပ?
နှမတော်ရဲ့

ဆိုသော စိန်အောင်မင်း၏ ငိုချင်းချသံကိုပင် ဘခက် သတိ ရလာသည်။ ပြီးတော့ တစ်ကိုယ်လုံး ပွန်းရာပဲ့ရာ ခြစ်တွေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်နိုင်သေးရဲ့လား ပွင့်ရယ်"

"ပွင့်....ပွင့်....သိပ်ပင်ပန်းနေပြီ အစ်ကိုရယ်၊ ပွင့်ကိုထားပြီး အစ်ကိုသာ လွတ်အောင် ပြေးပါတော့"

"အို....မဟုတ်တာ ပွင့်ရယ်၊ ပွင့်ကို ကိုယ်က ဘာလို့ ထားခဲ့ရမှာလဲ၊ သေအတူ ရှင်မကွာပေါ့၊ သူတို့လဲ ကိုယ်တို့နောက်ကို လိုက်နိုင်တော့မှာ မဟုတ်တော့ပါဘူး၊ သေနတ်သံတောင် မကြားရတော့ဘူး"

ဝါးရုံကလေးတစ်ခု၏ အောက်သို့ အရောက်တွင် သူတို့နှစ်ယောက် နားလိုက်ကြသည်။

သည်နေရာကလေးက မိုးလုံသည်။

သစ်ပင်ကြီးလေးပင် ဆိုင်ပေါက်နေပြီး ဘေးတွင် ဝါးရုံတွေယှက်သိုင်းနေသည်။ ဝါးရွက်တွေဖြင့်အုပ်ဆိုင်းနေသည်။ မိုးက အတန်ငယ်စဲသွားသော်လည်း မိုးမှောင်ကြီး ကျနေသဖြင့် တစ်ယောက်နှင့်တစ်ယောက်ပင် သဲသဲကွဲကွဲ မမြင်ရလောက်အောင် အလင်းရောင်ကင်းမဲ့နေသည်။

ဘခက်သည် ခိုက်ခိုက်တုန်နေသော မအေးပွင့်ကို ပွေ့ထား၏။ မအေးပွင့်ခမျာမှာ ချမ်းလွန်းသဖြင့် သွားချင်းရိုက်နေ၏။

"အစ်ကို"

"ပွင့်"

"ပွင့်နဲ့အစ်ကိုများ တစ်ယောက်နဲ့တစ်ယောက် ကွဲသွားခဲ့ရင် ပွင့် ယူလာတဲ့ပစ္စည်းတွေကို 'မြင့်မြင့်စန်း'ဆီကို ရောက်အောင် ပို့ပေးပါနော်"



"မြင့်မြင့်စန်း....ဟုတ်လား၊ သူက ဘယ်သူလဲ"

"လမ်း ၃၀ က ပွင့်ရဲ့ညီမလေ"

"သိပ်စကားမပြောပါနဲ့လား ပွင့်ရယ်၊ ငြိမ်ငြိမ်ကလေး မှေးနေလိုက်ပါလား၊ အချမ်းပြေသွားအောင်"

"ပွင့် ဖျားလာပြီ ထင်တယ်"

ဘခက်သည် မအေးပွင့်၏နဖူးကို စမ်းကြည့်လိုက်၏။ ရေခဲတွ ရွှဲနေသော်လည်း ချစ်ချစ်တောက်အောင် ပူနေသည်။

ဘခက် စိတ်ပူသွားသည်။

သို့ပေမယ့် အားပေးလိုက်သည်။

"မဖျားပါဘူး ပွင့်ရယ်၊ အနာရှိန်ကြောင့် ကိုယ် နည်းနည်းပူတာပါ၊ ဂူတစ်ခုခုရှာပြီး မီးလှုံလိုက်ရင် ပျောက်သွားမှာပါ"

ထိုအချိန်တွင် ဘခက်၏နှာခေါင်းထဲတွင် အနံ့တစ်မျိုး ရလာသည်။

ခပ်စောစောက သတိမထားမိခဲ့သော်လည်း ခေတ္တနားလိုက်ရသဖြင့် သူ့အသိဉာဏ်က ပြန်လည်လှုပ်နိုးလာရသည်။ သူတို့နှစ်ယောက်သည် သစ်ပင်လေး၏ အလယ်ရှိ ဝါးရုံကလေးအောက်တွင် ရောက်နေ၏။ မိုးလည်းလုံသည်။ ပြီးတော့ အနံ့လည်းရသည်။ ထိုစဉ်တွင် ဖလပ်ခနဲ နားရွက်ခတ်သံ ကြားလိုက်ရ၏။ ဘခက်သည် ကြက်သီးဖြန်းဖြန်းထသွားပါသည်။

မြတ်စွာဘုရား....

ရင်ထဲ ဘုရားတ,လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို....ပွင့်လေ...."

ဘခက်သည် မအေးပွင့်၏ပါးစပ်ကို လက်နှင့် တအားပိတ်ရင်း သူမကိုယ်လေးကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားပြီး သူ့ခေါင်းကို ပုထားသည်။ မျက်စိကိုလည်း မှိတ်ထားလိုက်သည်။

ပထမ သစ်ပင်ကြီးလေးပင်စလုံး သိမ့်ခနဲလှုပ်သွား၏။

နောက် သစ်ပင်ကြီးတွေမှာ ရွေ့လျားသွားပြီး ဝါးရုံကြီးပြိုလဲသွားသလို အသံအယာ လျှော့ထွက်သွား၏။

ဘခက် မော့ကြည့်လိုက်သည်။

ဝါးရုံကြီးလည်း မရှိတော့။

သစ်ပင်ကြီးလေးပင်လည်း မရှိတော့။

အလိုလေး....ဆင်ဆိုသည်မှာ နှာမောင်းနှင့်ပါတကား။

အခန်း (တစ်ဆယ့်နှစ်)

ဒေါသ ဖြစ်နေသည်။

ဒေါသအမျက် ခြောင်းခြောင်းထွက်သော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ဖြစ်နေသည်။

ဖားသူငယ်သည် ကန်ငယ်၏အလယ်ရှိ ကြာဖက်ပေါ်တွင် လေးဖက်ထောက်၍ထိုင်ရင်း ခြင်္သေ့မင်းကို ရန်စ၏။ ခြင်္သေ့က ဟိန်းဟောက်လိုက်တိုင်း ရေအောက်သို့ ဒိုက်ဗင်ထိုးချသည်။ အဟောက်ရပ်သွားတော့ ကြာဖက်ပေါ်သို့ ပြန်တက်ပြီး ရန်စပြန်သည်။

"ဟေ့ကောင်ကြီး....သတ္တိရှိရင် လာလေကွာ"

ခြင်္သေ့က ဟောက်ပြန်သည်။ ဖားကလေးက ရေထဲတွင် ပျောက်သွားပြန်သည်။ သည်လိုနှင့် ခြင်္သေ့ဟောက်လိုက် ဖားငယ်က ရန်စလိုက်ဖြင့် ကြာတော့ ခြင်္သေ့ကြီး အဟောက်ဖောက်ပြီး ရင်ပေါက်လို့သေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက ရှေးတုန်းကပုံပြင်။

ယခုလည်း သောင်းကျန်းသူ စောစတီးဇ်သည် ခြသေ့်ကြီးလို ဒေါသအမျက် ခြောင်းခြောင်းထွက်နေပါသည်။

သို့ရာတွင် ရင်ကွဲလို့တော့ မသေသေး။

မိန်းမငယ်လေးတစ်ယောက်ကို ဒင်ဒင်မြည်နေသော တပည့်ကျော် သုံးဆယ်ကိုလွှတ်၍ တွေ့ရာသင်္ချိုင်း ဓားမဆိုင်း အမိန့်ပေးလိုက်၏။

သူ့တပည့်တွေ တစ်ယောက်ပြီးတစ်ယောက် မရဏ ဈာန်ကြွကုန်ကြသည်။ မအေးပွင့်ဆိုသည့် ဖားမလေးကတော့ လွတ်နေတုန်း။

"တောက်....သောက်သုံးမကျတဲ့ကောင်တွေ၊ မင်းတို့ ဒီ ဟာမလေးတစ်ယောက်ကိုတောင် မိအောင်မဖမ်းနိုင်ရင် ဘာလို့ သေနတ်ကိုင်ပြီး တောထဲလာနေသလဲ၊ ထဘီဝတ်ပြီး မိန်းမပျက် လုပ်နေကြပါလား"

တိုက်စိုးတစ်ယောက် စခန်းသို့ ပြန်လည်ရောက်ရှိလာပြီး ဖြစ်ပျက်ပုံအလုံးစုံကို စောစတီးဇ်ထံ သတင်းပို့လိုက်သည်နှင့် ယမ်းပုံမီးကျ ဖြစ်သွားခဲ့ရသည်။

"ဗိုလ်ဘခက် သစ္စာဖောက်သွားလို့ပါ ဗိုလ်မှူး"

"သစ္စာဖောက်ရင် ကျည်ဆန်ကျွေးလိုက်ရုံပေါ့ကွ၊ မအေ (....)တွေ၊ တစ်ယောက်မှ အသုံးမကျဘူး၊ ဒါနဲ့ မင်းကကော ဘာဖြစ်လို့ ပြန်လာရတာလဲ"

"ကျွန်....ကျွန်....ကျွန်တော် ဗိုလ်မှူးကို အကျိုးအကြောင်း ပြန်ပြီးသတင်းပို့တာပါ"



"ဘာ....မင်းတို့ကို ငါ အပြတ်အမိန့်ပေးပြီးသား မဟုတ်လား၊ ဗိုလ်ယက္ခရဲ့ဒိုင်ယာရီနဲ့ တို့ရဲ့ အသက်လောက်အရေးကြီးတဲ့ လျှို့ဝှက်စာရွက်စာတမ်းတွေကို မရမချင်း မပြန်ခဲ့ရဘူးလို့"

"ဟုတ်....ဟုတ်....ဟုတ်ပါတယ် ဗိုလ်မှူး"

တိုက်စိုး ကြောက်ဒူးတုန်နေပြီ။

"မင်း စုရပ်ကို ရောက်ခဲ့ပြီလား"

"မ....မရောက်ခဲ့သေးပါဘူး ဗိုလ်မှူး"

"အေး....ကောင်းတယ်၊ မင်းနာမည်ကို တိုက်စိုးကနေ ကြောက်လို့ ပြောင်းပစ်ဖို့တောင်ကောင်းသေးတယ်"

စောစတီးဇ်သည် ခါးမှပစ္စတိုသေနတ်ကို ဆတ်ခနဲဆွဲထုတ်လိုက်သည်။ ပြီးတော့ တိုက်စိုး၏ ရင်ဝသို့ ချိန်လိုက်သည်။

"ငါဟာ ဒီကောင်မကိုမိရင် ဆုငွေတစ်သိန်း ပေးမယ်လို့ မင်းတို့ကို ကတိပေးခဲ့တယ်မဟုတ်လား၊ ဒီတာဝန်ကိုပျက်ကွက်ခဲ့ရင်...."

"ကျွန်....ကျွန်တော့်ကို ချမ်းသာပေးပါ ဗိုလ်မှူး"

စောစတီးဇ်သည် ခေတ္တ စဉ်းစားလိုက်သည်။ ပထမတော့ ဆုငွေတစ်သိန်းအစား ကျည်ဆန်တစ်တောင့်ကို 'ဆု'ချလိုက်မည်ဟု စိတ်ကူးလိုက်သေးသည်။

သို့တစေ...တိုက်စိုးလိုလူတစ်ယောက် အကြောင်းမဲ့သာ သက် လျော့သွားမှာကို မလိုလား။ ထို့အပြင် တိုက်စိုး ပြန်လည်ရောက်ရှိလာပြီး သတင်းပို့ခဲ့သဖြင့် အကျိုးအကြောင်း ကို သိရှိခဲ့ရသည်။ အခြေအနေအမှန်ကို တိတိပပကြားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး....ဒီတစ်ခါတော့ မင်းအသက်ကို ချမ်းသာပေးလိုက်ဦးမယ်၊ အဲဒီတော့ မင်းတို့လူတွေကို ရနိုင်သလောက် ပြန်စုပြီး ဘခက်နဲ့မအေးပွင့်ကို အရှင်ရအောင် ဖမ်းယူခဲ့ရမယ်၊ ပြီးတော့ တို့နယ်မြေက ရွာတွေကိုလဲ လူတွေခဲ့လွှတ်ထား၊ မြေပေါ်က အဆက်အသွယ်တွေကိုလဲ ကြိုတင်ပြီးသတင်းပေးထား၊ ဒါကို စစ်ဆင်ရေး တစ်ရပ်အနေနဲ့ ဦးစားပေးပြီး ဆောင်ရွက်ပါ၊ ကဲ....ဘာမေးစရာရှိသေးလဲ"

'မရှိပါဘူး ဗိုလ်မှူး"

"ဒါဖြင့် သွားတော့၊ ငါ ထပ်ပြောလိုက်ဦးမယ်၊ ဒီစစ်ဆင်ရေး မအောင်မြင်ဘဲပြန်လာရင် အားလုံး သေဒဏ်"

တိုက်စိုး ပြန်ခဲ့သည်။

စောစတီးဗ် အမိန့်ပေးလိုက်သည့်အတိုင်း ရိုးမက ထွက်သော လမ်းသုံးဆယ်တွင် အသီးသီး စောင့်ဆိုင်း ရှာဖွေနေသော လူသုံးဆယ်ထဲမှ ကျန်သမျှလူတွေကို စုစည်းပြီး ဘခက်နှင့် မအေးပွင့်နောက်သို့ အသေအလဲလိုက်ခဲ့ပါသည်။

ငွေယောင်ယံချောင်းတွင် ဆုံကြ၏။

သို့တစေ....ဘခက်နားက အင်မတန်ပါး၏။ တောတိုးသံနှင့် စကားပြောသံသဲ့သဲ့ကလေးကို ရေခပ်ရင်း ကြားလိုက်ရသည်။

သူ့နားက တောနှင့် ယဉ်ပါးပြီးဖြစ်၏။

လေတိုက်သံ၊ တောတိုးသံ၊ သစ်ကိုင်းကျိုးသံကအစ ခွဲခြားခြား သိသည်။ နားပါးသည်။ တကယ်လို့များ ငွေယောင်ယံချောင်းအလယ်တွင် အမှုမဲ့အမှတ်မဲ့ နေလိုက်မိပါက ဒုက္ခ



သို့တစေ....

တပ်စုတစ်စုစာလောက် ရွေ့လျားလာသော ခြေသံနှင့် တောတိုးသံကို သူ့နားက ကြားလိုက်သည်။ ထို့ကြောင့်ပင် မအေးပွင့်လက်ကိုဆွဲ၍ သေဖြေးရှင်ပြေး ပြေးခဲ့ခြင်းပင်။ ဒါတောင် ကျည်ဆန်တွေက ပလူပျံအောင် လိုက်လာခဲ့သေး၏။

တိုက်စိုးသည် အသည်းကို အပ်နှင့်အဆွခံရသလို ဖြစ်သွားခဲ့၏။ ချောင်းကိုဖြတ်၍ ဘခက်နှင့် မအေးပွင့်တို့ စခန်းချခဲ့သော နေရာသို့အရောက်တွင် ဘခက် လျှို့ဝှက်စွာသယ်ထားခဲ့သော Mark 36 လက်ပစ်ဗုံး၏ကြိုးကို ခလုတ်တိုက်မိသွားသည်။

'အုန်း' ခနဲ အသံနှင့် အတူ ရှေ့ပြေး ငါးယောက်စလုံး ခေသာပေါ်သွားခဲ့သည်။ သူကိုယ်တိုင် ကိစ္စချောမသွားသည့်တိုင်ပင် ကျေးဇူးတင်ရမလို ဖြစ်သွားသည်။

သို့ပေမယ့် ကမ္ဘာမကျေ။

ခြေတစ်ဆုံး....မိုးတစ်ဆုံးလိုက်မည်။

တိုက်စိုးသည် သူ အပါအဝင် ကျန်သောလေးယောက်နှင့် ခြေရာကောက်၍ လိုက်လာတော့၏။ မိုးက ရွာချသည်။ တစ်ယောက်နှင့်တစ်ယောက်ပင် သဲသဲကွဲကွဲမမြင်ရလောက်အောင် မိုးမှောင်ကြီး ကျသွားသလို သူတို့နှစ်ယောက်ကသည်း 'ဝါးတော' ထဲတွင် ပျောက်သွား၏။

သူတို့တစ်တွေ မိုးစဲအောင် ခေတ္တ စောင့်ဆိုင်းလိုက်ကြ၏။ မိုးရွာတော့ ခြေရာကောက်ရ ပိုလွယ်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့် အကြာတွင် မိုးစဲသွား၏။ အဲသည်တော့မှ ခြေရာကောက်ရင်း ဝါးတောထဲသို့ ဝင်ခဲ့ကြသည်။ ခြေရာက ဝက်ပါလို ပတ်နေ၏။ ရှုပ်နေ၏။

တစ်နေရာအရောက်တွင်တော့ တိုက်စိုး မျက်လုံးပြူးသွားရသည်။ လတ်လတ်ဆတ်ဆတ် ဆင်ခြေရာ လေးခု၏ အလယ်တည့်တည့်တွင် လူခြေရာတွေကို တွေ့ရ၏။ လဲလျောင်းသွားသော နေရာကို တွေ့ရ၏။

ဆင်နှင့်လူ။

လူနှင့်ဆင်။

တောဆင်ရိုင်းနှင့် တွေ့သဖြင့် နှစ်ယောက်စလုံး စိစိညက်ညက် ကြေကုန်ပြီလား။

"ဟိုမှာ ဆရာ"

တစ်ယောက်က လက်ညှိုး ညွှန်ပြသည်။ တိုက်စိုး ကြည့်လိုက်၏။ ဟောင်းနွမ်းနေသော စစ် မျက်နှာသုတ်ပဝါကလေး တစ်ထည်ပင်။ ဝါးရုံကိုင်းနှင့် ငြိပြီး ကျန်ခဲ့သော ဘခက်၏ ပစ္စည်းဖြစ်ရပေမည်။

"သွားယူစမ်း"

တိုက်စိုး၏ လူတစ်ယောက်သည် ဝါးရုံကိုင်းနှင့် ငြိနေသော 'စစ်တဘက်' ကလေးကို ဆွဲလိုက်၏။

"ရှီ...ဒုတ်"



ကိုင်းနေသော ဝါးတစ်လုံးမှာ အပေါ်သို့ ဆန့်ထွက်သွားသလို ရင်ဝတွင် ဓားတန်းလန်း စိုက်နေ၏။

ချောပြန်ပြီ တစ်ယောက်။

ဘခက် ထောင်ထားခဲ့သော 'သုတ်ကိုင်း' ၏ ခလုတ်ကို ဖြုတ်မိခြင်းပါပေ။ တောတွင်း 'သားကောင်' ထောင်နည်း ဖြစ်သော်လည်း ယခုတော့ 'လူကောင်' တစ်ယောက် မသာ ပေါ်သွားပါပြီ။

တိုက်စိုးသည် အံကို တင်းတင်း ကြိတ်လိုက်ရင်း တစ်လုံးချ အသံထွက်လာ၏။

"ခား...ဘ...ခက်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်သုံး)

မားဘခက်သည် ဖျားလျက်နှင့် သတိမေ့နေသော မအေးပွင့်ကို ပခုံးတွင်ထမ်းရင်း ဂူကြီးအတွင်းသို့ ဝင်ခဲ့သည်။ သည်ဂူကို တွေ့အောင် မနည်းရှာခဲ့ရ၏။

စင်စစ် ဂူဟူ၍ မည်ကာမတ္တသာဖြစ်သည်။

ကျောက်ဆောင်ကြီး နှစ်ခုအကြားရှိ လူတစ်ကိုယ်စာ ဝင်ပေါက်ကလေးသာဖြစ်သည်။ သို့တစေ အတွင်းသို့ရောက်သည်နှင့် အတော်အသင့် ကျယ်ဝန်းပြီး အပေါ်တွင် ကျောက်လွှာနှစ်ခု ဆက်စပ်နေသောကြောင့် အမိုးလိုဖြစ်နေသည်။ ရိုးမထဲတွင် သည်လိုနေရာမျိုးတွေ အတော်များများရှိကြောင်း ဘခက် သိထားပြီးဖြစ်ပါသည်။

သူသည် တစ်ကိုယ်လုံး ချစ်ချစ်တောက်အောင်ပူ၍ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသော မအေးပွင့်ကို ချသည်။ အသာအယာ ချလိုက်သည်။ ခွေခွေကလေး။



အရေးကြီးတာ မီး။

မီးကို ဖန်တီးဖို့ ပထမဆုံး ကြိုးစားရသည်။

ဂူတွင်းရှိ သစ်ရွက် သစ်ခက်ခြောက်တွေနှင့် မီးဖိုကလေးတစ်ခုဖြစ်အောင် အရင်ဆုံးလုပ်ရသည်။ ပြီးမှ ဂူဝရှိ မိုးစိုနေသော သစ်ကိုင်းခြောက်တွေကိုယူ၍ စိုနေသော အပေါ်ယံရှိ အခွံတွေကို ဓားနှင့်ခွာပစ်လိုက်ပြီး ထင်းအဖြစ် အသုံးပြုလိုက်သည်။ မကြာမီ တဟုန်းဟုန်းတောက်လာသော မီးဖိုကြီးတစ်ခုဖြစ်လာတော့၏။

မအေးပွင့်သည် တအင်းအင်း ညည်းညူနေရှာသည်။ သူသည် သူမကို မီးဖိုနားသို့ ရွှေ့၍ အပူဓာတ်ပေး၏။

သို့ပေမင့်....

သူမတစ်ကိုယ်လုံး ရွဲနေ၏။

မိုးရေတွေ ပိုနေ၏။

ရုတ်တရက် ဘယ်လိုလုပ်ရမည်ကိုပင် မသိတော့အောင်ဖြစ်သွားရသည်။ အင်္ကျီထဘီတွေကို ရေညှစ်ပစ်မှ၊ လဲပစ်မှ။

"ပွင့်....ပွင့်....မအေးပွင့်"

သူမထံမှ အသံထွက်မလာ။

စိုးရိမ်စိတ်သည် သူ့ရင်တွင် ခိုဝင်လာသည်။

ပင်ပန်းတာနှင့် ဒဏ်ရာ၏ အရှိန်ပေါင်းစပ်ပြီး မိုးက ထပ်၍ မိလိုက်သောအခါ ပန်းဖျား, ဖျားခြင်းဖြစ်ကြောင်း သူသဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ....မထူးတော့ပါဘူး၊ နောင်ခါလာ နောင်ခါချေး၊ ရှက်တာ ကြောက်တာတွေ ဘေးချိတ်ပြီး ဆေးတော့ ကုဦးမှ ဖြစ်မည်။

သူသည် ဝတ်ထားသော စစ်အင်္ကျီနှင့် ဘောင်းဘီကို ချွတ်လိုက်သည်။ စွပ်ကျယ်ကလေးကို ခွာလိုက်သည်။ သူ့ကိုယ်ထွင် အတွင်းခံ ဘောင်းဘီကလေးတစ်ထည်သာ ကျန်တော့သည်။

ပြီးတော့ ရေစင်စင်ညှစ်၍ မီးကင်၏။

စွပ်ကျယ်နှင့် သူ့ဘောင်းဘီရှည်ကို အရင် စတင်ကင်သည်။ မီးရှိန်က ကောင်းသဖြင့် စွပ်ကျယ်ကလေးမှာ တစ်ခဏချင်း သွေ့သွားသည်၊ ခြောက်သွားသည်။ သို့သော် ဘောင်းဘီရှည်က အတော်နှင့်မခြောက်၊ အထက်အောက် အတွင်းအပြင် လှန်၍ကင်ရသည်။ လက်တွေ မီးလောင်လုမတတ် ဖြစ်ရသည်။

"ပွင့်...."

"အင်း...."

"ပွင့်....သတိရပြီလား၊ အဝတ်အစားတွေ လဲလိုက်ရအောင်နော်၊ ရေတွေ ရွှဲနေတယ်"

သူမထံမှ အသံက ထွက်မလာ။ တ....ဟီး....ဟီး....ညည်းသံ သဲ့သဲ့ကလေးကိုသာ ကြားရသည်။ ကိုယ်တွေကလည်း ပူနေတုန်း။

ကိုင်း....ဘာတတ်နိုင်ပါဘူးကွာ။

နှမအရင်းလေးလို သဘောထားရတော့မှာပေါ့။



သူ့လက်တွေ တဆတ်ဆတ် တုန်နေသည်။

နှမလေး....နှမလေး....ငါနဲ့ တစ်အူထုံ့ဆင်း မိဘ အရင်းက မွေးလာတဲ့ နှမလေးလို ပြုစုစမ်း။ ဆယ်နှစ်သမီးလောက်က ဖျားပြီး သေသွားရှာတဲ့ ငါ့နှမလေး 'သန်းသန်းထွေး' လို့ သဘောထားစမ်း။

အဲသည်တော့မှ 'လက်ရဲ' သွားသည်။

မီးဖိုကြီးသည် တဟုန်းဟုန်း တောက်နေ၏။

ဘခက်သည် မီးကင်ထားသော စွပ်ကျယ် ချိုင်းပြတ်ကို ကမန်းကတန်း ဝတ်ပေးရသည်။

နှမလေး....နှမလေး။

ငါ့ နှမလေး 'သန်းသန်းထွေး' ဆိုရင် ဘယ့်နှယ် လုပ်မလဲ။

သူသည် 'နှမလေး ဂါထာ' ကို အကြိမ်တစ်ရာလောက် နှုတ်လုံးသွင်းရသည်။

သူ့ဘောင်းဘီကလည်း ခြောက်သလောက်ဖြစ်နေသည်။ သို့ပေမယ့် ဒါလောက်အထိတော့ မငွေနိုင်ရဲတော့။

"အင်း....အင်း....ချမ်း.... ချမ်းတယ်.... အစ်ကို....သိပ်ချမ်းတယ်"

"ပွင့်....ပွင့်....သတိရပြီလားဟင်"

"ချမ်းတယ် အစ်ကို၊ ဒဏ်ရာကလဲ သိပ်ကိုက်တာပဲ"

မအေးပွင့် မျက်လုံးတွေက ပွင့်မလာပါ။ ပါးစပ်ကသာ ယောင်ယမ်း ပြောဆိုနေသည်။ ခိုက်ခိုက်တုန်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မအေးပွင့် ခန္ဓာကိုယ်ကို မီးဖိုနှင့် ကပ်ပေးသည်။ ကျောတစ်လှည့် ရင်တစ်လှည့် ဝက်ကင်သလို ကင်သည်။ဆံပင်တွေကို သွေ့ခြောက်အောင် လုပ်ပေးသည်။

"နာတယ်....နာတယ်၊ ပေါင်က သိပ်နာတာပဲ"

သူမအသံက တိုးတိုးကလေး။

တခက်သည် ဒဏ်ရာကို လှန်ကြည့်သည်။ သွေးတွေက မြင်မကောင်းအောင် ထွက်နေသည်။ ရွှံ့တွေ ရေတွေဖြင့် ထဘီတစ်ထည်လုံးလည်း ရွှဲနစ်နေသည်။

မဖြစ်တော့ဘူး။

"ပွင့်...ပွင့်....သတိရပြီလား၊ ဂူထဲကို ရောက်ပြီလေ၊ထဘီချွဲလိုက်ရအောင်၊ ပြီးတော့ အနာကို ဆေးထပ်ထည့်ရမယ်"

မအေးပွင့်သည် အိပ်မက် မက်နေသလို ဖြစ်နေရှာသည်။ တစ်ချက် တစ်ချက်တွင် သူ့အသံကို ကြားရသည်။ သို့တစေအသိဉာဏ်က စုစည်းလို့မရ၊ ပျံ့လွင့်နေသည်။ တစ်ကိုယ်လုံးခိုက်ခိုက်တုန်အောင် ချမ်းနေရာမှ နွေးနွေးထွေးထွေး ဖြစ်လာသော အပေါ်ပိုင်းကိုတော့ သတိပြုမိသည်။

သို့ရာတွင် အောက်ပိုင်းတစ်ခုလုံး ရေခဲရေထဲတွင် စိမ်ထားသလို ခံစားနေရသည်။ သတိ သမ္ပဇဉ်ကလည်း လွင့်လိုက် ပျံ့လိုက်၊ ရောက်လိုက်၊ ပျောက်လိုက် ဖြစ်နေသည်။

သူ့ရင်တွေ တဒိန်းဒိန်းခုန်ခဲ့ရသည်။ မျက်လုံးတွေ ပြာဝေခဲ့ရသည်။ ပြီးတော့ မအေးပွင့်၏ ခန္ဓာကိုယ်တွင် မှဲ့နက်ကလေးသုံးလုံးရှိသည်ကို အတိအကျ မြင်ခဲ့ရသည်။

ပါးပြင်က....စံပယ်တင်။



ရင်အလယ်တွင် တစ်လုံး။

မအေးပွင့်၏ မျက်လွှာအစုံက တဖြည်းဖြည်း ပွင့်ဟလာသည်။

ပထမဆုံး သတိရမိသည်က မိုးထဲလေထဲ ဝါးရုံထဲတွင် သေပြေး ရှင်ပြေး....ပြေးနေခဲ့ရသည့် အဖြစ်....။

တစ်ယောက်တည်းတော့ မဟုတ်၊ သူနှင့်။

ပြီးတော့ မေ့မြောသွားသည်။ ဒါပဲ သိလိုက်၏။ နောက်တော့ ဘာကိုမှ သဲသဲကွဲကွဲ ပီပီပြင်ပြင် မရှိလှတော့။

ယခုတော့ တလက်လက် တောက်ပနေသော မီးရောင်ကိုမြင်ရသည်။ ဂူ၏ မျက်နှာကြက်ကို တွေ့ရသည်။

"အစ်ကို"

"ဟာ....ပွင့် သတိရပြီလား"

သူက ဝမ်းသာအားရဆိုသည်။ ပြီးတော့ လက်ထဲက ထဘီကိုလည်း ရှက်ကိုးရှက်ကန်းဖြင့် လွှတ်ချလိုက်သည်။

"ရပါပြီ အစ်ကို၊ သူတို့တစ်တွေကော ဟင်"

"သူတို့ကို ခြေရာဖျောက်ခဲ့တယ်လေ၊ ပွင့်ကလဲ သရတ်တစ်ချက် မရတစ်ချက်ဖြစ်နေတော့ ဒီနေရာရောက်အောင် မနည်း ထမ်းခေါ်လာရတယ် ပွင့်ရဲ့၊ ဒီဂူထဲလဲရောက်ရော ပွင့်ဟာ လူမှန်းမသိအောင် အဖျားတက်တော့တာပဲ"

မအေးပွင့် သူ့မျက်နှာကို မကြည့်ရဲ။

"အခုကော ဘယ့်နှယ်နေသေးလဲ ဟင်၊ အဖျား တော့ကျသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူက နဖူးလေးကို လက်ဝါးနှင့်စမ်းသပ်ရင်း ကရုဏာသက်စွာ မေးသည်။

"သက်သာပါတယ် အစ်ကို၊ ပွင့်တော့ အစ်ကို့ကို သိပ်အားနာတာပဲ၊ အစ်ကို့ကို သက်သက်ဒုက္ခပေးသလို ဖြစ်နေပြီနော်"

မအေးပွင့်သည် ဘေးစောင်းလှဲနေရာမှ ထလိုက်သည်။ သူက အသာအယာ တွဲထူပေးသည်။ မိုးဖိုဘေးတွင် နှစ်ယောက်သား ထိုင်မိကြသည်။

"ဒုက္ခပေးတယ်လို့ ဘယ်ဟုတ်မလဲ ပွင့်ရယ်၊တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြပြီဆိုတော့ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီရတာပေါ့ ပွင့်ရယ်၊ ပြီးတော့ ကိုယ်နဲ့ပွင့်ဟာ သေဘေးက ပြေးနေရတဲ့သူတွေမဟုတ်လား"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ပွင့်တော့ အစ်ကို့ကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ဘူး"

"လာပြန်ပြီလား ဒီကျေးဇူး"

"တင်ထိုက်လို့ တင်တယ်လို့ပြောတာပါ အစ်ကို၊ ပြီးတော့ အစ်ကို့ကို အားနာလိုက်တာလဲ မပြောနဲ့တော့"

"ဘာလဲ...အဝတ်လဲပေးလို့လား"

"မပြောနဲ့ကွယ်၊ ရှက်တယ် သိလား"

"ကိုယ်လဲ မတတ်သာလို့ လဲပေးရတာပါ ပွင့်ရယ်၊ ကိုယ့်နှမလေးလို သဘောထားပြီး သေသွားမှာစိုးလို့ လဲပေးရတာ၊ သန့်သန့်ထွေးဆိုတဲ့ ကိုယ့်နှမလေးတစ်ယောက်ဟာ



ဆယ်နှစ်သမီးလောက်က အအေးမိဖြီး ဖျားလို့ ဆုံးသွားခဲ့တယ် ပွင့်"

"ဟင်...သနားစရာ အစ်ကိုရယ်"

"ဟုတ်တယ် ပွင့်၊ ဒါကြောင့် စွန့်စွန့်စားစားလုပ်လိုက်ရတာ၊ အင်္ကျီလဲပြီးတော့ ပွင့်ကို မေးပါသေးတယ်၊ ပွင့်ကလဲ လဲဆိုတာနဲ့ ဟိုဟာကို လဲလိုက်ရတာ"

"သွား...အစ်ကိုရယ်၊ ပွင့် သိပ်ရှက်တာပဲ၊ သေတောင် သေလိုက်ချင်တယ် သိလား၊ ပွင့်က လဲလို့ပြောလို့လား"

"အင်း"

"ကယောင်ကတမ်း ပြောမိတာပါ"

"မသိဘူးလေ၊ ရွှံ့တွေရေတွေနဲ့ နစ်နေတာကို၊ ပြီးတော့ ဒဏ်ရာက သွေးတွေပြန်ထွက်လာတယ်၊ ကိုယ် ဆေးထည့်ပြီး ပတ်တီး စည်းပေးထားတယ်၊ အင်း...ပွင့် ထဘီတော့ တို့သထက် တိုသွားပြီ၊ ကဲ...မတ်တတ်ရပ်ကြည့်စမ်း၊ နာသေးလားလို့"

မအေးပွင့် ထသည်။ မတ်တတ်ရပ်သည်။

စွပ်ကျယ် လက်ပြတ်၊ ဘောင်းဘီမွနှင့် တစ်မျိုးလှနေသည်။ အထိန်းအကွပ်မရှိသဖြင့် ရင်တွေက ပိုလို့သာ ကြွနေသည်။ ဒါတစ်ခုပဲ နည်းနည်းအကြည့်ရဆိုး၏။

"မနာတော့ပါဘူး၊ ပွင့် လမ်းလျှောက်နိုင်ပါလိမ့်မယ် ထင်ပါရဲ့ အစ်ကို"

"အင်း...ပွင့်က အခုမှ တိုးရစ် **Tourist** မလေးလို သိပ်လှသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



“သွားစမ်းပါ၊ ဒီမှာဖြင့် အနေရခက်ရတဲ့အထဲ၊ ဘယ်လို ကြီးမှန်းလဲ မသိဘူး”

မအေးပွင့်က ရှက်ပြုံးကလေးနှင့်ဆိုသည်။ သွေ့ခြောက် နေပြီဖြစ်သော အတွင်းခံအင်္ကျီနှင့် အပေါ်အင်္ကျီကို ယူလိုက် သည်။ ဒါပေမယ့် မလဲရဲ။

“ကိုယ်တို့လဲ ကံကောင်းလို့မသေတာ ပွင့်၊ နောက်က ဟိုကောင်တွေ လိုက်လာတဲ့အထဲ မိုးက သည်းလိုက်တာ၊ မြင်း ကလဲ မလိုက်နိုင်တော့တဲ့အပြင် အဖျားဝင်လာတယ်၊ ပြီး တော့ ဝါးရုံတောထဲမှာ ဘာကောင်တွေနဲ့ တွေ့ခဲ့ရတယ် မှတ်သလဲ”

မအေးပွင့်သည် မျက်လုံးကလေး ကလယ် ကလယ်ဖြင့် သူ့ ကို ကြည့်လိုက်မိသည်။

“ဘာကောင်တွေနဲ့ တွေ့ခဲ့လို့လဲ အစ်ကို”

“ဆင်နဲ့ကျား”

“ဟင်”

“ဟုတ်တယ်၊ ဆင်နဲ့တွေ့လို့ ကိုယ်တို့နှစ်ယောက်စလုံး အသက်မသေတာ ပွင့်၊ ပြောရင်တော့ ယုံနိုင်စရာတော့ ရှိမှာမဟုတ်ဘူး၊ ပွင့်နဲ့ကိုယ် မိုးဝင်ခိုတဲ့ဝါးရုံကြီးဟာ တကယ် ဝါးရုံမဟုတ်ဘူး ပွင့်၊ ဆင်ကြီးတစ်ကောင် ငြိမ်ငြိမ်ကလေး ရပ်နေတာ”

မအေးပွင့်ရင်ထဲတွင် တုန်သွားသည်။

သူ့ကိုလည်း မယုံနိုင်သလို ကြည့်နေမိသည်။



“ဟုတ်တယ် ပွင့်၊ ဒါပေမယ့် အဲဒီဆင်ဟာ တောဆင်ရိုင်း မဟုတ်ဘူး၊ အင်မတန် လိမ္မာပါးနပ်ပြီး အသိဉာဏ်ရှိတဲ့ သစ်ဆွဲတဲ့ ဆင်ယဉ်ကြီးတစ်ကောင်ပါ ပွင့်၊ ဆင်တွေဟာ တစ်ခါ တလေ လူထက် သိတတ်တယ်၊ ဦးစီးတွေဆိုရင် ပိုသိတာ ပေါ့”

“အဲဒီဆင်ကြီးဟာ ဘာဖြစ်လို့ ငြိမ်ငြိမ်ကလေး ရပ်နေရ တာလဲ အစ်ကို၊ ပွင့်နဲ့အစ်ကို သူ့ဗိုက်အောက်ကို ရောက်နေ တာ မသိလို့လား”

“သိပ်သိတာပေါ့၊ ဒါကြောင့် ကိုယ်တို့အသက်ကို ကယ် လိုက်တာလို့ ပြောခဲ့ပါပကော၊ သူ ငြိမ်နေတာ အကြောင်းမဲ့ သက်သက် မဟုတ်ဘူး”

မအေးပွင့် နားရှုပ်သွားသည်။

“ဘာဖြစ်လို့လဲ ဟင်”

“ကျားနံ့ရလို့”

“အို....”

“ဟုတ်တယ်၊ ဆင်တွေဟာ ကျားနံ့ရရင် နည်းနည်း ကလေးမှ မလှုပ်ဘဲ ပေပြီးရပ်နေတတ်တယ်၊ ရန်သူကို အဆင် သင့် တိုက်ခိုက်ဖို့ နေရာယူထားတာပေါ့၊ ပြီးတော့ သူ့ဗိုက် အောက်က လူသားနှစ်ဦးရဲ့အသက်ကိုလဲ ကာကွယ်ချင်တဲ့ သဘောမျိုးလဲပါတယ် ပွင့်၊ ကျားကလဲ သိတယ်၊ ဒါကြောင့် မကပ်ရဲဘဲ ထွက်ပြေးသွားတာ”

“အစ်ကို မြင်လိုက်လို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မြင်လိမ့်မလဲ၊ ဒါပေမယ့် ဆင်ဦးစီးတစ်ယော
ဟာ သူ့ဆင်ကို လိုက်ကောက်ရင်းနဲ့ ကိုယ်တို့အဖြစ်မျိုး
ကြုံခဲ့ရဖူးသတဲ့"

"အံ့ဩစရာကြီးနော်၊ ဪ....ဒါနဲ့ သေနတ်သံတွေ ဒါ
လောက်ဆူညံနေတာ ဆင်တွေကျားတွေက ထွက်မပြေးကြဘူး
လား ဟင်"

"အမယ်လေး ပွင့်ရယ်....ရိုးမထဲက ဆင်နဲ့ကျားတွေဟာ
သေနတ်သံလောက်တော့ ရိုးနေပါပြီ၊ ပြီးတော့ ကိုယ်
တိုက်ပွဲဖြစ်ခဲ့တဲ့နေရာနဲ့ အတော်လှမ်းတယ်မဟုတ်လား ပွ
ရဲ့၊ ကဲပါလေ....မသေလို့ ရှင်နေကြပြီလို့ သာ သဘောထား
လိုက်တော့၊ အဲ....အရေးကြီးတာက ဗိုက်ထဲကို အစာသွ
ဖို့ပဲ ပွင့်၊ ဆင်ယဉ်တစ်ကောင် ဒီအနားမှာတွေ့တယ်ဆို
သစ်စခန်းဖြစ်ဖြစ်၊ ရွာဖြစ်ဖြစ် ဒီအနီးအနားမှာရှိရမယ် ပွ
ထွက်ရှာရင်တော့ ယာခင်းတစ်ခုလောက် တွေ့မှာပဲ၊ ကို
စားဖို့ ထွက်ရှာလိုက်ဦးမယ်၊ ပွင့် အဝတ်တွေ လဲထားနှ
နေကော နေ့ရဲ့ရဲ့လား"

"နေရဲ့ပါတယ် အစ်ကို၊ ဒါရှိသားပဲ"

မအေးပွင့်သည် မီးဖိုဘေးတွင်ချထားသော အသံတိ
ပစ္စတိုသေနတ်ကလေးကို ကောက်ရင်း ပြောသည်။

သူသည် အတွင်းခံဘောင်းဘီတိုကလေး၏ အပေါ်မှ ခါ
ပတ်ကို ကောက်ပတ်လိုက်၏။ ဓားမြှောင်နှင့် ဘရောင်နီ ေ
နတ်အိတ်က ချိတ်ပြီးသား ပါသွားသည်။ ပြီးတော့ ပေါ
ဓားတစ်ချောင်းကိုလည်း ခြေသလုံးတွင် ပတ်ချည်လိုက်



ယခုတော့ သူ့ပုံသဏ္ဌာန်က ရောမခေတ်က ဂလယ်ဒီရေတာ
သူရဲကောင်းကြီးပုံ ပေါ်သွားသည်။

သူသည် စစ်လွယ်အိတ်ထဲမှ ပစ္စည်းပစ္စယတွေကို ထုတ်၍
လွယ်သည်။ ပြီးတော့ ပြုံးဖြဲဖြဲနှင့်ပြောသည်။

"ထွက်တော့ ပြေးမသွားနဲ့နော် ပွင့်"

"စိတ်ချ၊ အစ်ကိုပြန်လာရင် ပွင့်ကို မတွေ့ရဘော့ဘူးသာ
မှတ်ပေတော့"

မအေးပွင့်က ပြန်၍နောက်လိုက်သည်။ သူက တဟဲဟဲရယ်
နေသည်။

"အဲသလိုဆိုရင်လဲ ဝဋ်ကျွတ်သွားတာပေါ့"

"တကယ်"

မအေးပွင့်မျက်နှာကလေးမှာ ငယ်သွားရှာသည်။

"အလကားနောက်တာပါ ပွင့်ရယ်၊ ပွင့်သွားချင်တဲ့နေရာ
အထိ ဘေးမသီရန်မခ စောင့်ရှောက်ပြီး လိုက်ပို့ပါ့မယ်လို့
ဆုံးဖြတ်ပြီးသားပါ၊ ကဲ....အစ်ကိုသွားမယ်၊ ပြန်လာရင် ဟို
အသံကို ပြုလိုက်မယ်၊ အဲဒါ စကားဝှက်ပဲ"

"ဘာအသံလဲ အစ်ကို"

"ချိုး....တကူးကူး....ဂူး"

"အင်း....အင်း"

မအေးပွင့်သည် ပြုံးမိသွားသည်။ တော်တော့်ကို ကတ်
သီးကတ်သတ် ပြောတတ်တဲ့လူကြီး။

သူ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း သူ့အတွက် စိုးရိမ်စိတ်က အလိုလိုဖြ… ပေါ်လာသည်။ သောကစိတ်က သိသိသာသာ တွယ်ငြိလာ… သည်။ တွေ့ရသည်မှာ နှစ်ရက်တစ်မွန်းဘည့်ပင် မပြည့်တတ်… သေးသော်လည်း သူ့အပေါ်ကို သံယောဇဉ် ဖြစ်မိနေပြီ… ဟင်း....ရင်မောလိုက်တာ။

မအေးပွင့်သည် ယက္ခ၏ ဒိုင်ယာရီနှင့် လျှို့ဝှက်စာရွက် စာတမ်းတွေကို စစ်ဆေး ကြည့်ရှုလိုက်သည်။ ခြေရာလက်ရာ မပျက်။ သို့ပေမယ်လို့ ခရီးလမ်းကြောင်းရှာ သံလိုက် အိမ်မြှောင် Compass ကလေးမှာ ကွဲအက် ပျက်စီးနေလေပြီ…

မအေးပွင့်သည် သူ့ဟာတွေကိုချွတ်ပြီး ထဘီနှင့်အင်္ကျီ… လဲလိုက်သည်။ သည်အဝတ်အစားတွေကို သူ ဝတ်ပေးထား… သည် ဟူသောအသိကြောင့် ရှက်စိတ်က မွန်ထူလာပါသည်။

သို့ပေမယ့် သူက စိတ်ထားကောင်းသည့်ယောက်ျား။

လက်ဖျားနှင့်ထိမထိ မသိရသော်လည်း မတော်မတ… မကြံသည်ကိုပင် ကျေးဇူးတင်ရဦးမည်။ အင်း....ရှေ့ခရီး… ဘယ်လိုဆက်ရပါ့။ မအေးပွင့် ရင်မောသွားရပါသည်။ မိ… မိုက်ရူးရူးလုပ်ခဲ့မိသော မိမိ၏ မခံချင်စိတ်ကိုလည်း ကျိတ်… အပြစ်တင်လိုက်မိသည်။

တကယ်ဆိုလျှင် ယက္ခ၏ မိုးကာတဲထဲ၌ 'မအေးပွင့်' … သွေးနှင့်ရေ …ခဲ့သည်ကိုက မဟာအမှား။ အသွဲ့သုံးစား ပြု… မိသော သတ္တိ…ကြောင့် ယခုတော့ 'လူသုံးဆယ်'က ကျား… တွေလို လိုက်ခြင်းခံရတော့သည်။

မခံချင်စိတ်။



လက်စားချေလိုစိတ်။

သည်စိတ်နှစ်ခုကို သတ္တိနှင့်ပေါင်းလိုက်ပြီး သူတို့တစ်တွေကို စိန်ခေါ်ခဲ့ခြင်းပင်။

"တ....ကူ....ကူး....ကူး"

'ချိုး' ပြန်လာပြီ၊ ကူသံကြားရသည်။

သူသည် စစ်လွယ်အိတ် အပြည့်အသိပ်ကြီးကို ထမ်းရင်း …အတွင်းသို့ ပြုံးပြုံးကြီးဝင်လာ၏။

"စားစရာ ရခဲ့လားအစ်ကို"

"ရခဲ့တယ် ပွင့်ရေ၊ ပွင့်တော့ သိပ်ကြိုက်မှာပဲ"

"ဘာတွေလဲဟင်"

မအေးပွင့်က အိမ်သူသက်ထား တစ်ယောက်လို သူ့ထံမှ အိတ်ကို ဝမ်းသာအားရ လှမ်းယူရင်း မေးလိုက်မိသည်။

"အိတ်ထဲလဲ ဖွင့်ကြည့်ပါဦးလေ"

မအေးပွင့်သည် စစ်လွယ်အိတ်ကို ဖွင့်လိုက်၏။

'ပြောင်းဖူး'တွေ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်လေး)

"တကယ်တမ်း ပြောရမယ်ဆိုရင် ပွင့်တို့ မေမေဟာ ရန်ကုန်သူ မဟုတ်ပါဘူး အစ်ကိုရယ်၊ တောသူပါ၊ ဒီရိုး[illegible] တောင်ခြေက ရွာကလေး တစ်ရွာကပဲ ဆိုပါတော့၊ ပွင့်တို့မှာ အမြွှာညီအစ်မ နှစ်ယောက်ရှိတယ်၊ ပွင့်နာမည်က နော်အေး[illegible] ပွင့်၊ ပွင့် ညီမလေးက နော်မြင့်မြင့်စန်း"

"ဒါဖြင့် ပွင့်ဟာ မြန်မာမဟုတ်ဘူးပေါ့"

"ပွင့် မေမေက ကရင်၊ ဖေဖေက မြန်မာ၊ ဒါပေမယ့် [illegible] ဖေဖေဟာ ပွင့်တို့ညီအစ်မ အရွယ်မရောက်ခင်မှာဘဲ တိုက်[illegible] မှာ ကျသွားရှာတယ်"

"ဟင်....ပွင့်တို့ဖေဖေက...."

"တပ်မတော်ကပါ၊ ဗိုလ်ကြီး သူရအောင်ပွင့်၊ ခလရ( [illegible] က၊ ဒီရိုးမတောင်ခြေမှာပဲ သောင်းကျန်းသူတွေနဲ့ တိုက်ပွဲ[illegible] ရင်း ကျဆုံးသွားခဲ့ရှာတယ် အစ်ကို၊ အဲဒီကတည်းက ပွင့်[illegible]



ညီအစ်မဟာ သောင်းကျန်းသူတွေကို အသည်းခိုက်အောင် မုန်းတီးခဲ့တယ်"

"ဒါနဲ့ ရန်ကုန်ကို ဘယ်လို ရောက်လာတာလဲဟင်"

"ပြောမယ်လေ၊ ရန်ကုန်မှာ ပွင့်တို့ဖေဖေရဲ့ညီ ဦးလေး တစ်ယောက်ရှိတယ်၊ အဲဒီ ဦးလေးကပဲ ပွင့်တို့ ညီအစ်မနှစ် ယောက်ကို လူလားမြောက်အောင် ကျွေးမွေး ပညာသင်ပေး ခဲ့တာပေါ့၊ ဒါပေမယ့် ပွင့်ရဲ့မေမေကတော့ အဘနဲ့ပဲ ရွာ မှာ နေခဲ့တယ်၊ အဘက အသက်ကြီးပြီဆိုတော့ အမိုး....အဲ မေမေကလဲ အဘတစ်ယောက်တည်း ရွာမှာ မထားရက်ခဲ့ နိုင်ဘူးလေ"

"အဘ....ဆိုတာ ဘယ်သူလဲ"

"ပွင့်တို့ မေမေရဲ့အဖေပါ၊ ပွင့်တို့အဘိုးဆိုပါတော့၊ဒါ ပေမယ့် ငယ်ငယ်ကတည်းက အဘလို့ပဲ ခေါ်ကြတယ်၊ အစ ကတော့ မေမေဟာ ဖေဖေနဲ့အတူ တပ်ထဲမှာပဲ နေတယ်၊ ဖေဖေပဲ ကျဆုံးပြီးရော မေမေဟာ ရွာကိုပြန်ပြီး အဘနဲ့အတူ နေခဲ့တယ်အစ်ကို၊ အဘကလဲ အသက်ကြီးပြီဆိုတော့ မေမေ ဟာ အဘကို ပစ်မထားရက်နိုင်ခဲ့ဘူး၊ အဘကလဲ ရွာကို သိပ်ပြီး သံယောဇဉ်ကြီးတယ်၊ ဒီရွာမှာပဲ ခေါင်းချမယ်လို့ ဆုံးဖြတ်ထားတယ်"

မီးရှိန်သည် တဖြည်းဖြည်း လျော့ကျ လာသော်လည်း ခံစားမှုဖြင့် ပြည့်နေသော မအေးပွင့်၏ မျက်နှာကလေးကိုမူ မြင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် ထင်းချောင်းများကို မီးဖိုထဲသို့ ထပ်ထည့်လိုက်သည်။ မအေးပွင့်ကတော့ သူမ၏ဒူးလေးပေါ်တွင် မေးတင်ရင်း ငေးနေမိရှာပါသည်။ အတွေးစိတ်က အတိတ်၏ အရိပ်တွင် ပျံ့လွင့်လို့နေပါသည်။

"ပွင့်တို့လဲ တစ်နှစ်တစ်ခါလောက် နွေရာသီကျောင်းပိတ်တိုင်း ရွာကိုပြန်ပါတယ်၊ ဒါပေမယ့် ရွာ အခြေအနေက သိပ်မကောင်းဘူး၊ သောင်းကျန်းသူတွေကို ကြောက်နေရတဲ့အချိန်ပေါ့၊ မေမေဟာ တပ်မတော်က ဗိုလ်ကြီးအောင်ပွင့်ရဲ့ ဇနီးမှန်း မသိအောင် ပိပိရိရိ နေထိုင်ခဲ့သလို ပွင့်တို့ ညီအစ်မ ရွာကို ပြန်ရင်လဲ တကယ့်တောသူလေးတွေလို ရုပ်ဖျက်ပြီး ပြန်ကြရတယ်၊ တရားမရှိ မားမရှိတွေ မဟုတ်လား အစ်ကိုရဲ့၊ အစ်ကိုတို့လိုပေါ့"

သူက ဘာမှ ပြန်မပြော။ ပြောင်းဖူးတစ်ဖူးကို အခွံလှန်လိုက်ပြီး အမွေးတွေကို ဖြုတ်လိုက်၍ မီးတွင် ကင်နေသည်။ သူ့မျက်နှာကလည်း သိသိသာသာ ပျက်သွားပါသည်။

"ဆက်ပြောရမလား အစ်ကို"

"ကိုယ်နားထောင်နေပါတယ် ပွင့်ရယ်"

"အဲဒါနဲ့ ပွင့်တို့ ညီအစ်မ အထက်တန်း အောင်ပြီး တက္ကသိုလ်ကို ရောက်ခဲ့ကြတယ်၊ အဲ....ဖေဖေ့ရဲ့ ပင်စင်လစာလေးရယ်၊ ဦးလေးက ထောက်ပံ့ထားတာရယ်ကြောင့် စားဝတ်နေရေးက အဆင်ပြေပါတယ်၊ သိပ် ဖောဖောသီသီကြီးတော့ မဟုတ်ဘူးပေါ့၊ ဦးလေးကလဲ ချမ်းချမ်းသာသာ မဟုတ်တော့ ချွေချွေတာတာ သုံးရတာပေါ့ အစ်ကိုရယ်၊



အဲ....ကံဆိုးချင်တော့ ပွင့်တို့ 'အင်တာ' အောင်တဲ့နှစ်မှာပဲ ဦးလေး ဆုံးသွားခဲ့တယ်၊ ပွင့်တို့ညီအစ်မလဲ ကျောင်းထွက်လိုက်ရပြီး ရရာအလုပ်ကို ဝင်လုပ်ခဲ့ကြတယ် အစ်ကို"

"ဘာအလုပ်လဲ ပွင့်"

"နောက်တော့ သိရမှာပေါ့ အစ်ကို၊ စောပါသေးတယ်"

"ပွင့်က သိပ်လျှို့ဝှက်တာပဲနော်"

"အမယ်လေး....အစ်ကိုရယ်၊ ဒါလောက် ပြောပြတာပဲ လျှို့ဝှက်တယ်လို့ ဆိုချင်သေးလို့လား"

"ရော့....စားလိုက်ဦး၊ နုနုကလေး၊ သိပ်ချိုတယ်၊ မကျက်တကျက် ကင်ထားတာ"

သူက ပြောင်းဖူးကို လှမ်းပေးသည်။ မအေးပွင့် ယူစား၏။ သူတို့နှစ်ယောက် အလယ်တွင် မီးဖိုရှိ၍ ဂူအတွင်း၌ လင်းနေသော်လည်း ပြင်ပတွင်မူ အမှောင်ထုက ကြီးစိုးနေသည်။

ည....

လမသာ၊ ကြယ်မလင်း ရိုးမတောတွင်းက ည။

အချိန်က ဆယ်နာရီကျော်လာပြီ။

မအေးပွင့်သည် သူ ကင်ပေးသော ပြောင်းဖူးနုနုကလေးကို စားရင်း ကြမ်းတမ်းသော သူမဘဝကို တစ်စွန်းတစ်စ ပြောပြနေမိခဲ့သည်။ ပြောရင်းနှင့်လည်း တဖြည်းဖြည်း ချမ်းစိမ့်လာသည်။

"ဆက်ပြောဦးလေ ပွင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်တော့ အလုပ်က ခွင့်ယူပြီး 'ပွင့်' ရွာကိုပြန်ခဲ့တယ် အစ်ကို၊ ရွာကိုသဲရောက်ရော..."

သူမအသံက တိမ်ဝင်သွားသည်။

'အင့်'ခနဲ နာနာကြည်းကြည်းရှိုက်လိုက်သည်။

ထို့အတူ မျက်ရည်စတွေက ပါးပြင်တစ်လျှောက် လိမ့်ဆင်းလာပါသည်။ မအေးပွင့် ငိုနေပြီ။

"ပွင့်...ပွင့်၊ ဘာလို့ငိုရတာလဲ ပွင့်ရယ်"

"ပွင့် ဝမ်းနည်းလွန်းလို့ပါအစ်ကို၊ ပွင့် အသည်းတွေ ကွဲမတတ် ဝမ်းနည်းရလွန်းလို့ပါ"

ငိုရှင်းနှင့် ရှိုက်မိသည်။

သူသည် မအေးပွင့်ဘေးသို့ ရောက်လာသည်။ ပခုံးကလေးကို လက်နှစ်ဖက်နှင့် ဆုပ်ညှစ်ရင်း အားပေးသည်။

"မငိုပါနဲ့ ပွင့်ရယ်၊ မပြောချင်ရင်လဲ မပြောနဲ့တော့ပေါ့၊ ပွင့်ငိုတော့ ကိုယ်စိတ်မကောင်းဘူး၊ ကြည့်...ကိုယ်တွေပြန်ပူလာခြိန်ပြီ၊ လှဲနေလိုက်ဦးနော် ပွင့်၊ ရော့...ဒါကို ခေါင်းအုံးထား"

သူသည် မအေးပွင့်ကို ကလေးငယ်တစ်ယောက်လို ဖျော့ဖျောင်းစွာ ချော့ပြောရင်း သူမ၏ ကျောပိုးအိတ်ကို ခေါင်းအုံးစေပြီး လှဲသိပ်ပေးလိုက်သည်။

မအေးပွင့် မျက်စိပိတ်လိုက်၏။

သွေးတွေကို မြင်ယောင်လာသည်။ နီစွေးတဲ့ သွေးတွေ ပြီးတော့ ရှိုင်းစိုင်းကြမ်းတမ်းစွာ စီးဆင်းနေသော ရဲ့နှယ်ချောင်း...။



ကရင်မကြီး နော်မူအေးနှင့် ဘဲဥပို။

ယက္ခ၏ မိုးကြိုးပစ်စခန်း။

မအေးပွင့်၏ခေါင်းတွေ ချာချာလည်သွားသည်။ အသိအာရုံတွင် ဖျတ်ခနဲဖျတ်ခနဲ ထင်ဟပ်လာသော အတိတ်၏ရုပ်သွင်တွေက တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေသည်။

"ဂျွမ်း"

အုတ်ကြွပ်ဆယ်ချပ် ကွဲသွားသည်။ ကရာတေးမလေး။

"ဒိုင်း"

ကျည်ဆန်သည် ပစ်မှတ်၏ အလယ်ဗဟိုတွင် ထိမှန်သွား၏။ သေနတ်ပစ် ကျင်လည်သည့် မိန်းကလေး။

"ဒက်....ဒက်....ဒက်....ဒက်"

အသေးစားစက်သေနတ်ကလေးဖြင့် မွှေ့လိုက်သဖြင့် တိုင်ကိုးတိုင်ပေါ်တွင် တင်ထားသော ရေအိုးကိုးလုံးမှာ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားသည်။

သူမကို လူသုံးယောက် ဝိုင်းထား၏။ အလစ်ကို ချောင်းနေကြသည်။ လူသုံးယောက်သည် လစ်ပြီအထင်နှင့် ဝင်လာကြ၏။ အိုးခနဲ...အင့်ခနဲ အသံတွေနှင့်အတူ သုံးယောက်စလုံးကို ကိုင်ပေါက်ပစ်လိုက်သည်။ ဒါက ဂျူဒို။

ပြီးတော့ ရန်ကုန်ည....

မီးရောင်စုံတွေက ဟိုမှ သည်မှ ပြေးလွှားနေသည်။ တလက်လက် တဖျပ်ဖျပ် တောက်ပနေသည်။

မအေးပွင့်၏ခေါင်းတွေ မူးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်အောင် ချမ်းလာတော့သည်။

အတိတ်တွင် ပျံ့လွင့်နေသော စိတ်သည် ဂူထဲသို့ပြန်ရောက်လာသည်။ ဂူထဲ....ရိုးမတောထဲက ဂူထဲတွင် သူနှင့်အတူ။

"ချမ်း....သိပ်ချမ်းလာပြန်ပြီ အစ်ကို"

"ဟုတ်တယ်၊ ပွင့်ကိုယ်တွေ ပြန်ပူလာပြီ၊ အဖျားပြန်ဝင်လာပြီ ထင်တယ်"

ဘခက်သည် စိုးရိမ်သွားမိ၏။ ကြောက်စရာကောင်းသော ရိုးမ၏ငှက်ဖျားများ ဖြစ်နေလေမည်လား။ သူမ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေရှာသည်။ သွားချင်းရိုက်နေသည်။ မီးဖိုနား ကပ်နေသော်လည်း ကျောကမလုံ။

"စောင်....စောင်....စောင်ခြုံချင်တယ်"

မအေးပွင့် ပါးစပ်မှ ကယောင်ကတမ်း ထွက်လာသည်။ ဘခက်သည် သူ၏ စစ်အင်္ကျီကို ချွတ်၍ ခွေခွေကလေး ကွေးနေသော သူမကိုယ်ပေါ်တွင် လွှမ်းတင်ပေးသည်။

"ချမ်းတယ်၊ သိပ်ချမ်းတာပဲ၊ ဟင်း.... ဟင်း.... ဟင်း"

မအေးပွင့်ထံမှ သွားချင်းရိုက်ခတ်သံ ထွက်ပေါ်လာသည်။

တအင်းအင်း ညည်းသံကြားရသည်။ ဟုတ်ပါပြီ။ရိုးမငှက်ဖျား ဝင်ပါပြီ။ Malaria....။

ငှက်ဖျား ချမ်းလျှင် စောင် ဆယ်ထပ် ခြုံထားဦး၊ မလုံ။ တတ်နိုင်လို့ မီးဖိုထဲ ချထားဦး။ တစ်ကိုယ်လုံး ကျွမ်းသွားသည့်တိုင်အောင် အချမ်းပြေမည် မဟုတ်ပါ။

ဘခက် ရင်မောသွားသည်။



တောထဲတွင် ဆေးကလည်း မရှိ။

"ပွင့်....ပွင့်ကို ဖက်ထားစမ်းပါ အစ်ကိုရယ်၊ တအားဖက်ထားစမ်းပါ၊ ပွင့် ချမ်းလွန်းလို့"

"အင်း....အင်း"

ဘခက်သည် ပုစွန်တုပ်ကလေးလို ကွေးကွေးကလေး ခွေနေသော သူမနောက်မှဝင်ခွေရင်း ဖက်ထားလိုက်သည်။ သူ၏ ကိုယ်ငွေ့သည် မအေးပွင့်ထံသို့ ကူးစက်သွားသည်။ မအေးပွင့်သည် သူ့ရင်ခွင်ထဲတွင် တအားကပ်ထားရင်း ငြိမ်သွားရှာသည်။

သို့တစေ ဘခက်သည် စိတ်ကပင် မဖြစ်မှားမိ။

အသွေးအသား၏ အတွေ့အထိကို ခံစားရသော်လည်း နှမလေးတစ်ယောက်လိုပင် သဘောထားလိုက်သည်။ အာရုံကိုလည်း တခြားတစ်နေရာသို့ ပြောင်းထားလိုက်သည်။

မီးဖိုကြီးသည် တဖြည်းဖြည်း အရှိန်ကျသွားသလို မအေးပွင့်လည်း အိပ်ပျော်သွားသည်။

သူမ နိုးလာတော့ မိုးလင်းခါနီးပြီ။

သူသည် တခေါခေါဟောက်ရင်း အိပ်နေတုန်း။

သို့တစေ သူ့ရင်ခွင်ထဲတွင် ရောက်နေသည်။ သူနှင့် မျက်နှာချင်းဆိုင် ပွေ့ဖက်ရင်း နိုးလာသည်ကို မအေးပွင့် သိလိုက်ရ၏။ သူသည် မအေးပွင့်ကို ရင်ခွင်ကျယ်ကြီးထဲတွင် ဖက်သိုင်းရင်း ကလေးငယ်တစ်ယောက်လို သိပ်ထား၏။ သူ့ရင်ခွင်က နွေးထွေးလွန်းလှသည်။ ပြီးတော့ သူမလက်ကလည်း သူ့ကို ဖက်လျက်သား။

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့် ရင်တွေဖိုသွားသည်။

ညက ချမ်းလွန်းသဖြင့် သူ့ကို ဖက်ထားခိုင်းသည်ကိုလည်း သတိရလာပါသည်။

သည်တော့လည်း သူနိုးသွားမှာ စိုးသဖြင့် မလှုပ်ရှားရဲ။ ငြိမ်ငြိမ်ကလေးပင် သူ့ရင်ခွင်တွင် မှေးနေလိုက်မိသည်။

နွေးပါတိ။

လူက အချမ်းပြေနေပြီ ဖြစ်သော်လည်း အသည်းနှလုံးတွေက အေးလာပါ၏။ အသွေးအသားတွေက ပူလာပါ၏။

သူက သစ္စာရှိသည့် ယောက်ျား။

ချစ်တယ်....သူ့ကိုချစ်တယ်။ မုန်းလို့မရတော့ဘူး။

မအေးပွင့် ရင်တွေ တလှပ်လှပ်ဖြစ်လာပါသည်။ ဒါကို သူကတော့ သိလေမည်မဟုတ်။ တခေါခေါဟောက်၍ အိပ်ကောင်းနေတုန်း။

နေခြည်နုက ဂူဝမှ တိုးဝင်လာ၏။

သည်တော့မှ သူနိုးလာသည်။

မအေးပွင့် သူ့ရင်ခွင်ထဲမှ ရှက်ကိုးရှက်ကန်းနှင့် ခွာလိုက်ရ၏။ ရှင်လန်းနေသော မအေးပွင့်ကို ကြည့်၍ သူ ဝမ်းသာသွားဟန်ရှိသည်။

"အဖျားဝင်သေးသလား ပွင့်"

"ဟင့်အင်း....မဝင်ပါဘူး အစ်ကို၊ ကျသွားပါပြီ"

## အခန်း (တစ်ဆယ့်ငါး)

မြွေပွေးသည် အေးအေးဆေးဆေး နေသော အချိန်တွင် ကရွတ်ခွေ့ခွေ၍ ခေါင်းကို အခွေအတွင်း၌ သွင်းထားတတ်၏။

အမြီးက အပြင်ဘက်က။

ခေါင်းက အတွင်းဘက်က။

ကြိုးခွေကလေး ချထားသလို ငြိမ်နေတတ်သည်။ အဲ.... အသံကြားသည်နှင့် ခေါင်းက အပြင်ဘက်သို့ ဆတ်ခနဲထွက်လာသည်။ သူ့ကိုတော့ သွားမထိလေနှင့်၊

ယင်ကောင်တောင် မလွတ်ဟု တချို့က ဆိုကြ၏။ အလကားး။ မြွေပွေး၏ ကိုယ်ပေါ်တွင် အကွက်တွေ ရှိသည်။ သူ့အကွက်နှင့် သူ့တိုက်ကွက်တွေရှိသည်။ ကိုက်ကွက်တွေရှိသည်။

သိုင်းသမားများလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



သူလှည့်၍ ကိုက်နိုင်သော ကျောပေါ်မှ အကွက်တွင် လာနားသော ယင်ကောင် ဆိုလျှင်တော့မလွတ်။ သို့တစေ နောက်ပြန်လှည့်၍ မကိုက်နိုင်သော အကွက်ထဲတွင် ယင်ကောင်မကလို့ လိပ်ပြာသွားနားဦး၊ မထိ။ တစ်စက်ကလေးမှ မထိ။

လှသလောက် အင်မတန်ကြောက်စရာကောင်းသည့် မြွေပွေးမလေး မအေးပွင့်။

လောကကြီးတွင် သူ့အပြင် ဓားကို ကျွမ်းကျင်စွာ ကိုင်နိုင်သုံးသူ မရှိသလောက် ဓားရေးကျွမ်းသော ဓားဘခက်

သူတို့၏လက်တွေသည် မြောက်ထားရ၏။

သေနတ်လေးလက်သည် သူတို့ကို ချိန်ထား၏။ ပြောင်းဝတွေက နှလုံးသားနှင့် တစ်သားတည်း မျဉ်းဖြိုင် ကျနေသည်။ လှုပ်လိုက်တာနှင့် ကျည်ဆန်တွေ ထွက်လာမည်။

မြွေပွေးလို ပြန်လည်၍ မတိုက်ခိုက်နိုင်သော အကွက်ထဲသို့ ဝင်သွားခဲ့ပြီ။ သူတို့လက်သို့ ကျရောက်သွားခဲ့ပြီ ဖြစ်ပေသည်။

ဂူဝမှအထွက်တွင် သေနတ်လေးလက်က သူတို့နှစ်ယောက်ကို ဆီး၍ ချိန်ထားသည်။ တိုက်စိုးနှင့် သူ့လူသုံးယောက်ပင် ဖြစ်ပါသည်။

သူတို့တစ်တွေသည် မီးရောင်မှိန်မှိန် ထွက်နေသော ဂူဝကို ညကတည်းက တွေ့ခဲ့ကြသည်။ မဝင်ဝံ့။ ဓားဘခက်နှင့် မအေးပွင့်၏ အစွမ်းအစကို တိတိပပတွေ့ကြုံခဲ့ကြပြီ မဟုတ်ပါလား။ အဲသည်တော့ ဂူဝတွင် သေနတ်လေးလက် ချိန်ရင်း ငြိမ်ရှည်လက်ရှည် စောင့်နေခဲ့ကြသည်။



ထွက်လာကြသည်နှင့် ရှေ့နှစ်လက် နောက်နှစ်လက် လေးဖက်ခွ၍ ချိန်ထားကြသည်။

"နည်းနည်းလေးမှမလှုပ်နဲ့၊ လက်တွေကို ဂူဝကို ထောက်ပြီး မြှောက်ထားစမ်း"

တိုက်စိုးက ခပ်မာမာ အမိန့်ပေးသည်။ သည်တစ်ခါတော့ လှုပ်တာနဲ့ မသာပေါ်သွားမည်ဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သဘောပေါက်လိုက်ကြသည်။

တစ်ယောက်က ဂူနံရံတွင် လက်ထောက်ရင်း မြှောက်လျက် ကျောပေးထားသော ဘခက်နှင့် မအေးပွင့်ထံမှ လက်နက်တွေကို သိမ်းယူလိုက်သည်။ ဓားရော့၊ သေနတ်တွေကို သိမ်းလိုက်သည်။

"ဘခက်၊ အင်္ကျီကို ချွတ်ပစ်လိုက်စမ်း"

တိုက်စိုး၏အမိန့်ကို နာခံလိုက်ရသည်။ ယခုတော့ သူ့ကိုယ်အပေါ်ပိုင်းမှာ ဗလာကျင်းသွား၏။

"နှစ်ယောက်စလုံး ကြိုးနဲ့တုပ်လိုက်"

ဘခက်နှင့် မအေးပွင့်ကို လက်ပြန်ကြိုး တုပ်လိုက်ကြသည်။ မတတ်နိုင်ပါ၊ ဘာမှ မတတ်နိုင်တော့ပါ။

တိုက်စိုး၏ တဟားဟား အော်ရယ်သံကြီးက ရိုးမတစ်ခွင်လုံး ပျံ့လွင့်သွားသည်။

"ဟား....ဟား....ဟား၊ မင်းတို့စုံတွဲ အခုတော့ ဘာတတ်နိုင်သေးသလဲ၊ ကဲ....နည်းနည်းပါးပါး အထာပြလိုက်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို လုပ်ချင်သလိုလုပ်၊ ဒါပေမယ့် အမျိုးသမီးကိုတော့ မညှဉ်းဆဲကြပါနဲ့ဗျာ၊ သူ့ခမျာ ဖျားနေရှာပါတယ်"

"ဖျားနေရင်လဲ ဆေးကုပေးရတာပေါ့ ဘခက်ရာ"

တိုက်စိုး၏ လူသုံးယောက်သည် ဘခက်ကို ဝိုင်း၍ပယ်ပယ်နယ်နယ် သယ်တော့၏။ လက်သီးတွေ၊ ဒူးတွေ၊ စစ်ခါးပတ်တွေနှင့် ဝိုင်း၍ ဆွမ်းကြီးလောင်းကြတော့သည်။

"အို....အစ်ကို"

ဘခက်မျက်နှာတွင် သွေးခြင်းခြင်းနီသွားသည်။ မြေပြင်ပေါ်သို့ ဒူးထောက်လျက် ကျသွားသည်။ လူသုံးယောက်သည် ဖိုခနောက်ဆိုင် ဝိုင်း၍ ဆိုင်းတီးသလို အဆက်မပြတ် တီးကြတော့၏။ ဘခက် မှောက်သွား၏။ ညာလက်ကို သေနတ်အင်နှင့် ဆောင့်ချလိုက်၏။

"အား"

အရိုးတွေကြေသွားမလား မှတ်ထင်လိုက်ရသည်။အသည်းခိုက်အောင် နာကျင်သွားသည်။

မအေးပွင့် နှလုံးသားတွေ ကြေသွားမတတ် ခံစားလိုက်ရသည်။

"ဟင်....ရှင်တို့ တယ်သတ္တိကောင်းကြပါလား၊ ပစ်သတ်လိုက်၊ သေရဲတယ်၊ ဒီလိုတော့ နှိပ်စက်မနေကြနဲ့"

"အောင်မာ....မင်းကလေးက အခုထိ စွာကျယ်စွာကျယ် လုပ်နေတုန်းပါပဲလား၊ ကဲဟာ"

"ဖြန်း....ဖြန်း"



တိုက်စိုး၏ လက်ဝါးသည် မအေးပွင့်၏ ပါးနုနုကလေးပေါ်တွင် တဖြန်းဖြန်းကျသွားသည်။ ဘယ်ပြန်ညာပြန် ရိုက်ချလိုက်သည်။ မျက်လုံးထဲတွင် မီးတွေပွင့်ထွက်သွားသည်။ ပြာဝေသွားသည်။ ခေါင်းထဲတွင် မူးခနဲမိုက်ခနဲ ဖြစ်သွားပြီးလဲကျသွားရှာသည်။

ဘခက်သည် 'ဖလက်'ပြနေ၏။ မြေကြီးကို ကုန်းနမ်းနေ၏။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်၊ ရေစီးတစ်ခါ ရေသာ တစ်လှည့်၊ တူဖြစ်တုန်းတော့ ထုကြဦးပေါ့။ ကိုယ်က ပေဖြစ်နေပြီကပဲ။

ဘခက်သည် အံကြိတ်၍ခံနေ၏။ တစ်ခါတစ်ရံ သတိလစ်သွားမတတ် ခံစားရသည်။ သို့တစေ သတိလစ်လို့ မဖြစ်သေး။ မအေးပွင့်က ရှိနေသေးသည်။

"အေး....အဲဒါ ပဏာမ မိတ်ဆက်ကလေးပဲ ရှိသေးတယ်၊ ကဲ...ခေါ်ခဲ့ကြပါကွာ၊ စခန်းရောက်တော့မှ မင်းတို့သဘောရှိ"

သူတို့လေးယောက်သည် မအေးပွင့်နှင့် ဘခက်ကို တွန်းထိုး ဆွဲထူရင်း တောလမ်းတစ်လျှောက်မှ ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်သွားသည်။ သေနတ်တွေနှင့်လည်း ချိန်ထားသည်။

ယခုတော့ ယက္ခ၏ ဒိုင်ယာရီနှင့် မအေးပွင့် အတွက် အသက်လောက် အရေးကြီးသော လျှို့ဝှက် စာရွက်စာတမ်းများမှာ သူတို့လက်ထဲ ပြန်လည်ရောက်ရှိသွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့် လျှောက်မိသည်နှင့် တောထဲမှ ဗိုလ်တဲပျက်ကြီး တစ်လုံးရှေ့သို့ ရောက်သွားကြ၏။ယခင် နယ်ချဲ့အင်္ဂလိပ်ခေတ်က သစ်တောအရေးပိုင်များ လာလျှင် နားခိုရန် ကျွန်းသားများဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယခုတော့ တောတွင်းမှ ရဲတိုက်ပျက်ကြီးပမာ ချုံနွယ်ပိတ်ပေါင်းများ အလယ်တွင် ပျက်စီးနေပေပြီ။

တိုက်စိုးနှင့် သူ့အဖွဲ့ သောင်းကျန်းသူ သုံးယောက်မှာ ဘခက်နှင့် မအေးပွင့်ကို အရှင်လက်လတ် ဖမ်းဆီးနိုင်ခဲ့သည့် အပြင် ယက္ခ၏ ဂိုင်ယာရီနှင့် လျှို့ဝှက် စာရွက်စာတမ်းတွေကို ပြန်လည်ရရှိခဲ့ကြသဖြင့် ချေးပုံတွေ့သော ခွေးပေတ်တွေလို ဖြစ်နေကြသည်။

"တို့ ဒီစခန်းမှာ ခဏနားကြမယ်၊ ညကလဲ တစ်ညလုံး မအိပ်ခဲ့ရဘူး၊ အဲဒီတော့ ဟောဒီမောင်နှံကို ပထမဆုံး သက်သာသာကလေး အနားပေးထားကြဦးစို့၊ ဒါမှ အားအားပါးရ နှိပ်စက်လို့ အရသာရှိမှာကွ၊ ညနေစောင်းလောက်မှ 'အင်ပင်တိုင်' က စုရပ်ကို သွားကြမယ်"

သူတို့ ရယ်ကြ၏။

သေမင်း၏ရယ်သံများလို 'အမင်္ဂလာ' ရှိကြ၏။

ပြီးတော့ တွဲလောင်းဆွဲသည်။ ဘခက်၏ လက်နှစ်ဖက်ကို ကြိုးနှင့်ချည်ပြီး သစ်ကိုင်းတွင် တွဲလောင်းဆွဲလိုက်ကြသည်။ ခြေနှစ်ဖက်က မြေကြီးနှင့် တစ်ပေခန့် လွတ်နေ၏။

မအေးပွင့်ကိုမူ သက်သက်သာသာ ညှာတာ ထား၏။ အနားပေးထား၏။ ဘာကြောင့်ရယ်တော့ မသိ၊ သူ့ရဲ့



ဘခက်၏ရှေ့ ဆယ်ပေခန့်အကွာတွင်ရှိသော ထန်းလုံးခန့်ရှိသော သစ်ချိုင်းပင်တွင် ကျောကပ်စေ၍ လက်နှစ်ဖက်ကို ပင်စည်တွင် ခွပြီး ကြိုးနှင့်ချည်ထားသည်။

မျက်နှာချင်းဆိုင်....

သေမင်းကို ယှဉ်ပြိုင်နေရတဲ့ ဘဝ။

ဘဝင်ကျစရာ မကောင်းလှသော သူတို့နှစ်ယောက်၏ အခြေအနေကို ဘခက် တွေးဆမိပြီ။ စိုးရိမ်ပူပန်လာမိပြီ။ သူ့အတွက်တော့ မဟုတ်၊ မအေးပွင့်အတွက်။

အေးစမ်း....အေးစမ်း။

သွေးအေးအေးထားစမ်း။ နောက်ဆုံးထွက်သက် မတိုင်မီအထိ။ တိုက်ခိုက်ဖို့စိတ်ကို တင်းထား။ ယောက်ျားဆိုတာ တစ်သက်မှာ တစ်ခါပဲ သေတာသ်။

"ကဲ....ဖရက်ဒီက ထန်းရည်နဲ့ စားဖို့သောက်ဖို့ သွားရှာကွာ၊ ဒီအနားမှာ ရွာရှိပါတယ်၊ အေးအေးဆေးဆေး နားနားနေနေပေါ့၊ ပြီးတော့မှ မားဘခက်ရဲ့ ခေါ်တွေဟာ ဘယ်လောက်ထက်တယ်ဆိုတာ စမ်းကြည့်ကြသေးတာပေါ့၊ ဟိုကောင်မလေးကိုတော့ အဟဲ....ထပ်ပြီး မနှိပ်စက်ကြပါနဲ့ကွာ၊ သူ့ခမျာ အားတွေကုန်နေပါဦးမယ်၊ ဟား....ဟား"

ဖရက်ဒီဆိုသည့် သောင်းကျန်းသူတစ်ယောက် ထွက်သွားသည်။

မကြာမီ ထန်းရည်ကျည်တောက်တွေနှင့် ကြက်နှစ်ကောင် ဆွဲ၍ပြန်လာသည်။

သူတို့ ကြက်ကင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်သောက်သည်။

သောက်ရင်း စားရင်း ဘခက်ကို လက်စွမ်းပြကြသည်။ စစ်ခါးပတ်နှင့် ရိုက်သည်။ အရိုက်ကို လက်သီးမျိုးစုံ သွင်းသည်။ မျက်ခွက်ကို ထန်းရည်နှင့်ပက်၍ ဂျပန်ရိုက် ရိုက်သည်။

မအေးပွင့်အသည်းတွေ အပ်နှင့်ဆွသလို ခံစားရရှာသည်။ မျက်စိအောက်တွင် မရှုမလှခံစားနေရသော 'ချစ်ရသူ'ကို ကြည့်ရင်း နှလုံးသားတွေ ပျက်ကြွေမတတ် ရင်နာရသည်။

အစ်ကိုရယ်....

ပွင့်အတွက်နဲ့ အနှိပ်စက်ခံနေရပါပေါ့လား။

မအေးပွင့်ကိုတော့ မနှိပ်စက်ကြ။ နှိပ်စက်တာထက် အခံရခက်အောင် ပြုမူကြသည်။ ထိကပါးရိကပါး လုပ်ကြသည်။ သို့တစေ အဆုံးစွန်ဆုံး ဘာအထိတော့ မရောက်သေး။ ဘယ်တော့ရောက်မည်ဟုလည်း မအေးပွင့် မတွေးရဲ။ ကြာတော့ သိပ်ကြာမယ်မထင်တော့၊ သူတို့အားလုံး လူစိတ်ပျောက်လာကြပြီ မဟုတ်ပါလား။

သူတို့တစ်တွေကတော့ တဟားဟား၊ တဟီးဟီး။ ထန်းရည် တစ်ကျိုက် ကြက်တစ်ကိုက်နှင့် ရိုက်လိုက်သောက်လိုက်။

ငမိုက်သားတစ်စု မူးလာကြပြီ၊ ယိုင်လာကြပါပြီ။

"စောထွန်းကြည်ထွေး"

"ဆို....ဗိုလ်တိုက်စိုး"

"အစီအစဉ် တစ်မျိုးပြောင်းမယ်"

"ဘာ....ဘာ....လို ပြောင်းမှာလဲ၊ ပြော....ပြောစမ်း"



"တို့ အင်....အင်ပင်တိုင်ကို မသွားတော့ဘူး၊ ဝေးတယ်၊ ပင်ပန်းတယ်၊ အဲဒီတော့....မင်းက အင်ပင်တိုင်က 'စုရပ်'ကို သွားပြီး တို့လူတွေအားလုံး ဒီကိုခေါ်ခဲ့"

"ဟာ....ဘယ်ဖြစ်မလဲ၊ ကျုပ်ကို ပ,ထုတ်ပြီး ခင်ဗျားတို့ချည်း...."

စောထွန်းကြည်ထွေးက မအေးပွင့်ကိုကြည့်ပြီး အာလေးလျှာလေး ဆိုသည်။

"ဟား....ဟား....စိတ်ချ၊ မင်းတို့မရောက်မချင်း အရာမယွင်းစေရဘူး၊ ကဲ....သွား....သွား၊ တို့ ဒီကစောင့်မယ်"

တိုက်စိုးက အတင်းအကျပ်စေခိုင်းမှ စောထွန်းကြည်ထွေး ထွက်သွားသည်။ သူတို့သုံးယောက် ဆက်သောက်ကြ၏။ ဆက်ရိုက်ကြ၏။ ဘခက် မြွေနေပြီ။ ဇက်ကျိုးနေလေပြီ။

ကြာတော့ လက်လည်း ညောင်းလာပြီ။

ထန်းရည်လည်း ကုန်ပြီ။

ဖရက်ဒီသည် ထန်းရည်ရှာရန် ဒုတိယမ့် ထွက်ခွာသွားပြန်၏။ ယခုတော့ ရန်သူနှစ်ယောက်တည်းသာ ကျန်တော့သည်။

ဘခက်လက်တွေ ထုံကျဉ်နေ၏။

တစ်ကိုယ်လုံး လမ်းကြိတ်စက် အနင်းခံရသလို ဖြစ်နေသည်။ ဇက်ကျိုးဟန်ဆောင်ထားရာမှ မျက်လုံးကို မှေး၍ ကြည့်သည်။

မအေးပွင့်သည် သစ်ဖျိုင်းပင်ကို ကျောပေး၍မှီရင်း မျက်ရည်တွေ ကျနေရှာသည်။ မတတ်နိုင်၊ ဘာမှမတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်...အခြေအနေက သူတို့ဘက်ကို အလေးပေး လာပြီဖြစ်သောကြောင့် ဘခက် သဘောပေါက်လာပါပြီ။ တိုက်စိုးနှင့် ကျန်ခဲ့သော သောင်းကျန်းသူတစ်ယောက်မှာ ဇက်ကျိုးမတတ် မူးနေကြပြီ။ သူတို့နှစ်ယောက်ကိုလည်း စိတ်ချ လက်ချ ရှိထားကြဟန်တူသည်။

ကြည့်လေ။

သစ်ပင်တွင် တွဲလောင်းဆွဲထားသည့် လူတစ်ယောက်...

မလှုပ်နိုင် မရှားနိုင်တော့သည့် မိန်းကလေးတစ်ဦး...

ဘာဂရုစိုက်စရာ လိုတော့သလဲ။

"မောင်...ချော"

"ဘာ...ဘာလဲ ဗိုလ်...တိုက်စိုး"

"ငါ အခင်းသွားဦးမယ်၊ ဒီနှစ်ကောင်ကို အသေအချာ ကြည့်ထား"

"ဟား...ဟား...ဟား... သိကြားမင်းကြီး နဂါးကြီးနဲ့ ဆင်းကယ်တောင် မလွယ်တော့ပါဘူး၊ စိတ်ချသွား ဗိုလ် တိုက်စိုး"

တိုက်စိုး တောထဲဝင်သွားသည်။ ယိုင်တိယိုင်တိုင်ဝင်သွား သည်။

မောင်ချောဆိုသည့် ငနဲတစ်ယောက်သာ ကျန်တော့၏။ အတော်အရုပ်ဆိုးသည့် ကောင်ပဲ။

သို့သော်လည်း အခြေအနေက အကောင်းဆုံး ဖြစ်နေ သည်။ မောင်ချောသည် လက်ကျန်ထန်းရည်ခွက်ကိုကိုင်ရင်း မအေးပွင့်၏ အလှတွေကို မြင်နေသည်။ ကြည့်နေသည်။



ဘခက်ကို ဂရုမစိုက်။

ဘခက်က မအေးပွင့်ကို မျက်ရိပ်ပြသည်။ မောင်ချောကို မေးငေါ့ပြသည်။ အဓိပ္ပာယ်ကိုတော့ မအေးပွင့် နားမလည် မိ။ သို့သော် မောင်ချောကို သူမအား အာရုံစိုက်နေစေရန် ဆောင်ရွက်ခိုင်းကြောင်းကိုတော့ စဉ်းစားမိသည်။ သူ ဘာ လုပ်မလဲ၊ ဘာလုပ်မလို့လဲ။

"ကို...ကိုချော"

"အမယ်...မင်းက ငါ့ကို နာမည်တွေ ဘာတွေ ခေါ်လို့ ပါလား၊ ကဲ...ဆိုစမ်းအမိ"

"အမယ်လေး...နာလိုက်တာရှင်၊ လုပ်ပါဦး"

"ဘာ...ဘာဖြစ်တာလဲ"

"ကျဉ်နီကောင်လား၊ ပုရွက်ဆိတ်လား မသိဘူး၊ ကိုက် နေတယ်၊ အမယ်လေး...ကျွတ်ကျွတ်"

"ဘယ်မှာလဲ...ဘယ်မှာလဲ"

မောင်ချောသည် မအေးပွင့်ထံသို့ ဆတ်ခနဲ ရောက်ရှိ သွားသည်။ ဘခက်သည် ရှိသမျှ အားအင်တွေကို စုစည်းလိုက် သည်။ ပြီးတော့ ခြေနှစ်ဖက်ကို ဘားကျွမ်းသမားတစ်ယောက် လို အပေါ်သို့ ကွေးတင်လိုက်သည်။

ဒါကို မောင်ချော မမြင်။

မအေးပွင့် မြင်သည်။

"ကျွတ်ကျွတ်...လုပ်ပါဦးရှင်"

"ဘယ်...ဘယ်နေရာမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘခက်၏ ခြေသလုံးအတွင်းပိုင်းတွင် ပြောင်းပြန် ချည်ထားသော တောင်းဘီနှင့် ဖုံးနေသည့် 'ပေါက်ဓား' တစ်ချောင်းရှိနေပါသည်။ သူတို့တစ်တွေ မျက်စိလျှမ်း၍ တွေ့မသွားခဲ့သော နောက်ဆုံး လက်နက်ကလေးပင်။

သို့တစေ....

ပေါက်ဓား၏ လက်ကိုင်ကို နှိပ်သီး (Press Button)နှင့် ပိတ်ထား၏။ နှိပ်သီးကို အရင်ဖွင့်မှ ဓားသွား ထွက်လာမည်ဖြစ်၏။

ဘခက်သည် ခြေသလုံး အတွင်းပိုင်း၌ ကပ်ချည်ထားသော ဓားမြှောင်လက်ကိုင်မှ နှိပ်သီးကို ပါးစပ်နှင့်ကိုက်၍ ဖြုတ်လိုက်၏။ မောင်ချောက မအေးပွင့် အင်္ကျီကြယ်သီးကို လက်နှင့်ဖြုတ်လိုက်၏။

ဓားသွားသည် လျှောကျလာသည်။

ဘခက်သည် လျှောကျလာသော ဓားရိုးကို ခြေမနှင့်ညှပ်၍ ထိန်းလိုက်ပြီး သူ့ကိုယ်ကြီးကို ဒန်းလွှဲသလို တဖြည်းဖြည်းလွှဲလိုက်သည်။

မောင်ချောသည် ပုရွက်ဆိတ်ရှာနေ၏။

ဘခက်၏ ကိုယ်ကြီးသည် လေထဲတွင် အရှိန်ရလာသည်။ မောင်ချောလည်း အရှိန်ရလာပြီ။ ဆူဝေလာပြီ။

"အို....အို....ရှာပါလို့ ဆိုနေမှ"

"ပုရွက်ဆိတ်မတွေ့ဘူး၊ ဟိုဟာပဲ တွေ့တယ်"

"ဘာလဲ၊ ဘာကောင်လဲ"

"မှဲ့ကလေး"



ဘခက်သည် ခန္ဓာကိုယ်ကို အရှိန်နှင့် လွှဲလိုက်ပြီး ခြေထောက်ကို တအား ဆတ်ထုတ်လိုက်သည်။ ခြေမနှင့် ထိန်းထားသော ပေါက်ဓားသည် လေထဲတွင် 'ဝှီး'ခနဲ အော်မြည်ရင်း ဆယ်ပေအကွာအဝေးမှ နှလုံးသားပစ်မှတ်ကို ပြေးဝင်သွား၏။

"ဒုတ်....အ....အား"

မပွင့်တပွင့်အသံနှင့်အတူ ဓားသွားက မောင်ချော၏ ကျောပြင်တွင် စိုက်ဝင်သွားသလို ပုံကျသွား၏။ မအေးပွင့် ခြေရင်းတွင် ပုံကျသွားသည်။

ချက်ကောင်းမို့ တစ်ချက်တည်း။

မလှုပ်။ မောင်ချောတစ်ယောက် တုတ်တုတ်မျှ မလှုပ်တော့။ ချောပြီ။

တိုက်စိုးသည် စားထားသည်များကို တဝကြီး သွားနေရာမှ အားရသွားသည်။ စက္ကူမရှိသဖြင့် ဘေးတွင် တွေ့ရသော ခဲတစ်လုံးကို အသုံးပြုရသည်။ ခဲကကြေသွားပြီး လက်ပေသွား၏။ 'တောက်....'သောက်သုံးမကျတဲ့လက်။

"ပွင့်....ခြေဆင်းထိုင်ပြီး သူ့ကျောကဓားကို ခြေဖဝါးနဲ့ညှပ်ပြီး နုတ်လိုက်၊ ပြီးတော့ သစ်ပင်ကို ပြောင်းပြန်ထိုင်၊ပွင့် လက်မှာ ချည်ထားတဲ့ ကြိုးကိုဖြတ်....ရမလား"

ဘခက်အသံက အလောတကြီးနိုင်လှ၏။

မအေးပွင့်ခြေထောက်ကို ကြိုးနှင့်တုပ်မထားသည်မှာ ကောင်းသည်ဟု ဆိုရပေမည်။

"အင်း....အင်း....အစ်ကို၊ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မြန်မြန်လုပ်"

မအေးပွင့်သည် သစ်ပင်ကို ကျောမှီရင်း အောက်သို့ လျှော၍ ဆိုင်းချသိုက်ပြီး မောင်ချော ကျောပြင်တွင် စိုက်ဝင်နေသော ဓားရိုးကို ခြေထောက်နှစ်ဖက်ဖြင့် ညှပ်၍ နုတ်သည်။

ဘာကယ်ဆိုတော့ မလွယ်။

ခဲယဉ်းသည်။ အတော်ကို ခဲယဉ်းသည်။

မအေးပွင့် မရှက်နိုင်တော့။ ဓားကိုသာ ရအောင်နုတ်ပြီး ခြေဖဝါးနှစ်ဖက်နှင့်ညှပ်၍ ပေါင်ကြားသို့တိုင် ယူရသည်။

"ဟုတ်ပြီ.... ဓားကို အဲဒီမှာချထား၊သစ်ပင်ရဲ့ ဟိုဘက်ကို လှည့်ပြီး ဓားကိုကိုင်၊ မြန်မြန်လုပ်"

မအေးပွင့်သည် သစ်ပင်ကို တစ်ပတ်လည်၍ ထိုင်လျက်ကြီး ကျောပေးလိုက်သည်။ ဘခက်နှင့် မောင်ချောကို ကျောပေးပြီး တောစပ်ကို မျက်နှာမူလိုက်သည်။

"ပွင့် ဓားရိုးဟာ ပွင့်လက်ရဲ့ညာဘက်မှာ၊ အဲ....ဟုတ်ပြီ ဟုတ်ပြီ၊ ညာဘက်နည်းနည်းတိုး၊ ကိုင်လိုက်တော့"

မအေးပွင့်၏ လက်ဖျားကလေးသည် ဓားရိုးနှင့် လက်တစ်လုံးခန့် အကွာတွင် လှုပ်နေသည်။

"ကိုင်လိုက်လေပွင့်....ကိုင်လိုက်"

"မမီဘူး အစ်ကိုရဲ့"

"သစ်ပင်ကို ကျောနဲ့ တအားကပ်ပြီး ကိုင်လိုက်၊ လက်တစ်လုံးလောက်ပဲ လိုတော့တယ်၊ ဟုတ်ပြီ....ဟုတ်ပြီ၊အဲ....ဖြတ်တော့၊ ပွင့်လက်က ကြိုးကိုဖြတ်၊ သတိထားနော်၊ သိပ်ထက်တယ်"



မရှေ့ရိုးကို ကိုင်မိသလို တိုက်စိုးသည် တောစပ်မှ ထွက်လာလေပြီ။ မအေးပွင့်သည် ဓားရိုးကို ညာလက်ဖြင့် ပြောင်းပြန်ကိုင်ရင်း လက်ဖမိုးနှစ်ဖက်ကို ပူးချည်ထားသော ကြိုးကို ကြိတ်၍ လှီးဖြတ်နေသည်။ မပြတ်သေး။

တိုက်စိုးသည် ဖြည်းဖြည်း ကပ်လာနေ၏။ အခြေအနေကို ထူးခြားနေသည်။ ဘခက်သည် သစ်ပင်တွင် ကြိုးတုပ်လျောင်းနှင့် ဇက်ကျိုးကျနေသော်လည်း မအေးပွင့်သည် သစ်ပင်တွင် ကျောမှီရင်း နောက်ပြန်ထိုင်နေသည်။ သူမ နောက်တွင် လဲကျနေသော မောင်ချော။

ပြီးတော့ ကပိုကရို မအေးပွင့်။

သည်အကောင် ထန်းရည်သောက်လျှင် သည်အတိုင်းချည်း။ ဘယ်တော့မှ ကိုယ့်ကိုယ်ကို မထိန်းနိုင်။

တိုက်စိုး၏ မျက်လုံးတွေက ရတနာသိုက်ကို တွေ့သလို ဝင်းပြောင်လာသည်။ ရတနာသိုက်တော့ မဟုတ်။ အင်မတန် လှပသည့် ဣတ္ထိယ သိုက်တံခါးကြီး ပွင့်နေပြီ။

တိုက်စိုးသည် မောင်ချောကိုလည်း မမြင်တော့။ ဘခက်ကိုလည်း မကြည့်တော့။ မျက်လုံးတွေကို ပုံသေထားရင်း မအေးပွင့်ထံသို့ ချဉ်းကပ်လာသည်။ နီးကပ်လာပါပြီ။

မအေးပွင့် ရင်တွေ တဒိန်းဒိန်း ခုန်လာ၏။ မောင်ချော၏ ကျောပြင်မှ သွေးတွေကိုများ တွေ့သွားလေမလား။ ကြိုးကလည်း မပြတ်သေး။

လေးလှမ်း....

သုံးလှမ်း....

www.burmeseclassic.com

www.burmeseclassic.com



နှစ်လှမ်း....

မအေးပွင့်သည် တစ်လှမ်းချင်း ကပ်လာသော တိုက်စိုး၏ မျက်နှာကို စူးစိုက်ကြည့်ရှုရင်း ကြိုးကို ကြိတ်လှီးနေသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ရှင့်....တပည့်ပေါ့"

"ဟင်....သွေးတွေ"

မြင်သွားပြီ။ မောင်ချော ကျောပြင်မှ သွေးတွေကို တိုက်စိုး မြင်သွားသည်နှင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။

"ဟင်....မင်း....မင်း ...အွတ်...."

အထစ်ထစ် အငေါ့ငေါ့ အသံမဆုံးမီ မအေးပွင့်က တဲတဲကလေးသာရှိတော့သော ကြိုးကို ဆောင့်ရုန်းလိုက်ပြီး ဓားသွားကို တိုက်စိုး၏ ဆီးစပ်သို့ ထိုးထည့်လိုက်၏။

သူတို့နှစ်ယောက် ထွေးလား လုံးလား ဖြစ်သွား၏။ တိုက်စိုးသည် မအေးပွင့် လည်ပင်းကို ညှစ်ရန် ကြိုးစားနေသလို မအေးပွင့်၏ ဓားသွားက သူ၏ ကိုယ်ခန္ဓာအနှံ့အပြားသို့ တစွတ်စွတ်ဝင်လာသည်။

မအေးပွင့်၏ ခန္ဓာကိုယ်ပေါ်တွင် ခွစီးထားသော တိုက်စိုးသည် နောက်ဆုံး အသံနက်ကြီးဖြင့် အော်လိုက်ရင်း ငြိမ်ကျသွား၏။

မအေးပွင့်သည် လူးလဲထလိုက်ပြီး ထဘီကို ကမန်းကတန်းဝတ်၍ ဘခက်ထံသို့ ပြေးလာခဲ့၏။ ဘခက်ပြုံးနေသည်။ သတ္တိခဲမလေး မအေးပွင့်က သူ့ကို ကယ်တော့မည်။



သူ့လက်က ကြိုးကို ဖြတ်လိုက်၏။

ကြိုးပြတ်၍ ကျလာ၏။

နှစ်ယောက်သား တင်းတင်းကျပ်ကျပ် ပွေ့ဖက်မိကြသည်။ နှလုံးသားချင်း ကပ်နေကြသည်။ မျက်နှာချင်း အပ်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် လွတ်ထွက်သွားမည်ကဲ့သို့ ဖက်တွယ်မိကြသည်။ ပြီးတော့မှ အသည်းထဲမှ အသံ။

"ပွင့်"

"အစ်ကို"

"ပွင့်"

"ရှင်"

"အစ်ကိုတို့ သေမင်းလက်က လွတ်ကြပြန်ပြီနော်"

မအေးပွင့်သည် သူ့ရင်ခွင်ထဲမှ မော့ကြည့်သည်။ မျက်ရည်စတွေ လွှမ်းနေသော သူမ၏ မျက်လုံးက ပြုံးနေပါသည်။

"ဟော"

တေ[illegible]ိုးသံကြားရ၏။ စကားပြောသံသဲ့သဲ့ ပျံ့လွင့်လာ၏။ 'အင်ပင်တိုင်' မှ အုပ်စုပင် ဖြစ်ရမည်။

"ပြေး....ပြေး....ပွင့်၊ ပစ္စည်းတွေကို ယူပြီးပြေးနှင့်၊ အစ်ကို ဒီက ခံပစ်ထားမယ်"

"အို....အစ်ကိုမပါဘဲ ပွင့် မပြေးဘူး၊ သေပါလိမ့်စေ"

"ပွင့်ကလဲကွယ်....အစ်ကို့စကားကို နားထောင်စမ်းပါ၊ သူတို့က လူအင်အားများတယ်၊ ကဲ....ပွင့်ပြေးနှင့်၊ အစ်ကို အခုပဲ လိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ်...."

"သွားပါ ပွင့်ရယ်၊ အစ်ကို့ ကိုချစ်ရင် အစ်ကို့ စကားကို နားထောင်စမ်းပါ၊ ကဲ....အချိန်မရှိတော့ဘူး"

မအေးပွင့်သည် သူ့ကို ရွှန်းရွှန်းစားစား တစ်ချက် ကြည့်လိုက်ပြီး သူ့နဖူးကို နမ်းလိုက်သည်။ ပြီးတော့ ယက္ခ၏ ဒိုင်ယာရီနှင့် လျှို့ဝှက် စာရွက်စာတမ်းများ ထည့်ထားသော အိတ်ကိုလွယ်၍ သေနတ်တစ်လက်ကိုဆွဲပြီး တောထဲသို့ ပြေးဝင်ခဲ့၏။

သူ ကျန်ခဲ့ပြီ။

မကြာခင် သေနတ်သံတွေ တဒိုင်းဒိုင်း ကြားရသည်။

ရိုးမ၏အလှကို မသတိစရာကောင်းလှသော ပစ်သံ၊ ခတ်သံတွေက ရက်ရက်စက်စက် ဖျက်ဆီးပစ်လိုက်ပါတော့သည်။

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

မဟာရန်ကုန်....

လူပေါင်းစုံနေသည်။

အဲသည်လူတွေအထဲမှ လူတစ်ယောက်။

သူမနောက်တွင် တကောက်ကောက်လိုက်နေသည်။

အစကတော့ သာမန် ခရီးသွားတစ်ယောက်လို့ပဲ စိတ်မှာထင်မိသည်။ သို့တစေ အသေအချာ အကဲခတ်လိုက်ပါမူ သည်လူသည် သူမနောက်သို့ အရိပ်ပမာလို ကပ်ပါလာသည်။

သူ့ကိုယ်သူတော့ လည်လှပြီပေါ့။

'မီတော့' ယက်ဆွဲအိတ်အနက်ကို လက်မှာဆွဲလို့။

ဘဲလ်ဘော့တွန် အနက်။

တက်ထရက် ဂျင်းဂျက်ကက် အပါးစားနှင့် နေကာမျက်မှန်ကြီးကလည်း ပါလိုက်သေး။



သူသည် အေးအေးဆေးဆေးပင် နောက်မှလိုက်နေသည်။ ဆူးလေစေတီတော်မြတ်ကိုပတ်၍ ကမ္ဘာလှည့်ခရီးသည်များကို ပစ္စည်းရောင်းသော ဆိုင်ရှေ့တွင် သူမ ရပ်လိုက်သည်။ သူ့ကို ကျောပေးထားသော်လည်း သူ့အရိပ်ကို အလှပြပစ္စည်းများ ပြသထားသည့် **Show Case** မှန်တွင် တိတိပပတွေ့လိုက်ရပါသည်။ နောက်မှလိုက်လာသောသူသည် ဂ္ဂနွေမပျက် ဆက်လျှောက်သွားပြီး ရှေ့တူရူမှ လျှောက်လာသော စီးကရက်ရောင်းသည့် ဈေးဗန်းကလေးကို လည်ပင်းတွင် သိုင်းလွယ်လာသော လူဘစ်ယောက်ရှေ့တွင် ရပ်၏။

သူမသည် သူတို့နှစ်ယောက်အားမှ ပွတ်ကာသီကာ ဆက်လျှောက်လာသည်။ မျက်စိက သူတို့ကို မကြည့်ပေမယ့် နားကို စွင့်ထားသည်။

"ချက်စတာဖီး စီးကရက် ရှမလား"

"ရပါတယ်ဆရာ၊ ဘစ်ဘူး အစိတ်ပါ"

"ရော့....ဒြော....ငတိုက်နဲ့ မင်္ဂလာကော"

"စကီးဘိက သက္ကရာဇ်ကြီးရဲ့ ဘာလိမ့်မှာ"

"ဗိုက်ကင်းတို့ဘိကာ စောင့်"

စကားသံအချို့ ပျံ့လွင့်လာသည်။ သူမသည် သူတို့နှစ်ယောက်အားမှ အေးအေးဆေးဆေး ဆက်လျှောက်ခဲ့သော်လည်း သူတို့နှစ်ယောက်ပြောသော စကားတွေကို နားထဲက ကြားလိုက်သည်။ ဦးနှောက်ထဲသို့ သွင်းလိုက်သည်။

ချက်စတာဖီး၊ ငတိုက်နဲ့ မင်္ဂလာ၊ စကီးဘိက
သက္ကရာဇ်ကြီး၏ တလိမ့်၊ ဗိုက်ကင်းတို့ဘိ။

www.burmeseclassic.com

www.burmeseclassic.com



စကားတွေက အဆန်းသားကလား။ သို့သော်ပြေးလည် သည့်စကားတွေ၏ အနက်အဓိပ္ပာယ်ကို သူမ သိတန်သရွေ့ သိလိုက်ပါသည်။

ငတိုက်နဲ့ မင်္ဂလာ....တိုက်ပုံအင်္ကျီနှင့် ကြော့နေသော စကီးဘီး-ဗိုလ် ချုပ်ဈေး။

သက္ကရာဇ်ကြီးရဲ့ တလိမ့်- အသက်ကြီးကြီး ဒရိုင်ဘာ မောင်းနှင်သော ကား။

ဗိုက်ကင်းတို့ဘိ၊ ကန်တော်ကြီးစောင်း။

ချက်စဘာဖီးစီးကရက်၊ လျှို့ဝှက် စကားဝှက်တစ်ခု။

ယခုတော့ သူမနောက်တွင် လိုက်နေသောသူမှာ တ ယောက်တည်းမဟုတ်ဘဲ အသိုင်း အဝိုင်း နှင့် ဖြစ် ကြော သဘောပေါက်လာရပါပြီ။ကြည်လင်သော သူမ၏မျက်နှာ လှလှကလေးမှာ ပြုံးတော့မယောင် ဖြစ်သွားသည်။ သို့တ က္ကန္ဒြေတစ်ထောင့်ငါးရာလောက်ကို တစ်စက်ကလေးမှ မပ စေဘဲ မို့စွင့်သော တင်အစုံကို နှံ့၍ တစ်လှမ်းချင်း လျှော လာပါသည်။

အနော်ရထာလမ်းအကူး မီးပွိုင့်သို့အရောက်တွင် မီး ပြသွားသည်။ သူမသည် လမ်းကို ဖြတ်ကူးခဲ့၏။ရုပ်ရှင်ပိုစတာ များချိတ်ဆွဲထားသော မြက်ခင်းဘေးရှိ မျက်မှန်၊ ဖောင်တိ မီးခြစ်၊ တံဆိပ်ခေါင်း အဟောင်းရောင်းသော လမ်းဘေး ဈေးတန်းကလေးရှေ့သို့ ရောက်လာသည်။

“တိပ်နောင်”

တိပ်နှင့် နာမည်ရိုက်သည်။



သူမသည် အရုပ်လှလှကလေးများကို Tape နှင့် ပြုလုပ်၍ ရောင်းသော ဆိုင်ကလေးရှေ့တွင်ရပ်လိုက်ပြီး အရုပ်တစ်ခုကို ရွေးလိုက်၏။

လက်ဖျံရိုးကြက်ခြေခတ်ထားသော လူခေါင်းရိုးပုံကလေး င်။ အဓိပ္ပာယ်က ‘အန္တရာယ်’ Danger, [Exposure to njury, not Safe.]

“ဘယ်လောက်လဲ”

“နှစ်ကျပ်ခွဲပါ အစ်မလေး”

သူမသည် ‘စလင်းဘက်’ အနက်ကြီးထဲမှ ကျပ်တန်သုံးရွက် ကို ထုတ်ပေးသည်။

“အကြွေမရှိဘူး ခင်ဗျ”

“ဒါဖြင့်လဲ မုန့်အမ်းနဲ့တော့ပေါ့ရှင်”

မိန်းမလှကလေးသည် ခရီးသွားများနှင့်အတူ ရော၍ ခက်လျှောက်သွားသည်။ ဆိုင်ရှင်သည် ကျပ်တန်တစ်ရွက်ကို သေအချာကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

ယုန်သည် ရှေ့ကပြေး၏။

ခွေးသည် နောက်က အနံ့ခံရင်း လိုက်နေသည်။

ဒါကို ‘ကျား’က ရိပ်မိသွားပြီ။

သို့ဖြင့် သူမသည် ဗိုလ်ချုပ်ဈေးထဲသို့ရောက်သွားပါသည်။ မိန်းမလှကလေးတွေ အရုပ်ဆိုးကုန်ကြတော့၏။ သူမ၏အလှ သည် တစ်ဈေးလုံးလှနေသော မိန်းမချောကလေးတွေ၏ အလှကို လွှမ်းမိုးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးတွေက လက်ညှိုးနှင့်လက်ခလယ်ထောင်ပြရင်း 'ဇေ'ကြသည်။ 'ရှိတ်' ကြသည်။သူမကတော့ တစ်စက်ကလေးမှမကြည့်၊ မပိစ်။

သည်လို မထိကထိ ကလိ တတ်သော ကောင်ကလေးတွေက ဗိုလ်ချုပ်ဈေးဝတွင် ရိုက်သတ်လို့ မကုန်နိုင်။ သူတို့နှင့် 'ကြည်' သည့် 'ဂေါ်လီမလေး' မဟုတ်မှန်းသိကြ၍ ဆက်လိုက်မလာကြ။

သူမသည် အဝင်ဝမှ ညာဘက်ကိုချိုးပြီး 'ကလီယိုပေါ်ထရာ' ဇာတောလီဆိုင်တွင် ဘရာစီယာတစ်ထည် ဝယ်သည်။

"ဆိုက် ဘယ်လောက်ဝတ်သလဲ ညီမ"

"သုံးဆယ့်ခြောက်ပါ"

"ခြောက်....ဆိုက်ကြီးပဲ၊ တစ်ထည်ပဲရှိတော့တယ် ညီမရေ့"

ဆိုင်ရှင်မမက ထွားပြည့်လှသော သူမကို အားကျသည့်ဆိုရင်း ရင်စည်းတစ်ထည်ကို ရောင်းလိုက်၏။ သူမသည် စက္ကူအိတ်ကလေးကို စလင်းဘက်ထဲ ထည့်သည်။ 'မက်စ်ဖက်တာ' မိတ်ကပ်ဘူးကို ထုတ်သည်။ မျက်နှာကို 'ပတ်ဖ်' ကလေးနှင့်တို့သည်။

သူ....သူ။

မှန်ဝိုင်းကလေးထဲတွင် သူ။

သူမနောက်က အရိပ်လိုလိုက်လာသည့် Shadow သည် မိတ်ကပ်ဘူးမှန်ဝိုင်းကလေးတွင် မြင်နေရသည်။



သူမသည် ဗိုလ်ချုပ်ဈေး၏ အရှေ့ဘက်တန်းသို့ ခပ်သွက်သွက်လှမ်းခဲ့သည်။ သည်စဉ်မှာပင် ရှေ့တူရူမှ လျှောက်လာသော လူတစ်ယောက်ကို မြင်မိသည်။

ထိုသူသည် သူမကိုမြင်သည်နှင့် အနှစ်နှစ်အလလက ကွဲကွာပျောက်ဆုံးနေသော ရည်းစားဟောင်းကို မြင်လိုက်ရသလို မပြေးရုံတစ်မည် ချဉ်းကပ်လာသည်။

သူမသည် ညာဘက်ရှိ ဆိုင်တန်းကလေးတွေကြားထဲသို့ လှစ်ခနဲ ကွေ့ဝင်လိုက်၏။ ဟိုပတ်သည်ပတ်နှင့် မျက်ခြည်ဖြတ်ပစ်လိုက်၏။ပြီးတော့ ဈေးရှေ့သို့ ခပ်သွက်သွက်ထွက်ခဲ့သည်။

'ဟိုဒင်' အမျိုးအစား ကားဖြူကြီးတစ်စီးသည် သူမရှေ့သို့ လျှောခနဲ ရောက်လာသည်။

"ဘယ်သွားမလဲ အစ်မလေး၊ ကြိုက် သ လောက် ပဲ ပေးပါ"

ကားပေါ်မှ ဒရိုင်ဘာအဘိုးကြီးက တံခါးဖွင့်ပေးရင်း ဆိုသည်။ နံပါတ်အနက်တပ်ထားသော်လည်း ပရိုက်ဗိတ်ဆွဲသည့် ကားတစ်စီး၊ သို့မဟုတ် သက္ကရာဇ်ကြီးနှင့် တလိမ့်။

"ကန်တော့်ကြီးကိုပါ အဘ၊ မြန်မြန်လေး မောင်းပေးစမ်းပါ"

"အေး....အေး"

ကားဖြူကြီးသည် ဝုန်းခနဲ ဆောင့်ထွက်သွားသည်။ တက်ထရက် တိုက်ပုံအင်္ကျီကိုဝတ်ထားသည့် ခပ်ဖြောင့်ဖြောင့်ငနဲသည် မာဇဒါ ဖင်မလီယာကားပေါ်မှ အေးအေးသက်သာ စောင့်ကြည့်နေ၏။ လူပုံ ချောသလောက် သူ့မျက်လုံးတွေက

www.burmeseclassic.com

www.burmeseclassic.com



လူသေလို အားစက်နေပါသည်။ သူ့ဘေးသို့ ခပ်စောစောက 'ချက်စတာဖီး' စီးကရက်ငယ်သည့် ငနဲက စွေ့ခနဲ ရောက်လာ၏။

'ဖင်မလီယာ'သည်'ဟိုဒင်' နောက်သို့ ပြေးလိုက်သွား၏။ 'ဟိုဒင်' နောက်မှ 'ဝီလီ' တစ်စီး ပါသွားသည်။ ထိုဂျစ်ကားပေါ်တွင် တိပ်နှင့်အရုပ်ရောင်းသော 'ကိုတိပ်နောင်' နှင့် ဗလကောင်းကောင်းလူတစ်ယောက် ပါသွား၏။

ဘခက်သည် ဈေးရှေ့သို့ အပြေးထွက်လာသော်လည်း 'မအေးပွင့်' ကို မမီလိုက်တော့။ကားဖြူကြီးပေါ်သို့ စွေ့ခနဲ တက်၍ ထွက်ခွာသွားသော 'မအေးပွင့်'ကိုသာ ရိပ်ခနဲ မြင်လိုက်ရပါသည်။

ကားဖြူကြီးပေါ်တွင်မတော့....

သက္ကရာဇ်ကြီးသည် ကုန္ဒြေရရ မောင်းနှင်နေ၏။ မိန်းမချောကလေးကတော့ နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသည့် 'ဖင်မလီယာ'ကို မသိမသာ အကဲခတ်နေသည်။နောက်ကားပေါ်တွင် 'ချက်စတာဖီး'စီးကရက်ငယ်သူနှင့် တိုက်ပုံအင်္ကျီဝတ်ထားသော 'ကိုမင်္ဂလာ'ကို ကျက်သရေကင်းမဲ့စွာ မြင်လိုက်ရသည်။

ရှေ့မှာ ထောင်ချောက်။

ယုန်မလေး၏နောက်သို့ အမဲလိုက်ခွေးနှစ်ကောင် ပါလာပါပြီ။

ယုန်မကလေးကလည်း သူတို့တောင်ထားသည့် ထောင်ချောက်ထဲသို့ ဘန်းတန်းမတ်မတ် ပြေးဝင်နေပြီ မဟုတ်ပါ



လား။ ကားဖြူကြီးသည် လူပြတ်သော ကန်တော်ကြီးစောင်းတစ်နေရာမှ 'မြေပဒေသာ' အဝင်ဝတွင် ရပ်သွားသည်။

"ရော့....အဘ"

ကားခ ဆယ်တန်တစ်ရွက်ကို သူမက ထုတ်ပေးပြီး ကန်တော်ကြီး၏ အတွင်းပိုင်းသို့ ဝင်သွားသည်။

နေသည် 'အိကွေဘာ' ပေါ်တွင် ဝင်းဝင်းတောက်နေသည်။

အချိန်ကလည်း မွန်းတည့် ဆယ့်နှစ်နာရီ။

သည်အချိန်မျိုးတွင် သည်နေရာက လူပြတ်လွန်းသည်။ မှိုင်းညို့နေသော သစ်ပင်ကြီးတွေက အုပ်ဆိုင်းနေသည်။ ချုံပုတ်တွေ၊ ပန်းရုံတွေက ကွယ်ကာနေသည်။ ပြီးတော့ ကန်ရေပြင် ပြာလဲ့လဲ့။

"မ....အေး....ပွင့်"

နောက်မှ အသံကြားလိုက်ရသဖြင့် သူမကိုယ်မှာ ဆတ်ခနဲဖြစ်သွား၏။ လုံလိုက်သည့် ခြေသံ။ ကိုယ်ဖော့သိုင်းပညာများ ဘတ်ထားလေရော့သလား။ သို့တစေ မသိသလို မကြားသလို ဆက်လျှောက်လာခဲ့သည်။

တိုက်ပုံအင်္ကျီနှင့် ကိုမင်္ဂလာသည် သူမရှေ့မှ ပိတ်၍ ရပ်လိုက်၏။ 'ဘဲလ်' အနက်နှင့် ကိုယ်ဘော်မြတ်က နောက်က။

"ခေါ်နေတာ မကြားဘူးလား"

"ရှင်....ဘျွန်မကို....ဟုတ်လား"

"ဟုတ်တယ်၊ အခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ မအေးပွင့်"

www.burmeseclassic.com

www.burmeseclassic.com



"မအေးပွင့်....ကျွန်မ မအေးပွင့်မှ မဟုတ်တဲ၊ ကျွန်မနာမည် မြင့်မြင့်စန်းပါ"

"ဘာ....မြင့်မြင့်စန်း၊ ဟား....ဟား....ဟား၊ မင်း တို့ကိုပတ်လို့မရဘူး မအေးပွင့်၊ ဘယ်မလဲ ဗိုလ်ယက္ခရဲ့ဒိုင်ယာရီ"

ပြုံးသွားသည်။ မချောလေး မျက်လုံးတွေ ပြူးထွက်သွားသည်။

"ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီ ဟုတ်လား၊ ရှင်တို့ပြောနေတာတွေက ကျွန်မ ဘာမှနားမလည်ဘူး၊ သိလဲမသိဘူး၊ မအေးပွင့်ဆိုတာလဲ ကျွန်မ မဟုတ်ဘူး၊ ရှင်တို့ လူမှားနေပြီ၊ ကျွန်မနာမည်က မြင့်မြင့်စန်း၊ ကဲ....ဖယ်ပါ"

ကာဆီး ကာဆီးလုပ်နေသော ကိုမင်္ဂလာသည် စိတ်ရှည်ဟန်မတူ၊ နောက်ကလူကို မျက်ရိပ်ပြလိုက်ရင်း တိုက်ပုံအင်္ကျီထဲသို့ လက်နှိုက်လိုက်သည်တွင်....

"အင့်....အွတ်"

အသံနှစ်ချက်သည် ပါးစပ်နှစ်ပေါက်ထဲမှ ထွက်လာ၏။ သူမ၏ ညာလက်သိပ်သည် တိုက်ပုံအင်္ကျီဝတ်ငနဲ၏ ညာဘက်နံစောင်းသို့ ဓားဘစ်ချောင်းလို ဝင်သွားသလို ပြန်အဆွဲတွင် နံရိုးတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

ပြီးတော့ တစ်ဆက်တည်းပင် ရှေ့မှအဆွဲနှင့် နောက်ကသိုင်းဖက်လာသောသူကို တံတောင်နှင့် ပစ်သွင်းလိုက်ခြင်းပင်။ ပြီးတော့ သူတို့နှစ်ယောက်ကြားမှ လှစ်ခနဲ ခုန်ထွက်လိုက်သည်။



ကိုမင်္ဂလာသည် တစ်ချက်တည်း ပုံကျသွားသော်လည်း ဘောင်းဘီဝတ်ငနဲ၏ လက်ဘစ်ဖက်က လေထဲတွင် လှစ်ခနဲ လှုပ်သွား၏။

"ဝှီး....ဒေါက်"

ပေါက်ဓားဘစ်လက်သည် သူမထံသို့ပျံ၀ဲအလာ စလင်းဘက်နှင့် ခံလိုက်သဖြင့် 'ဒေါက်'ခနဲ လာစိုက်သည်။

ဓား....ပြီးတော့ သေနတ်။

ဘောင်းဘီဝတ်ငနဲက ဂျင်းဂျက်ကက်အောက်တွင် ပခုံးစလွယ်အိတ်နှင့်ထည့်ထားသော သေနတ်ကို ဆွဲထုတ်လိုက်သည်။ ခလုတ်မဆွဲလိုက်ရခင် 'ဒုတ်'ခနဲ အသံနှင့်အတူ ပုံကျသွား၏။

ကိုတိပ်နောင်သည် နိုင်လွန်ခြေအိတ်ထဲတွင် ထည့်ထားသော မတ်စေ့(အလေး)နှစ်ကျပ်ခွဲဖိုးနှင့် ငနဲသား၏ ငယ်ထိပ်ကို မိတ်ဆက်ပေးလိုက်ခြင်းပေါ့။

"တော်တော့....ကိုတိပ်နောင်၊ လက်လွန်သွားမယ်"

ကိုတိပ်နောင်သည် နိုင်လွန်ခြေအိတ်ကို တဝှီးဝှီးယမ်းရင်း ဒုတိယမ္ပိဆော်မည်အပြုတွင် မြင့်မြင့်စန်းက တားလိုက်သည်။

"ကျွန်တော် နောက်များကျသွားသလားလို့"

"နောက်မကျပါဘူး၊ အတော်ပါပဲ၊ ဒါနဲ့ ကားဖြူကြီးထဲက သက္ကရာဇ်ကြီးကော"

"ဗလကြီးက တာဝန်ယူလိုက်တယ်၊ ကဲ....ကျွန်တော်လုပ်စရာရှိတာ ဆက်လုပ်လိုက်မယ်"

မြင့်မြင့်စန်း နားလည်လိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှ အမြန်ဆုံးထွက်ခွာဖို့ အချိန်တန်ပြီ။

သူမသည် ကန်တော်ကြီးထဲမှ ထွက်ခဲ့၏။ လမ်းမကြီးသို့ မရောက်မီ စီးကရက်ဗန်းကလေးကို လည်ပင်းတွင် သိုင်းလွယ်ထားသော ခပ်စောစောကလူနှင့် ရင်ဆိုင်တွေ့လိုက်ရသည်။

"စီးကရက်ရမယ် အစ်မလေး"

"ချက်စတာဖီး ရမလား"

လူလား မျက်လုံးပြူးသွားသည်။

"ကုန်....ကုန်သွားပြီ အစ်မလေးရဲ့၊ ဒူးယားရမယ်"

"အေးကွယ်၊ တစ်ဘူးပေး"

ကုလားလေးက ဒူးယားတစ်ဘူးပေး၏။ သူမက ဆယ်တန်တစ်ရွက်ပေးသည်။ ကုလားလေးက ဈေးဗန်းအောက်သို့ နှိုက်လိုက်သည်။ သူမက စလင်းဘက်ထဲသို့ နှိုက်လိုက်သည်။ ကုလားလေးလက်ထဲတွင် 'ဘောလ်ပင်' တစ်ချောင်း ဖျတ်ခနဲ ရောက်လာ၏။ သူမလက်ထဲတွင် တရုတ် ခေါက်ယပ်တောင်ကလေးတစ်ခု ဆတ်ခနဲပါလာ၏။

"ထောက်....ချွင်"

အဆိပ်အပ်တစ်ချောင်းသည် ဖောင်တိန်ဘဲမှ စပရိန်အား ဖြင့်ထွက်လာသလို သူမ၏လက်ထဲမှ သံမဏိ ယပ်တောင်ကလေးကလည်း ဖြန့်၍ ကာပြီးသား။

လူသည် ဈေးဗန်းကိုပစ်ချပြီး တစ်ကြိုးတည်း လစ်တော့သည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားသော သူတို့နှစ်ယောက်၏ အခြေအနေကို လူသစ်တစ်ယောက်က မြင်လိုက်၏။



ဗိုလ်ချုပ်ဈေးထဲတွင် သူမနှင့် မျက်နှာချင်းဆိုင် တွေ့လိုက်သည့် 'သူ'ပင် ဖြစ်ပါသည်။ သူသည် ကွေ့ကွေ့ ကောက်ကောက်ရှိသော လူသွား လမ်းကလေးမှ ပြေးလာသော ကုလားလေးကို မိတ်ဆက်လိုက်၏။

ပါးစပ်နှင့်တော့ မဟုတ်။

ခြေထောက်နှင့်။

အရှိက်ကို 'ကစ်'တစ်ချက် သွင်းလိုက်သည်။ 'အမ်'ခနဲ မသဲမကွဲအသံနှင့်အတူ ဗိုက်ကိုနှိပ်ရင်း ခွေကျသွားသည်။ 'ဖိုးပြုံးချို'ဝမ်းနှုတ်ဆေး ဆယ်ထုပ်လောက် သောက်ထားသည့်ပုံမျိုး။

သို့တစေ ကုလားမျက်နှာက မချိုလှ။

သူမသည် ထိုသူတို့နှစ်ယောက်ကို လားလားမှ ဂရုမစိုက်ဘဲ သူတို့ဘေးမှ အေးအေးဆေးဆေး လျှောက်သွားသည်။

"မအေးပွင့်"

သူ့အသံက လှိုက်လှဲတကြီး၊ ဝမ်းသာအားရ။ သို့ပေမယ့်လည်း အမျိုးသမီးက သူ့ကို မသိသလို ခပ်စိမ်းစိမ်းကြည့်လို့။

"အစ်ကိုလေ ပွင့်၊ ဘခက်....မားဘခက်"

သူမမျက်နှာတွင် သိသာလောက်အောင် အပြောင်းအလဲတစ်ခုဖြစ်သွားခဲ့သော်လည်း ချက်ချင်းပင် ကွယ်ပျောက်သွားခဲ့ပါသည်။

"မားဘခက်၊ ကျွန်မကို ရှင် သိလို့လား၊ ဒါမှမဟုတ် မားရောင်းချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်မနေပါနဲ့ ပွင့်ရယ်၊ ပွင့်ကို အစ်ကိုရှာနေတာကြာပြီ သိလား၊ ရိုးမတောထဲမှာ ပွင့်နဲ့ ကွဲသွားကတည်းက ဆိုပါတော့"

သူမမျက်နှာတွင် တွေဝေသွားသည်။

"ရှင်....မမကို သိသလား"

"ဗျာ...."

"ခုနက မအေးပွင့်လို့ ကျွန်မကို ခေါ်လိုက်တယ် မဟုတ်လား၊ အဲဒါ ကျွန်မ မမရဲ့ နာမည်"

ဘခက်သည် သူမကို စူးစူးဝါးဝါးကြည့်မိသည်။ မအေးပွင့်မှ မအေးပွင့်အစစ်။ ရေမရော၊ ချွတ်စွပ်။

သို့ပေမယ့် ကွဲတာတစ်ခုပဲရှိသည်။

ပါးပြင်ပေါ်က စံပယ်တင်မှဲ့ကလေးမပါ။ ဒါကလေး တစ်ခုကလွဲပြီး အချိုးအဆစ်၊ အရုပ်အမောင်း၊ အသံဗလံက စ,၍တူသည်။

"ဒါဖြင့် မြင့်မြင့်စန်းမဟုတ်လား"

"ဟုတ်....ဟုတ်ပါတယ်၊ ရှင် ကျွန်မကို သိနေတယ် ဟုတ်လား၊ မမနဲ့ရှင် ဘယ်တုန်းက သိကြတာလဲ၊ အခု မမ ဘယ်မှာလဲ"

မြင့်မြင့်စန်းသည် သူ၏ ညာဘက်လက်ဖျံကို မသိမသာ အကဲခတ်ကြည့်ရင်း မေးလိုက်ပါသည်။

"ကျွန်တော်လဲ သူ့ကိုရှာနေတာပါပဲ မမြင့်မြင့်စန်း၊ ရိုးမတောထဲမှာ ကွဲသွားပြီးကတည်းက ဆိုပါတော့၊ ဒါပေမယ့်



ပွင့်က သူ့မှာ အမြွှာညီမလေးတစ်ယောက်ရှိတယ်လို့ ကျွန်တော့်ကို ပြောခဲ့ဖူးပါတယ်၊ ရုပ်ချင်းက သိပ်တူနေလို့ မြင့်မြင့်ချင်း မအေးပွင့်လို့ပဲ ထင်လိုက်မိတယ်"

သူမ၏မျက်နှာသည် တစ်မုဟုတ်ချင်း ညှိုးနွမ်းသွားသည်။ နေထိပန်းလို ညှိုးနွမ်းသွားပါသည်။

"ကျွန်မ မမအကြောင်းကို ကြားချင်ပါတယ်၊ ရှင်နဲ့ မမ ဘယ်လိုတွေ့ခဲ့ကြတယ်ဆိုတာလဲ ကျွန်မ သိချင်ပါတယ်၊ ရှင့်လိုပဲ ကျွန်မက မမကို ရှာခဲ့တာကြာပါပြီ၊ အဲဒီတော့ ရှင်နဲ့ ကျွန်မ အေးအေးဆေးဆေး တွေ့ကြရအောင်လား၊ အခုတော့ ကျွန်မမှာ သိပ်အရေးကြီးတဲ့ ကိစ္စလေးတစ်ခုရှိနေလို့ သွားခွင့်ပြုပါဦးနော်၊ ဩြော်....ဒါနဲ့ ရှင့်နာမည်က ဘာ...."

"ဘခက်ပါ၊ 'မားဘခက်'၊ အဲဒါ တောထဲတုန်းက နာမည်ပါ၊ အခု ကျွန်တော် နာမည်ပြောင်းထားတယ်၊ 'ကိုကိုဇော်'တဲ့"

"အင်း....မှတ်မိပါပြီ၊ မနက်ဖြန် ရှင် အားသလား၊ အားရင် ညကိုးနာရီမှာ 'လစ္စ'လမ်းက 'နှင်းဝေဝေ'ရက်စ်တောရင့်ကို လာခဲ့ပါလား"

"ဟုတ်ကဲ့....အားပါတယ်၊ မနက်ဖြန်ဆိုတော့ စနေနေ့ပေါ့"

"ဟုတ်တယ်လေ၊ စနေနေ့ည ကိုးနာရီ"

သူမသည် သူ့ဘေးမှ ခွာရန် ဟန်ပြင်လိုက်သည်။

"ဩြော်....ဒီလူက မမြင့်မြင့်စန်းကို ဘာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ၊ လူလစ်တာနဲ့ ကျွန်မ လက်ပွေ့အိတ်ကို လုမလို့၊ ရှင်ဝင်လာတာနဲ့ ထွက်ပြေးတာ"

စကားဆုံးသည်နှင့် သူမသည် ခပ်သွက်သွက် လှမ်းထွက်သွားသည်။ အဆင်သင့် မောင်းလာသော ဖင်မလီယာ အငှားကားကလေးကို လက်ပြ၍ တားပြီး တက်လိုက်သွားသည်။

အံ့အားသင့်ပြီး ကျန်ခဲ့သူကတော့ 'ဘခက်' သို့မဟုတ် 'ကိုကိုဇော်'။

ဩော်....မအေးပွင့်....မအေးပွင့်။

ရိုးမတောထဲတွင် အသက်ကိုလုရင်း အပြေးအလွှား နှလုံးသားချင်း သံယောဇဉ်အမျှင်တန်းခဲ့ရသည့် မအေးပွင့်၊ ယခုတော့ မအေးပွင့် မရှိပြီ။ ဘယ်ဆီတွင် ရောက်နေသည်ကိုလည်း မသိနိုင်ပြီ။

သို့တစေ မအေးပွင့်က မြင့်မြင့်စန်းကို လမ်းသုံးဆယ်တွင် သွားတွေ့ပါဟု သူ့ကို ပြောခဲ့ဖူးသည်။ သည့်နောက် ရိုးမတောထဲမှ ဗိုလ်တဲပျက်ကြီးတွင် နှစ်ယောက်သား ကွဲသွားကြ၏။

မအေးပွင့်သည် ယက္ခ၏ ဒိုင်ယာရီနှင့် လျှို့ဝှက် စာရွက်စာတမ်းများကိုယူပြီး ထွက်ပြေးသွားနှင့်သည်။ သူက အင်ပင်တိုင်ရွာမှ ပြန်လာကြသော သောင်းကျန်းသူအုပ်စုနှင့် ခုခံ၍ပစ်ခတ်ရင်း မအေးပွင့်ကို ပြေးလမ်းဖွင့်ပေးခဲ့၏။



သည့်နောက်တွင် မအေးပွင့် ပျောက်သွားသည်။ တောအထပ်ထပ် ရွာအထပ်ထပ် ရှာသော်လည်း မအေးပွင့်ကို မတွေ့ရတော့ပြီ။ သေသည် ရှင်သည် ဆိုသည်ကိုပင် မသိရတော့။

ယခုတော့ မအေးပွင့်နှင့် ဗိုလ်ချုပ်ဈေးထဲတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အစကတော့ မအေးပွင့်လို့ပဲ တထစ်ချ မှတ်ယူခဲ့မိ၏။

မအေးပွင့် မဟုတ်....

မြင့်မြင့်စန်း။

လမ်းသုံးဆယ်တွင် နေပါသည်ဆိုသော မြင့်မြင့်စန်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

စနေ့နေ့ည
လှပသော ဖန်ခွက်ကလေးထဲမှ ပယင်းရောင် အရည်ဝါ
ယမကာလို့ ခေါ်ကြတဲ့ ဘရန်ဒီအရက်
သုံးပက်လောက် သောက်အပြီး....
မီးရောင်တွေ ထိန်ထိန်ညီးနေတဲ့ ရန်ကုန်ညမှာ
မိန်းမလှကလေးတစ်ယောက် အလာကိုစောင့်နေဆဲ....
ကာရန်မွဲလှတဲ့ ကဗျာလေးတစ်ပုဒ် စပ်မိရဲ့။

တကယ်ဆိုတော့လည်း နူနယ်တဲ့ နှလုံးသားပိုင်ရှင်တွေသာ ကဗျာလှလှကလေးတွေကို စပ်ဆိုနိုင်တာ မဟုတ်လား ပွင့်။ ရင်နင့်အောင် ချစ်ခဲ့ရပေမယ့်လည်း အသည်းချင်းမဆုံလို့ ဘဝချင်း မပေါင်းစပ်နိုင်ခဲ့ရတာကို ရန်လို အမုန်းပွားနေလို့လည်း ကွဲစပြုနေတဲ့ အသည်းဒဏ်ရာကို ဖာနိုင် ထေးနိုင်တာမှ မဟုတ်တာဘဲလားကွယ်။



နွေဟာ မသေနိုင်ဘူး ပွင့်ရေ။
မိုးမျက်ရည်ဆိုတာကလည်း ခန်းတယ်လို့ မရှိဘူး။
ဆောင်းတွင်းပန်းဖြစ်တဲ့ သဇင်တွေ ရှိနေသမျှ ကိုယ့်မေတ္တာဝေဒနာက အသည်းမှာ စွဲကပ်နေဦးမှာပေါ့ ပွင့်လေးရယ်။

ကြမ်းတမ်းခက်တရော်နိုင်လှတဲ့ ကိုယ့်ဘဝ ခရီးလမ်းမှာ ပန်းတိုင်ကလေး တွေ့ပြီလို့ မျှော်လင့်ခဲ့ပါရဲ့ကွယ်။ အဲသည်မျှော်လင့်ချက် ရွက်စကလေးတွေကို ဆက်စပ်ဖာထေးပြီး ရွက်လွှင့်လို့ လိုက်လာခဲ့ပေမယ့် လေသရမ်းနဲ့ မုန်တိုင်းထန်လို့ ဘမ်းမမြင် လမ်းမမြင် အဲ....အဲ....။

ဆက်လို့မရတော့၊ ကဗျာဆန်ဆန် စိတ်ကူး၍မရတော့ နာမည်ကို 'ဘခက်' က 'ကိုကိုဇော်' လို့ ကဗျာဆန်ဆန် ပြောင်းလိုက်သည်။ အတွေးအခေါ်တွေကိုလည်း ကဗျာဆန်ကြည့်သည်။ အစကတော့ ဟုတ်မလိုလိုနှင့် ဆက်၍ ကဗျာမဆန်နိုင်တော့။

မဒေးပွင့် ဘယ်မလဲ။
အဲသလိုပဲ ပြတ်ပြတ်သားသား စဉ်းစားတော့တာပဲကောင်းသည်။ အဟက်....ရယ်စရာကွယ်။

မာတယ်၊ ထန်တယ်၊ ကြမ်းတမ်းတယ်။
အဲဒါက ကိုယ့်ဘဝ။
'ကိုကိုဇော်' လို့ ပြောင်းလိုက်ပေမယ့် 'ဘခက်' အသည်းက ဘဲ့ခတ်ဘာလောက်ကို ခံနိုင်ရည်ရှိသည်။ ရှိးမတော်အလယ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြမ်းကြမ်းတမ်းတမ်း လမ်းမမြင်ကမ်းမမြင် လူတစ် အလယ်တွင် ဗိုလ်ကျခဲ့သည်ကိုပဲ ကြည့်။

သို့ပေမယ့် မအေးပွင့်နှင့် ဆက်စပ်ယှက်နွယ်လိုက်တိုင်း သူ့နှလုံးသားက ပျော့ချင်နေသည်။ ဘာလို့လဲ။ ချစ်လို့လား ပြတ်ပြတ်သားသား ကိုယ့်ကိုယ်ကို မေးကြည့်သည်။

"အင်း....ဟုတ်တယ်....ချစ်တယ်"

အမှတ်တစ်ရာရအောင် သည်မေးခွန်းကို ဖြေနိုင်ခဲ့တယ် ဒါကြောင့်မို့လည်း မအေးပွင့်ကို အသေအလဲ ရှာခဲ့ပါသည်။ မတွေ့။

တွေ့နေသူက မြင့်မြင့်စန်း....

ပရိုက်ဗိတ် စားသောက်ခန်းကလေးထဲသို့ သူမ ဝင်လာ သည်။ ဖော့ထဘီအဝါနှင့် လက်ပွအင်္ကျီ နံ့သာရောင်ကို ဝ ထားသည်။ ပြီးတော့ စလင်းဘက်ကလည်း နက်လိုက်တာ မှောင်နေသည်။ အဲသည်အရောင်တွေထဲတွင် ရွှေစင်လို ဝင်း နေသည့် ကိုယ်လုံးကလေးရှိသည်။

စနေနွေးညှ ကိုးနာရီ။

"ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး၊ ဘရန်ဒီ သုံးပက်ပဲ သောက် ပါသေးတယ်၊ မြင့်မြင့်စန်းရောက်လာတာ အချိန် အတိအ ပါပဲ"

သူမက ခပ်တည်တည် ဝင်ထိုင်သည်။ စားပွဲထိုးကလေး သူမနောက်တွင် ကပ်ပါလာသည်။

"ကဲ....ဘာစားမလဲ"



"အဟဲ....ကျွန်တော့်မှာတော့ ဘရန်ဒီ သုံးပက်ဖိုးပဲ ပါ တယ်၊ အဲ....မြင့်မြင့်စန်း ကျွေးမယ်ဆိုရင်တော့...."

"မှာဝါ၊ ကြိုက်တာမှာလေ"

"ငါးမန်းဘောင် အင်တုံဟင်းချို၊ ဝက်သားချိုချဉ်၊ ကြက် သားလုံး၊ ပုစွန်အခြောက်ကြော်၊ တော်ပါပြီ....ဒါလောက်၊ ကြော်....ဟို ဘရန်ဒီသုံးပက်နဲ့ ဆိုဒါကွာ၊ ရမလား"

"ရပါတယ် ဆရာ"

အခန်းထဲမှ စားပွဲထိုးကလေး ထွက်ခွာသွားသည်။ မြင့်မြင့် စန်းသည် သူ၏အစားငမ်းပုံကို သဘောကျသွားမိ၏။

"တောထဲမှာ အငတ်ငတ်အပြတ်ပြတ်နေခဲ့ရတာ အခုမှပဲ အဝတုတ်ရတော့မှာပဲ၊ အဟဲ"

သူက စပ်ဖြဲဖြဲဆိုသည်။ မြင့်မြင့်စန်းက မပြုံးမရယ်နှင့် မေးလိုက်၏။

"တောထဲကို ရှင်က ဘာသွားလုပ်တာလဲ"

"သူပုန်၊ သောင်းကျန်းသူ၊ ဒါပေမယ့် အခု အမြင်မှန်ရ ပြီး အလင်းဝင်ခဲ့ပါပြီ"

"ဟင်...."

"ဟုတ်တယ်၊ ရိုးမတောထဲမှာပေါ့၊ အဲဒီမှာ မအေးပွင့်နဲ့ သွားတွေ့တာ"

"အခု မမ ဘယ်မလဲ"

"မသိဘူး၊ သေသလား ရှင်သလား မသိဘူး"

"ရှင်က သူပုန်ဆိုတော့ မမကို ရှင် သတ်ပစ်လိုက်တာ လား"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ....မအေးပွင့်သေသွားပြီ....ဟုတ်လား"

"ဟုတ်တယ်၊ မမသေသွားပြီ"

သူမအသံက ဆို့နင့်ကြေကွဲလာသည်။ ပြီးတော့ စလင်း ဘက် အနက်ကြီးထဲမှ စာကလေးတစ်စောင်ကို ထုတ်၍ သူ့ ကမ်းပေးသည်။

စာရွက်ကလေးမှာ ဟောင်းနွမ်းတွန့်ကြေနေပြီ ဖြစ်၏ အထဲတွင် ခပ်သော့သော့ရေးထားသော စာအချို့ ရှိနေ သည်။ ကိုကိုဇော်သည် စာကို ကမန်းကတန်း ဖတ်လိုက်၏

၉-၅-၆၉

ညီမလေး မြင့်မြင့်စန်း....

မမတော့ နေရတော့မယ် မထင်တော့ဘူး၊ မ နောက်မှာ ရန်သူတွေဝိုင်းလိုက်နေကြတယ်၊ အခု မ ကို သူတို့တစ်တွေ ခြေရာခံမိသွားကြပြီ။ ဒီစာကို ကုန်ရထားတစ်စင်းပေါ်က ကုန်တွဲပေါ်မှာ ခက်ခ ခဲခဲ ရေးလိုက်ရတာ။

သူတို့ဆိုတာကတော့ သောင်းကျန်းသူတွေပေါ့ မမ သူတို့တစ်တွေကို လှလှကြီး လက်စားချေခဲ့ပြီ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို အရယူနိုင်ခဲ့တယ်၊ လျှို့ဝှက်ချက်တွေဟာ သိပ်ကို အရေးကြီးပါတယ် ဒါတွေကို သက်ဆိုင်ရာကိုရောက်အောင် ပို့ပေးပါ ဒီစာနဲ့ပစ္စည်းတွေကို လာပို့ပေးတဲ့ ဒေါ်ဖွားစိန်ကို ကျေးဇူးဆပ်လိုက်ပါကွယ်။



**P.S.**

တကယ်လို့များ 'မားဘာခက်' ဆိုတဲ့ လူတစ်ယောက် ညီမလေးဆီ ရောက်လာခဲ့ရင် သူ့ကို ယုံယုံကြည်ကြည် အားကိုးနိုင်ပါတယ်။ မမအကြောင်းကိုလဲ သူကပဲ ပြောပြနိုင်ပါလိမ့်မယ်။ သူ့ရဲ့ ညာဘက်လက်ဖျံမှာ အသည်းကို မားစိုက်နေတဲ့ဆေးမှင်ရုပ်ထိုးထားတယ်။

မမ

နော်အေးပွင့်

၉-၅

သူ့ရင်ထဲတွင် နင့်သွားသည်။

ယောက်ျားတန်မဲ့နှင့် စာရွက်ကိုင်ထားသော သူ့လက် တွေမှာ တဆတ်ဆတ်တုန်လာသည်။ ထို့အတူ အသည်းနှလုံး တွေကို ဆုပ်ညှစ်ဖဲ့ခြေလိုက်သလို ခံစားလိုက်ရ၏။

အကယ်ဒမီရှော့တ်ပါပဲ။

ရုပ်ရှင်ထဲမှာဆိုလျှင် ရွှေစင်ရုပ်ဆု ရနိုင်မည့် သူ့အမူအရာ ကို မြင့်မြင့်စန်းက အကဲခတ်ရင်း သနားသွားမိပါသည်။

"ပွင့်....ပွင့်....မအေးပွင့်"

ဆို့နင့်သော-အသံတိုးတိုးကလေးက သူ့နှုတ်ဖျားမှ ထွက် အန်လာ၏။

"မမနဲ့ ရှင်က ဘယ်လို ပတ်သက်နေတာလဲဟင်"

"ချစ်သူ"

"ရှင်...."

www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်တော့်ချစ်သူ၊ ဘစ်သက်မှာ တစ်ခါပဲ ချစ်ခဲ့ရတဲ့ ကျွန်တော့်ချစ်သူ"

သူသည် စာရွက်ကလေးကို ရင်မှာ ကပ်လိုက်သည်။ ရှိုးမယောတွင်းတွင် သက်စွန့်ဆံဖျားပြေးလွှားရင်း ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တွေက အစီအရီ ပေါ်လာပါသည်။

"သူသေပြီလို့ မြင့်မြင့်စန်းက ဘာလို့ပြောနိုင်တာလဲ"

"အဲဒီနေ့ကပဲ မီးရထားပေါ်က အမျိုးသမီးတစ်ယောက် ...ြားထဲ လိမ့်ကျပြီး သေသွားခဲ့တယ်လို့ ဒေါ်ဖွားစိန်က ...ျန်မကို ပြောခဲ့တယ်၊ ဘုရားကြီးနဲ့ ပျဉ်ပုံကြီးဘူတာ ကြားမှာပေါ့"

"အဲဒီ ဒေါ်ဖွားစိန်ဆိုတာကကော"

"မမစာထဲမှာပါတဲ့ အဘွားကြီးလေ၊ ကျွန်မအခန်းကို ဒေါ်ဖွားစိန် ရောက်လာခဲ့ပါတယ်၊ သူဟာ အင်မတန် ဆင်းရဲရိုးသားတဲ့ ကုန်စိမ်းသည် အဘွားကြီး တစ်ယောက်ပါ၊ မမဟာ သူ့ရဲ့ လျှို့ဝှက်ပစ္စည်းတွေကို ဒေါ်ဖွားစိန်နဲ့ သရက်သီးတောင်းထဲမှာ ထည့်ပေးလိုက်တယ်တဲ့"

"ဒါဖြင့် အဲဒီလျှို့ဝှက်ပစ္စည်းတွေက ဘယ်မလဲမြင့်မြင့်စန်း"

အတွင်းခန်းသို့ စားပွဲထိုးကလေး ဝင်လာသည်။ ဖန်ခွက်နှင့် ဆိုဒါပုလင်းကို ချသည်။

"အဲဒါတွေကတော့"

"အင်း....ဂုတ်"

ကိုကိုဇော်ထ ညာလက်သီးဆုပ်နှင့် စားပွဲထိုးကလေး၏ ရင်ဝကို ထုလိုက်သည်။ ငိုက်ကျလာသော လည်ကုပ်ကို လက်



ဝါးစောင်းနှင့် ခုတ်ထည့်လိုက်၏။ စက္ကန့်၏ နှစ်ပိုင်းတစ်ပိုင်းလောက်ပါပဲ။ စားပွဲပေါ်သို့ မှောက်လျက်ကြီး ကုန်းနှမ်းသွား၏။

"ဟင်....ရှင်....ရှင်"

"သူ ခပ်စောစောက စားပွဲထိုး မဟုတ်ဘူး၊ စောစတီးဇ်ရဲ့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်ထဲက ကောင်၊ သူ့ကို ကျွန်တော် ဘောထဲမှာ မြင်ဖူးတယ်၊ လာ....လစ်စို့"

သူတို့နှစ်ယောက် 'စားပွဲရုံ' ထဲမှ ကုလားကြီး တစ်ပိသာ စီလောက်နှင့် ထွက်ခဲ့ကြသည်။ ကမ်းနားဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။

ကိုတိပ်နောင်နှင့် ဗလကြီးသည် ဂျစ် ကား ပေါ် တွင် 'ဗိလင်' ကြီးတွေနှင့် ထိုင်နေရာမှ ပျော်ပွဲစားရုံထဲသို့ ဝင်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

"နန်းသီတာ"

ပြာလဲ့လဲ့ မီးရောင်သည် အမှောင်နှင့် ရောထွေးနေ၍ ဝင်းဝင်းပပ မရှိလှ။ ည....ကိုးနာရီကျော်ပြီမို့လည်း ကမ်းနားမှ 'နန်းသီတာ ဥယျာဉ်' တွင် ရှင်းလင်း တိတ်ဆိတ်နေပါသည်။

ကွန်ကရစ်လိပ်ခုံကြီးအောက်တွင်တော့သူတို့နှစ်ယောက် ကိုကိုဇော်နှင့် မြင့်မြင့်စန်း။

"ရှင်....သိပ်လက်သွက်တာပဲ၊ ကျွန်မ လုံးဝကို မရိပ်မိလိုက်ဘူး၊ ဟုတ်တယ်၊သူတို့တစ်တွေ ကျွန်မကို ခြေရာခံမိသွားကြပြီ၊ လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်လောက်ကစပြီး ကျွန်မနောက်ကို တကောက်ကောက် လိုက်နေကြတာ"

"ဟုတ်တယ် မြင့်မြင့်စန်း....ပွင့် ယူလာတဲ့ ဗိုလ်ယက္ခရဲ့ ဒိုင်ယာရီနဲ့ လျှို့ဝှက်စာရွက်စာတမ်းတွေဟာ သူတို့အတွက်



အသက်လောက် အရေးကြီးတယ်၊ အထဲမှာ ဘာတွေပါသလဲဆိုတာတော့ ကျွန်တော်လဲ မသိသေးဘူး"

"ဗိုလ်ယက္ခဆိုတာ ဘယ်သူလဲ"

"ဓါတာထဲကသောင်းကျန်းသူ ဗိုလ်မှူးစောစတီးဇံရဲ့ လက်ထောက်တစ်ယောက်ဆိုပါတော့ မြင့်မြင့်စန်း၊ ဒါနဲ့ အဲဒီ ပွင့်ယူလာတဲ့ လျှို့ဝှက်ချက်တွေကို သက်ဆိုင်ရာကို အပ်လိုက်ပြီလားဟင်"

"ဟင့်အင်း....ဒါတွေ ကျွန်မဆီမှာ မရှိတော့ဘူး"

"ဘာ...."

"ဒေါ်ဖွားစိန်ဟာ သုံးဘီးကားတစ်စီး ငှားပြီး ကျွန်မအခန်းကို လိုက်ရှာခဲ့တယ်၊ ကားကိုရပ်ပြီး ကျွန်မနေတဲ့ တာတိုက်ထပ်ကို တက်ပြီးစုံစမ်းနေတုန်းမှာပဲ သုံးဘီးကားက မောင်းပြီး လစ်ပြေးသွားတာပေါ့"

"ဟင်....ဒါဖြင့်"

"သရက်သီးခြင်းတောင်းထဲမှာ အောက်ကထည့်ထားတဲ့ မမပေးလိုက်တဲ့ လျှို့ဝှက် စာရွက်စာတမ်းတွေ ပါသွားတာပေါ့ ကိုကိုဇော်"

မြင့်မြင့်စန်းက သူ၏ နာမည်သစ်ကို ပထမဆုံးခေါ်ရင်း စိတ်မချမ်းမြေ့စွာ ဆိုလိုက်ပါသည်။ သူသည် ခေါင်းကို စိတ်ပျက်စွာ ယမ်းခါလိုက်သည်။

"ကားနံပါတ်ကို မှတ်မိလိုက်သလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အဘွားကြီးကတော့ မမှတ်မိဘူး၊ လမ်းဘေးက ကလေးတွေကို စုံစမ်းကြည့်တော့ ၆၂၂၉ ဆိုလား၊ ၆၂၅၉ဆိုလား ကွဲကွဲပြားပြား မသိလိုက်ဘူးတဲ့"

"ဧ,လုံးလား....ဆ,လိမ့်လား၊ ဇ,ကွဲလား"

"အဲဒါလဲ မသိဘူး"

"အင်း...အသက်နဲ့ လဲယူလာခဲ့သမျှ အလကား ဖြစ်သွားရ တာလောက် ရင်နာစရာ မရှိတော့ဘူး၊ ပွင့်ဟာ ဒီလျှို့ဝှက် ချက်တွေကို အသက်နဲ့လဲပြီး ခဲခဲယဉ်းယဉ်း ဘယ်လိုယူခဲ့ရ တယ်ဆိုတာ မြင့်မြင့်စန်းသိခဲ့ရင် မျက်ရည်ကျလိမ့်မယ်၊တကယ် ဆိုတော့ ပွင့်ဟာ သတ္တိကောင်းသလောက် စွန့်စားခဲ့ပါ တယ်၊ ပွင့်ဘဝဟာ သနားစရာကောင်းလောက်အောင် ဒုက္ခ သုက္ခတွေ ခံစားခဲ့ရရှာပါတယ်ကွယ်"

သူ့အသံက ကြေကွဲလာသည်။ ဆို့နစ်လာသည်။ အမှောင် ရိပ် လွှမ်းနေသဖြင့် သူ့မျက်နှာကို မမြင်ရသော်လည်း ခံစား မှုဖြင့် ပြည့်သိမ့်နေမည်ကို မြင့်မြင့်စန်း မှန်းဆမိသည်။ သူမ က လိုက်လှဲစွာ ခေါ်လိုက်သည်။

"ကိုကိုဇော်"

"မြင့်မြင့်စန်း"

"မမအကြောင်းကို ကျွန်မကို ပြောပြပါလားဟင်"

"မမအကြောင်း မပြောခင် ကျွန်တော့်အကြောင်းကို အရင်မေးပါဦးလား မြင့်မြင့်စန်း၊ ကျွန်တော်ဟာ ဘာကောင် လဲဆိုတာ မသိဘဲနဲ့ မြင့်မြင့်စန်းက ယုံလိုက်ပြီလား၊ အန္တရာယ် တွေ ဒါလောက်များနေတဲ့ကြားထဲက ကျွန်တော့်ကို ယုံစား



လိုက်ပြီလား၊ တကယ်ဆိုတော့ ကျွန်တော်လဲ သူပုန်တစ် ယောက်ပါပဲ"

"မမ စကားကို ကျွန်မယုံတယ်၊ မမစာထဲမှာ ကိုဘခက်ကို ယုံယုံကြည်ကြည်နဲ့ အားကိုးပါလို့ ရေးထားတယ် မဟုတ် လား၊ ပြီးတော့ ကိုကိုဇော် အသင်းဝင်လိုက်ပြီဆို"

"ဟုတ်တယ်၊ ပွင့်နဲ့ကွဲသွားပြီး သူ့ကို ရှာမရတဲ့အဆုံး နိုး ရာဘပ်မတော် ခန်းဘစ်ခုမှာ လက်နက်ချပြီး အသင်းဝင် တယ်၊ အခုဘော့ ကျွန်တော့ဘဝက လွတ်လပ်ပြီ၊ အမြင်မှန် ရခဲ့လို့လဲ အရင်က မှားခဲ့သမျှ တိုင်းပြည်အကျိုးကို ဆတက် ထမ်းပိုး ကြိုးစား ထမ်းဆောင်မယ်လို့ စိတ်ကို ယတိပြတ် ပိုင်း ဖြတ်ထားပါတယ်၊ အဲ...အခုလောလောဆယ်တော့ အလုပ် လက်မဲ့ဆိုပါတော့"

သူက သူ့ဘဝ၏ ပစ္စက္ခ အခြေအနေကို အရင်တင်ပြ သည်။ နောက်တော့ ရိုးမတောထဲတွင် မအေးပွင့်နှင့်အတူ ရုန်း ကန် တိုက်ခိုက်ရင်း ပြေးလွှားခဲ့ရပုံတွေ၊ရင်သိမ့်တုန်စရာအဖြစ် အပျက်ကလေးတွေကို အစအဆုံး တစ်လုံးမကျန် သူမကို ပြော ပြခဲ့ပါသည်။ ပြီးတော့ ယက္ခ၏ စခန်းကို မအေးပွင့်တစ် ယောက် စွန့်စွန့်စားစား ထိုးဖောက်ဝင်ရောက်သွားပြီး မိုက် မိုက်ကန်းကန်း လက်စားချေခဲ့ပုံတွေ၊ ယက္ခ၏ စခန်းကို လက် ပစ်ဗုံးနှင့်ခွဲ၍ လျှို့ဝှက်ချက်တွေကို ယူခဲ့ပုံတွေ။

"ဒါတွေကို ဗိုလ်မှူး စောစတီးဗင် သိသွားရင်ပဲ သူ့ တပ် ထဲက အကောင်းဆုံး၊ အမိုက်ဆုံး၊ တိုက်ရည်ခိုက်ရည် အရှိဆုံး လူသုံးဆယ်ကိုရွေးပြီး ရိုးမတောထဲက ထွက်နိုင်တဲ့ လမ်းသုံး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကိုပိတ်ပြီး သတ်မိန့်ပေးလိုက်တာပဲ. မြင့်မြင့်စန်းရယ်၊ အဲ...ပွင့်ဟာ ဗိုလ်ယက္ခရဲ့ စခန်းကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ထိုးဖောက် ဝင်ရောက်သွားခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် လုံးဝ မသိခဲ့ပါဘူး''

မြင့်မြင့်စန်း သက်ပြင်းချလိုက်မိပါသည်။

''အဲဒီတော့ ပွင့်နောက်ကို လိုက်နေကြတဲ့ ရန်သူအချို့ဟာ မြို့ပေါ်အထိ ပါလာနိုင်တယ်၊ မြေပေါ်မှာရှိတဲ့ သူတို့ရဲ့ အဖျက်သမားတွေကိုလဲ သတင်းပို့ပြီးသား ဖြစ်လိမ့်မယ်၊ စောစောက မြင့်မြင့်စန်းနောက်ကို လိုက်လာတဲ့သူဟာ ဒီကောင်တွေထဲကပဲ ဖြစ်ရမယ်၊ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို မရမချင်း အသေအလဲ လိုက်ကြဦးမှာပဲလို့ ကျွန်တော်တင်မိတယ်''

''ဟုတ်တယ် ကိုကိုဇော်၊ ကျွန်မ ဘာဆက်လုပ်ရင် ကောင်းမလဲ''

''သက်ဆိုင်ရာကို တိုင်လိုက်ပါလား''

''အဲသလိုဆိုရင် သူတို့က ကျွန်မအသက်ကို ရန်မရှာဘူးလို့ ပြောနိုင်မလား၊ ဒီလျှို့ဝှက်ချက်တွေ ကျွန်မလက်ထဲမှာ ရှိနေတယ်လို့ သူတို့ထင်နေသရွေ့ ကျွန်မကို သတ်ပစ်ရဲကြဦးမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ ကျွန်မ မရှိတုန်းမှာ ကျွန်မအခန်းကို တိတ်တဆိတ် လာရှာကြတယ်၊ တစ်ခန်းလုံးကို ပွနေတာပဲ၊ မမ ပေးလိုက်တဲ့ အဲဒီလျှို့ဝှက်ချက်တွေ ကျွန်မဆီမှာ ရှိတယ်ထင်ပြီး လာရှာကြတာထင်ပါရဲ့၊ မတွေ့တော့ ကျွန်မနောက်ကို တကောက်ကောက် လိုက်နေကြတော့တာပဲ၊ အဲဒါကြောင့်



ကျွန်မလဲ ကြောက်လန့်ပြီး အန်တီရှိုစီ့အခန်းကို ပြောင်းနေရတယ်''

''အန်တီရှိုစီဆိုတာ ဘယ်သူလဲ မြင့်မြင့်စန်း''

''လမ်း ၃၀ ထဲကပဲ၊ ကျွန်မနဲ့ ခင်မင်နေတဲ့ ကပြားမကြီးပါ၊ သိပ် သဘောကောင်းတယ်၊ ဒါပေမယ့် ဒီကိစ္စတွေကို အန်တီ ရှိုစီ မသိခဲ့ပါဘူး၊ ကျွန်မလဲ ဒီအတောအတွင်းမှာ မမအကြောင်းကို ကျိတ်ပြီး စုံစမ်းနေလျက်ပါပဲရှင်''

သူသည် သက်ပြင်းတစ်လုံးကို ရှူးခနဲ မှုတ်ထုတ်လိုက်၏။ ဒါကို မြင့်မြင့်စန်း ကြားလိုက်ပါသည်။

''ကိုကိုဇော်လဲ မမအတွက် သိပ်အနစ်နာခံခဲ့တာပဲနော်၊ မမကို ခင်တွယ်သလိုကျွန်မကိုလဲ ညီမလေးတစ်ယောက်လို ခင်တွယ် စောင့်ရှောက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကံဆုံရင်တော့ မမနဲ့ ကိုကိုဇော် တစ်နေ့မှာပြန်တွေ့ကြပါစေလို့ ကျွန်မ ဆုတောင်းပါတယ် ကိုကိုဇော်ရယ်''

သူမအသံက တိုးညင်းပေမယ့် လှိုက်လှဲမှု အပြည့်အဝ ပါဝင်နေပါသည်။

''မီးရထားပေါ်က ကျသေတဲ့ မိန်းကလေးဟာ ပွင့်လို့ အသေအချာ ပြောနိုင်သလား ဟင်''

''ဟင့်အင်း....ရထားဘီးနဲ့ကြိတ်မိပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရှာသတဲ့၊ ကျွန်မ လိုက်သွားတော့ သင်္ဂြိုဟ်ပြီးနေပါပြီ၊ မတွေ့လိုက်ရတော့ပါဘူး ကိုကိုဇော်ရယ်''

ရှိုက်သံသဲ့သဲ့ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သူမပခုံးကလေးကို အသာအယာ ဆုပ်ညှစ်ရင်း အားပေးလိုက်သည်။ နူးအိသော ပခုံးသား ကစ်ကစ်ကလေးမှာ တွန့်ခနဲ ဖြစ်သွားပါသည်။

မအေးပွင့်....မြင့်မြင့်စန်း။

ခွဲမရအောင်တူသည့် အမြွှာညီအစ်မနှစ်ယောက်။

အကယ်၍သာ မြင့်မြင့်စန်း၏ ပါးပြင်တွင် စံပယ်တင်မှဲ့ကလေးသာ ပါခဲ့ပါက 'မအေးပွင့်' လို့ပဲ တထစ်ချ မှတ်ယူမိမည်သာ ဖြစ်ပါသည်။

သို့တစေ 'မြင့်မြင့်စန်း'အလှက ပို၍ ဟောက်ပသည်။ ဝင်းစိုသည်၊ ဖြူအိသည်။ သည်အလှတွေကို အဝတ်အစား အပြင်အဆင်တွေနှင့် မွမ်းမံလိုက်သောအခါ အလှဆုံး ဖြစ်သွားသည်။

မအေးပွင့်ကတော့ ကြမ်းတမ်းသော ရိုးမတောထဲတွင် ပြေးလွှားတိုက်ခိုက်နေခဲ့ရသည်မို့ အပြင်အဆင်မရှိ။ ပကတိအလှနှင့် ပင်ကိုသဘာဝကို မြင်ခဲ့ရသည်။ တစ်ခု ခြားနားသည်ကတော့ မအေးပွင့်စိတ်က မြင့်မြင့်စန်းထက် မာသည်၊ ထန်သည်။ မြင့်မြင့်စန်းကျတော့ နူးညံ့သည်၊ ယဉ်ကျေးသည်။

ခြားနားခြင်းကတော့ ဒါပါပဲ။

"ကဲပါ....မြင့်မြင့်စန်းရယ်၊ သိပ်လဲ ဝမ်းနည်းပန်းနည်း ဖြစ်မနေပါနဲ့၊ ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့တဲ့၊ တစ်နေ့တော့ ပွင့်ကို ပြန်တွေ့ချင် တွေ့ဦးမှာပေါ့၊ အခုလောလောဆယ် အရေးကြီးတာက မြင့်မြင့်စန်း



မှာ အန္တရာယ်တွေ ဝိုင်းနေတယ်၊ ဒါကို သတိထားပြီး လွတ်အောင် ရှောင်ဖို့ပဲ"

"ကိုကိုဇော် ကို ကျွန်မ အားကိုးပါတယ်၊ ကျွန်မကို ပစ်မထားပါနဲ့လား ကိုကိုဇော်"

"စိတ်ချပါ မြင့်မြင့်စန်း၊ ကဲ....လာ၊ မြင့်မြင့်စန်းကို ကျွန်တော် လိုက်ပို့မယ်၊ အခန်းကိုလဲ သိသွားရအောင်ပေါ့၊ မြင့်မြင့်စန်းကို လမ်းသုံးဆယ်မှာ ရှာခဲ့တာ ကြာပြီ၊ မတွေ့ခဲ့ဘူး၊ အဲ....တွေ့မယ့်တွေ့တော့ မနေ့က ဗိုလ်ချုပ်ဈေးထဲမှာ မျက်နှာချင်းဆိုင်ကိုတွေ့တော့တာပဲ၊ ဒါပေမယ့် ကျွန်တော်က မအေးပွင့်လို့ပဲ ထင်လိုက်မိတာ၊ အဲဒါကြောင့် သုံးဘီးတစ်စီးငှားပြီး ကန်တော်ကြီးအထိ လိုက်လာမိခဲ့တာပေါ့"

သူတို့နှစ်ယောက် စကားပြောရင်း နှန်းသီတာဥယျာဉ်အတွင်းမှ ထွက်ခဲ့ကြသည်။ စထရင်းဟိုတယ်ရှေ့ရှိ မှောင်ရိပ်တွင် သူတို့ကို စောင့်ကြည့်နေကြသော လူနှစ်ယောက်ကိုတော့ မမြင်မိကြ။

လမ်းသုံးဆယ်ထဲရှိ အန်တီရိုစီ၏ အခန်း ဒုတိယထပ်သို့ ရောက်ခဲ့ကြသည်။

"ဒေါက်....ဒေါက်....ဒေါက်"

မြင့်မြင့်စန်းသည် အခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်ပါသည်။ အတွင်းမှ ရေဒီယိုဓလလှိုင်းသံများရှာနေသော တဝီဝီအသံ သဲ့သဲ့ကြားရသည်။ မြင့်မြင့်စန်းက ဒုတိယမိ တံခါးကို ခပ်ကျယ်ကျယ်ခေါက်လိုက်၏။ လေလှိုင်းသံများ ပျောက်သွားပြီး ခပ်သွက်သွက် လျှောက်လာသော ခြေသံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။ တံခါးပွင့်သွား၏။ ကပြားမကြီးတစ်ယောက်သည် အပေါက်ဝတွင် ရပ်နေသည်။

"VOA ဖမ်းနေတာနဲ့ တံခါးခေါက်သံ မကြားလိုက်ဘူး"

"ညှော်သည်ပါလာတယ် အန်တီရိုစီ"

"အေး....ဝင်ကြလေကွယ်"

ကပြားမကြီးက ဖော်ရွေစွာဖြင့် ကိုကိုဇော်ကို ပြုံးပြရင်း ဖိတ်ခေါ်လိုက်ပါသည်။ အခန်းတွင်းသို့ ရောက်သွားကြ၏။

အားပါး....သားနားလှချည်လား။

တစ်ခန်းလုံး ခံ့ခံ့ညားညား ပြင်ဆင်ထားသည်။ခေတ်မီ ဆက်တီတွေ၊ ပရိဘောဂတွေ၊ နံရံကပ် 'မော်ဒန်အတ်' ပန်းချီတွေနှင့် အပြင်အဆင်အမွှမ်းအမံက ခေတ်ဆန်လှသည်ကော။

"ဪ....သူက မြင့်မြင့်စန်းနဲ့ ကျောင်းတုန်းကအင်မတန် ရင်းနှီးခဲ့တဲ့ ကလပ်စ်မိတ် ကိုကိုဇော်၊ ကိုကိုဇော်၊ဒါ ကျွန်မရဲ့ အတူနေတဲ့ အန်တီရိုစီလေ၊ 'ဗြူတီပါလာ' တစ်ခုမှာ အလှ ပြင်ဆရာမလုပ်တယ် ကိုကိုဇော်"

မြင့်မြင့်စန်းက မိတ်ဆက်ပေးသဖြင့် ဂါရဝတရားဖြင့် အင်္ဂလိပ်လိုပြောရင်း လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်။ ဝမ်း မသာသော်လည်း တွေ့ရတာ ဝမ်းသာပါသည်ပေါ့။

"ကိုင်း....ထိုင်ကြဦး၊ အန်တီ စားဖို့သောက်ဖို့ တစ်ခုခု သွားလုပ်လိုက်ဦးမယ်"

"နေပါစေ အန်တီ၊ ကျွန်တော်တို့ စားသောက်ပြီးခဲ့ပါ ပြီ"



"အို....မဟုတ်တာဘဲကွယ်"

ကပြားမကြီး အတွင်းသို့ဝင်သွားသည်။ သူသည် ဧည့်ခန်း၏ အပြင်အဆင်ကို စိတ်ဝင်စားစွာ ကြည့်မိသည်။ ဘယ်နေရာကြည့်ကြည့် လှပနေသည်။ ခေတ်မီနေသည်။ သူ စိတ်အဝင်စားမိဆုံးကတော့ စန္ဒရားကြီးတစ်လုံးလို ရေဒီယိုတင်ထားသည့် နံရံကပ်ဗီရိုကြီးတစ်လုံးပင် ဖြစ်ပါသည်။ မဟော်ဂနီရောင် တောက်နေသော ထိုဗီရိုကြီးပေါ်တွင်တော့ 'ပို့စကတ်' အရွယ် လှပသော မိန်းမပျိုလေးနှစ်ယောက်၏ ဓာတ်ပုံနှစ်ပုံကို ယှဉ်တွဲပြီး တင်ထားသည်။

ရုတ်တရက်ကြည့်လျှင် တစ်ဦးတည်းဟု ထင်စရာ ဖြစ်စေသော်လည်း ပါးပြင်ပေါ်တွင် စပယ်တင်မှဲ့ကလေးနှင့် 'မအေးပွင့်' ကို သူ့နှလုံးသားထဲကကို မှတ်မိပါသည်။ ပြီးတော့ ခေတ်ပေါ် အင်္ဂလိပ် ဝတ္ထုတွေကိုလည်း စီရရီတင်ထားသည်။ Alistair Maclean, J.D. Mac Donald, James Hadley Chase တို့၏ ဝတ္ထုတွေများသည်။

"မြင့်မြင့်စန်းတို့အခန်းက သားနားသားပဲ"

"ဟုတ်တယ် ကိုကိုဇော်၊ အန်တီရိုစီက သပ်သပ်ရပ်ရပ်နေတတ်သလို သိပ်ပြီး 'မော်ဒန်နိုက်စ်' ဖြစ်တယ်၊ ဒီအခန်းက အန်တီရိုစီရဲ့ ကိုယ်ပိုင်အခန်းပေါ့"

ကပြားမကြီးသည် ငွေလင်ပန်းကလေးကိုကိုင်ရင်း ရောက်လာသည်။ သူမ၏ လက်သည်းတွေက မွှန်ထက်လှပနေသည်။ လက်သည်းနီတွေ ဆိုးထားသည်။ လင်ပန်းပေါ်တွင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်လှလှကလေးနှစ်လုံးနှင့် ပန်းကန်ပြားလေးတစ်ချပ် ပါ လာ၏။

ဖန်ခွက်ထဲတွင် အရက်ပါလာသည်။ ဝီစကီ။

နီညိုရောင် စပျစ်သီးကလေးတွေက ပန်းကန်ပြားထဲတွင် အခိုင်လိုက်။

စားလိုက်တာပေါ့။

သောက်လိုက်တာပေါ့။

စာရင်းသောက်ရင်း အာလာပ သလ္လာပစကားတွေ ပြော ဖြစ်ကြသည်။ သည်စကားတွေထဲတွင် 'မအေးပွင့်'အကြောင်း တော့ တစ်စက်ကလေးမှ မပါ။ လမ်းမှာကတည်းက 'မအေး ပွင့်' အကြောင်း အန်တီရှိစီကို မပြောရန် မြင့်မြင့်စန်းက တားမြစ်ထားခဲ့သည်။ ဘာလို့ပါလိမ့်။

ဆယ်နာရီမထိုးမီ သူတို့နှစ်ဦးစလုံးကို 'ဂွတ်နိုက်' လုပ်၍ ကိုကိုဇော် ဆင်းခဲ့၏။

"ကောင်းသောညပါ"

အခန်း (လေး)

သို့တစေ သူ့အတွက် 'ကောင်းသောည' မဟုတ်မှန်း မကြာခင်မှာပင် သိလာရသည်။ မှုန်မွှားသော မီးတိုင်အောက်တွင် လူတစ်ယောက် ရပ်နေ၏။ သတိမမူမိ။

ရှေ့တူရူမှ သူတောင်းစားအဘိုးကြီးတစ်ယောက်၊ တုတ်ကောက်ကြီးကိုထောက်၍ တုန်တုန်ချည့်ချည့် လျှောက်လာသည်။ သူသည် သူတောင်းစားအဘိုးကြီးနှင့် ဘဖြည်းဖြည်း နီးကပ်လာသည်။

"လူကလေးရယ်၊ အဘ ညနေစာ ထမင်းမစားရသေးလို့ တစ်ကျပ်ဘစ်ပြား သနားခဲ့ပါကွယ်"

အဘိုးကြီးအသံက တုန်ယင်နေသည်။ ကိုကိုဇော်သည် ညာလက်ကို ဘောင်းဘီအိတ်ထဲသို့ ငုံ့၍ နှိုက်လိုက်၏။

"ဗွီး....."

www.burmeseclassic.com

www.burmeseclassic.com



တုတ်ကောက်ကြီးသည် လေထဲတွင် အရှိန်ပြင်းစွာ ဖြတ်သန်းလာသည်။ ခေါင်းကို အသာငုံ့ပေးလိုက်သည့်တိုင်အောင် ဆံပင်ကို လေဟပ်သွား၏။ တစ်ဆက်တည်းမှာပင် 'ခုန်ကွက်' ကို သူက သုံးလိုက်၏။ ထင်သည့်အတိုင်းပင် သူ့ခြေထောက်ကို အဘိုးကြီးက 'နဂါးပတ်'ရိုက်နည်းဖြင့် သိမ်းရိုက်ခြင်းပင်။

ပြီးတော့ 'ဆင်စွယ်ထိုး' ဖြင့် သူ့ရင်ဝကို တုတ်နှင့်ဆောင့်တိုက်လိုက်သည်။ သူက 'မြွေလိမ်နည်း' ဖြင့် ခန္ဓာကိုယ်ကို ပွတ်ကာသီကာ လှည့်၍ ရှောင်လိုက်ရင်း အရှိန်လွန်၍ ငိုက်ဆင်းလာသော သူတောင်းစားအဘိုးကြီး၏ လည်ကုပ်ကို လက်ဝါးစောင်းတစ်ချက် ပေးလိုက်၏။

"ဒုတ်"

သူတောင်းစားကြီးသည် ရှေ့သို့ ဟပ်ထိုးကျသွားသည်နှင့် သူ့လက်က ဓားမြှောင်ကို ထုတ်ပြီးသား။

"ရှမ်း"

ညာလက်တစ်ခုလုံး ကျဉ်သွားသလို ဓားမြှောင်မှာ လွတ်ကျသွားသည်။ သူ့လက်တွင် စက်ဘီးချိန်းကြိုးတစ်ချောင်း ပတ်လာ၏။ ချိန်းကြိုးကို ဆောင့်မဆွဲခင် သူ့ခန္ဓာကိုယ်က လေထဲတွင် ဝဲပျံသွားပြီး ရန်သူသစ်ဖြစ်သော ချိန်းကြိုးဆရာဆီသို့ ပူးကပ်လိုက်၏။

နှစ်ယောက်သား လုံးထွေးသွားသည်။



အကယ်၍များ ခွာ၍ရုန်းမိလျှင် သူ့လက်က အသားတွေ ဖွာထွက်သွားပေမည်။ ကြိုး၊ ကျာပွတ်၊ ချိန်းကြိုး ပတ်မိလျှင် ရုန်းဖို့စိတ်မကူးလေနှင့်၊ အတွင်းသာ ဝင်ပေတော့။

သူတို့နှစ်ယောက် လုံးထွေးနေစဉ် ကားတစ်စီး အပြင်းမောင်းဝင်လာသည်။ ရှေ့မီးကြီး နှစ်လုံးကို ထိန်လင်းနေအောင် ဖွင့်ထားသည်။ ကားကြီးသည် သူတို့နှစ်ယောက်ဆီသို့ တိုးဝင်လာ၏။ ကိုကိုဇော်သည် အောက်က ရောက်နေသည်။

သူသည် ဒူးကို နံကောင်ကွေး ကွေး၍ သူ့ကိုယ်ပေါ်မှ ချိန်းသမားကို ကန်ထုတ်လိုက်ပြီး ဘေးသို့ ပုလင်းတစ်လုံးလို လိမ့်လိုက်သည်။

"ဒုန်း....အား"

စူးစူးဝါးဝါး အသံနက်ကြီးနှင့် အော်သံကြားလိုက်ရပြီး ကားကြီးနောက်မှ လီမွော်ရောင် မီးပွင့်ကလေးတွေ ဖြာထွက်လာ၏။ ကိုကိုဇော်သည် လမ်းဘေးမှ ရေမြောင်းပုပ်ထဲသို့ ကျသွားသည်မှာ ကံကောင်းသွားသည်ဟု ဆိုရပေမည်။

အသံမမြည်သော်လည်း ကျည်ဆန်တွေက ရေမြောင်း၏ နှုတ်ခမ်းသို့ တဒုတ်ဒုတ် ထိမှန်သွားသလို ကားကြီးမှာ အရှိန်နှင့် ဆက်မောင်းသွားခဲ့၏။

ဆူဆူညံညံ အသံတွေကြောင့် လူတွေအုံလာသည်။

"ဘာဖြစ်တာလဲ"

"ကားတိုက်သွားတာ"

"ဘယ်ကားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်းပြေးသွားပြီ၊ ကားနံပါတ် မှတ်မိလား၊ ရဲကို ခေါ်မှ၊ ခေါင်းကို ပြားချပ်သွားတာပဲ၊ ဟော့....ဟော့၊ သိပ် အုံမနေကြနဲ့"

အသံတွေမှာ စုံနေသလို လူတွေက အုံနေသည်။ သူသည် ရေမြောင်းအတိုင်း ဝပ်တွားရင်း အလျားလိုက် ကုန်းကုန်း ကွကွ သွားရသည်။ အချို့နေရာတွင် ကွန်ကရစ်ကျောက်ပြားတွေ ဖုံးနေသဖြင့် သူ့ကို မမြင်သာ။

နံလိုက်တာကလည်း ပြောစရာမရှိတော့။

ချေးစော်ရော၊ သေးစော်ရော၊ မြောင်းပုပ်နံ့ရော။

ဝေါ့ခနဲ အန်လိုက်ချင်သော်လည်း အသံကြားသွားမည်စိုးသဖြင့် လည်ချောင်းဝသို့ ဆို့တက်လာသော အစာတွေကို အတင်းမျိုချရသည်။

သူသည် ရေမြောင်း၏ တစ်ဆစ်ချိုးကွေ့မှ နောက်ဖေးလမ်းကြားထဲသို့ ပြေးဝင်လိုက်သည်။

သူ့တစ်ကိုယ်လုံး ကြွက်စုတ်က အဘလို့ ခေါ်လောက်အောင် ပေရေနေပြီ။

သူသည် နောက်ဖေးလမ်းကြားထဲမှ ဆက်လျှောက်ခဲ့၏။ တစ်နေရာအရောက်တွင် မီးလင်းနေသော ပြတင်းပေါက် တစ်ခုကို တွေ့ရ၏။ အတွင်းသို့ ကြည့်လိုက်တော့ ရေချိုးခန်း။

အဟမ်း....နေရာကျလိုက်ပါဘိ။

နောင်ခါလာ နောင်ခါချေး၊ အရေးကြီးတာ ရေချိုးဝင်လိုက်ဖို့ပဲမဟုတ်လား။ ရေချိုးပြီးမှ ကြိုးစင်တင်ဦး၊ လူလို သန့်သန့်ရှင်းရှင်းကလေး အသေခံတော့မည်။ အဲသည်တော့



ဝင်လိုက်သည်။ ပြတင်းပေါက်မှ ကျော်၍ဝင်လိုက်သည်။ ရေချိုးခန်းက အတော့်ကို ခမ်းနား၏။ ကြွေရေချိုးကန် စိမ်းဖန့်ဖန့်၊ ပလတ်စတစ်ဆေး အစိမ်းရောင်သုတ်ထားသည့် နံရံ၊ ကိုယ်လုံးပေါ် မှန်ကြီး။ ပြီးတော့ ဗီးနိုးလီးယားဆပ်ပြာ၊ ခြင်္သေ့ဖြူ သွားတိုက်ဆေး။ ရေမွှေးပုလင်းတွေက အစီအရီ။ ပါရီရဲ့ ညနေချမ်း၊ ဂိုယာ၊ ရှေနယ်၊ အော်လိုကွင်း ဆပ်ပြာမြှုပ်ပုလင်းကအစ စုံဘကာ ခင်းနေသည်။

အတော့်ကို ထည်ဝါသည့် ရေချိုးခန်းပင်။

သူသည် တစ်ကိုယ်လုံးတွင် ဝတ်ဆင်ထားသော အဝတ်ဟူသမျှ ချွတ်ချလိုက်သည်။ ခန္ဓာကိုယ်အနှံ့အပြားတွင် ကပ်ချိတ်ထားသော ခါးသုံးလက်ကို ရေချိုးကန်ပေါင်ပေါ်တွင် တင်လိုက်သည်။ ပြီးတော့ ရေချိုးကန်ကို ရေဖြည့်၊ ဆပ်ပြာမြှုပ်ပုလင်းကို သွန်ချ၊ ရေမွှေးတစ်ပုလင်းလုံးကို မှောက်ထည့်။ ပြီးတော့ သူ့ဘစ်ကိုယ်လုံးကို ရေချိုးကန်ကလေးထဲ ထည့်လိုက်၏။

အေးပါဘိ၊ မွှေးပါဘိ၊ ဇိမ်ရှိလိုက်ပါဘိ။

"ကျွဲ"

အခန်းတံခါးသည် ရှရှကလေးပွင့်ဟလာသည်။ ကောင်မလေးတစ်ယောက် ဝင်လာသည်။

"အမယ်လေး"

ကောင်မလေးက လန့်အော်၏။ ကောင်မလေးဆိုသော်လည်း အတော်ကြီးသည်။ အဆက်အပေါက်က အတော်ကြီးသည်။ ညဝတ်အင်္ကျီကို ဝတ်ထား၏။ ညဝတ်အင်္ကျီ အဖြူထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြေးနီရောင်လဲ့နေသော မျဉ်းကောက်ပါသည့် အမို့အစွင့်တွေက ထင်းနေသည်။

အဲ...လက်ထဲက ပစ္စတိုသေနတ်ကလေးက ပို၍ ထင်းနေသေးသည်ပဲ။

"မအော်ပါနဲ့၊ မင်းကို ဘာမှမလုပ်ပါဘူး၊ ရေဝင်ချိုးတာပါ၊ ပြီးတော့မှ ပစ်သတ်ချင်သတ်၊ အခုတော့ ရေဝအောင် ချိုးလိုက်ပါရစေဦးနော်"

"ရှင်....ရှင်....ဘယ်သူလဲ"

"ကိုကိုဇော်"

"သူခိုးလား၊ ဓားပြလား"

"မဟုတ်ပါဘူး၊ ရေမြောင်းပုပ်ထဲ လိမ့်ကျလာလို့ ရေဝင်ချိုးမိတာပါ၊ ရေချိုးပြီးတာနဲ့ ဟောဟိုပြတင်းပေါက်က ပြန်ထွက်သွားမှာပါ၊ မယုံရင် သေနတ်နဲ့ ချိန်ထားပေါ့၊ မဟုတ်တာလုပ်ရင် ပစ်ထည့်လိုက်"

သူက နှစ်လိုဖွယ်ရာပြုံးရင်း အေးအေးဆေးဆေး ပြောလိုက်သည်။ သည်တော့ ကောင်မလေး၏ ငိုးရိုမ်စိတ်မှာ ဝစ်ထင်လျော့သွားဟန် တူသည်။ ရေချိုးကန်ထဲမှ တစ်ဝက်တစ်ပိုင်းပေါ်နေသော သူ၏ အမွေးအမှင်များ ယှက်သန်းနေသော ရင်အုပ်ကျယ်ကြီးနှင့် တောင့်တင်းသန်မာသော လက်မောင်းကြီးတွေကို ရွှန်းလက်သည့် အကြည့်ဖြင့် ကြည့်နေပါသည်။

"ဟို...ဓားသုံးလက်က ဘာလုပ်ဖို့လဲ"



"ဪ...ဒါလား၊ အလကားပါ၊ အပျင်းပြေ လက်ကမြင်းဖို့ ပါလာတာတွေပါ၊ ဟိုမှာကြည့်စမ်း"

နံရံတွင်ကပ်ထားသော အလှပြဂျပန်မကလေးပုံကို သူက လက်ညှိုးထိုးပြလိုက်သည်။ ဂျပန်မလေးသည် ဘီကီနီတူးပိစ်ရေကူးဝတ်စုံကလေးကိုဝတ်ရင်း မခို့တရို့ ရပ်နေသည်။

"ဒုတ်....ဒုတ်....ဒုတ်"

သူ့လက်က ဓားသုံးလက် ထွက်သွား၏။ ဂျပန်မလေး၏ ခန္ဓာကိုယ် သုံးနေရာတွင် ဓားသုံးလက် စိုက်နေသည်။ ရင်မှာက နှစ်ချောင်း၊ အောက်မှာက တစ်ချောင်း။

ကောင်မလေး မျက်နှာက ပြုံးရယ်သွားသည်။ အပျင်းပြေ ဖြေဖျော်ပြသော မျက်လှည့်သမားကြီးလို သူ့ကို ကြည့်နေသည်။

"ယူ သိပ်ဓားပစ်တော်တာပဲနော်၊ ကဲ...ဒီတစ်ခါ ပစ်ပြဦးမလား၊ အဲသလိုဆိုရင် ဝင်နီ မအော်တော့ဘူး၊ ယူ့ကိုလဲ သေနတ်နဲ့ မပစ်တော့ဘူး၊ ဝင်နီက အဲသလိုလုပ်ပြရင် သိပ်သဘောကျတာပဲ၊ နောက် ဘာတွေတတ်သေးလဲ"

"တတ်တာတွေကတော့အများကြီးပဲ ဝင်နီ၊ ကဲ....အဲဒီဓားတွေ နုတ်ခဲ့"

ငပေါမလေးပါလား။

ကလေးစိတ်ပင် ကုန်ဟန်မတူသေး။

ငပေါမလေးသည် ပစ္စတိုသေနတ်ကလေးကို မှန်ရှေ့ရှိ ခုံပေါ်တွင် တင်ရင်း ဓားသုံးလက်ကို သွားနုတ်သည်။ နံရံကပ်ဂျပန်မလေးက ဖြူဝင်း၍ လှနေသည်။ နံရံတွင် ကပ်မနေ

www.burmeseclassic.com

www.burmeseclassic.com



သော ဝင်နီက နီဂရိုးမလေးလို ညိုညိုလေးနှင့် ကြေးနီရောင် တောက်နေပါသည်။

တလာ၊ ဒါရိကာ၊ ဂေါရီ၊ ကညာ၊ ကုမ္မာရီ၊ သွေးစုန်း၊ မျက်မည်း၊ သပြေခက်၊ မျက်ဝန်း၊ မြောင်းတူး ဟူ၍ မိန်းမတို့၌ အရွယ်ဆယ်ပါးရှိပါသည်။

တလာ ဆိုတာက အငယ်ဆုံး။

မြောင်းတူးဆိုတာက လေးဆယ်ကျော်။

ဝင်နီ့အသက်ကတော့ သပြေခက်။ တစ်ဆယ့်ခြောက်နှစ်အထက်လောက်ပဲ ရှိဦးမည်။ မျက်နှာကလေးက နုငယ်သော်လည်း အင်္ဂလိကပြားမလေးမို့ ထွားနေဟန်တူသည်။

"ကဲ....ပစ်ပြီဦးလေ"

"တံခါးပိတ်ထားလိုက်ဦး ဝင်နီ"

"ကိစ္စမရှိပါဘူး၊ အန်ကယ်ဒေးဗစ် အပြင်သွားနေတယ်၊ အိမ်မှာ ဝင်နီတစ်ယောက်တည်းရယ်"

သို့ပေမယ့်လည်း ကောင်မလေးက သူ့အလိုကျ ရေချိုးခန်းတံခါးကို ပိတ်၍ ကျောနှင့် ကပ်လိုက်ပါသည်။

"ဒုတ်....ဒုတ်....ဒုတ်"

သည်တစ်ခါတော့ ဝင်နီ ပြူးသွားပါသည်။ မျက်လုံးတွေပြူးသွားသည်။ ဓားနှစ်လက်သည် သူမ၏ ချိုင်းကြားနှစ်ဖက်တွင် စိုက်ဝင်နေသလို ဓားတစ်လက်က ပေါင်ကြား။

"အမယ်လေး....နည်းနည်းလေးပဲ လိုတော့တယ်၊ ယူကသိပ်လက်ဆကောင်းတာပဲနော်၊ ဒီလိုပစ်တတ်တာ ဆပ်ကပ်ထဲ လိုက်ဖူးလို့နဲ့ တူတယ်"



"ဟုတ်တယ် ဝင်နီ၊ အရင်တုန်းက အစ်ကိုဟာ ဦးမောင်မောင် ဆပ်ကပ်မှာ ဓားပစ်သမားပေါ့၊ ကဲ....အစ်ကို ရေချိုးလို့ ဝပြီ၊ ဟို....လဲစရာအဝတ်အစားတော့ မရှိဘူး"

သူက ဖြီးလိုက်သည်။

ဝင်နီက ကြမ်းပြင်ပေါ်တွင် ရွှံ့တွေ သဲတွေဖြင့် ပုံနေသော သူ့အဝတ်အစားတွေကိုတစ်လှည့်၊ ရေမြုပ်တွေ ဖုံးနေသော ကြွေရေချိုးကန်ထဲမှ သူ့ကိုတစ်လှည့်ကြည့်ရင်း ဓားတွေကို နှုတ်လိုက်သည်။

"ယူ....ခဏ နေခဲ့ဦးနော်"

'ဝင်နီ'ထွက်သွားသည်နှင့် သူသည် ရေချိုးကန်ထဲမှ ဆတ်ခနဲ ထလိုက်၏။ ရေတွေက စက်လက်တွဲလောင်း။ ပြီးတော့ 'ဝင်နီ့'ပစ္စတိုသေနတ်ကလေးကိုယူ၍ ကျည်ရိုက်တံကို ကိုယ်လုံးပေါ်မှန် ကပ်ထားသော သံပေါင်ကလေးနှင့် ကန့်လန့်၍ ချိုးပစ်လိုက်၏။

'ဝင်နီ'ဝင်လာသည်။

သူလည်း ရေချိုးကန်ထဲသို့ ဝင်နေသည်။ မဝင်လို့မဖြစ်။

"ရော့ဝတ်....အဲဒါ အန်ကယ်ဒေးဗစ်ရဲ့ ညဝတ်အင်္ကျီ"

"Thank ဝင်နီ၊ အဲ....အပြင်ခဏထွက်ပေး"

ကောင်မလေးက တခစ်ခစ်ရယ်ရင်း သေနတ်ကိုယူ၍ အပြင်ထွက်ပေးသည်။ သူဝတ်သည်။ ညဝတ်အင်္ကျီကို ဝတ်ပြီးတော့ အပြင်ထွက်ခဲ့၏။ ကောင်မလေးနောက်ကို လိုက်သွားသည်။ ခမ်းနားသော စားသောက်ခန်းထဲသို့ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ 'ဝင်နီ'က သူ့ကို ဘရန်ဒီ တစ်ပက်ထည့်ပေး၏။ ကောင်မလေးသည် ပျော်နေဟန်တူ၏။ တစ်ယောက်တည်း ပျင်းနေဟန်ရှိ၏။

"အန်ကယ်ဒေးဗစ်က ဒီလိုပဲ ညတိုင်း ထွက်ထွက်သွားတတ်တယ်၊ ဝင်နီတစ်ယောက်တည်း သိပ်ပျင်းတာပဲ သိလား၊ အခု ယူ ရောက်လာတာ သိပ်ပျော်တာပဲ"

"ပျော်တာ အရေးမကြီးဘူး ဝင်နီ၊ ၊ ဝင်နီ့အန်ကယ် ရောက်လာရင် အစ်ကိုတော့ ဒုက္ခပဲ"

"ဒုန့်ဝါရီ....အန်ကယ်ဟာ ညဆယ့်နှစ်နာရီ မကျော်ခင် ဘယ်တော့မှ မရောက်ဘူး၊ စိတ်ချ"

စိတ်ချဟူ၍မှ စကားမဆုံးမီ တိုက်ရှေ့တွင် ကားရပ်သံ ကြားလိုက်ရပြီး လျှပ်စစ်ခေါင်းလောင်းသံက ပေါ်လွင်လာသည်။

"အိုး....ဂေါ့၊ အန်ကယ်ပြန်လာပြီ"

သူတို့နှစ်ယောက် ပျာလောင်ခတ်သွားသည်။ ဝင်နီက သူ့ကို အခန်းတစ်ခုထဲသို့ တွန်းပို့လိုက်၏။ သူဝင်သွားသည်။ ဝင်နီသည် ရေချိုးခန်းထဲသို့ ပြေးဝင်သွားပြီး သူ့အဝတ်အစားတွေကို ဝှက်လိုက်သည်။ ခေါင်းလောင်းသံက အဆက်မပြတ် မြည်နေဆဲ။

"လာပြီ အန်ကယ်....လာပြီ"

ဝင်နီသည် အတွင်းတံခါးကို အရင်ဖွင့်လိုက်၏။ အပြင်တွင် သံဘာဂျာတံခါး တစ်ထပ်ရှိသေးသည်။ မော်တော်ကားရုံ မရှိသဖြင့် ဧည့်ခန်းကိုပင် ညအခါ၌ ကားထားရသည်။



သံဘာဂျာတံခါး ပွင့်သွားသည်နှင့် အန်ကယ်ဒေးဗစ်က ကားကို အတွင်းသို့ မောင်းသွင်းလိုက်၏။ ဝင်နီသည် ရင်တထိတ်ထိတ်နှင့် တံခါးကို ပိတ်လိုက်ပါသည်။ ကပြားကြီးသည် စားသောက်ခန်းထဲသို့ ဝင်သွား၏။

"ဧည့်သည် ဘယ်သူလာသေးသလဲ ဝင်နီ"

"ဘ....ဘယ်သူမှ မလာပါဘူး အန်ကယ်"

"ဒီဖန်ခွက်နှစ်လုံးကကော"

"ဩော်....မေ့နေလို့ မေ့နေလို့၊ ဆောရီး....အန်ကယ်၊ ရှစ်နာရီလောက်က 'မာဂရက်'လာလည်လို့ ဧည့်ခံထားတာ မသိမ်းရသေးဘူး"

သူတို့နှစ်ဦး၏ လှုပ်ရှားသံတွေကို ကိုကိုဇော် ကြားနေရသဖြင့် ရင်တထိတ်ထိတ်ဖြစ်နေသည်။

"ဝင်နီ၊ နင် ငါ့သေနတ်ကို ဘာလို့ ယူကိုင်တာလဲ၊ သေနတ်ကို ယူမကိုင်ရဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"မာဂရက်က သေနတ်မမြင်ဖူးလို့ ကြည့်ချင်တယ် ဆိုတာနဲ့ ယူပြမိတာပါ အန်ကယ်ရယ်"

ကိုကိုဇော့်ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

'ဓား'သုံးလက်ကို အခန်းထဲသို့ ဂရုတစိုက် ယူလာမိရှိသာ တော်တော့၏။ သို့မဟုတ်လျှင်....

"ဝင်နီ အိပ်တော့၊ ဂွတ်နိုက်"

"နိုက်....အန်ကယ်၊ ဝင်နီလဲအိပ်ချင်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်နီ ဝင်လာ၏။

သည်အခန်းက သူမအိပ်ခန်း။

အခန်းတံခါးကို ပိတ်ပြီးသည်နှင့် ဝင်နီသည် သူ့ကို ကြည့်နေသည်။ သည်အကြည့်တွင် ကြောက်တာလည်းပါ၏။ ရှင်ခုန်တာလည်းပါ၏။ နွေးထွေးတာလည်းပါ၏။ ပြီးတော့ အလိုလို မော်နေသည်။

စကားပြောလို့ကလည်း မဖြစ်။

ကိုကိုဇော်သည် နံရံရှိ မီးခလုတ်ကို ပိတ်လိုက်သည်။ မှောင်သွားသည်။ နီရဲသော ငါးဝပ်အား မီးလုံးတစ်လုံးသာ ဝင်နီ၏ ခုတင်ခေါင်းရင်းတွင် လင်းနေသည်။

ငှက်ငယ်မလေး 'ဝင်နီ'....

အပျိုသင်ချင်ပေမယ့် ကြောက်နေသည်။

သူသည် 'ဝင်နီ့'ကို အသာအယာ ပွေ့ရင်း နမ်းလိုက်၏။ ဝင်နီ့တစ်ကိုယ်လုံး ခေတ်လိုက်သလို ဖြစ်သွားသည်။ အသည်းနှလုံးတွေကို သူ့ပါးစပ်ထဲက စုပ်ယူသွားသလို ခံစားလိုက်ရပါသည်။

ဒါသည်ပင်လျှင် 'ဝင်နီ့'ဘဝတွင် ပထမဆုံးအတွေ့။

ဝင်နီ၏ အနံကယ်ဒေးဗစ်သည် မျက်မှောင်ကြီးကြုတ်၍ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ နာရီဝက်လောက်ခန့်အကြာတွင် မစ္စတာ ဒေးဗစ်တစ်ယောက် ခေါင်းငိုက်စိုက်ကျလုနီးပါး ဖြစ်လာသည်။



ဝင်နီ့အခန်းမှ ညည်းတွားသံသဲ့သဲ့ထွက်လာ၏။

'ဝင်နီ၊ ဘာဖြစ်နေတာလဲ"

"ခေါင်းကိုက်လို့ပါ အနံကယ်ရယ်"

"အေပီစီ သောက်လိုက်"

"ရက်စ်....အနံကယ်"

သို့ပေမယ့်လည်း သန်းခေါင်ယံ ဧည့်သည်တစ်ယောက် ဝင်နီ့အခန်းတွင် ရောက်ရှိနေကြောင်း အနံကယ်ဒေးဗစ် မသိရှာပါ။ အချိန်က ည ဆယ်နာရီ။

'ဝင်နီ'သည်။

ဝင်နီ....ဝင်နီ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

'သဗြေခက်'ဆိုတော့လည်း သိပ်ခက်တဲ့အရွယ်။

အသက်က ငယ်ရတဲ့အထဲ အထိန်းမတတ် စိမ်းဆတ်ဆတ်မလေးမို့ ကိုကိုဇော်ရင်မှာ လှိုက်မောနေရသည်။

သို့တစေ သည်ကောင်မလေး ငြိုငြင်မှာကို သူ မလိုလားမိပါ၊ မတော်တဆ အော်လိုက်မှဖြင့် ဒုက္ခ။ ထို့ကြောင့်ပင် သူ့ရင်ခွင်တွင် ကလေးငယ်တစ်ယောက်လို ခိုဝင် ဖက်တွယ်ထားသော ဝင်နီ့ကို အသာအယာထွေးပွေ့ရင်း စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားရသည်။

လူ့လောကအကြောင်း ဂဃနဏ မသိရှာသေးသည့် ကလေးသာသာ အပျိုစင်မကလေး၏ ဘဝကို သူ မဖျက်ဆီးလိုပါ။ သည်အရွယ်ဆိုတာကလည်း သွေးသားဆူကြွသည့်



အရွယ်။ အန္တရာယ်ကို အတင်း တိုးဝင်ချင်တတ်သည့် စိတ်ကလေးက ဝင်နီ့တွင် ခိုဝင်နေမှန်း သူသိပါသည်။

ဝင်နီသည် သူ့ရင်ခွင်တွင် တဟင့်ဟင့် ညည်းတွားနေသည်။ A.P.C တိုက်၍ မပျောက်မှန်း ကိုကိုဇော်သိပါသည်။ သို့တစေ ငပေါမ, အချောအလှကလေးကို သူ သနားနေသည်။ သူ့ကို ယခုလို ကူညီစောင့်မထားသည်ကိုပင် ကျေးဇူးကုဋေကုဋာ တင်ရပါဦးမည်။

သည်တော့ မရက်စက်လို၊ မချစ်လို။

ယောကျ်ားကောင်းဆိုသည့် သိက္ခာကို အစွန်းအထင်းမရှိအောင် ရင်မောစွာ စောင့်ထိန်းရင်း သည်နေရာမှ ထွက်ခွာဖို့ စဉ်းစားနေသည်။

အပြင်မှ အသံဗလံတွေက ကြားနေရဆဲ။ ဝင်နီ၏အန်ကယ် ဒေးဗစ်၏ ပုလင်းငွဲသံဖြစ်သည်။ မအိပ်သေး။

ဝင်နီ့ရင်အတွင်းမှလည်း အသံဗလံတွေ ကြားနေရဆဲ၊ ရင်ခုန်သံ၊ လှိုက်မောသံ။ ပြီးတော့ ချွေးတွေရွှဲနေ၏။ မအိပ်သေး၊ မကြာခင် အပြင်မှ အသံတွေ တိတ်ဆိတ်သွားသည်။

"အစ်ကို သွားတော့မယ် ဝင်နီ"

သူက နှစ်ကိုယ်ကြား တိုးတိုးလေးဆိုသည်။

"ဟင့်အင်း....သွားရဘူး"

"ခက်တာပဲ ကလေးရယ်၊ ဝင်နီ့အန်ကယ် သိသွားရင် ဘယ်နှယ်လုပ်မလဲ"

"အို....သိသိ၊ ဒီဘဲကြီးကို ခေါက်ထားလိုက်စမ်းပါ၊ ပြီးတော့ ဝင်နီ ကလေးမဟုတ်ဘူး၊ ကြီးပြီ သိလား"

www.burmeseclassic.com

www.burmeseclassic.com



သူမအသံက မှန့်ပူဆာနေသော ကလေးတစ်ယောက်လို တိုးတိုးကလေးနွဲ့နေပါသည်။ 'ကလေးငိုတတ်တော့ မုန့်စားရတယ်'ဆိုသလို 'ချေသူငယ် ကျားစာမိ'မှာကိုတော့ ကြောက်ဟန်မတူ။

"ဝင်နီ"

"ဒါ....လင်"

"ထ"

ပခုံးရှုရှုကလေးကို ထူမလိုက်သောအခါ ခုတင်ပေါ်တွင် ထိုင်ရှာသည်။

"မော့"

'ဝင်နီ့'မျက်နှာကလေး မော့သွားသည်။ သူ့အနမ်းကို ဝမ်းပန်းတသာ စောင့်ကြိုနေသည့်ပုံမျိုး။

"ဒုတ်"

မေ့ဆေးပေးလိုက်၏။

ဝင်နီ၏ မေးရိုးမှ မေ့ကြောကို လက်သီးနှင့် ခပ်ဆဆ ထိုးလိုက်သည်။ ဝင်နီ ခွေသွားသည်။ ပြီးတော့မှ ကပိုကရို ဝင်နီ့ကို အသာသိပ်ရင်း အခန်းတံခါးကို ဖွင့်လိုက်သည်။ ဓားသုံးချောင်းကို အဆင်သင့်ကိုင်ထားသည်။

ညှိခန်းထဲတွင် မည်းမည်းကြီးတစ်စီးမှ လွဲ၍ ဘယ်သူမှမရှိ။ ဟမ်းဘားဟော့ခ် ကားနက်ကြီး တစ်စီးတည်းသာ။ သူသည် တံခါးပေါက်ကို စစ်ဆေးကြည့်ရှု လိုက်သည်။ အတွင်းမှသော့ ခတ်ထားသည်။



နောက်ဖေးပေါက်သို့ ပြန်အလှည့်တွင် သူ၏ စူးရှသော မျက်လုံးတွေက Humber Hawk ကားကြီး၏ ရှေ့ပိုင်း ဘန်ပါကို မြင်မိသည်။

မြတ်စွာဘုရား....သွေးတွေပါကလား။

ပြီးတော့ ရှေ့ပိုင်းဟွင် အနည်းငယ် ချိုင့်ခွက်နေသည်။ ကြေနေ လူတစ်ယောက်ကို ဘိုက်ခဲ့ပြီ။ ဘယ်သူလဲ၊ ဘယ်သူ့ကို တိုက်ခဲ့သလဲ။

ညဦးပိုင်းက သူနှင့် ရန်သူဘစ်ယောက် လုံးထွေးသတ်ပုတ်နေဆဲ ကားကြီးဘစ်စီးက အဘင်းဝင်တိုက်သွားခဲ့၏။ ရန်သူ သေသွားသည်။ သူ လွတ်ခဲ့သည်။ ယခုလည်း လူတိုက်ထားသော ကားကြီးတစ်စီးကို မမျှော်လင့်ဘဲနှင့် လာရောက်တွေ့ဆုံနေရပြီ။ မြို့ပေါ်မှ အနီကာယ်ဒေးဗစ်သည် တောထဲမှ စောစတီးဇ်တို့နှင့် ပတ်သက်၍ ခုနသလော။ မြင့်မြင့်စန်း အခန်းမှ ဆာင်းအသာတွင် သူ့ကို တိုက်ခိုက်ခဲ့ကြသော သူဟောင်ဖဘားယောင် ဆောင်ထားသည့် သိုင်းသမားအဘိုးကြီးနှင့် ချိန်းကိုင် ပုဂ္ဂိုလ်သည် သူနှင့် မအေးပွင့် နောက်ကို လိုက်နေကြသော တောထဲမှ အဆက်အသွယ်တွေပင်လော။

မနေပြာတတ်ပါ။

ထို့အပြင် မအေးပွင့် ပျောက်နေ၏။

မအေးပွင့် ယူလာသော သျှိုဘက်ချက်တွေ ပျောက်နေ၏။ ထိုစဉ်တွင်....

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ပေါ်လာသည်။ ကားဘေးမှ အေးအေးဆေးဆေး လျှောက်လာသည်။ သူ့လက်ထဲတွင် မည်းနက်သော သေနတ်တစ်လက်ကို ကိုင်ထား၏။

"အန်ကယ် ဒေးဗစ်"

"ဩော….မင်းက ငါ့ကိုတောင် သိနေပါရောလား….

"မင်း ငါ့အခန်းကို ဘာလာလုပ်တာလဲ"

"ရေဝင်ချိုးတာပါ"

"ဘာ"

"ညဦးပိုင်းက အန်ကယ် ဒေးဗစ်က ကျွန်တော့်ကို ကားနဲ့တိုက်တော့ ရေမြောင်းပုပ်ထဲ လွင့်ကျသွားလို့ ရေဝင်ချိုးတာပါဗျာ"

သူ့မျက်နှာကြီးက ဝေခွဲမရသလို ညိုပုပ်သွားသည်၊ တည်သွားသည်၊ အံ့ဩသွားသည်။ လက်ထဲမှ သေနတ်ကိုလည်း သူ့ရင်ဝနှင့် ပိုမိုတည့်မတ်အောင် ချိန်လိုက်သည်။

အပိုင်ပေါ့။

သူ့ဘက်ကတော့ အပိုင်တွက်ထားပြီးပြီပေါ့။ ခလုတ်တစ်ချက် ဆွဲလိုက်တာနှင့် အသက်တစ်ချောင်း ပျောက်သွားရုံပေါ့။ ပြီးတော့မှ ခေါ်းပြလို့ ပြောလိုက်ရုံပင်။ အန်ကယ်ဒေးဗစ်က သို့ကလို တွက်လိုက်ဟန် တူသည်။

ပြီးတော့ သည်သတ္တဝါသည် သူ၏ လျှို့ဝှက်ချက်တွေကို ဒိဗ္ဗစက္ခုနှင့် သိနေခဲ့သည့်အပြင် သူ့အခန်းကိုဝင်၊ သူ့အကျင်္ကိုဝတ်၊ သူ့တူမကိုများ အိုးဂေါ်....မြတ်စွာဘုရား....။

လက်ညှိုးကလေး ယားသွားသည်။



သေနတ်ခလုတ်ကို ဖြုတ်မိတော့မတတ် ဖြစ်သွားသည်။

"ကျွန်တော့်ကို ခွင့်ပြုပါ၊ **Excuse me, uncle**"

"ဘာလယ်ဒီဖူး….အရှုး"

ဒိုင်းခနဲ မြည်မလာ။ ခြောက်ခနဲ အသံထွက်လာသည်။ အန်ကယ်ဒေးဗစ်သည် ဒုတိယအကြိမ် သေနတ်မောင်းကို ညှစ်ဆွဲပြန်၏။

"ခြောက်"

မထွက်။ ကဲဟာ....ကဲဟာ။

"ခြောက်....ခြောက်....ခြောက်"

တစ်ချက်မှ ကျည်ဆန်မထွက်။ အန်ကယ်ဒေးဗစ်၏ မျက်လုံးကြီးတွေက ပြူးအစ်လာသည်။ ဇီးကွက်က အဘလို့ ခေါ်လောက်နေပြီ။

"ပစ်....ပစ်၊ ကြိုက်သလောက်ပစ်၊ ကျွန်တော့်ဆီမှာ ဘကြီးဘုန်းကြီးပေးထားတဲ့ သေနတ် မီးမကူးတဲ့ လက်ဖွဲ့ရှိတယ်၊ ဟား....ဟား....ဟား"

အလကား။ ခပ်စောစော ကတည်းက သည်သေနတ်၏ ကျည်ရိုက်တံ **Firing Pin**ကို ချိုးထားခဲ့သည် မဟုတ်လား။

အန်ကယ်ဒေးဗစ်သည် သူ့ကို သေနတ်နှင့် ပစ်ပေါက်လိုက်သည်။ သူကလည်း ခေါ်းနှင့် ပစ်လိုက်သည်။ သေနတ်နှင့် ခေါ်းသည် လေထဲတွင် ချွင်ခနဲ ထိခိုက်၍ အောက်သို့ ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တွင်တော့ လက်ရုံးချင်း ယှဉ်ရသည့် သတ်ပုတ်ပွဲကလေးတစ်ခု ဖြစ်ပေါ်လာ၏။ အန်ကယ် ဒေးဗစ်သည် လက်သီးတွေကို အကွက်ကျကျ သုံးတတ်၏။ မဏ္ဍိုမတိုင်းက ကုလားသိုင်းကွက်ကို နင်းရင်း အတင်းဝင်လာသည်။

သူက ခြေထောက်ကို သုံး၏။ လက်နှင့် ခြေထောက်က အားချင်းမတူ။ သိုင်းပြောင်းပြန် သမားတိုင်း ခြေထောက်ကို အားကိုးသည်။ကိုကိုဇော်သည် သုံးလေးကွက်လောက် ရှောင်ပေးလိုက်ပြီး ဘယ်ခြေကို စွယ်ယောင်ပြ၍ ခြေထပ်နှင့် ကပ်လိုက်ပြီး ညာနှင့် ကျုံးကန်ပစ်လိုက်၏။

"ချလွှမ်း"

သူ့ထံသို့ ခုန်ဝင်လာသော အန်ကယ်ဒေးဗစ်၏ ခန္ဓာကိုယ်ကြီးမှာ လင်းဘ တစ်ကောင်လို ဝဲပျံသွားပြီး ဟမ်းဘားဟောခ်ကားကြီး၏ နောက်မှန်ကို ခေါင်းနှင့်တိုက်ခွဲ၍ ကားထဲသို့ ဝင်သွား၏။ မလှုပ်၊ တုတ်တုတ်မျှမလှုပ်။

အဲသည်တော့မှ ဘသားချောသည် နောက်ဖေးရေချိုးခန်းပြကင်းပေါက်မှ အပြင်သို့ ထွက်ခဲ့သည်။ အနော်ရထာလမ်းရှိ မီးအလင်းဖွင့်သော စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်သည်။

"ဆရာ၊ တစ်ရေးနိုးလာတယ်သင်တယ်"

"အေး"

"ဘာစားမလဲ ဆရာ"

"ကြက်ဥပေါင်းနဲ့ နွားနို့"



"ထင်သားပဲ၊ အဟဲ....ရော့၊ ဆရာ့ပါးစပ်ကို သုတ်လိုက်ပါဦး"

"ဟေ"

သူသည် စားပွဲထိုးကလေးပေးသော လက်သုတ်ပဝါဖြင့် ပါးစပ်ကို သုတ်လိုက်သည်။ နှုတ်ခမ်းနီတွေ ပေသွားသည်။

"အဟီး"

"ငလခွီး၊ ရယ်နေတာလား၊ သွားစမ်းကွာ၊ မြန်မြန်လုပ်"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

သူသည် စားပွဲထိုးကလေး လာချသော ကြက်ဥပေါင်းနှင့် နွားနို့ကို ဆာလောင်နေသော အစာအိမ်ထဲသို့ သွတ်သွင်းရင်း စဉ်းစားနေမိ၏။

မြင့်မြင့်စန်း၏ အခန်းမှ အပြန် သူ့ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံရသည်။ ကားနှင့် တိုက်သတ်သည်။ မမျှော်လင့်ဘဲ အန်ကယ်ဒေးဗစ်ဆိုသော ကပြားကြီးနှင့် တွေ့ခဲ့ရ၏။ သည်လူကြီးသည် တောထဲမှ သတ္တဝါတွေနှင့် ဆက်သွယ်၍ နေသလော၊ မြေပေါ်က အဖျက်သမားလော။

တိတိကျကျတော့ မပြောနိုင်သေး။

မည်သို့ပင် ဖြစ်စေ သည်ည ကံကောင်းခဲ့သည်ဟု ဆိုရပေမည်။

သူသည် အိတ်ထဲသို့ နှိုက်လိုက်၏။ ဂိုက်ဆံ တစ်ပြားမရှိ။ ဘယ်ရှိလိမ့်မလဲ။ အန်ကယ်ဒေးဗစ်၏ ညဝတ်အင်္ကျီကို ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ထားရဆဲမို့ စားပွဲထိုးကလေးက သူ့ကို နောက်နေသေးသည်။

"ဟော့....ချာတိတ်"

"ဗျာ....ဆရာ"

"မနက်မိုးလင်းတော့မှ ပိုက်ဆံလာပေးမယ်ကွာ၊ အခုပါမလာလို့"

"ထင်သားပဲ၊ ကိစ္စမရှိပါဘူး၊ ဆရာအားပြည့်သွားဖို့ အရေးကြီးပါတယ်၊ အဟဲ"

သူသည် စပ်ဖြဲဖြဲလုပ်ရင်း ဆိုင်ထဲမှ ထွက်ခဲ့ပါလေ၏။

## အခန်း (ခြောက်)

နံနက် ရှစ်နာရီ။

ဝါဇီသည် သူ့အခန်းတံခါးကို လာခေါက်သည်။

အဲသည်တော့မှ အိပ်ရာက နိုးတော့၏။

မနေ့ကတော့ တစ်နေ့လုံး အိပ်ပစ်လိုက်၏။ ညနေပိုင်းတွင်တော့ လမ်းသုံးဆယ်ရှိ မြင့်မြင့်စန်းအခန်းသို့ သွားခဲ့သေးသည်။ သူမကို မတွေ့ခဲ့ရ။ အပြင်သွားနေသည်ဟု အန်တီရှိစီက ပြောသဖြင့် စာကလေး တစ်စောင် ရေးပေးခဲ့သည်။

မမြင့်မြင့်စန်း....

အရေးကြီးကိစ္စရှိပါ၍ မနက်ဖြန် ကိုးနာရီ တိတိတွင် ဗိုလ်ချုပ်ဈေးရှိ ကာလီယိုပါထရာ ဇာဘော်သီဆိုင်ရှေ့တွင် စောင့်ပါ။

ကိုကိုဇော်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စာကို ဖတ်ရလျှင် မြင့်မြင့်စန်းတစ်ယောက် မလွဲမသွေ စောင့်နေလိမ့်မည်ဟု တထစ်ချ မှတ်ယူခဲ့သည်။ ယခု ရှစ်နာရီဆိုတော့ တစ်နာရီသာ အချိန်ရတော့၏။ ကိုကိုဇော်သည် ကမန်းကတန်းထ၍ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ဝါဇီဝင်လာ၏။

"အစ်ကို ကျွန်တော် ဂျုံးတပွေနဲ့ စကီးဘိမှာ ဒိတ်လုပ်ထားလို့ အစ်ကို့ဖွပ်နဲ့ဘဲလ်ကို တိုင်စီဆွဲသွားပါရစေ"

"ဘာကွ၊ မင်းပြောတာတွေ ငါတစ်ခုမှ နားမလည်ပါလား၊ စောစောစီးစီး ဘာတွေလာပြောနေတာလဲ"

"ကျွန်တော် မြန်မာစကားပြောတာပါ အစ်ကိုရာ"

"ဟော...မင်းပြောတဲ့ မြန်မာစကားကို ငါလုံးဝနားမလည်ဘူး"

"ဒီလိုပါ အစ်ကို၊ ကျွန်တော် ဒီနေ့ မိန်းမလျှာ တစ်ယောက်နဲ့ ဗိုလ်ချုပ်ဈေးမှာ ချိန်းထားလို့ အစ်ကို့ရဲ့ အင်္ကျီနဲ့ ဘဲလ့်ဘောင်းဘီကို ခဏ ငှားဝတ်သွားပါရစေလို့ ပြောတာပါ"

"ဩော်....ဩော်....နေပါဦး၊ မင်းက မိန်းမလျှာနဲ့ ဘာလို့ချိန်းရတာလဲကွ"

"အမယ်၊ အစ်ကိုက အကြောင်းမသိသေးလို့၊ ရန်ကုန်က မိန်းမလျှာတွေက ပိုက်ဆံသိပ်ရှိတာပဲ၊ ဒီနာရီကို သူ ဝယ်ပေးထားတာဗျ"

ဘာခက် မျက်စိလည်သွားသည်။

ကိုကိုဇော် နားရှုပ်သွားသည်။



ယခုခေတ် ကောင်လေးတွေ၏ စကားကို သူ တကယ် နားမလည်၊ တောထဲတွင် အနေကြာခဲ့သည်မို့ ခေတ်စကားတွေကို အမိဖမ်းမမှီတော့။

"အေး....အေး....ဝတ်သွားပေါ့ကွာ၊ ဒါပေမယ့် ဟိုဟာ ဒီဟာတွေတော့ ပေမလာစေနဲ့ကွာ"

ကောင်လေးသည် ဝမ်းသာအားရ သူ့အင်္ကျီနှင့် ဘောင်းဘီကို ယူဝတ်ပြီး ဗိုလ်ချုပ်ဈေးသို့ ထွက်သွားခဲ့၏။ သည် ကောင်လေးနာမည်က 'ဝါဇီ'တဲ့၊ အမည်က ခပ်ဆန်းဆန်း။ သူနှင့် အခန်းချင်းကပ်နေသော သမိုင်းကောလိပ်တွင် တက်နေသည့် ကောင်လေးဖြစ်၏။

ကိုကိုဇော်သည် မြို့ပေါ်သို့ရောက်ကတည်းက ကမာရွတ်ရှိ ဘော်ဒါဆောင်တစ်ခုတွင် အခန်းငှား၍ နေခဲ့သည်။ ပြီးတော့ မအေးပွင့်ကို လမ်းသုံးဆယ်တွင် ရှာခဲ့၏။ လမ်းသုံးဆယ်တွင် လူသုံးသိန်းလောက် နေကြသည်၊ မတွေ့။

တွေ့မယ့်တွေ့တော့လည်း မြင့်မြင့်စန်း။ သူမနှင့်တွေ့ပြီးကတည်းက အန္တရာယ်တွေ ဝိုင်းကြီးပတ်ချာ လည်နေသည်။ သူ့အသက်ကို လုပ်ကြံကြသည်။ ပြီးတော့ မမျှော်လင့်ဘဲ ဒေးဗစ်ကို ဆုံခဲ့ရသည့်အပြင် ဝင်နီ့ကိုအဆစ်နမ်းခဲ့ရသေး၏။

သည်အကြောင်းတွေကို မြင့်မြင့်စန်း မသိသေး။

သို့မို့ကြောင့် ဗိုလ်ချုပ်ဈေးကို ချိန်းခဲ့ခြင်းပင်။

ကိုကိုဇော်သည် ရေမိုးချိုး အဝတ်အစားလဲ၍ အငှားတက္ကစီတစ်စီးဖြင့် ထွက်ခဲ့၏။

ဗိုလ်ချုပ်ဈေး။

www.burmeseclassic.com

www.burmeseclassic.com



ဟိုး....ရှေးရှေးတုန်းကတော့ 'စကော့မတ်ဘက်'လို့ ခေါ်သည်။ အမည် ပြောင်းလိုက်ပေမယ့် အင်္ဂလိပ်စကားကို လျှာဖျားတွင် စွဲနေကြကုန်သေးသော ကိုကို၊မမ၊ဦးဦး၊ ဒေါ်ဒေါ်တို့ကတော့ 'စကော့'လို့ ခေါ်ကြဆဲ။

သည်ကောင်မလေးထဲတွင် ဖြူတူတူ၊ မည်းတဲတဲ၊ နီတီတီ၊ ဝါတာတာ၊ မော်တော်တော်၊ မောက်တောက် တောက်၊ ညိုတိုတို အပျိုချောလေးတွေကလည်း လက်ညှိုးထိုးမလွဲ။

ကိုးရိုးကားရား၊ ထော်လော် ကန့်လန့်၊ တန်းလန်းတည်းလည်း၊ တွဲလဲပူးလူး၊ ဘလူးဂျက်ကက်၊ ဂျင်းဂျက်ကက်၊ တက်ထရက်၊ဖော့စောင်း၊ ခေါင်းလောင်းဘောင်းဘီဝတ် ကောင်ကလေးတွေ၊ ဆံရှည်ကိုယ်တော်လေးတွေကလည်း ပြည့်လို့။

ဘခက်(ဝါ)ကိုကိုဇော်သည် စျေးအတွင်းသို့ ဗဟိုတံခါးမကြီးမှ ဝင်ခဲ့သည်။ ဝါဇီသည် ဖော့စောင်း အနက်ကို ဝမ်းဆက် One set ဝတ်ထားသော မိန်းမချောကလေး တစ်ယောက်နှင့်တွဲ၍ ထွက်လာသည်။ အသေအချာ မကြည့်လျှင် 'မိန်းမလျာ'မှန်း မသိနိုင်အောင် ပြင်ဆင် ထားသော တောင့်တောင့်တင်းတင်းကလေးကို ကြည့်၍ ကိုကိုဇော် သက်ပြင်းချလိုက်ရ၏။ ဝါဇီက မျက်စိတစ်ဖက်မှိတ်ပြသွားသည်။ အဲသည်တော့ ကိုးနာရီထိုးရန် တစ်မိနစ်သာ လိုတော့သည်။

မြင့်မြင့်စန်းသည် 'ကလီယိုပါထရာ' ဆိုင်ရှေ့တွင် သူ့ကို စောင့်နေခဲ့၏။သူ့ရင်မှာ လှိုက်ဖိုသွားသည်။ ကလီယိုပါထရာ မင်းသမီးလေးလား အောက်မေ့ရလောက်အောင် မြင့်မြင့်စန်းက လှနေပါသည်။



"ရောက်နေတာ ကြာပြီလား မြင့်မြင့်စန်း"

"အခုပဲ ရောက်တယ် ကိုကိုဇော်"

"ကျွန်တော်တို့ တစ်နေရာကို သွားကြရအောင်လား၊ မြင့်မြင့်စန်းကို အရေးကြီးတဲ့ စကားတွေ ပြောစရာရှိနေလို့ပါ"

"သွားလေ၊ ရပါတယ်"

သူတို့နှစ်ယောက်စလုံး ရှေ့နောက် ဝဲယာကို အကဲခတ်လိုက်ကြသည်။ မသက်ာဖွယ်ရာ ဟူ၍ မတွေ့။ စျေး၏ အရှေ့ဘက်ဟန်းသို့တိုင်အောင် ယှဉ်တွဲရင်း လျှောက်ခဲ့ကြသည်။

"ဘယ်သွားမလဲ"

"မြင့်မြင့်စန်း ကြိုက်တဲ့နေရာသာ သွားပါ"

မြင့်မြင့်စန်းသည် နံပါတ်အနက်နှင့် ဖင်မလီယာ တစ်စီးကို ငှား၍ ဆူးလေကို ပတ်ခိုင်းသည်။ မဟာဗန္ဓုလလမ်းကို ချိုးခိုင်းသည်။ လစ္စလမ်းမှ ကမ်းနားသို့ ကွေ့စေပြီး ဗိုလ်တထောင်ဘက်သို့ မောင်းခိုင်း၏။ သူတို့ကား၏နောက်မှ ကားတစ်စီးတလေမျှ လိုက်မလာသည်ကို သေချာတော့မှ '၂၉'လမ်းကို ပြန်ကွေ့ခိုင်းပြန်၏။

ဒရိုင်ဘာသည် အံ့သြနေ၏။ စကားလည်း မပြောကြ။ ကားခ ရှင်းပေးပြီးသည်နှင့် နောက်ဖေးလမ်းကြားမှ တစ်ဆင့် လမ်း'၃၀' ဘက်သို့ ကူးခဲ့ကြသည်။ သူမ၏ အခန်းကို တိုက်နောက်ဖေးရှိ ကြောင်လိမ် လှေကားငယ် ကလေးမှ တစ်ဆင့် တက်ခဲ့ကြသည်။ နောက်ဖေးတံခါးကို ဖွင့်၍ ဝင်ခဲ့ကြသည်။

"အန်တီ ရှိစကော"

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေရာကို အရှောင်ခိုင်းထားတယ် ကိုကိုဇော်၊ ဒါနဲ့ ကားမပေါ်တုန်းက ဘာသတိထားမိသေးလဲ"

"ကျွန်တော်တို့ ကားနောက်က ဂျစ်ကားတစ်စီး လိုက်လာတယ်၊ ပန်းဆိုးတန်း မီးပွိုင့်မှာ မီးနီနဲ့ တိုးပြီး ကျန်ခဲ့တယ် မြင့်မြင့်စန်း"

"အင်း....ကိုကိုဇော်က မျက်စိရှင်သားပဲ၊ သူတို့တစ်တွေ ကျွန်မ ဗိုလ်ချုပ်ဈေးကို ထွက်လာကတည်းက၊ အခုတော့ ဒီအခန်းဟာ အလုံခြုံဆုံးနေရာ ဖြစ်သွားပြီ၊ အပြင်က သော့ခတ်ထားတယ်လေ၊ လူမရှိတဲ့ ပုံမျိုးပေါ့၊ ကဲ....ကိုကိုဇော် ဘာပြောချင်သလဲ"

"ရည်းစားစကား"

"ရှင်...."

"ဩော်....ရည်းစားစကားထက် အရေးကြီးတဲ့ စကားမျိုးပါ၊ ဟိုနေ့ညက မြင့်မြင့်စန်း အခန်းက အပြန်မှာ ကျွန်တော့်ကို ဝိုင်းသတ်ကြတယ်"

"ဟင်...."

သူမ အံ့ဩသွားသည်။ ကိုကိုဇော်သည် သူ့ကို လူနှစ်ယောက်က ဝိုင်းဝန်းတိုက်ခိုက်ခဲ့ပုံနှင့် မမျှော်လင့်ဘဲ မစ္စတာ ဒေးဗစ်အခန်းသို့ ဝင်ရောက်ခဲ့ရာမှ ဝင်နီနှင့် တွေ့ပြီး လူတိုက်ထားသော ကားတစ်စီးကို တွေ့ခဲ့ရပုံတွေကို အစအဆုံး တစ်လုံးမကျန် ပြောလိုက်ပါသည်။



"ဒီလိုဆိုရင် အဲဒီ မစ္စတာ ဒေးဗစ်ဆိုတဲ့ လူဟာ သောင်းကျန်းသူတွေရဲ့ မြေပေါ်က အဆက်အသွယ်လို့ ဆိုနိုင်တာပေါ့"

"အတိအကျတော့ မဟုတ်ဘူးပေါ့ မြင့်မြင့်စန်းရယ်၊ မသင်္ကာဖို့တော့ ကောင်းတဲ့ လူဘစ်ယောက်ပဲ၊ မအေးပွင့် ယူလာတဲ့ လျှို့ဝှက်ချက်တွေကိုသာ ရလိုက်ရင် သူတို့ရဲ့မြေပေါ်က အဖျက်သမားတွေကို တိတိကျကျ သိရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါနဲ့ မြင့်မြင့်စန်းက ဘယ်ရုံးမှာ လုပ်သလဲ"

ကိုကိုဇော်က မေးလိုက်ပါသည်။

"ကုန်သွယ်ရေး ကိုးမှာပါ"

"ဟား....ဟား....ဟား....ဟား"

ကိုကိုဇော်သည် တဟားဟားရယ်ပစ်လိုက်သည်။ပြီးတော့ မြင့်မြင့်စန်းကိုလည်း တအား ဖက်နမ်းပစ်လိုက်သည်။

"ဟင်....ရှင်....ရှင်....ဒါဘာလုပ်တာလဲ"

"ကိုယ့်ကို ညာမနေ ပါနဲ့တော့ ပွင့်ရယ်၊ ပွင့်ဟာ မအေးပွင့်မှ မအေးပွင့်အစစ်၊ ရေမရောဘူး"

"ဖြန်း"

ပါးနှင့်လက်ဝါးတွေ့သွား၏။

မြင့်မြင့်စန်းသည် သူ့ပါးပြင်ကို တအား လွှဲရိုက်ပစ်လိုက်သည်။ ကိုကိုဇော်၏ မျက်လုံးတွေ ပြာဝေ သွားသလို မြင့်မြင့်စန်း၏ မျက်နှာမှာလည်း နီရဲနေသည်။

သူသည် ခေါင်းငိုက်စိုက် ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်...ကျွန်တော် မှားသွားပါတယ် မြင့်မြင့်စန်းရယ်၊ ကျွန်တော့်စိတ်ထဲမှာ မြင့်မြင့်စန်းဟာ မအေးပွင့်လို့ချည်းပဲ ထင်နေခဲ့တယ်၊ စွဲနေခဲ့တယ်၊ မအေးပွင့်နဲ့ မြင့်မြင့်စန်းဟာ တစ်ယောက်တည်းပဲလို့ မြင်နေခဲ့တယ်၊ တစ်ယောက်တည်း မဟုတ်မှန်းသိပေမယ့်လဲ ကျွန်တော့်အသည်းထဲမှာ စွဲနေခဲ့တဲ့ မအေးပွင့်ဟာ အခု ကျွန်တော့်ရှေ့မှာ ရောက်နေသလို ထင်သွားမိပြီး ရိုင်းရိုင်းစိုင်းစိုင်းပြုလုပ်မိတာကို ခွင့်လွှတ်ပါဗျာ"

ကိုကိုဇော်သည် စာအုပ်များတင်ထားသော စန္ဒရားပုံသဏ္ဌာန် ရေဒီယိုစင်ကို လက်ထောက်၍ ခေါင်းငိုက်စိုက်ကျနေသည်။ မျက်နှာကို လက်ဝါးနှင့်အုပ်ထားသည်။ စိတ်မကောင်း ဖြစ်မိသွားသည်။ သူ့ရှေ့တွင် ဓာတ်ပုံကလေး နှစ်ပုံရှိ၏။

တစ်ပုံက မအေးပွင့်၊ စံပယ်တင်မဲ့ကလေးနှင့်။
တစ်ပုံက မြင့်မြင့်စန်း၊ စံပယ်တင်မဲ့ကလေးမပါ။
ဒါပဲကွဲသည်။

"သိပ် စိတ်မကောင်းဖြစ်သွားသလား ကိုကိုဇော်၊ ကျွန်မ လက်လွန်သွားမိတာကို တောင်းပန်ပါတယ်ရှင်၊ ကိုကိုဇော်ဟာ မမအပေါ်မှာ ဘယ်လောက်စွဲလမ်း အနစ်နာခံခဲ့တယ်၊ ချစ်ခင်တွယ်တာခဲ့တယ်ဆိုတာ ကိုကိုဇော့် စကားကို နားထောင်ပြီးကတည်းက သိခဲ့ပါတယ်ရှင်၊ ဒါပေမယ့် မမအေးပွင့်ဟာ မြင့်မြင့်စန်း မဖြစ်နိုင်သလို၊ မြင့်မြင့်စန်းဟာလဲ မအေးပွင့် မဖြစ်နိုင်ဘူး"



"ကျွန်တော် မှားသွားပါတယ်၊ ဟုတ်ပါတယ်၊ 'ပွင့်' ကိုယ်နှိုက်က မြင့်မြင့်စန်းအကြောင်းကို ပြောခဲ့ဖူးပါတယ်၊ ကဲလေ၊ ဒါတွေ ထားလိုက်ပါတော့၊ အရေးကြီးတာက ကျွန်တော်နဲ့ မြင့်မြင့်စန်းကို အရိပ်လိုလိုက်နေတဲ့ သတ္တဝါတွေကို ဘယ်လိုလုပ်ကြမလဲ၊ သူတို့ဘာစ်တွေက မြင့်မြင့်စန်းကို မမအေးပွင့်လို့ပဲ ထင်နေကြမှာပဲ"

"ကျွန်မ သက်ဆိုင်ရာကို တိတ်တဆိတ်အကြောင်းကြားထားပါတယ်"

"ဟင်"

"ဟုတ်တယ်၊ ရှင်နဲ့ ကန်တော်ကြီးမှာတွေ့တဲ့နေ့က ကျွန်မနောက်ကို လူနှစ်ယောက်၊ အဲ....သုံးယောက်ဆိုပါတော့၊ လိုက်လာကြတယ်၊ ဒါကို ကျွန်မက ရိပ်မိခဲ့လို့ သက်ဆိုင်ရာက လူတွေကို အသိပေးပြီး သူတို့ထောင်ချောက်ထဲကို တမင်တိုးဝင်ခဲ့တာပဲ ကိုကိုဇော်၊ အဲဒီနေ့က လေးယောက်မိသွားတယ်၊ ပျော်ပွဲစားရုံထဲမှာ ကျွန်မနဲ့ ကိုကိုဇော် တွေ့ကြတော့ အပြင်ဘက်က ဂျစ်ကားပေါ်မှာ ထောက်လှမ်းရေးအဖွဲ့ဝင်နှစ်ယောက် စောင့်နေတယ်၊ ရှင်ရိုက်ခဲ့တဲ့ စားပွဲထိုးယောင်ဆောင်လာတဲ့အကောင်ကိုလဲ မိလိုက်ဘယ်တဲ့၊ စုစုပေါင်း လေးယောက်ပေါ့၊ သဘောကတော့ ကျွန်မနဲ့ ကိုကိုဇော်ကို ငါးစာအဖြစ် အသုံးပြုပြီး မြေပေါ်က အဖျက်သမား သူလျှိုတွေကို ဖမ်းနေတာ ဆိုပါတော့"

"အင်း.... ကျွန်တော် သဘောပေါက်ပါပြီ မြင့်မြင့်စန်းရယ်၊ ဒါကြောင့်မို့လဲ ကျွန်တော့်ကို လုပ်ကြံခဲ့တာဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ အဲဒီ ဒေးဗစ်ဆိုတဲ့လူအကြောင်းကို သက်ဆိုင်ရာ
အကြောင်းကြားလိုက်ရင် ကောင်းမလား မြင့်မြင့်စန်း”

“ဒါတွေ ကျွန်မ တာဝန်ထားပါ၊ ကျွန်မ ကြည့်ပြီးလု
ပါ့မယ်၊ အဲ....ကျွန်မ တစ်ခုပဲ ကိုကိုဇော်ကို တောင်းပန်
တာကတော့ ကိုကိုဇော်ဟာ တစ်ချိန်က လမ်းမှားကို လိုက်
ပေမယ့် အခုအချိန်မှာ အမြင်မှန်ရခဲ့လို့ တိုင်းပြည်ကလဲ ခွ
လွှတ်ခဲ့ပြီမဟုတ်လား၊ အဲဒီတော့ ကျွန်မနဲ့ လက်တွဲပြီး မေ
ပေါ်မြေအောက် အဖျက်သမားကို တတ်နိုင်သလောက် ဖော်
ထုတ်ပေးဖို့ပါပဲ၊ ဒါမှလဲ တိုင်းပြည်ကို ကျေးဇူးဆပ်ရာရော
တဲ့အပြင် သေသွားရှာတဲ့ မမအပေါ်မှာလဲ ချစ်ရာရော
မယ်”

“ပွင့်....သေသွားပြီလို့ မြင့်မြင့်စန်း တကယ်ပဲ လက်ခံလိုက်
ပြီလားဟင်”

“အင်း”

သူမ၏ မျက်နှာက မှိုင်းညို့သွားပါသည်။

“ကျွန်တော့ စိတ်ထဲမှာတော့ ပွင့်ဟာ မသေနိုင်ဘူးလို့ပဲ
စွဲနေတယ်လေ၊ တစ်နေရာရာမှာ အသက်ရှင်ပြီး ရှိနေတုန်းပဲ
လို့ ထင်နေဆဲပဲ၊ ဪ....ဒါနဲ့ အရင်တုန်းက မြင့်မြင့်စန်း
တို့ညီအစ်မ အတူနေကြတာပဲလားဟင်”

“ဟင့်အင်း....မမက သုဝဏ္ဏမှာ ကျောင်းဆရာမ ဆိုတော့
သုဝဏ္ဏက အစိုးရတိုက်ခန်းမှာပဲ သူ့သူငယ်ချင်း တစ်ယောက်
နဲ့ အတူနေတယ် ကိုကိုဇော်”

“ဪ....ဆရာမကိုး”



“ဆရာမ ဆိုပေမယ့် မမက မနူဘူး ကိုကိုဇော်၊ အင်မတန်
ကြမ်းတယ်၊ ဂျူဒိုတွေ ဘာတွေလဲ တတ်တယ်၊ ဖောင်ကြီး
ပြည်သူ့ဝန်ထမ်းကျောင်း ကျွန်မတို့ ညီအစ်မ နှစ်ယောက်
စလုံး တက်ခဲ့ဖူးတယ်”

ဘခက်၏ အမူအရာက ချက်ချင်းပင်ပြောင်းသွားပါ
သည်။ မျက်လုံးတွေ ပြူးသွားသည်။ ပြီးတော့ လက်ညှိုးတစ်
ချောင်းကို နှုတ်ခမ်းတွင် ကန့်လန့်တေ့ရင်း စကားမပြောရန်
တားမြစ်လိုက်၏။

ခြေသံ။

အင်မတန်နူးညံ့သော ခြေသံသည် တံခါးဝတွင် ရပ်သွား
၏။ ဒါကို သူ့နားက ကြားလိုက်သည်။ အခန်းက ဒုတိယ
အထပ်။ တိုက်ကလည်း နှစ်ထပ်တိုက်ဆိုတော့ အပေါ်တွင်
အခန်း မရှိတော့။

တစ်ယောက်သောသူသည် သူတို့စကားတွေကို အပြင်မှ
လျှို့ဝှက်စွာ နားထောင်နေလေပြီ။ ကိုကိုဇော်သည် စကားဦး
ပြောင်းပစ်လိုက်၏။

“အမှန်တော့ ဒီပစ္စည်းတွေ မြင့်မြင့်စန်း လက်ထဲမှာ ရှိနေ
တာဟာ အန္တရာယ်ကို ဖိတ်ခေါ်နေတာနဲ့ အတူတူပဲ၊ ကျွန်
တော် သဘောကတော့ ဒါတွေကို သက်ဆိုင်ရာကို အပ်လိုက်
စေချင်တာပါပဲ မြင့်မြင့်စန်း”

ကိုကိုဇော်သည် မြင့်မြင့်စန်းကို မျက်စိတစ်ဖက်မှိတ်ပြလိုက်
ပြီး လေသံကို မြှင့်၍ပြောသည်။ တံခါးပေါက်ကိုလည်း မေး
ငေါ့၍ ပြလိုက်၏။ ဒါကို မြင့်မြင့်စန်း နားလည်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြင့်မြင့်စန်း ကြောက်နေတယ် မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

"ဒီပစ္စည်းတွေဟာ မြင့်မြင့်စန်းလက်ထဲမှာ မရှိဘူး မဟုတ်လား၊ တခြားကို ပို့ထားတယ်ဆိုတာ ကျွန်တော်သိပါတယ်"

ကိုကိုဇော်က ခေါင်းကို ညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ဒီပစ္စည်းတွေဟာ အခု ကျွန်မလက်ထဲမှာ မရှိပါဘူးရှင်၊ တခြားကို ပို့ထားပါတယ်ရှင်"

"ကောင်းပြီလေ...အဲသလိုဆိုရင် ကျွန်နော်က မြင့်မြင့်စန်းကိုယ်စား သက်ဆိုင်ရာကိုအပ်ပေးပါ့မယ်၊ အဲဒီတော့ မနက်ဖြန်ညဆယ်နာရီ တိတိမှာ ဗိုလ်ချုပ်ပန်းခြံရှေ့ကို လာခဲ့ပါ၊ အဲဒီလျှို့ဝှက်ပစ္စည်းတွေကို ခေါက်ဆွဲထုပ်လို ထုပ်ပြီး အုတ်တံတိုင်းကလေးပေါ်မှာ တင်ထားခဲ့"

"ကျွန်မ ဘယ်လိုလာရမှာလဲ"

"ထဘီအနက်၊ အင်္ကျီအနက်ဝတ်ပြီး ခေါင်းကို ပဝါအနက်ကလေးစည်းပြီး တယောက်တည်း ကားနဲ့လာခဲ့ပါ၊ မြင့်မြင့်စန်းကို အန္တရာယ် မဖြစ်စေရပါဘူး၊ အဲဒီ လျှို့ဝှက်ပစ္စည်းတွေကို ကျွန်တော့်ကိုယ်တိုင်ပဲ လာယူပါ့မယ်"

"ဟုတ်ကဲ့ရှင့်"

"ကဲ...ဒါဖြင့် ကျွန်တော်ပြန်မယ်"

ကိုကိုဇော်သည် တိုက်နောက်ဖေးသို့ ခြေသံကြားအောင် လျှောက်ခဲ့သည်။ မြင့်မြင့်စန်းက တိုက်ရှေ့ ဝရန်တာကို ထွက်၍ ချောင်းမြောင်း ကြည့်ရှုရန်ပြင်သည်။ သူက မြင့်မြင့်စန်း



လက်မောင်းကို အတင်းဆွဲခေါ်သွားသည်။ တိုက်နောက်ဖေးတံခါးဝသို့ ရောက်တော့မှ ခပ်တိုးတိုးဆို၏။

"ထွက်မကြည့်နဲ့၊ ရိပ်မိသွားလိမ့်မယ်၊ တံခါးဝက ချောင်းနားထောင်နေသလို တိုက်ရှေ့မှာလဲ သူတို့လူတွေ ရှိလိမ့်မယ် မြင့်မြင့်စန်း၊ အဲဒီတော့ ကျွန်တော်နဲ့အတူ ဣန္ဒြေမပျက် မသိချင်ယောင်ဆောင်ပြီး လမ်းထိပ်က ပီတိ လက်ဖက်ရည်ဆိုင်အထိ လိုက်ခဲ့၊ အဲဒီမှာ လက်ဖက်ရည် သောက်ပြီးမှ အိမ်ရှေ့လှေကားက ခပ်တည်တည်ပြန်တက်"

မြင့်မြင့်စန်းက ခေါင်းညိတ်ပြသည်။

သူတို့နှစ်ယောက် နောက်ဖေးတံခါးကို ဖွင့်၍ ကြောင်လိမ်လှေကားမှ ဆင်းခဲ့ကြသည်။ နောက်ဖေးလမ်းကြားထဲတွင်တော့ ပလတ်စတစ်အိတ် ကောက်နေသည့် သူတောင်းစားသာသာ စုတ်ပြတ်နေသော လူကြီးတစ်ယောက်ကို မြင်ရ၏။

၂၂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)

မြင့်မြင့်စန်းရင်မှာ မောနေရပါသည်။

အခန်းသို့ ပြန်ရောက်သည်နှင့် ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ သည်တစ်ခါတော့ တိုက်ရှေ့ လှေကားမှ ဖြောင်တက်ခဲ့သည်။

သူနှင့်တွေ့လိုက်လျှင် ရင်မောစရာတွေက စီရရီ ဖြစ်ပေါ်လာသည်ချည်း။ ယခုလည်း သူမကို နမ်းသွား၏။ သူ့ပါးပြင်ကို ရိုက်လိုက်မိသည့်အတွက်လည်း စိတ်မကောင်းဖြစ်ရပါသည်။

သူသည် မအေးပွင့်ကို အသည်းထဲမှာ စွဲနေအောင် ချစ်ရှာသည်။ ဒါကို သူ့ အပြောအဆို အမူအရာကို ကြည့်၍



မြင့်မြင့်စန်း အကဲခတ်မိပါသည်။ သို့တစေ.... အခြေအနေက မျှော်လင့်သည်ထက် ပိုမို၍ ကောင်းမလာသေး။

အန်တီရိုစီ ပြန်ရောက်လာသည်။ ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ငိုင်နေသော မြင့်မြင့်စန်းကို တွေ့ရသည်။

"ဘာဖြစ်နေတာလဲ မြင့်မြင့်စန်း"

"မပြောချင်ပါဘူး အန်တီရိုစီရယ်၊ ပြဿနာတွေက ကြာလေ ရှုပ်လေပဲ၊ ဒီနေ့ သူနဲ့ကျွန်မ ဗိုလ်ချုပ်ဈေးမှာ တွေ့ကြတယ်၊ အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့တဲ့၊ ဒါနဲ့ မြင့်မြင့်စန်းလဲ သူ့ကို လှည့်ပတ်ပြီး နောက်ဖေးလှေကားက ဒီအခန်းထဲထိ ခေါ်လာခဲ့တယ် အန်တီရိုစီ၊ ဒါတောင် နောက်ကလိုက်လာတဲ့သူကို မနည်း မျက်ခြည်ဖြတ်ပစ်ခဲ့ရတယ်"

မပြောချင်ပါဘူးဆိုပြီး စကားတွေက ကရားရေလွှတ်သလို ထွက်သွားမိပါသည်။

"အန်တီ့သဘောကတော့ သူ့ကို သိပ်မယုံကြည်စေချင်ဘူး မြင့်မြင့်စန်း၊ သူဟာ လက်နက်ချ အလင်းဝင်လာတယ်ဆိုပေမယ့် သောင်းကျန်းသူဆိုတာ ယုံရတာမဟုတ်ဘူး"

မြင့်မြင့်စန်းသည် သူ့အကြောင်းကို အန်တီရိုစီအား တစ်စွန်းတစ်စ ပြောပြထားခဲ့မိပါသည်။

"မြင့်မြင့်စန်းလဲ သူ့ကို ယုံလှတယ်လို့မဟုတ်ပါဘူး အန်တီရိုစီ၊ အထိုက်အလျောက်သာ ဆက်ဆံမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ၊ ကဲပါ အန်တီရိုစီရယ်၊ မြင့်မြင့်စန်းအတွက်နဲ့ သိပ်ခေါင်းရှုပ်ခံမနေပါနဲ့၊ ဒီပြဿနာတွေဟာ တစ်ရက် နှစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ပြီးသွားပါလိမ့်မယ်လို့ မြင့်မြင့်စန်း ထင်တယ်၊အန်တီရှိစီလဲ အလကားသက်သက် စိတ်ဒုက္ခ ရောက်နေရပြီ”

“အို....အန်တီ့အတွက်ကတော့ ကိစ္စမရှိပါဘူး မြင့်မြင့်စန်းရယ်၊ မြင့်မြင့်စန်း စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေရတာမြင်ရလဲ အန်တီ ကျေနပ်ပါပြီ၊ ကဲ...အခု မြင့်မြင့်စန်းကို အန်တီ ဘာအကူအညီပေးရမလဲကွယ်”

ကာပြားမကြီးက ကရုဏာသက်စွာ ဆိုသည်။မြင့်မြင့်စန်း၏ နဖူးမှ ဆံလျှော်စကလေးများကိုလည်း ယုယစွာ သပ်တင်ပေးလိုက်သည်။

“ဪ....အန်တီရှိစီ၊ ဟိုလေ ဗိုလ်ချုပ်ဈေးကို သွားပေးပါလား”

“သွားပေးပါ့မယ်ကွယ်၊ ဘာဝယ်ချင်လို့လဲ”

“မြင့်မြင့်စန်းရဲ့ ကိုယ်တိုင်းယူသွားပြီး ချုပ်ပြီးသား အင်္ကျီအနက်တစ်ထည်ရယ်၊ ထဘီအနက်တစ်ထည်ရယ် ဝယ်ပေးပါ၊ ပြီးတော့ ခေါင်းစည်းပဝါ အနီကလေးတစ်ထည်လဲ ဝယ်ခဲ့ပေးပါနော်၊ ကျသလောက်ပေါ့”

“ဘာလုပ်ဖို့လဲ မြင့်မြင့်စန်း”

“ဝယ်မှာသာဝယ်ပေးစမ်းပါ အန်တီရယ်၊မြင့်မြင့်စန်းမှာ ကိစ္စတစ်ခုရှိနေလို့ပါ”

“အေး....အေး....အခုပဲ သွားလိုက်မယ်ကွယ်”

မကြာမီ ကာပြားမကြီး ထွက်သွားသည်။ မြင့်မြင့်စန်းသည် အခန်းတံခါးကို သေချာစွာ ပိတ်လိုက်၏။



ထိုအချိန်တွင် ကိုကိုဇော်သည် ကမာရွတ်ရှိ သူ၏ ဘော်ဒါဆောင်ရှေ့တွင် ရောက်ရှိနေပြီဖြစ်၏။ သူသည် ရှေ့နောက်ဝဲယာကို အကဲခတ်ကြည့်ရှုလိုက်ပြီး မှောင်မိုက်သောလှေကားမှ သူ၏အခန်းသို့ ညင်သာသော ခြေလှမ်းများဖြင့် တက်ခဲ့၏။

သူ့အခန်းထဲမှ အသံကြားရသည်။ သော့ကိုလည်း ပွင့်လျက်သား တွေ့ရ၏။ တစ်စုံတစ်ယောက်သည် သူ့အခန်းထဲတွင် အသေအချာကို ရှိနေလေပြီ။ မိတ်ဆွေလား၊ ရန်သူလား။

ကိုးဆယ်ရာခိုင်နှုန်း ရန်သူ။

သူသည် တံခါးကို ဝုန်းခနဲ ဆောင့်ကန်ဖွင့်လိုက်ရင်း ဒူးထောက်၍ထိုင်ချလိုက်သလို လက်က ဓားကလည်း လှစ်ခနဲ ပျံထွက်သွား၏။

“ဒုတ်....”

“အမယ်လေးဗျ”

နံရံတွင် တွဲလောင်းကျနေသော အလှကပ်မီးစလောင်းကို လှမ်းကိုင်နေသော ‘ဝါဒီ’၏လက်မှာ နံရံနှင့် တစ်သားတည်း ကပ်ပြီးသား ဖြစ်သွားသည်။ဓားသွားသည် အင်္ကျီလက်အနားသားနှင့် နံရံကို သံနှင့်ရိုက်လိုက်သလို စိုက်ဝင်သွားသည်။

“မင်း....ဘာလုပ်နေတာလဲ ဝါဒီ”

ကိုကိုဇော်သည် တစ်ခန်းလုံး ရှုပ်ပွ၍ ဖရိုဖရဲဖြစ်နေသော သူ့ပစ္စည်းများကိုကြည့်ရင်း ခပ်မာမာ မေးလိုက်၏။ ဒုတိယဓားတစ်လက်က သူ့လက်ထဲတွင် အဆင်သင့်ကိုင်ပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်....ကျွန်တော်ပြန်လာတော့ အစ်ကို့အခန်းတံခါး ပွင့်နေတာနဲ့ မသင်္ကာလို့ ဝင်ကြည့်တော့ ဒီ....ဒီ....အတိုင်း တွေ့....တွေ့ရတာပါပဲ အစ်ကို"

ကောင်လေးအသံက ထစ်ငေါ့တုန်ယင်နေသည်။

"မင်း....ငါ့ကိုမညာနဲ့ ဝါဇီ"

"ဘု....ဘုရားစူးရပါစေရဲ့ အစ်ကိုရယ်၊ ကျွန်တော် တကယ်ပြောတာပါ၊ မြွေပွေးကိုက်ရစေရဲ့၊ ချေးကားတိုက်ပြီး...."

"တော်စမ်းကွာ"

ကိုကိုဇော်သည် အခန်းတွင်းသို့ဝင်လာပြီး ဝါဇီ့လက်မှ မားကို ဖြုတ်ပေးလိုက်သည်။ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် သူ မရှိခိုက် သူ့အခန်းကို စိတ်တိုင်းကျ ဝင်မွှေသွားပေပြီ။ ဝါဇီသည် မျက်နှာငယ်ကလေးဖြင့် သူ့ကို ကြည့်နေရှာ၏။

"မင်းပြန်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"အစ်ကိုနဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ၊ မယုံရင် ဘော်ဒါ ရှေ့က ကွမ်းယာဆိုင်ကို မေးကြည့်"

"မင်းကို ငါ ယုံပါတယ်"

သူသည် ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ဦးနှောက်ကို အလုပ်ပေးလိုက်၏။

"ဝါဇီ"

"ဗျာ...."

"မင်းဆီက ငါ အကူအညီတစ်ခု တောင်းချင်တယ်ကွာ"



"နှစ်ခုတောင်းပါ အစ်ကို၊ ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီဖို့ အဆင်သင့်ပါပဲ၊ ကဲ....ဘာလဲပြော"

ဖြည်းဖြည်းပေါ့ကွာ၊ သိပ်အရေးမကြီးသေးပါဘူး"

ကိုကိုဇော်သည် လက်ထဲမှမားတစ်လက်ကို နံရံတွင်ကပ်ထားသော ပြက္ခဒိန်ဆီသို့ ပစ်ပေါက်လိုက်၏။ ဂဏန်းကွက်တစ်ခုတွင် ဒေါက်ခနဲ သွားစိုက်သည်။

၁၉၆၉ ခု၊ မေလ ၁၆ ရက်။

တောထဲက ထွက်ခဲ့ပြီး ခုနစ်ရက်အကြာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ရှစ်)

ပြာနေသည်၊ စိမ်းနေသည်၊ လဲ့နေသည်။

မြို့ကြီးသည် အပြန့်အပြောကျယ်စွာ ချိုင့်ခွက်နေ၏။

ထိုမြေခွက်ကြီးထဲတွင် ရေတွေရှိ၏၊ ကျွန်းတွေရှိ၏။

"အင်းလျား"

လှစားသည့် ရေကန်ကြီးပင်။

သို့ပေမယ့် ရေပြင်က ပြာနေသည်၊ စိမ်းနေသည်၊ လဲ့နေသည်၊ လှနေသည်။ ထိုရေပြင်ပေါ်တွင် ဝမ်းပြားလှေ မြူမြူကလေးတစ်စင်း ရွေ့လျားနေ၏။ ကိုကိုဇော်က လှေလှော်သည်။ မြင့်မြင့်စန်းက လှေဦးတွင် ထိုင်နေသည်။ အဝေးကကြည့်လျှင် အင်မတန် လိုက်ဖက်သည့် သမီးရည်းစား နှစ်ယောက်လို့ ထင်ကြမည်။

သို့တစေ သမီးရည်းစားမဟုတ်။



ထို့ကြောင့် အလုပ်အကြောင်းကိုသာ ပြောကြ ဆိုကြသည်။ ညဆယ်နာရီကျွင် တွေ့ကြုံရမည့် ထောင်ချောက်ကလေးတစ်ခုအကြောင်းကို ထိုင်ပင် နှီးနှောကြပါသည်။

ရေလယ်ကောင်ဆိုတော့ လွှတ်လပ်၏။ ချောင်း၍ နားထောင်မည့်သူသည်း မရှိ။ ပကတိ လွတ်လပ်နေသည်။

ကိုကိုဇော်သည် သူ၏အစီအစဉ်ကို မြင့်မြင့်စန်းအား ပြောပြလိုက်သည်။ မြင့်မြင့်စန်းက သူ၏ ပြောကြားချက်များကို စေ့ဒ ကမအာက်ဘဲ ငြိမ်၍ နားထောင်နေ၏။

"ကျွန်တော်ပြောတာတွေ ဘယ်လိုသဘောရသလဲ မြင့်မြင့်စန်း ဟင်"

"ကိုကို့ဇော့်အစီအစဉ်တွေက မဆိုးပါဘူး၊ ဒါပေမယ့် သူဘို့ဟာ ကိုကိုဇော် တွက်ထားသလို ချိန်းတဲ့နေရာကို လာပါ့မလား"

"လာချင်လဲ လာမယ်၊ မလာချင်လဲ မလာဘူး၊ သူ့ဘက်ကိုယ့်ဘက် ငါးဆယ်ရာခိုင်နှုန်းစီပေါ့ မြင့်မြင့်စန်း၊ ကျွန်တော်တို့ဘက်က အရှုံးမရှိနိုင်ပါဘူးလေ၊ ဘယ့်နှယ်လဲ"

"အင်းလေ၊ စမ်းကြည့်ရသေးတာပေါ့၊ မြင့်မြင့်စန်းကတော့ သတ္တိရှိပါတယ်"

သူသည် ကျွန်မဟု သုံးနေရာမှ သူမကိုယ်သူမ မြင့်မြင့်စန်းဟု သုံးလာသည်ကို သတိထားမိလိုက်သည်။

"မွှင့်ဟာ မြင့်မြင့်စန်းလိုပဲ သိပ် သတ္တိကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ကိုကိုဇော်၊ မမနဲ့ မြင့်မြင့်စန်းဟာ စိတ်ရော လူရော အကုန်လုံး တူပါတယ်ရှင်”

“အဲဒါကြောင့် မနေ့က ‘ရော’ သွားပြီး လက်လွှန်သွားမိတာ၊ အားနာလိုက်တာ မြင့်မြင့်စန်းရယ်”

“လာပြန်ပြီလား ဒီစကား၊ ကိုကိုဇော်နော်”

“အဟော်….မြင့်မြင့်စန်းကလဲ၊ ကျွန်တော်ကလဲ တစ်ယောက်ဆို တစ်ယောက်ပါပဲ၊ ပွင့်ကလဲ့ရင် ဖွဲ့ဆန်ကွဲချည်းပဲ ထင်တယ်၊ ဒီကမ္ဘာမှာ မိန်းမဆိုလို့ ပွင့်တစ်ယောက်တည်းပဲ ရှိတယ်လို့ ယူဆထားပါဘယ်၊အခုနေ မြင့်မြင့်စန်းက ကျွန်မကို ချစ်ပါရှင်လို့ ပြောတောင်….”

“အမယ်လေး….ဒီကလဲ ဝေးပါသေးတယ်တဲ့ရှင်၊ ကိုကိုဇော်လိုလူမျိုးကို မမသာ မျက်စိလျှမ်းပြီး သဘောကျသွားတာ၊ ကဲပါ….တော်ပါတော့”

သူသည် လှေဦးတွင်ထိုင်နေသော မြင့်မြင့်စန်းကို ရွှန်းရွှန်းစားစားကြည့်မိသည်။ လေပြည်သည် မြင့်မြင့်စန်း၏ ဆံလျှော်နုကလေးများကို တို့ကဆိတ်တို့ကနန်း တိုးဝှေ့ရင်း ပြေးထွက်သွား၏၊

လှပါဘိတော့။

သူ့မျက်လုံးကြီးတွေကြောင့် မြင့်မြင့်စန်းမနေတတ်တော့။ သူ့အကြည့်က တစ်မျိုးကြီး။ မြင့်မြင့်စန်း မျက်နှာလွှဲလိုက်သည်။ သူ့အကြည့်ကို မခံနိုင်။



လှေငယ်ကလေးသည် ရေလယ်ကျွန်းနှင့် နီးလာသည်။ ရေစပ်ထဲတွင် ထိုးကျနေသော စိမ်းလန်းသည့် ချုံကလေးတွေပေါ်တွင်တော့ တောပန်းနွယ်ကလေးတွေ တွဲလောင်းကျနေပါသည်။

“ဟယ်….ပန်းကလေးတွေ လှလိုက်တာ”

“ခူးမလား၊ ကျွန်တော် လှေကပ်ပေးမယ်လေ”

“အင်း”

မြင့်မြင့်စန်းသည် ဝမ်းပြားလှေကလေး၏ ထိပ်တွင် ဒူးတုပ်ထိုင်ရင်း ပန်းနွယ်ကလေးကို မမီ့တမီ လှမ်းခူးသည်။

“အို….ကိုကိုဇော်ကလဲ၊ လှေကပ်ပေးလေ”

ပန်းနွယ်ကလေးသည် မြင့်မြင့်စန်းလက်နှင့် တစ်ထွာခန့်အကွာတွင် ရှိနေသည်။ သူမသည် ရှေ့သို့အားပြု၍ အလှမ်းလိုက်တွင် လှေဝမ်းက လူးလိမ့်သွားသည်။

“အို….အမေ့”

“ဝုန်း”

မြင့်မြင့်စန်းတစ်ကိုယ်လုံး ရေထဲသို့ ဇောက်ထိုးမိုးမျှော်ကိုးရိုးကားရား ကျသွားပါသည်။ သူမတစ်ကိုယ်လုံး ရေအောက်သို့ နစ်မြုပ်သွားပြီး ဝူးဝူးဝါးဝါး ပြန်ပေါ်လာသည်။

မြတ်စွာဘုရား…. ရေမကူးတတ်ပါကလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဇော်သည် လှေပေါ်မှ ဒိုက်ဗင် ထိုးချလိုက်၏။ ရေကလည်း နက်ပါဘိ။ လှေကလေးသည် လူးလိမ့်ရင်း မှောက်သွားသလို ရေအောက်တွင် ဒုတိယမ္ဗ ပျောက်သွားသော မြင့်မြင့်စန်းကို ကမန်းကတန်း လိုက်စမ်းရသည်။

ကံအားလျော်စွာပင် အင်္ကျီရင်ဘတ်ကို ဆွဲမိသည်။ မြင့်မြင့်စန်းကလည်း သေငယ်ဇောနှင့် ဖက်မိဖက်ရာ အတင်းဖက်တော့၏။ နှစ်ယောက်စလုံး နစ်သွားကြပြန်သည်။ ရေနစ်သူကို ကယ်ရင်း ရေနစ်ပြီး သေသွားသည့်လူတွေ အများကြီးရှိသည်။ ရေပေါ်သို့ပြန်အပေါ်တွင် ကိုကိုဇော်သည် သူ့ကိုတအား ဖက်တွယ်ထားသော မြင့်မြင့်စန်း၏ မေးရိုးကို တံတောင်နှင့် တိုက်လိုက်သည်။ အဲသည်တော့မှ သူ့တစ်ကိုယ်လုံး ကြိုးနှင့်တုပ်သလို ဖက်ထားသော မြင့်မြင့်စန်း၏ လက်တွေက ပြေလျော့သွား၏။ သူသည် မြင့်မြင့်စန်း၏မေးရိုးကို လက်နှင့်အသာပင့်၍ နှစ်လံခန့်သာဝေးသော ကမ်းစပ်သို့ ကူးခဲ့သည်။ သည်နေရာက ကမ်းစပ်ဆိုသော်လည်း အောက်တွင် ချောက်ရှိနေသည်။

ကိုကိုဇော်သည် ရေမွန်း၍ မေ့နေသော မြင့်မြင့်စန်းကို ပခုံးပေါ်တွင်ထမ်း၍ ခုန်လိုက်သည်။ ရေတွေ တဝေါ်ဝေါ် အန်ထွက်လာပါသည်။

ပြီးတော့မှ သူမကို ပက်လက်ချလိုက်၏။

သတိမရလာသေး။

ကိုကိုဇော် မျက်လုံးပြူးသွားသည်။



ကြားဖူးနားဝနည်းများဖြင့် သတိရအောင် လုပ်ရသည်။ ပါးစပ်ချင်းတေ့၍ **Mouth to Mouth Method** ကို လုပ်သည်။

ကိုကိုဇော်သည် သူမကိုကြည့်ရင်း အတိုင်းမသိ ဝမ်းသာသွားရပါသည်။ ကမ္ဘာပေါ်တွင် ဝမ်းအသာဆုံး လူတစ်ယောက်၊ ဖြစ်ပါသည်။ သူမမျက်လုံးတွေက ပွင့်ဟလာသည်။

"အင်း....အင်း"

"မြင့်မြင့်စန်း....မြင့်မြင့်စန်း၊ သတိရလာပြီလားဟင်"

"အင်း....အင်း"

သူမသည် ညည်းတွားနေ၏။ ကိုကိုဇော်သည် သူမကိုယ်ကလေးကို ထူ၍ပေးရင်း ဖေးပွေ့ထားသည်။ အဲသည်တော့မှ မြင့်မြင့်စန်းသည် တိတိပပ သတိရလာခဲ့၏။

"အို...."

သူမသည် ပွင့်ဟနေသော အပေါ်အင်္ကျီကို ကမန်းကတန်း ဆွဲစေ့လိုက်ရင်း သူ့ကို ကြောင်စိစိကြီး ကြည့်နေမိပါသည်။

"ကံကောင်းလို့ပါလား မြင့်မြင့်စန်းရယ်၊ နှစ်ယောက်စလုံး ရေနစ်ပြီး သေတော့မလို့၊ အခုကော ဘယ့်နှယ်နေသေးလဲဟင်"

"ခေါင်းထဲမှာမူးပြီး ရင်တွေကျပ်နေတယ် ကိုကိုဇော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....အဲသလိုဆိုရင် ဆရာဝန်နဲ့ပြဖို့ အရေးကြီးတယ်။ ကဲ....ရော့၊ ကျွန်တော့် အင်္ကျီဝတ်ထား၊ ကျွန်တော် လှေကို ပြန်ဆယ်လိုက်ဦးမယ်"

"ဒါလောက်လဲ မဟုတ်ပါဘူး ကိုကိုဇော်ရယ်၊ ဖြည်းဖြည်းသာ လုပ်ပါ"

ကိုကိုဇော်သည် သူ၏ ဂျင်းဂျက်ကက်ကို ချွတ်၍ ရေညှစ်းပြီး သူမကိုယ်ကို လွှမ်းခြုံပေးလိုက်သည်။ ထိုနောက် ရေထဲတွင် မှောက်လျက်ကြီးပေါ်နေသောဝမ်းပြားလှေငယ်ကလေးကို ကမ်းစပ်သို့ဆွဲ၍ လှန်လိုက်သည်။ ရေတွေထွက်သွား၏။

"ကဲ....တက် မြင့်မြင့်စန်း"

"မြင့်မြင့်စန်းတော့ လှေစီးရမှာတောင် ကြောက်သွားပြီ"

သူမသည် မထုံ့မရဲတက်ထိုင်ရင်း ဆိုသည်။ ကိုကိုဇော်သည် လှေကို ကမ်းစပ်သို့ တဖြည်းဖြည်းလှော်ခဲ့ပါသည်။

"အင်း....မြင့်မြင့်စန်းကလဲ ရေမကူးတတ်၊ ကျွန်တော်ကလဲ လှေကောင်းကောင်းမလှော်တတ်၊ ဒုက္ခရောက်တော့မလို့။ အခုကော ဘယ့်နှယ်နေသေးသလဲ"

"မေးစေ့နာနေတယ် ကိုကိုဇော်"



"ဟုတ်တယ်၊ ကျွန်တော် မြင့်မြင့်စန်းကို မေ့အောင်လုပ်လိုက်ရတယ်၊ ကျွန်တော့်ကို ကြောက်အားလန့်အား ဖက်ထားတော့ နှစ်ယောက်စလုံး ကိစ္စချောတော့မလို့"

"ကျေးဇူးတင်ပါတယ် ကိုကိုဇော်ရယ်၊ မြင့်မြင့်စန်း လက်ဆော့မိလို့ ဖြစ်သွားရတာ"

သူသည် ပြုံးနေ၏။

သူ့အပြုံးက အတောက်ပဆုံး၊ အသစ်လွင်ဆုံး၊ အကျေနပ်ဆုံး၊ ပီတိအဖြစ်ဆုံး။

။

www.burmeseclassic.com

အခန်း (ကိုး)

ည....

လသည် မှုန်တရီဝိုးတဝါး။

လူသွားလူလာကလည်း ကင်းရှင်းလို့နေပြီ။ အချိန်က ညကိုးနာရီ လေးဆယ့်ငါးမိနစ်တိတိ ရှိနေ၏။ ဒါကို သူ့လက်က ညကြည့်နာရီက ပြသနေပါသည်။

ဘခက်(ဝ၁)ကိုကိုဇော်သည် တစ်ကိုယ်လုံး အနက်တွေ ချည်း ဝတ်ထား၏။

သူသည် အမှောင်ရိပ်တွင် အနက်တွေကိုခြုံရင်း စောင့်နေသည်။ ကားတစ်စီးလာမည်။ ကားထဲတွင် တစ်ကိုယ်လုံး အနက်တွေချည်းဝတ်၍ ခေါင်းတွင် ပဝါအနီကလေး စည်းထားသော မိန်းမချောကလေးတစ်ဦး ပါလာမည်ဖြစ်သည်။ ထိုမိန်းမချောကလေးသည် အန္တရာယ်တွေကို ဖက်နှင့်ထုပ်၍ ကိုင်လာပြီး အုတ်ခုံကလေးပေါ်သို့ တင်လာပေမည်။



သူသည် ညကိုးနာရီကတည်းက သည်နေရာကို ရောက်ရှိနေခြင်းပင်။ သူလို အမှောင်ကိုခို၍ စောင့်နေမည့်သူတွေ ဘယ်နှစ်ယောက်ရှိသလဲ ဆိုတာတော့ မသိတတ်။ သို့တစေ လေးဆယ့်ငါးမိနစ်အတွင်း မသင်္ကာဖွယ်ရာဟူ၍ တိတိပပ မတွေ့ရသေး၊ မမြင်ရသေး၊ တွေ့ဖို့မြင်ဖို့ရာကလည်း မလွယ်။

ပန်းခြံထဲတွင်တော့ ညို့မှိုင်းအုပ်ဆိုင်းနေသော သဘာဝ အကာအကွယ်တွေက ဒုနဲ့ဒေး ရှိနေသည်။ ကိုကိုဇော်သည် ဗိုလ်ချုပ်ပန်းခြံ အဝင်ဝရှိ ကုက္ကိုပင်ကြီးကို အကာအကွယ် ယူရင်း စောင့်ဆိုင်းနေခဲ့သည်။

ညဆယ်နာရီထိုးရန် ဆယ်မိနစ်အလို....

ဗောက်ဆောကားတစ်စီးသည် မြေပဒေသာ ကျွန်းဘက်မှ ခပ်မှန်မှန် မောင်းဝင်လာ၏။ ဗိုလ်ချုပ်ပန်းခြံရှေ့ရှိ မာကျူရီ မီးတိုင်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်သွားသည်။

မြင့်မြင့်စန်း....

ကားပေါ်မှ ကမန်းကတန်း ဆင်းလာ၏။

သူမတစ်ကိုယ်လုံး အနက်တွေချည်း ဝတ်ထားသော်လည်း ခေါင်းတွင် ပဝါအနီကလေးတစ်ထည် စည်းထားသည်။ သည် အဝတ်အစားတွေကြောင့် မြင့်မြင့်စန်းဟု ခန့်မှန်းရသော်လည်း သူမမျက်နှာကိုတော့ တိတိပပမမြင်ရ။ ဘာကြောင့် များ ဆယ်မိနစ်စော၍ ရောက်လာပါလိမ့်။ သူမသည် ခေါက်ဆွဲထုပ်ကလေးကို ကိုင်၍ ပန်းခြံရှေ့တွင် အလှထားရှိထား သော အုတ်တိုင်ကလေးသို့ ခပ်သွက်သွက်လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်စဉ်မှာပင် သူမ၏ မော်တော်ကား ရပ်ထားသော လမ်းဘေးရှိ လျှပ်စစ် ထရန်စဖော်မာကို အကာအကွယ်ယူ၍ ပုန်းကွယ်နေသော မည်းမည်းသဏ္ဍာန် အရိပ်နှစ်ခုက ကား နောက်ခန်းတံခါးကို ညင်သာစွာဖွင့်ရင်း အတွင်းသို့ ဝင် သွားကြ၏။

ဒါကို ဘယ်သူမှ မမြင်လိုက်။

ကိုကိုဇော်သည် သူမ၏လှုပ်ရှားမှုဘွေကို ဂရုတစိုက် လိုက်၍ ကြည့်နေသည်။ သူမသည် ပန်းခြံဝတွင် ကာရံထားသော ခါးစောင်းခန့်ရှိ ညာဘက်အစွန်ဆုံး အုတ်တိုင်ကလေးပေါ်တွင် ခေါက်ဆွဲထုပ်ကလေးကို တင်၍ ကားဆီသို့ ခပ်သွက် သွက် ပြန်လျှောက်သွား၏။

ကားထဲသို့ဝင်ထိုင်ပြီး မောင်းထွက် သွားခဲ့သော်လည်း ကားနောက်ခန်းထဲတွင် တိတ်တဆိတ်ရောက်ရှိနေသော သေ နတ်သမားနှစ်ယောက်ကိုတော့ စိုးစဉ်းမျှ သတိမပြုမိ။

ကားကလေးသည် ကန်တော်ကြီးဘေးမှ ကွေ့ကွေ့ ကောက်ကောက် မောင်းနှင်လာခဲ့သည်။ ကန်တော်ကြီး ဆေးရုံအလွန်တွင် အေးစက်သော သေနတ်ပြောင်းဝတစ်ခုက သူမ၏လည်ပင်းတွင် တေ့ကပ်လာ၏။

"အမယ်လေးတော့"

"ဆက်မောင်းစမ်း၊ ယိီးတိီးယားဘား လုပ်မယ်ဆော့ မကြံနဲ့၊ ကျည်ဆန်တွေ မင်းရဲ့ လည်တိုင်လှလှကလေးထဲကို ဝင်သွားလိမ့်မယ်...ကြားလား"



"ဟုတ်...ဟုတ်ကဲ့ရှင့်"

"ညာဘက်ချိုး"

သူမဘစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။ ကား ကလေးကိုလည်း သူတို့အလိုကျ မောင်းနေရ၏။

"ဘယ်ဘက်ကိုကွေ့"

"အဲဒီလမ်းကြားလေးထဲကို မီးပိတ်ပြီး မောင်းဝင်"

ကားကလေးသည် ခြံကျယ်ကြီး တစ်ခုအတွင်းမှ တိုက်အို ကြီး တစ်လုံး၏ရှေ့တွင် ရပ်သွားသည်။ သေနတ်သမားနှစ် ဦးသည် သူမကို ဝဲယာညှပ်၍ တိုက်အိုကြီးထဲသို့ ဆွဲသွင်းကြ လေပြီ။

ညကိုးနာရီ ငါးဆယ့်ငါးမိနစ်။

ထိုအချိန်တွင်...

ကိုကိုဇော်သည် ကုက္ကိုပင်ကြီးကို အကာအကွယ်ယူရင်း အုတ်တိုင်ကလေးပေါ်မှ ခေါက်ဆွဲထုပ်ကို မမှိတ်မသုန် ကြည့် နေသည်။

တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်။

စုဘ်ပြတ်သတ်နေသော သူတောင်းစားကြီး တစ်ဦးသည် လေးနှစ်အရွယ် ကလေးငယ်ကလေးတစ်ယောက်ကို လက် တွင် ဆွဲရင်း ပန်းခြံ၏ ဘယ်ဘက်မှ ထွက်ပေါ်လာ၏။

"အဘ၊ အမင်းဆာလှပီဂျ"

"ကျွေးမှာပေါ့ မြေးရယ်၊ လေဟာပြင်ရောက်ရင် စား ကြွင်းစားကျန်ကလေးတွေ ရှိဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



“ဟာဂျာ၊ လေဟာပြင်က အဝေးကြီးကျ၊ အနော်ဆာလှပီ၊ အလိုက်နိုင်တော့ဘူး”

ဝင်းလက် တောက်ပသော မာကျူရီ မီးရောင်ကြောင့် သူတောင်းစားမြေးအဘိုးကို တိတိပပ မြင်လိုက်ရသည်။ ကိုကိုဇော်သည် ဝေခွဲရခက်သွား၏။ တကယ့်သူတောင်းစားလား၊ ရုပ်ဖျက်ထားသော ရန်သူလား။ သူ့ကို လမ်းသုံးဆယ်ထဲတွင် တိုက်ခိုက်ခဲ့သော သူတောင်းစားယောင် ဆောင်ထားသည့် သိုင်းသမားကြီးတော့ မဟုတ်ပါ။ သည်အဘိုးကြီးက ပို၍ ကြုံလှီသေးငယ်သည်၊ ခါးကိုင်းနေသည်။ ဆံပင်တွေကလည်း ဖွေးဖွေးဖြူနေ၏။ ပြီးတော့ ကလေးငယ်တစ်ယောက်လည်း ပါလာသေးသည်။

ရန်သူတော့ မဖြစ်နိုင်။

တကယ့်သူတောင်းစား မြေးအဘိုးသာ ဖြစ်ရမည်။

“ဟော....ဟိုမှာဂျ၊ ဘာဒုတ်ကလေးလဲ အသိဘူး”

ကလေးငယ်သည် အုတ်တိုင်ကလေးပေါ်မှ အထုပ်ကလေးကို မြင်သွားပြီး အားရဝမ်းသာ ပြေးယူသည်။ ဒုက္ခတော့ ရောက်ကုန်ပြီ၊ အမှားအယွင်းတွေ ဖြစ်ကုန်ပြီ။

ထိုစဉ်ခိုက်တွင် သုံးဘီးကားတစ်စီးသည် ကနေဒီကျွန်းဘက်မှ မောင်းဝင်လာပြီး ပန်းခြံရှေ့တွင် ရပ်သွားသည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာ၏။ သူ့အမူအရာက ကျိုးကန်းတောင်းမှောက် အထိတ်ထိတ်အလန့်လန့်။

ဟုတ်ပါသည်။



ဝါဇီပင် ဖြစ်ပါ၏။ ဝါဇီသည် တစ်စုံတစ်ခုကို ပြုံးပြုံးပျော်ပျော်ရှာရင်း သူတောင်းစားမြေးအဘိုးအနားသို့ ချဉ်းကပ်သွားသည်။ ကိုကိုဇော်သည် မှောင်ရိပ်မှ ဖျတ်ခနဲထွက်လိုက်ပြီး သူတို့ဆီကို ပြေးဝင်သွားသည်။

“ဝါဇီ”

“ဟင်....အစ်ကို”

“မင်း ဘာလာလုပ်တာလဲ”

“ကျွန်....ကျွန်....ကျွန်တော်”

ဝါဇီ၏ စကားမဆုံးလိုက်ရခင် ကိုကိုဇော်၏ ညာဖြတ်လက်သီးက ဝါဇီ၏ မေးရိုးကို ဒုတ်ခနဲ ပြေး၍ မိတ်ဆက်လိုက်၏။ ဝါဇီသည် အရုပ်ကြိုးပြတ် ပုံကျသွားပါသည်။ ကိုကိုဇော်သည် ဝါဇီ၏ ကိုယ်အနှံ့ကို စမ်းသပ်ရှာဖွေလိုက်သည်။ မည်သည့်လက်နက်ကိုမျှမတွေ့။

သူတောင်းစားကြီးသည် အလစ်တွင် ကိုကိုဇော်၏မျက်နှာကို ဆတ်ခနဲ ကုတ်ဆွဲလိုက်သည်။ ရှောင်လိုက်သော်လည်း လက်သည်းဖျားက သူ့မျက်နှာကို ခြစ်မိသွားသည်။ ရဲခနဲ မြင်လိုက်ရပြီး ခေါင်းထဲတွင် မိုက်ခနဲ ပြာဝေသွားသည်။

ထို့အတူ အကြောအခြင်တွေကို တစ်နေရာမှ စု၍ ဆောင့်ဆွဲလိုက်သလို ခံစားလိုက်ရပြီး ပုံကျသွားပါသည်။ ဘာဆို ဘာမှ မသိတော့။

ပြင်းထန်သော အဆိပ်တွေက သူ့တစ်ကိုယ်လုံးတွင် ပျံ့နှံ့နေပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားကြီးသည် ခေါက်ဆွဲထုပ်ကလေးကို ဆွဲ၍ အမှောင်ထဲတွင် လှစ်ခနဲ ပျောက်သွားပါသည်။ ထိုအချိန်မှာပင် ဝီလီဂျစ်တစ်စီး ထိုးဆိုက်လာသည်။ ဆယ်နာရီတိတိ။

ကားပေါ်မှ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ဆင်းလာကြသည်။ သူတို့အထဲတွင် ရဲဝတ်စုံကို စနစ်တကျဝတ်ဆင်၍ ခြောက်လုံးပြူးတစ်လက်ကို ခါးတွင် ချိတ်ထားသော အမျိုးသမီး ဒုလုံခြုံရေးမှူးတစ်ယောက်ပါလာသည်။

မြင့်မြင့်စန်းပင် ဖြစ်ပါ၏။

ဒုလုံခြုံရေးမှူး မြင့်မြင့်စန်း။

ပြီး

အခန်း (တစ်ဆယ်)

သတိရလာသည်။

သူ့ဘေးတွင် လူတွေဝိုင်းနေ၏။

ဆရာဝန်၊ ဆရာမတွေနှင့် မြင့်မြင့်စန်း။

သူမ၏ ပခုံးထက်တွင် တောက်ပသော ငွေရောင် သစြေ ခက်ကလေးတစ်ခု တင်ထားသည်။ ပြာလဲ့သော ပြည်သူ့ရဲ ဝတ်စုံကို ဝတ်ထားသည်။ သူမတစ်ကိုယ်လုံး လှနေသော်လည်း မျက်နှာကလေးက ညှိုးနွမ်းနေဟန်ရှိသည်။

"ကိုကိုဇော်"

"မြင့်မြင့်စန်း"

"သတိရပြီနော်၊ ဘာမှမပူနဲ့တော့ သိလား၊ အခု ဆေးရုံမှာလေ၊ အဆိပ်ဖြေဆေးတွေ အချိန်မီထိုးနိုင်ခဲ့လို့ ကိုကိုဇော် ဘာမှ မဖြစ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်နှာကလေးက ပြုံးနေသည်။ ကိုကိုဇော်သည် ဗိုလ်ချုပ်ပန်းခြံရှေ့တွင် သူတောင်းစားအဘိုးကြီး၏ လက်ချက်ဖြင့် အဆိပ်မိ၍ လောကကြီးကိုမေ့သွားခဲ့ရသည်ကို သတိရလာသည်။

“ဘာအဆိပ်လဲ၊ ဆိုင်ယာနိုက်လား”

“မဟုတ်ဘူး၊ သူ့ထက်ပြင်းတဲ့ အဆိပ် XO 16 အိပ်စ်အို ဆစ်စတင်းလို့ ခေါ်တယ်၊ နောက်ဆုံးပေါ် အဆိပ်ပေါ့၊ အရေပြားထဲကို ဝင်သွားတာနဲ့ ချက်ချင်း သတိမေ့သွားပြီး အကြောတွေဆိုင်းသွားတယ်၊ ဖြေဆေးမမီရင် ဆယ်မိနစ် အတောအတွင်း သေနိုင်တယ်ဗျ”

ဆရာဝန်က ဝင်ပြောသည်။ ကိုကိုဇော်သည် ဆရာဝန့် စကားထက် သပြေခက်ကို ပခုံးတွင် တင်ထားသော မြင့်မြင့်စန်းကို ပို၍သာ စိတ်ဝင်စားနေပါသည်၊ အံ့သြနေရပါသည်။

“မနက်ကျရင် ခင်ဗျားသက်သာသွားမှာပါ၊ အခု မော်ရီယာမင်း Drift သွင်းပေးထားတယ်၊ အားနည်းတာ တစ်ခုပဲ ခင်ဗျားမှာ ကျန်ပါတော့တယ်၊ ကဲ....စကားပြောကြဦး”

ဆရာဝန် ဆရာမတွေ ထွက်သွားကြသည်။
မြင့်မြင့်စန်းတစ်ယောက်တည်း ကျန်ခဲ့သည်။
“မြင့်မြင့်စန်း”
“ရှင်....ကိုကိုဇော်”



“ဘာတွေဖြစ်ကုန်ကြတာလဲ ဆိုတာကို ကျွန်တော့်ကိုပြောပြပါဦးလား၊ သူတောင်းစားကြီးနဲ့ ဝါဇီရော”

“သူတောင်းစားကြီးတော့ လွတ်သွားခဲ့တယ် ကိုကိုဇော်၊ သူခေါ်လာတဲ့ ကလေးငယ်ကလေးဟာ ကြံတောသချိုင်းက သူတောင်းစားအစစ်ကလေးပါပဲ၊ ပိုက်ဆံပေးပြီး သူ့ကို ရွှေတိဂုံဘုရားခြေရင်းက ခေါ်လာတာတဲ့”

“ဒါဖြင့် အဲဒီသူတောင်းစားကြီးဟာ ဒေးဗစ်ဖြစ်မှာပေါ့၊ ဒါကို ကျွန်တော် လုံးဝမရိပ်မိခဲ့ဘူး”

“ဒေးဗစ်မဟုတ်ဘူး ကိုကိုဇော်၊ ဒေးဗစ်နဲ့ သူ့လူတွေကို ကန်တော်ကြီးစောင်းက သူတို့ရဲ့လျှို့ဝှက်စခန်းဖြစ်တဲ့ တိုက်အိုကြီးထဲမှာ ဝါဇီရဲ့ မိန်းမလျှာမလေးနဲ့အတူ ဖမ်းမိခဲ့တယ်”

ဟုတ်ပါသည်။

ကိုကိုဇော်သည် ဝါဇီ့ကို အကူအညီတစ်ခုတောင်းခဲ့၏။ သူ၏လုပ်သော မိန်းမလျှာမကလေးကို မြင့်မြင့်စန်းကိုယ်စား လျှို့ဝှက်ခေါက်ဆွဲထုပ်ကလေးကို ညဆယ်နာရီတိတိတွင် ဗိုလ်ချုပ်ပန်းခြံအဝင်ဝမှ အုတ်တိုင်ကလေးပေါ်တွင် ချထားရန် ငွေတစ်ရာပေးပြီး စေခိုင်းခဲ့ပါသည်။

မိန်းမလျှာမကလေးကလည်း သူ့လုပ်ငန်းကို လက်ခံခဲ့ပါ၏။ အထုပ်ကလေးတစ်ထုပ်ကို သွားတင်ရုံနှင့် ငွေတစ်ရာရမည်ဆိုတော့ နည်းသလား။ သို့သော်ငြားလည်း မိန်းမလျှာမလေး၏ နာရီက ဆယ်မိနစ်မြန်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်သည်။ ဒေးဗစ်နှင့် သူ့လူတစ်ယောက်သည် ဝါဇီ၏ ဂန်ဒူးမလေးကို မအေးပွင့် ထင်မှတ်၍ သေနတ်နှင့်ချိန်ပြီး မ,သွားခဲ့ကြ၏။

တိုက်အိုကြီးထဲ ရောက်တော့မှ လူမ,ကလေး မဟုတ်ဘဲ လူထီးကြီးဖြစ်နေကြောင်း မျက်လုံးပြူးမျက်ဆန်ပြူး တွေ့ကြရတော့၏။

သည်တွင် သူတို့နောက်ကို မီးမှိတ်၍ Shadow လိုက်လာသော ပြည်သူ့ဘက်တော်သားတွေ လက်ထဲတွင် ကွင်းခနဲ မိသွားသည်။

"ဟို ခွေးမသား ဝါဇီက ဆယ်နာရီမှာ ဘာဖြစ်လို့ ရောက်လာရတာလဲဟင်၊ ဒီကောင်ရောက်လာတော့ ကျွန်တော်က ခေါက်ဆွဲထုပ်ကို လာယူတဲ့ ရန်သူ့ဘက်ကကောင်လို့ ထင်မိတာ၊ အဲဒီမှာတင် သူတောင်းစား မြေးအဘိုးကို ဂရုမစိုက်မိဘဲ ဖြစ်သွားတာ"

"သူ့ မိန်းမလျာမလေးကို စိတ်မချလို့တဲ့လေ၊ ကိုကိုဇော့လူက ခပ်ပေါပေါပါ"

"ဟုတ်တယ်....မြင့်မြင့်စန်း၊ ကျွန်တော် တစ်ကွက် မှားသွားခဲ့တယ်၊ အင်း....မြင့်မြင့်စန်းကို ကျေးဇူးတင်ပါတယ်၊ တကယ်လို့သာ မြင့်မြင့်စန်းသာ အချိန်မီ မရောက်လာခဲ့ရင်"

"မြင့်မြင့်စန်း ဆယ်နာရီတိတိမှာ ရောက်လာပါတယ် ကိုကိုဇော်၊ ဒါပေမယ့် သူတောင်းစားကြီးကိုတော့ မမိလိုက်



တော့ဘူး၊ အခုလဲ မြေလှန်ရှာနေဆဲပါပဲ၊ သူပြေးလို့ မလွတ်နိုင်ပါဘူး ကိုကိုဇော်ရယ်၊ တရားဥပဒေ စိုးမိုးတဲ့ ငြိမ်းချမ်းတဲ့ နယ်မြေမှာ သူတို့တစ်တွေ ခြေကုပ်မယူနိုင်ပါဘူး၊ ပြည်သူလူထု အကူအညီနဲ့ အသေအချာကို ဖမ်းမိမှာပါပဲ၊ အဲ....ဒါပေမယ့်လို့ ဒေးဗစ်နဲ့ သူ့လူတွေကတော့ သူတို့ခေါင်းဆောင်ဟာ ဘယ်သူလဲဆိုတာ ထုတ်ဖော်ပြီး အစစ်မခံကြဘူး ကိုကိုဇော်"

"ဒါနဲ့ ခင်ဗျားလေးကကော ကုန်သွယ်ရေး ကိုးကဆို"

"ခင်ဗျားလေး မဟုတ်ပါဘူး ကိုကိုဇော်ရယ်၊ မြင့်မြင့်စန်းပါ...."

သူက ဒေါသသံကလေး နှိုယ်လာတော့ မြင့်မြင့်စန်းက ရယ်ကျဲကျဲနှင့် လျှော့ချလိုက်ရသည်။

"ကိုကိုဇော် မရိပ်မိဘူးလား"

"အင်း....ရိပ်မိသလိုလိုတော့ အရှိသား၊ ဒါပေမယ့် ခေါင်းက သိပ်မထက်တော့ မပြောင်ဘူးပေါ့"

"သွား"

မျက်စောင်းရိပ်ရိပ်ကလေးက သူ့ကို ထိုးမိချက်သားပေါ့။ အဲသည်တော့မှ သူ့မျက်နှာက အပြုံးတွေ ဝေလာသည်။

"ဖြော်.... ကိုကိုဇော့်ကို ဝမ်းသာစရာ တစ်ခု ပြောရဦးမယ်၊ မမနော်အေးပွင့်ဟာ မသေဘူးတဲ့၊ သူ့နောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တောထဲကလူတွေ လိုက်နေလို့ ပဲခူးနားက ရွာကလေး တစ်ရွာမှာ ခြေရာဖျောက်ပြီး ပုန်းနေရတယ်တဲ့”

“ဟင်”

“ဟုတ်တယ် ကိုကိုဇော်၊ အခုတော့ ပဲခူးကို ရောက်နေပြီလို့ သတင်းရတယ်၊ မနက်ရထားနဲ့ ပြန်ပါလာမလား မသိဘူး၊ ကိုကိုဇော် ဝမ်းမသာဘူးလားဟင်”

သည်စကားကိုပြောတော့ မြင့်မြင့်စန်းအသံက မသိမသာ တုန်ယင်နေသည်။ သူ့မျက်နှာတွေကတော့ ရွှန်းလက်သွားသည်။

“တကယ်....တကယ်ပြောတာလား မြင့်မြင့်စန်းရယ်၊ ကျွန်တော် ဝမ်းသာလိုက်တာ”

“တကယ်ပါ ကို....ကို....ဇော်ရယ်၊ ကိုကိုဇော်ရဲ့ မအေးပွင့်ဟာ မကြာခင် ပြန်ရောက်လာတော့မှာပါ၊မမပြန်ရောက်လာရင်သာ မြင့်မြင့်စန်းကို အခင်အမင် မပျက်လိုက်ပါစေနဲ့”

မြင့်မြင့်စန်းသည် ဝမ်းနည်းနေဟန် ရှိသည်။

“စိတ်ချပါ မြင့်မြင့်စန်းရယ်၊ မြင့်မြင့်စန်းကို ကိုယ့်ခယ်မလေးလို အမြဲပဲချစ်နေပါမယ်တဲ့”

“ကြည့်....မမနဲ့ဖြင့် မရသေးဘူး၊ သိပ်အသားယူတာပဲ”

“ဪ....ဒါနဲ့ တစ်ခုမေးမလို့၊ ဟို....မအေးပွင့်ဒေါ်ဖွားစိန်နဲ့တစ်ဆင့် ပေးလိုက်တဲ့ ဗိုလ်ယက္ခရဲ့....”



“ဟုတ်ပါတယ်၊ ဒါတွေကို မြင့်မြင့်စန်း ရခဲ့ပါတယ် ကိုကိုဇော်၊ ဒါကြောင့်မို့လဲ အထက်အဖွဲ့အစည်းတွေနဲ့ တိုင်ပင်ပြီး ဒီပစ္စည်းတွေရဲ့ နောက်ကို လိုက်လာတဲ့ အဖျက်သမားတွေကို ကိုကိုဇော်နဲ့ပေါင်းပြီး ချေမှုန်းခဲ့တာပေါ့ ကိုကိုဇော်ရယ်၊ ကဲ....မြင့်မြင့်စန်းကို သွားခွင့်ပေးပါဦး၊ မြင့်မြင့်စန်းမှာ ဆက်လုပ်စရာတာဝန်တွေ ရှိနေသေးလို့”

မြင့်မြင့်စန်း ထွက်သွားသည်။

သူသည် ရင်မောရင်း ကျန်ခဲ့၏။

လောကဆိုသည်မှာ ရည်ရွယ်သလို မဖြစ်လာသလို မရည်ရွယ်ဘဲနှင့် ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည်တွေက အနန္တပါကလား။

ပြီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့်နှစ်)

"ဒေါက်....ဒေါက်....ဒေါက်"

တံခါးခေါက်လိုက်သည်။

တဝီဝီမြည်နေသော လေလှိုင်းသံသဲ့သဲ့ ပျောက်သွား၏။

"ဘယ်သူလဲ"

"ကျွန်တော်ပါ၊ ကိုကိုဇော်"

"ဪ....လာ....လာ၊ အန်တီပျင်းတာနဲ့ VOA ဖမ်းနေတာ"

တံခါးပွင့်သွားသည်နှင့် အန်တီရိုစီသည် သူ့ကိုပြုံးရွှင်စွာ ဖိတ်ခေါ်လိုက်သည်။

"မြင့်မြင့်စန်းကော အန်တီ"



"ဒီနေ့ ဂျူတီတစ်ခု အရေးကြီးရှိတာနဲ့ ခပ်စောစောကပဲ ထွက်သွားတယ်ကွယ့်"

"ဪ....ဪ၊အန်တီတို့က တစ်ကျိတ်တည်းတစ်ဉာဏ်တည်းတွေကိုး၊ ကျွန်တော်ကတော့ မြင့်မြင့်စန်းဟာ ဒုလုံခြုံရေးမှူးဆိုတာ မနေ့ကမှပဲ သိတယ်အန်တီရေ့၊ အန်တီတို့က သိပ်အိုက်တင် ကောင်းကြတာကိုး၊ ရုပ်ရှင်ရိုက်စားဖို့ ကောင်းတယ်၊ အဟဲ"

"ဒီလိုပေါ့ကွယ်၊ သူက မသိစေချင်တော့လဲ အန်တီက လျှို့ဝှက်ထားရတာပေါ့၊ ကဲ....ထိုင်ဦး၊ ကိုးဒရင့်လား၊ ဟော့တ်ဒရင့်လား"

"နေပါစေ အန်တီရယ်၊ အားနာစရာကြီး"

"အို....မဟုတ်တာကွယ်၊ ဧည့်သည်ကိုတော့ ဧည့်ခံရဦးမှာပေါ့"

အန်တီရိုစီသည် နောက်ဖေးခန်းတွင် ဝင်ရောက် ပျောက်ကွယ်သွားသည်။ ပြန်ထွက်လာတော့ ငွေလင်ပန်းကလေးကို ကိုင်လာသည်။ ချွန်ထက်နီရဲနေသော လက်သည်းတွေက လှပလို့နေသည်။

ကိုကိုဇော်၏ ရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

လက်သည်း....လက်သည်း၊ ရဲနေတဲ့ လက်သည်းတွေ။

မြင့်မြင့်စန်းအခန်းသို့ စတင်ရောက်ရှိခဲ့သည့် ညကလည်း အန်တီရိုစီသည် ငွေလင်ပန်းကလေးနှင့် ဝီစကီကို ဧည့်ခံခဲ့သည်။ သူမလက်သည်းတွေက ရဲနေသည်၊ ချွန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်တုန်းက ဝီစကီ ဖန်ခွက်နှစ်လုံးပါလာခဲ့၏။ ယခုတော့ တစ်လုံးတည်း။ အနောက်တိုင်းထုံးစံ ညှော်ခံလျှင် အိမ်ရှင်နဲ့ညှော်သည်အတွက် ဖန်ခွက်နှစ်လုံး ပါလာရစမြဲ။ ယခုတော့ တစ်လုံးတည်း။

ပြီးတော့ ရေဒီယိုလေလှိုင်းသံ သဲ့သဲ့ကို စတင်ရောက်ရှိခဲ့သည့် ညက ကြားရ၏။ **VOA** အမေရိကန် အသံကို ဖမ်းနေပါသည်တဲ့။ ယခုလည်းပဲ လေလှိုင်းသံသဲ့သဲ့ ကြားရပြန်၏။ **VOA** ကို အသံဖမ်းနေပါသတဲ့။

ကိုကိုဇော်သည် သူ၏ ညာဘက်မှ ပါးပြင်ကို အသာစမ်းလိုက်သည်။ လက်သည်းရာကြီးတစ်ခု ရှိနေသည်။ သူတောင်းစားကြီးသည် သူ့ကို လက်သည်းနှင့် ကုတ်လိုက်စဉ်က မျက်လုံးထဲတွင် ရဲခနဲ မြင်လိုက်ရ၏။

ဘုရား....ဘုရား။

အန်တီရိုစီများလား။

အန်တီရိုစီသည် **Beauty Parlor** အလှပြုပြင်သည့်ဆိုင်တွင် အလုပ်လုပ်သည်ဟု ဆိုတော့ ရုပ်ပြောင်းရုပ်လွှဲကို အလွယ်နှင့် ပြုလုပ်နိုင်ပေသည်။ သို့ကလိုဆိုလျှင် အန်တီရိုစီသည် သူ့ကို အဆိပ်လူး လက်သည်းတွေနှင့် ဆွဲကုတ်သွားသည့် သူတောင်းစားကြီး မဖြစ်နိုင်သလော။

"သောက်လေကွယ်၊ ဖြည်းဖြည်းဆေးဆေးပေါ့၊ အန်တီလဲ တစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ"



အန်တီရိုစီက သူ့ကို အရက်ငှဲ့ပေးရင်းဆို၏။

လက်သည်း ကလေးတစ်ချောင်းက ဖန်ခွက်ထဲကို မသိမသာ မွှေလိုက်သည်။ ဒါကို ကိုကိုဇော် မမြင်လိုက်မိပါ။ သူသည် နံရံတွင်ကပ်ထားသော စန္ဒရားပုံ ဗီရိုကြီးကိုသာ စိတ်ဝင်စားစွာ ကြည့်နေပါသည်။

"ရော့...."

ကိုကိုဇော်က ဖန်ခွက်ကို လှမ်းယူပြီး နှုတ်ခမ်းတွင် တေ့ကပ်လိုက်၏။

"အန်တီ့ အတွက်ကော"

"အန်တီက ဒီအချိန်မသောက်ဘူးကွယ့်"

"ဟလား၊ အန်တီ့ လက်သည်းတွေက သိပ်လှတာပဲနော်၊ ဒါပေမယ့် လူတစ်ယောက်ကို ဆွဲကုတ်လိုက်ရင်တော့ မစားသာဘူး"

"ဟဲ....ဟဲ၊ အန်တီက အလှထားတာပါ၊ ကဲကွယ်၊ သောက်လိုက်ပါဦး"

"သောက်တာပေါ့ အန်တီ၊ ဪ....ဒါနဲ့ အဲဒီစန္ဒရားပုံ ဗီရိုကြီးရဲ့ အောက်ဆင့်တွေထဲမှာ ဘာတွေများ ရှိနေသလဲ မသိဘူးနော်၊ ကျွန်တော့်အထင်တော့ Transmitter, Receiver အသံလွှင့် အသံဖမ်းစက်တွေများ ရှိနေမလားလို့"

"မောင်ကိုကိုဇော်ကလဲ ကြံကြံဖန်ဖန်တွေ ပြောရော့မယ်၊ **You very jolly kid** ပဲ....ဟဲ....ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



အန်တီရှိစီသည် တဟဲဟဲရယ်ရင်း ဗီရိုကြီး၏ အံဆွဲတစ်ခုကို အသာဆွဲဖွင့်လိုက်၏။လက်ထဲတွင် မည်းခနဲ မြင်လိုက်ရသည်။

"ချွမ်း...."

ကိုကိုဇော်သည် လက်ထဲမှ ဖန်ခွက်နှင့် ပစ်ပေါက်လိုက်၏။ အန်တီရှိစီ၏ လက်ထဲမှ မိန်းမကိုင် ပစ္စတိုပေါက်စကလေးမှာ လွင့်ထွက်သွားသလို သူ့ခန္ဓာကိုယ်ကလည်း တိုက်ခိုက်ရန် အနေအထားသို့ ခုန်၍ ထလိုက်ပါ၏။

"ဟား....ဟား....ဟား....ဟား"

အန်တီရှိစီက ရယ်လိုက်သည်။

စုန်းမကြီး....

ဟုတ်သည်။ ဂါဝန်အနက်ကြီးကို ဝတ်ထားသော အန်တီရှိစီသည် စုန်းမကြီးတစ်ယောက်လို လက်နှစ်ဖက်ကို ကားလိုက်၏။ လက်သည်းတွေက ချွန်ထက်နေပြီး တဆတ်ဆတ် တုန်ယင်နေသည်။ မျက်နှာကြီးကလည်း ကြောက်မက်ဖွယ် အသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွား၏။

"ယား"

ကျယ်လောင်သော ဝမ်းခေါင်းသံကြီးနှင့်အတူ အန်တီရှိစီ၏ ကိုယ်ကြီးက လင်းတ တစ်ကောင်လို သူ့ထံသို့ ပျံလာသည်။ ကိုကိုဇော်သည် လက်သည်းတွေနှင့် လွတ်အောင် မနည်းပင် ရှောင်လိုက်ရသည်။

အန်တီရှိစီသည် ပေါ့ပါးစွာပင် ဖတ်ခနဲကျသွား၏။အနေအထားမပျက် ဘယ်လက်ကို ရှေ့သို့ထုတ်ရင်း ညာလက်ကို



ကွေး၍ ကီသွင်းထား၏။ အား ထည့်ထား၏။ ကြောက်စရာ ကောင်းလှသော ကရာတေးမကြီး ပါကလား။ယိုနီကီဝင်ခေါ် အသင့်အနေအထားကို ယူထားပြီး ဖြစ်နေ၏။

မားတွေ မယူခဲ့မိသည်မှာ မှားသွားပြီ။

သည်မိန်းမကြီးကို အလွယ်တကူ တိုက်ခိုက် အနိုင်ယူ၍ ရနိုင်တော့မည်မဟုတ်ကြောင်း ကိုကိုဇော် သဘောပေါက်လိုက်ပါပြီ။

အန်တီရှိစီသည် ဟိတ်ခနဲ မာန်သွင်းလိုက်ပြီး စားပွဲဝိုင်းကလေးကိုကျော်၍ Yoko tobe geri ဘယ်ခြေစောင်းနှင့် လွင့်ပျံလာသလို ရှူးတိုခေါ်သည့် လက်ဝါးစောင်းက ထပ်ဆင့်ပါလာသည်။

"ဗိုး....ချွမ်း"

သူသည် အန်တီရှိစီ၏ခြေစောင်းကို ကိုယ်ကိုလှည့်၍ ရှောင်လိုက်ပြီး ခေါင်းကို ငုံ့ပေးလိုက်၏။လက်ဝါးစောင်းသည် သူ့ခေါင်းပေါ်မှ ဗိုးခနဲဖြတ်သန်းသွားပြီး ခုံကလေးပေါ်တွင် အလှတင်ထားသည့် ကြွေပန်းအိုးကလေး၏လည်ပင်းကို တိခနဲ ဖြတ်ချသွားသည်။

ပန်းအိုးကလေးက အနေအထားမပျက်။

ကြောက်စရာကောင်းလှသည့် လက်ဝါးစောင်းပင်။

ကိုကိုဇော်သည် စာရေးစားပွဲခုံနှင့်တိုက်မိပြီး သူ့လက်က စားပွဲပေါ်မှ ကျွန်းသားမျဉ်းလုံးကို ကိုင်မိသွား၏။ လာစမ်း။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ပေခွဲခန့်ရှိ ကျွန်းသားမျဉ်းလုံးကို ကိုင်ရင်း ရှေ့သို့တိုးလိုက်သည်။ အန်တီရှိစီသည် စားပွဲဝိုင်းကလေးကို ပတ်ရှောင်း ဘယ်ခြေနှင့်ညာခြေကို ထပ်၍ နေရာရွှေ့နေ၏။ သို့တစေ သူမမျက်နှာကြီးက ကြောက်စရာကောင်းလောက်အောင် ပြုံးနေဆဲ။

ကိုကိုဇော်သည် ဖတ်ခနဲခုန်ဝင်လိုက်သလို သူမ၏ ခေါင်းကို မျဉ်းလုံးနှင့် သယ်ထည့်လိုက်၏။ အန်တီရှိစီက လက်နှစ်ဖက်ကို ကြက်ခြေခတ်ဖြင့် ပင့်ခံလိုက်၏။

"ဖြောင်း"

မျဉ်းလုံးသည် ကျိုးထွက်သွား၏။

တစ်ချိန်တည်းမှာပင် အန်တီရှိစီက မေဂါရီကစ် တစ်ချက်ဖြင့် သူ့ပေါင်ခွဆုံကို လှမ်းကန်လိုက်သည်။ ကိုယ်ကို ပုပေးလိုက်သဖြင့် အရေးကြီးသောပစ္စည်းကို သိမသွားသော်လည်း သူ့အရှိက်မှာ ခြင်းကန်ခံလိုက်ရသလို ဖြစ်သွားပြီး နံရံသို့ လွင့်စဉ်ထွက်သွားသည်။

"ယား"

ကျယ်လောင်သော အသံကြီးနှင့်အတူ နီရဲနေသော လက်သည်းကြီးငါးချောင်းက သူ့မျက်နှာကို တန်းဝင်လာ၏။ ရှိသမျှအားကို စုစည်းပြီး ခေါင်းဘစ်လုံးစာ ကပ်ရှောင်ပေးလိုက်သည်။

"ချလွမ်း....ဒုတ်"



Nukite လက်သည်းငါးချောင်းသည် အလုပြ နံရံကပ်ပန်းချီကားကြီး၏ မှန်ကိုခွဲ၍ ကင်းဗတ်စကိုဖောက်ပြီး နံရံထဲသို့ စိုက်ဝင်သွားသည်။

"အွတ်"

ကိုကိုဇော်သည် ဒူးနှင့် အရှိက်ကိုပစ်သွင်းလိုက်၏။

လဲမသွား။

ဗိုက်ကိုရှုပ်၍ အသက်ရှိုက်နည်းဖြင့် သူ့တိုက်ချက်ကို ခံလိုက်သလို သူမ၏ ဘယ်လက်သီးဆုပ်က ခေါင်းပေါ်သို့ကျလာ၏။

အုန်းခနဲမြည်သွားသလို ခံစားလိုက်ရသည်။ မျက်လုံးတွေပြာဝေသွားသည်။ သူ့ဒူးတွေ ခွေညွတ်ရင်း လဲကျသွား၏။ သူမသည် တမာရှိဝါရီ Tamashi Wari ကို ကောင်းကောင်း လေ့ကျင့်ထားခဲ့ဟန် တူသည်။

အန်တီရှိစီသည် တဟဲဟဲရယ်ရင်း သူ့လက်သည်းကြီးတွေဖြင့် မျက်နှာကိုကုတ်ရန် ပြင်လိုက်သည်။ နီရဲသောလက်သည်းဆယ်ချောင်းက သူ့မျက်နှာနှင့် တဖြည်းဖြည်းနီးလာသည်။ ကိုကိုဇော်သည် ရှိသမျှအားအင်ကို စုစည်းလိုက်ပြီး သူမ၏ လက်နှစ်ဖက်ကို ဖမ်းဆုပ်လိုက်သည်။

သို့တစေ ပိန်လှီလှသော အန်တီရှိစီ၏လက်တွေက သံမဏိချောင်းတွေလို သန်မာနေသည်။ သူ၏ တွန်းကန် အား ကို တဖြည်းဖြည်းနှင့် ဖျက်ဆီးပစ်နေသည်။ ကီ ဝင်နေသော လက်ချောင်းလေးတွေက တလှုပ်လှုပ်တရွရွဖြင့် သူ့မျက်နှာနားသို့ တဖြည်းဖြည်း ကပ်လာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒူး....ဒူး....

"လူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒူးရဲ့တိုက်ကွက်ဟာ အပြင်းဆုံးပဲကွ၊ ဒါကြောင့် မြန်မာ့လက်ဝှေ့နဲ့ သိုင်းပညာတွေမှာ ဒူးဟာ အဓိကကျတဲ့ လက်နက်တစ်ခုလို အသုံးဝင်တယ်"

ကိုကိုဇော်သည် သူ၏ဆရာဖြစ်သော သိုင်းပြောင်းပြန် သမား အဘိုးကြီး၏ စကားတွေကို ကြားယောင်လာသည်။ အန်တီရှိစီသည် ရှိသမျှအားတွေကို လက်တွင် ပုံအောထားပုံ ရ၏။ သူ၏အောက်ပိုင်းတွင် လွတ်နေပြီ။ အားနည်းနေပြီ။

ကိုကိုဇော်သည် ညာဒူးကိုအားသွင်းပြီး နံစောင်းကို ကျုံးတိုက်လိုက်၏။ သူ့ခန္ဓာကိုယ်တွင် ကျန်ရှိသမျှအားတွေကို အကုန်သုံးလိုက်ခြင်းပင်။

အန်တီရှိစီသည် မကောင်းဆိုးဝါးမကြီးတစ်ကောင်လို စူးစူးဝါးဝါး အသံထွက်သွားပြီး ကြမ်းပြင်ပေါ်တွင် သုံးလေးပတ် လိမ့်ထွက်သွားသည်။ ပြန်ထအလာတွင် ကြမ်းပေါ်တွင် ကျနေသော ပစ္စတိုသေနတ်ကလေးက သူမလက်ထဲတွင် ရောက်နေ၏။

"ဒိုင်း"

"ဒိုင်း"

သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။

အန်တီရှိစီ၏လက်တွင် ကိုင်ထားသော ပစ္စတိုကလေးမှာ လွင့်ထွက်သွားသလို ယမ်းငွေ့ဝေနေသော သေနတ်ဘစ်လက်ကို ကိုင်ထားသည့် အမျိုးသမီးတစ်ယောက်က တံခါးဝတွင်



ရပ်နေပါသည်။ သူသည် ရှိသမျှသတိသမ္ပဇဉ်ကို စုစည်းလိုက်ပြီး ကြည့်လိုက်၏။

သူမ၏ပါးပြင်တွင် မည်းနက်သော စံပယ်တင်မှဲ့ကလေး တစ်လုံး ရှိနေသည်။

"ပွင့်....မ....အေး....ပွင့်"

"အစ်ကို....ကို....ဘ....ခက်"

မျက်လုံးတွေ ဝါးလာသည်။ ခေါင်းထဲတွင် ရေလှိုင်းကြီးတွေ လိမ့်ဝင်လာသည်။ တောင်တွေ ပြိုကျလာသည်။ မီးတွေ လောင်လာ၏။ ဘာဆို ဘာမှ မသိချင်တော့။

မှောင်နဲ့မည်းမည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ့် သုံး)

"ကိုကိုဇော်....ကိုကိုဇော်"
"ပွင့်....ပွင့်....မအေးပွင့်"
"သတိရပြီလား၊ ကျွန်မ မြင့်မြင့်စန်းလေ"

သူ့မျက်လုံးတွေ ပွင့်ဟလာသည်။ ခေါင်းထဲတွင် ကွဲန်းတော့ ဂျက်လေယာဉ်ကြီး ဖြတ်သန်းသွားသလို ခံစားနေရသည်။ သူသည် နူးညံ့သောခုတင်ပေါ်တွင် သက်သက်သာသာ လဲလျောင်းနေပါ၏။ ခုတင်စောင်းတွင်တော့ မြင့်မြင့်စန်းက တင်ပါးလွှဲထိုင်နေပါသည်။

"ပွင့်....ပွင့်....ဘယ်မှာလဲ မြင့်မြင့်စန်း"
"ရှိပါတယ် ကိုကိုဇော်၊ အခုပဲလာပါလိမ့်မယ်၊ကိုကိုဇော် သတိရပြီနော်၊ ဝမ်းသာလိုက်တာ ကိုကိုဇော်ရယ်"



"အန်တီရိုစီကော"
"အချုပ်ထဲမှာလေ၊ သူဟာ နံပါတ်(၁)ခေါင်းဆောင်ပဲ၊ အခုတော့ သူတို့အားလုံးကို မိလိုက်ပါပြီ ကိုကိုဇော်ရယ်၊ မြေပေါ် အဖျက်သမားတွေရော၊ တောထဲက လိုက်လာတဲ့ လူတွေရော၊ ဒီအတွက် တိုင်းပြည်ကရော၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကပါ ကိုကိုဇော့်ကို ကျေးဇူးတင်ကြပါလိမ့်မယ်"

မြင့်မြင့်စန်း၏ ချိုသာသော အသံလေး ပျံ့လွင့်လာပါသည်။ ယခုတော့ သူ့အတွေး၊ သူ့အမြင်တွေက ပီသကြည်မြလာပါပြီ။ အန်တီရိုစီသည် တကယ်တမ်း ကြောက်စရာကောင်းသည့် မိန်းမကြီးတစ်ဦးပင်။

"စန္ဒရားပုံ ဗီရိုကြီးထဲကို ရှာပြီးပြီလား မြင့်မြင့်စန်း"
"ရှာပြီးပြီ၊ Medium Wave လှိုင်းလတ်အသံလွှင့်စက်နဲ့ အသံဖမ်းစက်ကို ရလိုက်တယ်၊ အန်တီရိုစီဟာ ဒီစက်တွေနဲ့ သူ့လက်အောက်က အဖျက်သမားတွေကို ညွှန်ကြားချုပ်ကိုင်နေတဲ့ ရန်သူ့ဘက်က နံပါတ်(၁)ခေါင်းဆောင်တစ်ယောက်ပဲ ကိုကိုဇော်၊ မြင့်မြင့်စန်းလဲ ဒါကို အစက လုံးဝမရိပ်မိခဲ့တဲ့ အပြင် ကျားရှေ့ မှောက်လျက်လဲသလို သူနဲ့အတူ နေခဲ့မိတယ်လေ၊ ဟိုနေ့က ကိုကိုဇော်နဲ့မြင့်မြင့်စန်း စကားပြောနေကြတုန်းမှာ တံခါးဝက ချောင်းနားထောင်တဲ့ သူဟာ အန်တီရိုစီပဲပေါ့၊ သူ့ရဲ့ Background History ကို ဖော်ထုတ်လိုက်တော့ ဒီမိန်းမကြီးဟာ ကရာတေးပညာမှာ ခါးပတ်နက် အဆင့်အထိ ရောက်နေပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မြင့်မြင့်စန်း၊ ကျွန်တော်လဲ မအေးပွင့်သာ ရောက်မလာခဲ့ရင် အသေပဲ၊ ဒါတောင် အတော်ခံလိုက်ရတယ်၊ အခု ပွင့် ဘယ်မှာလဲ၊ ကျွန်တော် ပွင့်ကို တွေ့ပါရစေ မြင့်မြင့်စန်း"

"မမကို သက်ဆိုင်ရာက နည်းနည်းပါးပါး စစ်မေးစရာရှိလို့ ခေါ်သွားတယ်၊ အခုပဲ ပြန်ရောက်လာမှာပါ ကိုကိုဇော်ရယ်၊ ခဏလေးတော့ သည်းခံပြီး စောင့်လိုက်ပါဦး"

"ဟင့်အင်း....ကျွန်တော် ပွင့်ကို အခုပဲ တွေ့ချင်တယ်"

"ဪ....ကိုကိုဇော်ရယ်၊ ခက်လှချည်လား"

ကိုကိုဇော်သည် ခုတင်ပေါ်မှ ထလိုက်၏။ ခုတင်ဘေးရှိ အလှပြင် မှန်တင်ခုံကလေးတွင် တင်ထားသော မောင်းချခြားသေးသေးကလေးကိုဖွင့်၍ အသွားကို စမ်းလိုက်သည်။ မုတ်ဆိတ်ခံသွားလို မြမြထက်နေ၏။

"ရှပ်"

"အမယ်လေး"

မြင့်မြင့်စန်း၏ ရင်ကို ခွဲချလိုက်သည်။

အသည်းတွေ ထွက်မလာသော်လည်း ဝတ်ထားသော တလောက်စ်အင်္ကျီကလေးမှာ ဟက်တက်ကွဲသွား၏။ ဝင်းစိုသော ရင်အမြွှာတွေက ဘရာစီယာထဲမှ လျှံထွက်လာသည်။

အလယ်တွင်တော့ မှဲ့နက်ကလေးတစ်လုံး....

"အို....ကိုကိုဇော် ဘယ်လိုလုပ်လိုက်တာလဲ"

"ပါးပြင်က စံပယ်တင်မှဲ့ကလေးကို ဖျောက်လို့ရပေမယ့် ဒီမှဲ့ကလေးကိုတော့ ဖျောက်လို့မရနိုင်ပါဘူး ပွင့်ရယ်၊ အဲဒါမှ



မအေးပွင့် မဟုတ်သေးဘူးလို့ ငြင်းနေဦးမယ်ဆိုရင်တော့ ပွင့်ရဲ့ တတိမြောက် မှဲ့ကလေးကိုရှာ...."

"အို....အစ်ကို"

သူ့ရင်ခွင်ထဲကို တစ်ကိုယ်လုံး ခိုဝင်လာသည်။ ရဲနေတဲ့ မျက်နှာကလေးက ရှက်တာတွေ၊ ချစ်တာတွေ၊ မေတ္တာတွေ စွန်းထင်းလို့နေပါသည်။

"ပွင့်...."

"အစ်ကို"

"ဘာလို့ ညာချင်ရတာလဲ ကလေးရယ်၊ မအေးပွင့်နဲ့ မြင့်မြင့်စန်းဟာ ခွဲမရအောင်တူတဲ့ အမြွှာညီအစ်မဆို၊ အစ်ကို့ကို ဘာလို့ ညှဉ်းဆဲချင်ရတာလဲဟင်"

သူမသည် သူ့ရင်ခွင်ကြီးထဲမှ ရှက်ပြုံးကလေးနှင့် မော့ရင်း ဆိုသည်။

"ဒါတော့....ဒါတော့....တာဝန်အရ ကိုး အစ်ကိုရဲ့၊ အစ်ကို မရိပ်မိဘူးလားဟင်"

"အစကတော့ တကယ်ထင်မိတာပါ ပွင့်၊ အဲ....ဟိုနေ့က အင်းလျားမှာ ပွင့် ရေနစ်နေတော့မှ ပွင့်ရဲ့ ဟောဒီမှဲ့ကလေးကိုတွေ့ပြီး မြင့်မြင့်စန်းဟာ မအေးပွင့်ဆိုတာ သိလိုက်ရတော့တာပဲ"

"ဖယ်ပါ"

"ဟုတ်ဘူးလား၊ သိပ်ဟန်ဆောင်ကောင်းတာပဲ၊ တောထဲတုန်းက အဖြစ်အပျက်တွေ မှတ်မိသေးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့၊ အသည်းထဲကကို မထွက်ဘူး၊ တာဝန်အရမို့သာ သူ့ကို ဟန်ဆောင်နေရတာ သိလား"

သူသည် သူမကို ပွေ့ထားသည်။

သူမသည် သူ့ကို ဖက်ထားသည်။

"ဩော်....ဒါနဲ့ အစ်ကို့ကို ပွင့် လျှို့ဝှက်ထားတာတွေ ရှိသေးတယ်၊ အဲဒါတွေကတော့ ပွင့်ဟာ ရိုးမထဲက ဗိုလ်ယက္ခရဲ့ စခန်းကို ဘယ်လိုရောက်သွားပြီး သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ဘာဖြစ်လို့ ယူခဲ့ရသလဲ ဆိုတာတွေလေ"

မအေးပွင့်မျက်နှာမှာ တစ်မုဟုတ်ချင်း ညှိုးသွားရှာပါသည်။ နေထိပန်းလို နွမ်းသွားရှာပါသည်။

"ဒါတွေကို ပြန်ပြောရရင် ရင်နာလို့ ဆုံးတော့မှာ မဟုတ်ပါဘူး အစ်ကိုရယ်၊ ဒါပေမယ့် မပြောရင်လဲ မဖြစ်ပါဘူး၊ တကယ်တော့ ပွင့်ဟာ တပ်မတော်က ကျဆုံးသွားတဲ့ ဗိုလ်ကြီးသူရအောင်ပွင့်ရဲ့ သမီးအမှန်ပါပဲ၊ အစ်ကို့ကိုပြောခဲ့သလို မေမေနဲ့ အဘဟာ ဖေဖေ ကျဆုံးပြီးကတည်းက ရိုးမတောင်ခြေက ရွာကလေးတစ်ရွာမှာ ဇာတ်မြှုပ်ပြီး နေခဲ့ရှာပါတယ်၊ ပွင့်ကတော့ ပြည်သူ့ရဲတပ်ဖွဲ့မှာ အမှုထမ်းနေခဲ့တယ်၊ ပွင့် ခွင့်ရက်ရှည်ရလို့ မေမေနဲ့ အဘဆီကို ရုပ်ဖျက်ပြီး သွားအလည်မှာ ပွင့် မေမေနဲ့ အဘကို တပ်မတော်က ဗိုလ်ကြီးအောင်ပွင့်ရဲ့ အမျိုးအနွယ်တွေမှန်း သောင်းကျန်းသူတွေက သိသွားခဲ့ကြပြီး ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ပြီး သတ်



သွားခဲ့ကြတယ်၊ ပွင့် ရွာကိုရောက်တော့ အလောင်းကိုပဲ တွေ့ရတော့တာပဲ အစ်ကိုရယ်"

"အို....ဖြစ်မှဖြစ်ရလေ ပွင့်ရယ်"

"အဲဒီ သောင်းကျန်းသူအုပ်စုဟာ ဗိုလ်ယက္ခတို့ပဲဆိုတာ ပွင့် စုံစမ်းလို့သိရတာနဲ့ တောထဲ ရုပ်ဖျက်ပြီး ထိုးဖောက် ဝင်ရောက်သွားလိုက်တာ ဗိုလ်ယက္ခရဲ့ စခန်းနားက ကရင်မကြီးနော်မူအေးနဲ့ ဘစောပိုတို့ရဲ့ ကရင်ရွာလေးတစ်ရွာကို ရောက်သွားရော ဆိုပါတော့"

"အင်း"

တစ်နေ့တော့ ပွင့်ဟာ ကရင်မကြီးနော်မူအေး၊ ဘစောပိုတို့နဲ့အတူ ရဲနွယ်ချောင်းအထက်ကို ဝါးခုတ်ဖို့ လိုက်သွားခဲ့တယ်၊ ဝါးဖောင်ဖွဲ့ပြီး ရဲနွယ်ချောင်းထဲကို မျှောအလာမှာ ချောင်းကမ်းစပ်မှာရပ်နေတဲ့ သောင်းကျန်းသူတွေကိုလဲတွေ့ရော ဝါးဖောင်ပေါ်ကခြော်ကျချင်ယောင်ဆောင်ပြီး ချောင်းထဲကို ခုန်ချလိုက်တယ်၊ အဲဒီမှာတင် သောင်းကျန်းသူတွေဟာ ပွင့်ကို ရေထဲကဆယ်ပြီး ဗိုလ်ယက္ခရဲ့ မိုးကြိုးပစ်စခန်းကို ခေါ်သွားကြတာပေါ့"

မအေးပွင့်သည် 'အင့်' ခနဲ ရှိုက်လိုက်၏။

"ဝမ်းနည်းမနေပါနဲ့ ပွင့်ရယ်၊ ဖြစ်ပြီးသားတွေကို ပြန်ပြီးပူဆွေးနေလို့လဲ စိတ်ဆင်းရဲရုံ ရှိဘော့မပေါ့"

"ဒါတော့ ဒါပေါ့ အစ်ကိုရယ်၊ ဒါပေမယ့် ပွင့်ရဲ့ဖေဖေဟာ တရားသော တိုက်ပွဲကို ဆင်နွှဲရင်း သူတို့လက်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခဲ့ရသလို မေမေကျတော့လဲ ရက်ရက်စက်စက် အသတ်ခံခဲ့ရရှာသာယ်၊ ပွင့် သူတို့ကို သိပ်ခိတ်နာသွားပြီး အရှက်ကို မင့်ကွက်ဘဲ ဗိုလ်ယကွကို မိန်းမတို့မာယာနဲ့ မြှူခဲ့တယ်၊ သူတို့ကတော့ ပွင့်ကို ရဲနှယ်ချောင်းထဲမှာကျကျန်ရစ်ခဲ့တဲ့ တောပန်းကလေးတစ်ပွင့်လို့ ထင်ကြတာပေါ့၊ အဲဒီတောပန်းကလေးကို ဗိုလ်ယကွဟာ ခြွေဖို့ ကြိုးစားနေစဉ်မှာပဲ ပွင့်က သူ့အသက်ကို ခြွေပစ်ခဲ့ပြီး လျှို့ဝှက်ချက်တွေကို ယူခဲ့မိတာပါပဲ အစ်ကိုရယ်၊ အဲဒီလျှို့ဝှက်ချက်တွေကတော့ သူတို့ရဲ့ စစ်ရေးလှုပ်ရှားမှု စီမံချက်တွေ၊ လက်နက်သိုလှောင်တဲ့ နေရာတွေနဲ့ မြေပေါ်က အဆက်အသွယ်တွေပါပဲ အစ်ကို”

“အင်း....ပွင့်သတ္တိကိုတော့ အစ်ကို သိပ်ချီးကျူးမိတာပဲ၊ မိုးကာတဲထဲမှာ ‘မအေးပွင့်’ လို့ ရေးခဲ့တာကကော”

“အဲဒါ ပွင့် သက်သက်မိုက်တာ၊ ပွင့်နောက်ကို လိုက်လာအောင် တမင်ရေးခဲ့တာ၊ အစ်ကိုနဲ့ တွေ့ပေလို့သာပေါ့၊ နို့မို့ လို့ရှိရင် ပွင့် ဘဝဟာ ရိုးမတောထဲမှာပဲ နစ်မြုပ်ပျက်စီးသွားမှာ အသေအချာပေါ့၊ အဲဒါကြောင့် ဟောဒီ ကျေးဇူးရှင်ကြီးကို အသည်းထဲက....”

“ဆက်ပြောလေ ပွင့်”

အပြုံးပန်းကလေး ပြန်လည်၍ ပွင့်လန်းလာသည်။ သူမ မျက်နှာကလေးက ပြန်လည်၍ ကြည်ရွှင်လာသည်။

“ဟင့်....အင်း”

“ပြော....မရဘူး”



“ပြောစရာလိုသေးလားအစ်ကို၊ ပွင့်ကို အစ်ကို အဝတ်လဲပေးခဲ့သေးတာပဲဟာ၊ ဒါကြောင့် သူ ဒီမှဲ့ကလေးကို တွေ့တာ ဖြစ်မှာပေါ့၊ ဟုတ်ဘူးလား၊ ရှက်လိုက်တာ”

“မျက်နှာက မှဲ့ကလေးကကော”

“အဲဒါက အတုပေါ့၊ ဂျပန်ကုလာတဲ့ ပလတ်စတစ်ဆာဂျရီ Plastic Surgery နည်းနဲ့ ပွင့်တို့ ခေတ်ခွဲခန်းက လုပ်ပေးလိုက်တဲ့ မှဲ့အတုကလေးပေါ့၊ ရေစိုစို မိုးရွာရွာ ဖျက်ဆေးနဲ့မတွေ့သမျှ ဘယ်တော့မှမပျက်ဘူး အစ်ကို”

“အဲသလိုမပျက်တဲ့မှဲ့ကလေးတစ်လုံး ပွင့်ကိုယ်မှာ ရှိသေးတယ်”

“အစ်ကိုနော်....ဟွန်း”

သူမသည် နှုတ်ခမ်းစူရင်း မျက်စောင်းကြီးနဲ့ ထိုးပစ်လိုက်သည်။ သိပ်လှသွား၏။

“ဒါဖြင့် မရှိဘူးပေါ့”

“ကြည့်....”

“ဘာကို ကြည့်ရမှာလဲ ပွင့်ရယ်”

“တော်ကွယ်....ပြောလေ ကဲလေပဲ၊ အဲသလိုဆိုရင် သူများ စိတ်ဆိုးပစ်လိုက်တော့မှာ၊ သိလား”

“အမယ်လေးဗျာ၊ စိတ်တော့မဆိုးလိုက်ပါနဲ့၊ ဗြော်.... ဒါနဲ့ ရိုးမတောထဲတုန်းက အစ်ကိုဝှက်ခဲ့တဲ့ မြန်မာ့ရိုးရာ စကားထာ လေးတွေကို ပွင့် မှတ်မိသေးလားဟင်”

www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်သည် သူ့ရင်ခွင်ထဲတွင် တခစ်ခစ်ရယ်မိသည်။ ရယ်ရင်းနဲ့လည်း သူ့ရင်အုံကြီးကို လက်သီးဆုပ်နုနုကလေးတွေဖြင့် ထုလိုက်၏။

"ဟင့်အင်း....မှတ်မိတော့ဘူး"

သူသည် မအေးပွင့်၏ နှုတ်ခမ်းလှလှကလေးကို ရှရှကလေးနမ်းလိုက်ပြီး တိုးတိုးကလေး ပြောလိုက်သည်။

"ကတ်ကြေးနဲ့ ပြောင်းဖူးလေ ပွင့်ရဲ့"

ဝေစည်လာသည်။

မြူးကြွသည့် ရယ်သံကလေးတွေ။

သစ္စာတွေ...,မေတ္တာတွေ....ချစ်တာတွေ။

ဆွေလှိုင်ဦး

၂၀-၇-၇၅၊ နံနက် ၁ နာရီ ၅၅။

## ကျေးဇူးတင်ပါသည်

ကျွန်တော့်အား ကိုယ်ခံပညာ နည်းစနစ်များကို သင်ကြားပြသပေးခဲ့ကြသော 'B.A.F' ကရာတေးကလပ်မှ **'ဆရာ သိန်းယု'**၊ **Burma** ကရာတေးကလပ်မှ ဆရာ **'မောင်မောင်ဦး'** နှင့် မအေမွေးကတည်းက ဓား တစ် လက် ပါ လာသလို ဓားပစ်ကျွမ်းကျင်လှသော **'ဆရာ ဓားကျော်ဝ'** တို့နှင့် 'ကျွန်တော့် 'ရေးဟန်' ကလေးတွေကို လက် ခံ အား ပေး ကြ သော ကျွန်တော့် စာချစ်သူများအား ကျေးဇူးတင်ရှိလျက်။

ရွှင်လန်းချမ်း မြေ့ကြပါစေ

ဆွေလှိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုဖြင့် ရိုးမှတစ်ခွင် သန့်စင် ရှင်းလင်းခဲ့ကြသော 'အောင်စိုးမိုး' စစ်ဆင်ရေးမှ ပြည်သူ့တပ်မတော်သားများအား ဂုဏ်ပြုအပ်ပါသည်။

ဆွေလှိုင်ဦး

www.burmeseclassic.com